ဖေမြင့်

# ဂျိုးနီယပ်(စ)

## ထူးချွန်ထက်မြက်မှုစာစု

ပါရမီရှင် ဉာဏ်ကြီးရှင်များ၊ မဟာဦးနှောက်များ
လောကနယ်ပယ်စုံမှ အထူးချွန် အထက်မြက်ဆုံး ပုဂ္ဂိုလ်များ၏
ထူးခြားသော သဘောသဘာဝနှင့် ထိပ်တန်းအဆင့်ရောက်အောင်
လေ့ကျင့်ပျိုးထောင်ပုံနည်းနာများ

# ဂျီးနိယပ်(စ)

[ထူးချွန်ထက်မြက်မှုစာစု ]

## ဖေမြင့်

ပါရမီရှင် ဉာဏ်ကြီးရှင်များ၊ မဟာဦးနှောက်များ၊
လောကနယ်ပယ်စုံမှ အထူးချွန် အထက်မြက်ဆုံး ပုဂ္ဂိုလ်များ၏
ထူးခြားသော သဘောသဘာဝနှင့် ထိပ်တန်းအဆင့်ရောက်အောင်
လေ့ကျင့်ပျိုးထောင်ပုံနည်းနာများ

**စာမူခွင့်ပြုအမှတ်**
၁၁၇၀/၂၀၀၁ (၁၁)

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊ မတ်လ
အုပ်ရေ – ၁၀၀၀

**ထုတ်ဝေသူ**
ဦးဖေမြင့် (၀၂၂၅၉) ဖေမြင့်စာပေ
၅၁၆၊ အဝေရာလမ်း၊ နံ့သာကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

# အမှာစကား

လူချင်းတူသော်လည်း အစွမ်းအစချင်း မတူကြပါ။

အစွမ်းအစသည် ပင်ကိုဉာဏ်အပေါ်၌လည်း မူတည်သည်။ စူးစိုက်အားထုတ်မှုပေါ်၌လည်း မူတည်သည်။

ပင်ကိုဉာဏ်ရည် မြင့်မားသူတို့သည် တော်ရုံအားထုတ်မှုဖြင့်ပင် ထင်ရှားအောင်မြင်တတ်ကြသည်။ တချို့လည်း ဉာဏ်ရည်တွင် သာမန်အဆင့်မျှသာ ရှိသော်လည်း ခွဲလုံ့လ ဝီရိယကြောင့် ထူးကဲသော အကျိုးရလဒ်များ ခံစားရတတ်သည်။

ပင်ကိုဉာဏ်လည်းမြင့် ခွဲနပဲလည်း ကြီးမားသူတို့ကား ထိပ်တန်း အဆင့်တစ်နေရာ သေချာကြသူများ ဖြစ်သည်။ သူတို့အား ထိပ်ဆုံးမရောက်အောင် မည်သူမျှ ဆွဲမချထားနိုင်၊ မည်သည့်အရာကမှလည်း ပိတ်ဆို့တားဆီးမထားနိုင်။

သူတို့သည် သူတို့အရင်က မဖြစ်ခဲ့သည့်အရာများ ဖြစ်လာအောင် လုပ်ကြလိမ့်မည်။ မရှိသေးသည့်အရာများ ရှိလာအောင် တီထွင်ဖန်တီးကြလိမ့်မည်။ သူတို့အရင်က ရှိနှင့်သည့် စံချိန်မှန်သမျှကိုလည်း ချိုးဖျက်ကား စံချိန်သစ်များ တင်ကြလိမ့်မည်။

သူတို့သည် သူတို့၏ စွမ်းဆောင်မှုများအားဖြင့် သူတို့၏ဘဝများကို မြင့်မားထင်ရှားစေသကဲ့သို့၊ သူတို့၏ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်း၊ သူတို့၏တိုင်းနိုင်ငံတို့သာမက လူ့ကမ္ဘာတစ်ခုလုံးကိုပါ ယဉ်ကျေးမှုအဆင့် တိုးမြင့်စေသူများ ဖြစ်သည်။

ပါရမီရှင် ဉာဏ်ကြီးရှင်များ၊ ဂျီးနိယပ်(စ)များ၊ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များ စသဖြင့် အမျိုးမျိုး အဖုံဖုံ ချီးကျူးခေါ်ဝေါ်ကြသည့် အဆိုပါ ထူးချွန်ထက်မြက်သူ လူတော်တို့၏ သဘောသဘာဝများနှင့်၊ ထိပ်တန်းအဆင့်သို့ ရောက်အောင်၎င်းတို့ ဆောင်ရွက်ခဲ့ကြပုံနည်းနာများအကြောင်း စုစည်းတင်ပြထားသည့် ဤစာအုပ်ကို ဂျီးနိယပ်(စ) ဟု ခေါင်းစဉ်တပ်လိုက်ပါသည်။

ဤစာအုပ်ကို ဖတ်ရှု၍ စာဖတ်သူတို့အနေဖြင့်

လူငယ်ဘဝ၌၊ ပညာ ဘက်တွင် ထူးချွန်ထက်မြက်သော စာသင်သား တစ်ယောက်ဖြစ်စေရန်၊

လူလတ် လူကြီးဘဝ၌၊ မိမိရွေးချယ်ထားသည့် ကဏ္ဍနယ်ပယ်တွင် အများလေးစားအားထားရသူ ပါရဂူတစ်ဦးအဖြစ် ထိပ်တန်းရောက်လာရန်၊

တစ်ဦးချင်း၏ အရာတို့၌ ကျွမ်းကျင်လိမ္မာသကဲ့သို့ အများပါဝင်မှ ပြီးသည့် အလုပ်ကိစ္စကြီးများတွင် ထိရောက်စွာ စည်းရုံးစီမံတတ်သည့် ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာရန်၊

စသည်တို့အတွက်၊ အထောက်အကူပြုမည့် သေချာပြီးသော နည်းနာများ၊ အကြံကောင်း ဉာဏ်ကောင်းများနှင့်တကွ၊ လက်တွေ့လူပ်ရှား ဆောင်ရွက်ဖြစ်အောင် တွန်းပို့မောင်းနှင်ပေးမည့် 'ထက်သန် ပြင်းပြစိတ်' များပါ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

စာဖတ်သူတိုင်း မိမိဘဝကို အပီပြင် အပြောင်မြောက်ဆုံး တည်ဆောက်နိုင်ပါကြပါစေ။

ဖေမြင့်
၁၇/၆/၂၀၀၁

### ၁ – ဂျီးနိယပ်(စ) သို့မဟုတ် ပါရမီရှင်ပုဂ္ဂိုလ်ထူး (၁)

အိုင်စတိုင်းကို ဂျီးနိယပ်(စ) ဟု ခေါ်ကြသည်။ လီယိုနာဒိုဒါဗင်ချီကို ဂျီးနိယပ်(စ) ဟု ခေါ်ကြသည်။ ရှိတ်စပီးယားကို ဂျီးနိယပ်(စ) ဟု ခေါ်ကြသည်။ အလားတူပင် ဘယ်သူသည် ဂျီးနိယပ်(စ)၊ ဘယ်ပုဂ္ဂိုလ်ကတော့ဖြင့် ဘယ်နယ်ပယ်တွင် ဂျီးနိယပ်(စ) စသဖြင့် ပြောကြတာတွေ မကြာခဏ ကြားကြရသည်။

ဘာကိုအကြောင်းပြု၍ သည်လူတွေကို ဂျီးနိယပ်(စ) ဟု ခေါ်ကြသနည်း။ ဂျီးနိယပ်(စ) ဟူသည် အဘယ်နည်း။ အဘယ်ကြောင့် သူတို့က ဂျီးနိယပ်(စ) ဟူ၍ ဖြစ်လာကြသနည်း။ သူတို့၌ ဘယ်သို့သော သဘာဝမျိုး ရှိသနည်း။ စစ်ကြောကြည့်ကြရအောင်။

***

ရှေးဦးစွာ ဂျီးနိယပ်(စ) (Genius) ဟူသည်ကို အဘိဓာန်က ဘယ်သို့ဖွင့်သလဲ လှန်လှောကြည့်လျှင်၊

(က) **Advanced Learner's Dictionaary** ၌

**genius** = (1) very great and unusual capacity of the mind or imagination, especially the power to invent or creat. (*a man of genius*)

(2) a person who has such capacity. (*Einstein was a mathematical genius.*)

(ခ) ဒေါက်တာဘဟန်၏ **The University English - Burmese Dictionary** ၌

**genius** =(၁) ဉာဏ်ပဂေး၊ ထူးကဲထိုးထွင်း ကြံစည်တတ်သည့်ဉာဏ်၊

(၂) ဉာဏ်ပဂေးရှင်၊ ထူးကဲထိုးထွင်း ကြံစည်တတ်သည့် ဉာဏ်ရှိသူ၊ ဉာဏ်ကြီးရှင်။

စသဖြင့် ဖွင့်ဆိုကြသည်ကို တွေ့ရှိရပါသည်။

အဘိဓာန်နှစ်ခုလုံးပင် အဓိပ္ပာယ်ဖွင့်ဆိုရာ၌ 'ဉာဏ်' ဟူသော အချက်ကို အဓိကထား၍ ဖွင့်ထားကြသည်ဖြစ်ရာ **genius** ကို မြန်မာဘာသာဖြင့် ဝေါဟာရတစ်လုံးတည်း တိတိကျကျရေးပါဟု ဆိုလာလျှင် 'ဉာဏ်ကြီးရှင်' ဟူသော စကားလုံးကိုပင် ရွေးရမည် ထင်ပါသည်။

သို့သော် စာထဲပေထဲတွင်လည်းကောင်း၊ နှုတ်အားဖြင့် ပြောဆိုရာ၌လည်းကောင်း တချို့က ဉာဏ်ကြီးရှင်၊ တချို့က ပါရမီရှင် စသဖြင့် အမျိုးမျိုး သုံးနှုန်းတတ်ကြသည်ကို တွေ့ရှိရပါသည်။ ယခု ဆောင်းပါးတွင်မူ မြန်မာဘာသာ ပြန်ဆိုခြင်း မပြုဘဲ ဂျီးနိယပ်(စ) ဟူ၍ပဲ အသံဖလှယ်၍ သုံးစွဲကြည့်ပါမည်။

## ဂျီးနီယပ်(စ) ဟူသည် သဘာဝကျောက်မျက်တစ်လုံး ဖြစ်သည်ဟူသော အယူအဆ

ဂျီးနီယပ်(စ)ဟု သတ်မှတ်ခြင်း ခံရသည့် ပုဂ္ဂိုလ်ကြီးများ အကြောင်း တအံ့အသြ ချီးမွမ်းပြောဆိုကြ၊ ကြည်ညိုလေးစားကြ၊ သူတို့အရည်အချင်း အစွမ်းသတ္တိများနှင့် ပတ်သက်၍ လန့်သူတွေ လန့်ကြသကဲ့သို့၊ သူတို့ ဘာကြောင့်သည်လောက် ထူးထူးခြားခြားကြီး ထူးချွန်နေကြရသနည်းဟူ၍ စူးစမ်းလေ့လာခြင်း၊ စိစစ် ဝေဖန်ခြင်းများလည်း ရှေးရှေးကပင် ရှိခဲ့သည်။

ယင်းစူးစမ်း လေ့လာချက်များအရ ဂျီးနီယပ်(စ) နှင့် ပတ်သက်၍ ၁၉ ရာစုအကုန်ပိုင်း၊ ၂၀ ရာစုစောစောပိုင်းအထိ လူအများ သိမှတ်လက်ခံခဲ့ကြသည့် အယူအဆတစ်ရပ်မှာ၊

'ဂျီးနီယပ်(စ) ဟူသည် သဘာဝကျောက်မျက်တစ်လုံး ဖြစ်သည်။ ဂျီးနီယပ်(စ) သည် သူ့အလိုအလျောက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထူးကဲကြီးကျယ်သော လုပ်ရပ်များကို ဂျီးနီယပ်(စ) တို့ စွမ်းဆောင်နိုင်ကြခြင်းသည် သင်ယူလေ့ကျင့်မှုများ၊ သူတစ်ပါး၏ ဩဇာအငွေ့အသက်များကြောင့် မဟုတ်ဘဲ ယင်းတို့၏ နဂိုဗီဇ ပါရမီများကြောင့် ဖြစ်ရသည်။'

ဟူ၍ ဖြစ်သည်။

အင်္ဂလိပ်ပညာရှိ ဂျိုးဇက် အက်ဒီဆင် (Joseph Addision) အစရှိသော ပညာရှိတို့၏ အလိုအရ၊

'သဘာဝ ဂျီးနီယပ်(စ) ကြီးများသည် သူတစ်ပါးတို့၏ တင်းကျပ်သော စည်းကမ်းများအောက်၌ မနေလို၊ အခြားပညာရှင်များ အနုပညာသည်များ၏ အယူအဆများ ထွေးရောယှက်တင်ခြင်း လွှမ်းမိုးနှောင်ဖွဲ့ခြင်းကိုလည်း လက်မခံ၊ သူတို့၏ ဗီဇပါရမီဖြင့် သူတို့နေသည်။ သူတို့လုပ်ရပ်တွင် အခြားသူတို့၏ အမြင်များ၊ ခံစားမှုများ စွန်းထေးငြိပေခြင်း မရှိရအောင် ထိန်းသိမ်းကာကွယ်သည်။ သူတို့လုပ်ရပ်သည် သူတို့၏ မူးရင်းစစ်စစ် ဖြစ်သည်၊ သူတို့၏ တီထွင်ဖန်တီးချက်သက်သက်ဖြစ်သည်။ သူတို့၌ ပင်ကို သဘာဝ မီးတောက်တစ်ခု (ဝါ) အလွန်ပြင်းပြထက်သန်သော စိတ်ဓာတ်တစ်ခုရှိသည်။ သည်စိတ် သည်မီးတောက်၏ စွမ်းအားဖြင့် သာမန်လူတို့၏ စိတ်ကူးဉာဏ် ကွန့်မြူးမှုနယ်ပယ်ကို ကျော်လွန်ကာ အဆမတန် ထူးခြားသော စိတ်ကူးသစ်၊ အာရုံသစ်များကို သူတို့ တီထွင်ဖော်ထုတ်ကြသည်။ တချို့ ဂျီးနီယပ်(စ) များဆိုလျှင် လူမတူ နတ်တမျှ ကောင်းကင်ဘုံက လာသော ဈာန်ဝင်စားမှုမျိုး အားဖြင့် တီထွင်ဖန်တီးနိုင်စွမ်းရှိကြသည်။'

စသဖြင့် ဆိုခဲ့ကြသည်။

***

## သဘာဝကျောက်ရိုင်းတုံးကို အရောင်တင် အကွက်ဖော်ပေးခြင်း

ယနေ့ခေတ် ပညာရှင်များကမူ အထက်တွင်ဆိုခဲ့သည့် အက်ဒီဆင်တို့၏ အယူအဆများကို လက်မခံကြတော့ပေ။

ဂျီးနီယပ်(စ)အကြောင်း လေ့လာမှုတွင် ထင်ရှားသည့် ယနေ့ခေတ် စိတ်ပညာရှင်တစ်ဦး ဖြစ်သူ အယ်လဘတ် (**R.S. Albert**) က၊

'ဂျီးနီယပ်(စ)၏ အဖြစ်သည် အလွန်ရတောင့်ရခဲသောအရာ ဖြစ်သည် မှန်၏။ သို့သော် ယင်းအဖြစ်သည် ယခုရာစုနှစ်တစ်ဝက်အထိ လူအများယုံကြည်လာခဲ့ကြသည့် ကံကြမ္မာအကျိုးပေး ဟူသည်ကြောင့်ကား မဟုတ်။ အလိုအလျောက် ထူးကဲပေါက်မြောက် သွားမှုလည်း မဟုတ်။ ငယ်စဉ်က ပါလာခဲ့သည့် အထုံပါရမီ ကလေး၊ နဂိုဇီဇ ထက်မြက်မှုကလေးကို ပြုစုပျိုးထောင်ခြင်း၊ အားပေး အားမြှောက်ပြုခြင်း၊ စနစ်တကျ လေ့ကျင့်မြှင့်တင်ပေးခြင်း တို့ကြောင့်သာ ဖြစ်သည်။'

ဟူ၍ ဆိုခဲ့သည်။

ဂျီးနီယပ်(စ) ဟူ၍ ဖြစ်လာမည့်သူသည် တစ်စုံတစ်ရာသော ပညာရပ်နှင့်ပတ်သက်၍ သူတစ်ပါးထက် ထူးခြားကျွမ်းကျင်မှု အခြေခံလေး ပါလာရမည်။ ထိုအခြေခံ ကျွမ်းကျင်မှုကို နှစ်ပေါင်းများစွာ ကိုယ်ရောစိတ်ပါ မြှုပ်နှံကာ အစဉ်တစိုက် ဆက်လက် လေ့ကျင့်ပွားများရသည်။ နဂိုဇီဇ ပါရမီပါလာသူသည် ထိုပါရမီကို သူတကာထက် အချိန်ပေး၊ အာရုံဝင်စားပေး၊ လေ့ကျင့်ဖြည့်ဆည်းပေးသည့်အခါ လူအများ အံ့သြရလောက်အောင် ပီပြင်ပြောင်မြောက်သော အနုပညာလက်ရာများ၊ သီဝရီသစ်၊ အတွေးအမြင် အယူအဆသစ်များကို ဖန်တီးထုတ်လုပ်နိုင်သည့် ဂျီးနီယပ်(စ) အဆင့်သို့ ရောက်လာပေသည်။

## ဂျီးနီယပ်(စ) တစ်ယောက်မှာ ဘာအရည်အချင်းတွေ ရှိသနည်း

ဂျီးနီယပ်(စ) အဖြစ် သတ်မှတ်ခံရမည့် ပုဂ္ဂိုလ်များ၌ တူညီစွာ တွေ့ရှိရတတ်သည့် အဓိကရည်အချင်း ငါးခုရှိသည်။

(၁) ခံယူသိရှိမှုစွမ်းရည်ထက်မြက်ခြင်း၊ (perceptiveness)

စိတ်ကူးစိတ်သန်ကောင်းခြင်း၊ ပြဿနာများ အရာဝတ္ထုများကို အများနှင့်မတူသော ရှုထောင့်သစ်များမှ မြင်တတ်ခြင်း။

(၂) စဉ်ဆက်မပြတ် ဆောင်ရွက်တတ်ခြင်း၊ (continuity)

မိမိ၏ အတွေးသစ်၊ အမြင်သစ်၊ အကြံဉာဏ်သစ်ကို ဖော်ထုတ်ပြသရန် အမြဲစိတ်အားထက်သန်နေတတ်ခြင်း၊ မပြတ်လုံ့လစိုက်ထုတ်နေတတ်ခြင်း။

(၃) ခံနိုင်ရည်ရှိခြင်း၊ (endurance)

သူတစ်ပါး၏ ဆန့်ကျင်မှု၊ ဝေဖန်တိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ခြင်း။

(၄) ထုတ်လုပ်မှုစွမ်းအားကောင်းခြင်း၊ (productivity)

မိမိ၏ အမြင်သစ်၊ ဉာဏ်သစ်များကို ဖော်ပြသည့်လုပ်ရပ်များ မပြတ်ဖန်တီးထုတ်လုပ်နိုင်စွမ်းရှိခြင်း။

(၅) လွှမ်းမိုးနိုင်စွမ်းရှိခြင်း၊ (influence)

သူတစ်ပါး၏ စိတ်နှလုံးတွင် စွဲမြဲသွားစေနိုင်ခြင်း၊ သူတစ်ပါးကို လွှမ်းမိုးချုပ်ကိုင်နိုင်သည့် လုပ်ရပ်များ ဖန်တီး ထုတ်လုပ်နိုင်စွမ်းရှိခြင်း။

စသည်တို့ ဖြစ်သည်။

ထိုအရည်အချင်းများကို ကြည့်လျှင် ဂျီးနိယပ်(စ) ဆိုသည်မှာ မွေးရာပါဆိုသော သဘောထက် ပြုစုပျိုးထောင်ရမှုသဘော ပိုကဲကြောင်း တွေ့ရလိမ့်မည်။ ဂျီးနိယပ်(စ) နှင့် ဖွဲ့နပဲ၊ ဂျီးနိယပ်(စ) နှင့် ထက်သန်စွဲမြဲမှု၊ ဂျီးနိယပ်(စ) နှင့် ပင်ပန်းဆင်းရဲခံနိုင်မှုတို့ ဒွန်တွဲလျက်ရှိသည်ကို သတိပြုမိရလိမ့်မည်။

သာဓကလေး တချို့ကိုပဲ ကြည့်ပါ။ ထုတ်လုပ်မှုစွမ်းအား ကောင်းပုံနှင့် စဉ်ဆက်မပြတ် အားထုတ်တတ်ပုံတို့ကို ပြသည့် သာဓကများ ဖြစ်သည်။

* ဂျာမန်ဂီတ ဂျီးနိယပ်(စ)ကြီး ဘတ်(ခ) (**Johann Sebastian Bach**) သည် သံစဉ်တေးသွား အတွဲပေါင်း ၄၆ တွဲမျှ သီကုံးပြုစုခဲ့သည်။

* သတ္တဝါမျိုးစိတ်တို့၏ မူလအစနှင့် အီဗော်လူးရှင်း သီဝရီတို့ကို ဖော်ထုတ်ခဲ့သည့် သဘာဝဗေဒ ဂျီးနိယပ်(စ)ကြီး ဒါဝင် (**Charles Darwin**) သည် ပညာရပ်ဆိုင်ရာ စာတမ်းကြီးငယ်ပေါင်း ၁၁၉ ခုမျှ ရေးသားထုတ်ဝေခဲ့သည်။

* ရီလေးတီးဗတီးသီဝရီကို ဖော်ထုတ်ခဲ့သည့် ရူပဗေဒ ဂျီးနိယပ်(စ)ကြီး အိုင်စတိုင်း (**Albert Einstein**) သည် စာတမ်းကြီးငယ်ပေါင်း ၂၄၈ ခုမျှ ရေးသားထုတ်ဝေခဲ့သည်။

* စိတ်စိစစ်မှုပညာ၏ ဖခင်ကြီးဟု ခေါ်ဝေါ်ကြသည့် စိတ်ပညာ ဂျီးနိယပ်(စ)ကြီး ဖရွိုက် (**Sigmund Freund**) သည် စာတမ်းကြီးငယ်ပေါင်း ၃၃၀ မျှ ရေးသားထုတ်ဝေခဲ့သည်။

* အလုပ်ဖြောင့်ဖြောင့် လုပ်ခွင့်မရဘူးဟု အမြည်းသုံးညည်းညူတတ်သည့် စိတ်ပညာနှင့် ဒဿနပညာ ဂျီးနိယပ်(စ)ကြီး ဝီလျံဂျိမ်း(စ) (**William James**) သည် စာတမ်းကြီးငယ်ပေါင်း ၃၀၇ ခုမျှ ရေးသားထုတ်ဝေခဲ့သည်။

တစ်ဖန်၊

* ဆစ်ဂမန်ဖရွိုက်သည် စိတ်စိစစ်မှုအလုပ်ကို ၄၅ နှစ်မျှ လုပ်ခဲ့သည်။

* ပန်းချီအနုပညာ ဂျီးနိယပ်(စ)ကြီး ပီကာဆို (**Pablo Picasso**) သည် ပန်းချီဆွဲသည့်အလုပ်ကို ၇၅ နှစ်မက လုပ်ကိုင်သွားခဲ့သည်။

* ချား(လ)(စ) ဒါဝင်၏ သုတေသနလုပ်ငန်းသည် ၅၁ နှစ်မျှ ရှည်ကြာခဲ့သည်။

* အိုင်စတိုင်း၏ ရူပဗေဒသဘောတရား သုတေသနလုပ်ငန်းသည် ၅၃ နှစ်မျှ ရှည်ကြာခဲ့သည်။

သည်မျှလောက်ကြည့်လျှင်ပင် ဂျီးနိယပ်(စ) ဖြစ်လိုက ဘယ်သို့ ကျင့်ကြံကြိုးပမ်းရမည် ဆိုသည်ကို သဘောပေါက်နိုင်လောက်ပြီ ထင်သည်။

## ဂျီးနိယပ်(စ) တို့၏ စရိုက်သဘာဝများနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်

ဂျီးနိယပ်(စ) ဟူ၍ ထင်ရှားသိမှတ်ခြင်း ခံရမည့်ပုဂ္ဂိုလ်များသည် သူတို့လျှောက်လှမ်းမည့် ခရီးလမ်းကြောင်း (ဝါ) သူတို့ လုပ်ရှားမည့် ဘာသာရပ်နယ်ပယ်ကို ငယ်ငယ်ရွယ်ရွယ်ကပင် ရွေးချယ်ခဲ့ကြသည်။ ထို့ပြင် ထိုနယ်ပယ်ထဲတွင် ကာလကြာရှည်နေသည်။ သူတကာထက် ထက်သန်စွာ လုပ်ကိုင်ကြသည်။ သူတို့သည်၊

*အောင်မြင်လိုသော ဆန္ဒပြင်းပြကြသူများ ဖြစ်သည်။

*သီးခြား လွတ်လပ်စွာ ရပ်တည်တတ်သည်။

* တီထွင်ကြံဆတတ်သည်။

* စွဲမြဲသောစိတ်ဓာတ်ရှိသည်။

* မိမိကိုယ်ကို အားကိုးသည်။

* ကိုယ့်ကိစ္စကိုယ် တာဝန်ယူတတ်သည့်စိတ် ရှိသည်။

* လူမှုရေးအပိုင်းတွင်လည်း တာဝန်သိစိတ် ရှိသည်။

## ဂျီးနီယပ်(စ) နှင့် ပညာရေး

* ဂျီးနီယပ်(စ) တို့သည် ပုံမှန်ပျမ်းမျှလူများထက် ပိုမို၍ အတန်းပညာ သင်ကြားတတ်မြောက်လေ့ရှိကြသည်။

* သားသမီး၏ ထူးခြားထက်မြက်မှုကို သိမြင်ကာ စိတ်ဝင်တစား အားပေးတတ်သော မိဘအုပ်ထိန်းသူများ၊ ထူးချွန်သော ကျောင်းသားအား ထူးချွန်သော ဘာသာရပ်နယ်ပယ်၌ ပို၍ချွန်ထက်လာအောင် မြေတောင်မြှောက်ပေးတတ်သော ဆရာများသည်လည်း ဂျီးနီယပ်(စ) တစ်ယောက် ဖြစ်ထွန်း ပေါ်ပေါက်ရေးအတွက် အထောက်အကူကောင်းများ ဖြစ်ကြသည်။

* ငယ်စဉ်ဘဝ၌ ပြည့်ဝမျှတသော ပညာသင်ကြားခွင့် ရရှိရေးသည်လည်း ဂျီးနီယပ်(စ) လောင်းလျာအတွက် မိမိထူးချွန်ထက်မြက်မည့် နယ်ပယ်ကို ပီပြင်ထင်ရှားစွာ မြင်လာအောင် အထောက်အကူပြုပေးသည်။

***

## ဂျီးနီယပ်(စ) နှင့် လူမှုရေး စီးပွားရေးအခြေအနေ

အလွန်ဆင်းရန်ချာသောဘဝမှ ထိပ်တန်းသို့ ရောက်ရှိသွားကြသူများအကြောင်းကို လူအများ သတိထားမိလေ့ရှိကြ၏။ သို့သော် ဂျီးနီယပ်(စ) ကိစ္စကို တကယ်ခြေခြေမြစ်မြစ် စနစ်တကျ သုတေသနပြုကြသည့် ပုဂ္ဂိုလ်အဆက်ဆက်တို့ တညီတညွတ်တည်း တွေ့ရှိဖော်ထုတ်ခဲ့ကြသည့် အချက်ကမူ၊

'ဂျီးနီယပ်(စ) အများစုတို့သည် အလယ်အလတ်လွှာနှင့် အထက်အလွှာ မိသားစုများမှ ဆင်းသက်ပေါက်ဖွားလာကြသူများ ဖြစ်သည်'

ဟု ဆိုလေသည်။

ထူးချွန်ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပတ္တိများကို လေ့လာသည့်အခါ ၎င်းပုဂ္ဂိုလ် အတော်များများတို့မှာ ဘိုးစဉ်ဘောင်ဆက် ထူးချွန်ခဲ့ကြသည့် မျိုးရိုးစဉ်လာရှိသူများ ဖြစ်ကြကြောင်း တွေ့ရှိရသည်။

ထို့ပြင် ယင်းထူးချွန်ထင်ရှားသော ပုဂ္ဂိုလ်များ ပေါက်ဖွားရာ မိသားစု ဝန်းကျင်တို့မှာ များသောအားဖြင့် တည်ငြိမ်အေးချမ်းသော ဝန်းကျင်များ၊ စိတ်ဓာတ်ရေးရာအရ အားပေးလှုံ့ဆော်မှုပြုသည့် ဝန်းကျင်များလည်း ဖြစ်တတ်သည်။

သို့သော် အချို့သော ပုဂ္ဂိုလ်ကျော်ကြီးများ (အထူးသဖြင့် အနုပညာနယ်ပယ်နှင့် အားကစားနယ်ပယ်တို့တွင် ထူးချွန်ထင်ရှားသူများ ) မှာ ဆင်းရဲသားမိဘများမှ ပေါက်ဖွားလာသူများ သို့မဟုတ် မိဘမဲ့ကလေးများ ဖြစ်တတ်ကြသည် ဆိုခြင်းမှာလည်း အမှန်ပင် ဖြစ်ပါသည်။

## ဂျီးနီယပ်(စ) လောင်းလျာအတွက်<br>အမှီသဟဲကောင်း၏ တန်ဖိုး

ဂျီးနီယပ်(စ)တစ်ယောက် ဖြစ်မြောက်ရေးတွင် ဆရာသမားကောင်းကို အမှီသဟဲပြုခွင့်ရခြင်းသည်လည်း အရေးပါသည့် အချက် တစ်ရပ်ဖြစ်ကြောင်း သုတေသီတစ်ဦးဖြစ်သူ ဇူကာမင် **(H.Zuckerman)** က အောက်ပါသာဓကဖြင့် ထင်ရှားအောင် ပြခဲ့သည်။

၁၉၄၅ ခုနှစ်တွင် အသက် ၂၃ နှစ်အရွယ်ရှိ တရုတ်ကျောင်းသား ချင်နင်ယန်း **(Chen Ning Yang)** အမေရိကန်ပြည်သို့ ရောက်လာသည်။ ယန်းသည် ပင်ကိုဉာဏ် ထက်မြက်သူတစ်ဦး ဖြစ်သကဲ့သို့ မိဘ၏ အားပေးအားမြှောက်ပြုခြင်းကို ခံရသူလည်း ဖြစ်၏။ ယန်း၏ ဖခင်မှာ သင်္ချာဆရာတစ်ဦး ဖြစ်သည်။ ဖခင်က ယန်းအား

အမေရိကန်ပြည်၊ ရှီကာဂိုတက္ကသိုလ်၌ ရောက်ရှိနေသည့် အီတလီလူမျိုး နိုဘယ်ဆုရ ရူပဗေဒပညာရှင် အင်နရီကိုဖာမီ **(Enrico Fermi)** ထံ သွားရောက်တပည့်ခံရန် တိုက်တွန်းသည်။

သို့သော် အမေရိကန်ရောက်သည့်အခါ ဖာမီအား ယန်းမတွေ့ရ။ ဖာမီသည် အဏုမြူဗုံးထုတ်လုပ်ရေး လျှို့ဝှက်သုတေသန လုပ်ငန်းကြီးတွင် ပါဝင်ကာ လူမသိသော တစ်နေရာသို့ ရောက်နေသည်။

သို့နှင့် ပရင့်စတန်တက္ကသိုလ် ရူပဗေဒဌာနရှိ ဆရာ ဝစ်ဂနာ **(Eugene Paul Wigner)** ထံသို့ သွားပြန်သည်။ သို့သော် ဝစ်ဂနာကိုလည်း မတွေ့ရ။ ဝစ်ဂနာလည်း အဏုမြူဗုံး လုပ်ငန်းထဲတွင် ပါဝင်ကာ လျှို့ဝှက်သောနေရာသို့ ရောက်နေသည်။

သို့သော် ကံအားလျော်စွာ များမကြာမီမှာပင် စစ်ကြီးပြီးဆုံးသွားသဖြင့် ယန်းသည် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ကာ ဖာမီ၏ စာသင်တန်းကို တက်ခွင့်ရသည်။ ယန်းသည် ဆရာ ဖာမီအား ချဉ်းကပ်ကာ မိမိ၏ သုတေသနစာတမ်းကို ကြီးကြပ်လမ်းညွှန်ပေးရန် ပန်ကြားသည်။ သို့သော် ဖာမီမှာ မပြီးဆုံးသေးသည့် လျှို့ဝှက်သုတေသန လုပ်ငန်းကြောင့် မအားလပ်နိုင်ဘဲ ရှိနေသဖြင့် ယန်းအား အခြားထိပ်သီး ရူပဗေဒပညာရှင်ကြီးတစ်ဦးဖြစ်သူ အက်ဒဝပ်တယ်လာ **(Edward Teller)** (ဟိုဒရိုဂျင်ဗုံး ဦးဆောင်တီထွင်သူ) ထံသို့ လွှဲပြောင်းပေးခဲ့သည်။

တယ်လာသည် ယန်းအား စစ်ဆေးသုံးသပ်ပြီးနောက် ယန်းသည် လက်တွေ့ စမ်းသပ်မှုအပိုင်းထက် သီဝရီပိုင်းတွင် ပို၍ထက်မြက်သည်ဟု ကောက်ချက်ချကာ သူလေ့လာနေဆဲ စမ်းသပ်မှုရူပဗေဒ **(Experimental Physics)** မှ သီဝရီရူပဗေဒ **(Theoretical Physics)** ဘက်သို့ ပြောင်းလဲလေ့လာစေခဲ့သည်။

ဆရာတယ်လာ မြင်သည့်အတိုင်းပင် ယန်းသည် သီဝရီရူပဗေဒနယ်တွင် သူတကာထက် ထူးချွန်ထက်မြက်သူတစ်ဦး ဖြစ်လာကာ ၁၉၅၇ ခုနှစ်အတွက် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကိုပင် ရရှိခဲ့ပေသည်။

### ဆရာ့ကျေးဇူးကို သိကြသည့် ကျီးနိုယပ်(စ) များ

ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆု ရခဲ့သည့် ကျီးနိုယပ်(စ) တစ်ယောက်က အလုပ်သင်ဘဝတွင် ဆရာသမားကောင်းများထံမှ ရခဲ့သော ပညာတို့ တန်းဖိုးရှိလှပုံနှင့် စပ်လျဉ်း၍၊

'သူတို့နဲ့ ထိတွေ့နေရတာ၊ သူတို့ဘယ်လိုလုပ်တယ်၊ ဘယ်လိုစဉ်းစားတယ်၊ ဘာတွေလုပ်ကြတယ် ဆိုတာတွေ မြင်နေ တွေ့နေရတာ၊ အဲဒါဟာ အဓိကပဲ။ ဘယ်သဘောတရားက ဘယ်လိုရှိတယ်၊ ဘယ်ဟာကို ဘယ်လိုလုပ်ရတယ် ဆိုတာမျိုး တိတိကျကျ ပြောပြတာတွေက ဒါလောက်အရေးမကြီးဘူး။ တကယ်တန်ဖိုးရှိတာက သူတို့စဉ်းစားပုံ စဉ်းစားနည်း၊ သူတို့ အလုပ်ဖြစ်အောင် လုပ်ကိုင်သွားကြပုံ နည်းလမ်း၊ သူတို့စတိုင်(လ)၊ အဲဒါတွေ ရတာက ပိုတန်ဖိုးရှိတယ်'

ဟူ၍ ဆိုခဲ့သည်။ ဆရာသမားကြီးများသည် နောင်တစ်ချိန် အလားတူ ကြီးကျယ်လာမည့် လူငယ်ပညာရှင်လေးများ အတွက် အတုယူစရာ၊ နည်းမှီစရာ စံနမူနာပြပုဂ္ဂိုလ်များ ဖြစ်တတ်ကြသည်။ ဆရာတို့၏ စံချိန်ကို အမီလိုက်နိုင်ရန်အတွက် မိမိတို့၏ အစွမ်းသတ္တိများကို အကုန်အစင် ထုတ်ယူသုံးစွဲရင်း ဆရာတို့၏စံချိန်ကို ချိုးနိုင်သည်အထိ တိုးတက်ထက်မြက်ခွင့် ရလေ့ရှိကြသည်။

ဆေးပညာနိုဘယ်ဆုရ ပုဂ္ဂိုလ်တစ်ဦးက သူ့ဆရာကြီးများဖြစ်သူ ဒေးလ် (H.H. Dale) နှင့် ဟင်ဒါဆင် (L.J. Henderson) တို့နှင့် စပ်လျဉ်း၍ ဤသို့ ကြည်ညိုလေးစားစွာ ပြောဆိုခဲ့သည်။

'နှစ်ယောက်လုံးက ဥဘဏ်ပညာအရာမှာရော ဥပဓိရုပ်အရပါ အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေဗျ၊ အရှိန်အဝါ သိပ်ကြီးတယ်၊ သူတို့နှင့် တွေ့ရတဲ့လူတိုင်း မလေးစားဘဲ မနေနိုင်ဘူး၊ သူတို့အနား ရောက်သွားလို့ကတော့ ကိုယ့်နဂိုစံချိန်ထက် ပိုပြီး မကြိုးစားဘဲ နေလို့ကို မရတော့ဘူး၊ မှန်တမ်းလောက်သာ လုပ်နေမိမယ် ဆိုရင် ကိုယ့်စိတ်ထဲမှာကိုပဲ ငါမတရားဘူးလို့ မလုံမလဲဖြစ်လာမယ်'

ဗြိတိသျှလူမျိုး ၁၉၃၅ ခုနှစ် ဆေးပညာ နိုဘယ်ဆုရှင် ဟန်း(စ) ကရက်(ဘ)(စ) (H.A. Krebs) ကလည်း ပြဿနာတစ်ရပ်ကို သိရှိပြီးသည့်နောက် ယင်းကို ဖြေရှင်းရန်အတွက် စူးဆောက် တန်ဆာပလာသစ်များ တီထွင်ကြံဆပုံ ကြံဆနည်းများကို သူ၏ဆရာ ဝါးဘတ် (Otto H. Warburg) ထံမှ နည်းမှီးရရှိခဲ့ကြောင်း၊ ထို့ပြင် မိမိကိုယ်တိုင်၏ အပြစ်အနာအဆာများကို မညှာမတာ ဖော်ထုတ်ဝေဖန်တတ်ခြင်း၊ အချက်အလက်တစ်ခုကို စိတ်ချလက်ချ တင်ပြ အတည်ပြု နိုင်ရန်နှင့် မိမိရရှိထားသည့် အဖြေရလဒ်များ၊ စိတ်ကူးစိတ်သန်များ၊ အယူအဆများကို ပီပီပြင်ပြင် ဖော်ပြနိုင်ရန် တို့အတွက် အပင်ပန်းခံကာ လုပ်ကိုင်တတ်ခြင်း၊ အစစ်အမှန် တန်ဖိုးရှိသည့် အရာတို့တွင်သာ ဘဝကို တကယ်စူးစိုက်မြှုပ်နှံခြင်း စသည့် အလေ့အထကောင်းများကိုလည်း သတိပြု အတုယူနိုင်ခဲ့ကြောင်း ပြောကြားခဲ့ပေသည်။

မူရင်း။ [Young Lives - Teen's Success (1990), Singapore]

## ၂ – မြင်းလား ငန်းလား

စားကျက်မြက်ခင်းထဲမှာ မြင်းတစ်ကောင်နှင့် ငန်းတစ်ကောင် ဆုံမိကြသည်။ ငန်းက မြင်း၏အမူအရာကို သဘောမကျ။ မထီလေးစား အားမနားသည့် ပုံစံဟု မြင်သည်။

ထို့ကြောင့် ဘဲငန်းတို့ထုံးစံ စူးစူးဝါးဝါးအသံဖြင့် ဆိုသည်။

'ဟေ့ ဒီမှာ၊ ငါက မင်းထက် ပိုကြီးကျယ်ပြည့်စုံတဲ့ အကောင်ပါကွ။ မင်းခန္ဓာကိုယ်ကြီးနဲ့ မင်းလုပ်နိုင်တာ တစ်မျိုးတည်း ရှိတယ်။ ငါက ဟောဒီမြေကြီးပေါ်မှာ မင်းတို့လို လမ်းလျှောက်ဆိုလဲ ကောင်းကောင်းကြီး လျှောက်နိုင်တယ်။ ပြီးတော့ ငါ့မှာ ဟောဒီ တောင်ပံနှစ်ဖက်ပါတော့ လေထဲပျံချင်သပဆိုလဲ ပျံဝဲလို့ ရတယ်။ ရေအိုင် ချောင်းမြောင်း တွေ့ရင်လဲ အသာဆင်း၊ ရေအေးအေးလေး စိမ်ပြီး ကူးခတ်ဆော့ကစားနိုင်တယ်။ ငါ့မှာ ကောင်းကင်က ငှက်၊ ရေထဲက ငါး၊ ကုန်းပေါ်က ဆင်၊မြင်း၊ကျွဲနွား၊ သတ္တဝါ သုံးမျိုးလုံးရဲ့ စွမ်းအားတွေ ရှိတယ်'

သည်စကားကြားတော့ မြင်းက ရယ်သည်။

'ဟုတ်ပါ့ဗျား၊ ခင်ဗျားမှာ ကုန်း ရေ လေ သတ္တဝါသုံးမျိုးလုံးရဲ့ စွမ်းအားတွေ စုဝေးနေတာကိုး။ ဒါပေမဲ့ ဘယ်စွမ်းအားမှ ပြည့်ပြည့်ဝဝ မရှိ၊ မစို့မပို့ချည်း ဖြစ်နေတာ ဆိုးတယ်ဗျာ။ ခင်ဗျား ပျံတယ် ဆိုတာ မနိုင်မနင်း လေးလေးလံလံကြီး။ မြေပေါ်က ခဏတစ်ဖြုတ် လွတ်တယ်ဆိုရုံ ဟိုနား သည်နားလေးလောက် ရောက်တာ။ အဲဒါနဲ့တင် ကိုယ့်ကိုယ်ကို စင်ရော်တို့၊ လင်းယုန်တို့လို ငှက်စာရင်းသွင်းလို့ ဖြစ်ပါ့မလား။ ရေမှာဆိုလဲ ငြိမ်သက်တဲ့ ကန်ရေပြင်လို ဟာမျိုးမှာ အပေါ်ယံလေး ရုပ်ပြီး ရွှေ့ရွှေ့လေး သွားနိုင်တာ။ ငါးလို၊ ဖျံလို ကျင်လည်တာမဟုတ်ဘူး။ လှိုင်းတွေ လေတွေနဲ့ဆိုရင် ခင်ဗျား ထွက်ပြေးမှာ မဟုတ်လား။ မြေကြီးပေါ်မှာ လမ်းလျှောက်တော့ရော။ လူတွေပြောပြောနေကြတဲ့ ဘဲသွား သွားတယ် ဆိုတာ ခင်ဗျား တစ်ခါမှ မကြားမိဘူးလား။ ခင်ဗျား လမ်းသွားပုံ အချိုးမကျတာကို ပြောကြတာ။ ခြေထောက် ပြားပြားကြီးကို မြှောက်လိုက်ချလိုက်နဲ့၊ တစ်လှမ်း လှမ်းလို့လဲ ဘယ်လောက်မှ မရောက်ဘူး။ အဲဒီထဲ လည်ပင်းကြီးက ဟိုဆန့်ဒီဆန့်နဲ့ ဘေးလူတွေ လှမ်းပြီး ရန်ရှာချင်သေးတယ်။ တွေ့ရတဲ့လူတွေအားလုံး စိတ်ညစ်တယ်။ ကျုပ်က ခင်ဗျားပြောတဲ့အတိုင်း တစ်မျိုးတည်း စွမ်းတာ မှန်ပါတယ်။ ဒါပေမဲ့ တစ်မျိုးဆို ဆိုသလောက် ပြတ်ပြတ်သားသား စွမ်းတယ်။ ကျုပ်က မြေကြီးပေါ်မှာ အရှိန်အဟုန်နဲ့ ပြေးလွှားဖို့ မွေးဖွားလာတဲ့ သတ္တဝါ။ ကျုပ်ခန္ဓာကိုယ်မှာ အပိုဆာဒါး မဖြစ်ညစ်ကျယ် အစိတ်အပိုင်း တစ်ခုမှ မပါဘူး။ ကျုပ်ရဲ့ တောင့်တင်းသန်မာတဲ့ ကြွက်သားအစိုင်အခဲတွေနဲ့ အချိုးအစားကျနတဲ့ ခြေတံ လက်တံတွေကို ကြည့်လိုက်ရုံနဲ့ ဘယ်လောက် ပြေးအားကောင်းမယ့် သတ္တဝါဆိုတာ မြင်နိုင်တယ်။ ကျုပ်ကြွကြွရွရွလေး ခုန်ပေါက် ပြရုံနဲ့တင် ကျုပ်ကိုယ်ထဲမှာ ခွန်အားတွေ ဘယ်လောက်ကြီးကြီးမားမား ကိန်းအောင်းနေတယ်ဆိုတာ သိနိုင်တယ်။ ကျုပ်က တစ်မျိုးတည်း သမား။

ဒါပေမဲ့ အဲဒီတစ်မျိုးမှာတော့ ထူးထူးချွန်ချွန် ပေါက်ပေါက်မြောက်မြောက် ထိပ်ဆုံးရောက်တဲ့သူ။ ခင်ဗျားလို ဟိုစပ်စပ် ဒီစပ်စပ် တတ်သလို နပ်သလိုနဲ့ တကယ်တမ်းကျတော့ ဘယ်နယ်မှာမှ အသုံးမကျ အရာမဝင်တဲ့ ဘဲငန်းမျိုး မဟုတ်ဘူး'

မြင်းက ဒေါနှင့် မောနှင့် ဆိုလေသည်။

***

မှန်သည်။ တချို့လူတွေသည် **ဟိုစပ်စပ် သည်စပ်စပ် ဘာမဆို နည်းနည်းစီ တတ်ကြသည်။ သို့သော် ဘယ်ကဏ္ဍတစ်ခုတွင်မျှ တကယ်တမ်း မကျွမ်းကျင်။ သည်လူတွေသည် အမှတ်မဲ့ကြည့်လျှင် လူ့အသိုင်းအဝိုင်းထဲတွင် အရာဝင်သလိုဖြင့် စင်စစ် နေရာတကာ ရောယောင်နောက်လိုက်အဖြစ်နှင့် ဝင်ပါနေကြခြင်းသာ ဖြစ်သည်။ ဦးစီးဦးဆောင်ပြုနိုင်သူ၊ အောင်မြင်သူများကား မဟုတ်ကြ။**

စီးပွားရေးပညာရှင်ကြီး ဘားနဒ် ဘားရွတ်(ခ) အား လူ၌ အောင်မြင်မှု မအောင်မြင်မှုတို့ကို ဖြစ်စေသည့် အဓိကအကြောင်းသည် အဘယ်နည်းဟု မေးသည့်အခါ ဘားရွတ်(ခ) က ဦးတည်ချက် တစ်ရပ်အပေါ် စွဲမြဲစူးစိုက်တတ်သော အလေ့အထသည် အရေးအကြီးဆုံးဖြစ်ကြောင်း မဆိုင်းမတွဖြေခဲ့သည်။ လူအများစုတို့မှာ ဦးတည်ချက်တွေ ထွေပြားလျက်ရှိကြောင်း၊ ဟိုဟာလုပ်ချင် သည်ဟာလုပ်ချင်နှင့် သူတို့၏ စွမ်းအင်များမှာ အရပ်မျက်နှာမျိုးစုံသို့ ပြန့်ကြဲထွက်ကာ ဘာတစ်ခုမျှ ကောင်းစွာအဖတ်မတင်ကြကြောင်း သူက ပြောဆိုသည်။

တရုတ်စကားပုံ၌ 'အကောင်းဆုံးမြင်းသည်ပင် ကုန်းနှီးနှစ်ခု မတင်နိုင်' ဟူ၍ ဆိုထားရာ ဦးတည်ချက်ထွေပြားမှုကို ပြတ်ပြတ်သားသား ငြင်းဆန်ပယ်ချထားခြင်း ဖြစ်သည်။

တကယ်၌လည်း လူအများကြား ထူးခြားအောင်မြင်ခဲ့သူတွေကို ကြည့်လျှင် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် 'တစ်ချောင်းတည်းသောစိတ်' ဖြင့် စူးစိုက်ဆောင်ရွက်ခဲ့ကြသူတွေဖြစ်ကြောင်း တွေ့ရလိမ့်မည်။ အားကစားချန်ပီယံ၊ ပန်းချီအနုပညာကျော်၊ သိပ္ပံပါရဂူ၊ စစ်ဗိုလ်ချုပ်၊ နိုင်ငံရေးခေါင်းဆောင်၊ မဟာသူကြွယ် ... စသဖြင့် နယ်ပယ်အသီးသီးမှာ ထိပ်တန်းရောက်ခဲ့သည့် ပုဂ္ဂိုလ်တိုင်းပင် စနစ်တကျလေ့ကျင့်ထားသော ပြိုင်မြင်းကောင်းများလို မိမိမှာရှိသည့် အလုံးစုံသော စွမ်းအားကို တစ်ခုတည်းသောအရာ၌ နှစ်ရှည်လများ စူးစိုက်စွဲမြဲခဲ့ကြသူများချည်း ဖြစ်သည်။

***

ထို့ကြောင့် ***ဘဲငန်းတစ်ကောင်လို မရေမရာ ဟိုမှာသည်မှာ ဝင်ပါရုံ ဘဝမျိုးကို မလိုလားလျှင် တစ်ခုခုမှာ ထူးထူးချွန်ချွန်ဖြစ်အောင် ကြိုးစားဖို့ လိုလိမ့်မည်။***

***သို့သော် ဘယ်နယ်ပယ်မှာ ထူးချွန်အောင် လုပ်မည်လဲ။ ဘယ်ပညာ ဘယ်အရည်အချင်းတွေ ထူးခြားပြည့်စုံအောင် အားထုတ် ဖြည့်ဆည်းမည်လဲ။ စဉ်းစဉ်းစားစား ရွေးချယ်ဖို့တော့ လိုလိမ့်ဦးမည်။***

***ဘာကြောင့်လဲ။***

***ထူးခြားတိုင်းလည်း မကောင်းလှသောကြောင့် ဖြစ်သည်။*** နမူနာပြပါမည်။

***

သူတစ်ပါး မလုပ်နိုင်သည့်အရာကို လုပ်ကာ မိမိကိုယ်ကို လူအများကြား ထူးခြားအောင် စွမ်းဆောင်ပြသူများထဲတွင်မှ ပို၍ ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးက စက်ဘီး တစ်စီးလုံး မျိုချပြသူ ဖြစ်၏။

တချို့ပုဂ္ဂိုလ်တွေက ပုလင်းကွဲတွေ၊ သံတိုသံစတွေ၊ ဘလိတ်ဓားတွေ မျိုချပြနေစဉ် သည်ပုဂ္ဂိုလ်က ပို၍ ပြောင်ပြောင်မြောက်မြောက် မှတ်လောက်သားလောက်ဖြစ်အောင် စက်ဘီးတစ်စီးကို ချိုးရော သားရေပါ မကျန်ဆိုတာမျိုး အလုံးစုံ မျိုချပြခဲ့သည်။ သို့သော် ဂျီတို့ ဆတ်တို့ကို စပါးကြီးမြွေ မျိုသလို ခေါင်းက အမြီးထိ စက်ဘီးလက်ကိုင်မှ နောက်ဘက်မီးလုံးအထိ တစ်ဆက်တည်းတော့ သူ မမျိုနိုင်။ စက်ဘီးကို တစ်စစီဖြုတ်ကာ ဘောစေ့တွေ ဝက်အူသေးသေးတွေ အရင်မျို။ တာယာတွေ ကျွတ်တွေ ထိုင်ခုံတွေကို လှီးဖြတ်ဖွဲ့၊ လက်ကိုင်တို့ ဖရိမ်တို့ကို တစ်မျိုးစာ အပိုင်းလေးတွေ ဖြစ်အောင် ဖြတ်တောက်၊ အရည်ကျို၊ အလုံးလုံးတန် လုံးပြီး နောက်မှ အခုတစ်လုံး တော်ကြာတစ်ဖွဲ့ဆိုသလို နည်းနည်းချင်း မျိုချခြင်း ဖြစ်၏။

ရက်အနည်းငယ်ကြာလျှင် စက်ဘီးတစ်စီးလုံး ကုန်သွားပြီးနောက် သူ့ထံမှ ဘောစေ့တွေ၊ ရာဘာလုံးတွေ၊ သံတုံးသံခဲတွေ စက်ဘီးတစ်စီးစာမျှ ပြန်၍ ထွက်ကျလာမည် ဖြစ်သည်။

သည်ပုဂ္ဂိုလ်အစွမ်းပြပုံက အံ့လည်း အံ့ဩစရာ။ ကြောက်လည်း ကြောက်စရာ။

စက်ဘီးတစ်စီးလုံး မျိုချနိုင်သည့် အဆင့်ထိရောက်ဖို့ တော်ရုံ သံတိုသံစမှ စတင်ကာ သူ နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့ရလိမ့်မည်။

သို့သော် စက်ဘီးတွေ ဟိုမြို့မှာ တစ်စီး သည်မြို့မှာ တစ်စီး မျိုချပြနေက ကြာလျှင် ရိုးသွားမည်။ အဲသည်တော့ လူတွေ စိတ်ဝင်စားမှု မလျော့အောင် သည်ထက်ပို၍ အံ့ဩစရာဖြစ်အောင် ဆိုလျှင် သူ့အနေနှင့် တစ်ဆင့်ချင်းတက်ကာ မော်တော်ကားတစ်စီးလုံး၊ ကွန်တိန်နာတစ်ခုလုံး၊ သံချပ်ကာ ကားတစ်စီးလုံး စသဖြင့် မျိုချပြရမည့်သဘော ရှိနေသည်။

ပွဲသွင်းမည့်သူတစ်ယောက်က စတင်ကာ ဆရာ ဒီတစ်ခါ ပိုထူးခြားသွားအောင် ကားသေးသေးတစ်စီးလောက် စမ်းပြီး မျိုချပြပါလားဟု တိုက်တွန်းလာလျှင် မလုပ်ဖြစ်ဘူး မဆိုနိုင်။ မော်တော်ကားလည်း စက်ဘီးလို သံနှင့် သရေပဲ မဟုတ်လား။ သေသေချာချာ စိတ်ပိုင်းဖြတ်တောက်ပြီ အေးအေးဆေးဆေး ထိုင်မျိုရလျှင် ဇောက်(စ) ဝက်ဂွန် ကားလေး တစ်စီး လောက်ကတော့ တစ်လ ကိုးသီးတင်းအတွင်း 'မစင်' ဖြစ်သွားနိုင်သည်။ သည်လူက လုပ်လျှင် ဖြစ်မည့်သူ။

***

သို့သော် အဲဒါကြီး လုပ်သဖြင့် သူ့မှာ ဘာအကျိုး ရှိသနည်း။ စက်ဘီးမျိုသောသူ၊ မော်တော်ကား မျိုသောသူအဖြစ် စာစောင်တွေမှာတော့ ဓာတ်ပုံကြီးတွေနှင့် ပါလိမ့်မည်။ 'အံ့ပွဲ' ကြည့်သူတွေထံမှ ရုံဝင်ခ ရသဖြင့်လည်း ဝင်ငွေအတန်အသင့် စည်နိုင်သည်။

သို့သော် သည်အလုပ်ကြီးကို သင်နှစ်သက်နိုင်မည်လား။ သင့်မှာ သတ္တုတွေ ရာဘာတွေ ဝါးချင်မျိုချင်သည့် စိတ္တဇရောဂါမျိုး ရှိခဲ့မည် ဆိုလျှင်တော့ သည်အလုပ်နှင့် သင အံဝင်ခွင်ကျ ဖြစ်နိုင်မည်။

သို့မဟုတ်လျှင်တော့ ကြောက်စရာ။ သည်လုပ်ငန်းနယ်ပယ်မှာ အောင်မြင်ကျော်ကြားလေ သင့်ဒုက္ခက ကြီးမားလာလေ။

ထို့ကြောင့် ***တစ်စုံတစ်ရာမှာ ထူးထူးချွန်ချွန်ဖြစ်အောင် လုပ်မည်ကြံလျှင် ဦးစွာပထမ ငါဘယ်မှာ ထူးချွန်အောင် ကြိုးစားလျှင် ကောင်းမည်လဲ၊ သေသေချာချာ လေးလေးနက်နက် စဉ်းစားရွေးချယ်ဖို့ လိုလိမ့်မည်။***

***တစ်ဘဝလုံး မြှုပ်နှံရမည့်အလုပ်။***

***သည်အလုပ်မှာ ပျော်ဖို့လိုသည်။ အဲဒါမှ မအောင်မြင်ခင် စပ်ကြား အားထုတ်ရသည့်အခါမှာ လှိုက်လှိုက်လှဲလှဲ ထက်ထက်သန်သန် ရှိမည်။ အောင်မြင်သည့်အခါမှာလည်း နှစ်နှစ်ခြိုက်ခြိုက် အားရပါးရ။*** ဥပမာ ပီကာဆိုကို ကြည့်။

ပန်းချီဆရာကြီး ပီကာဆို တစ်ခါက ပြောဖူးသည်။ 'ကျွန်တော့်အမေက ပြောတယ်၊ ငါ့သားက စစ်သားလုပ်ရင် ဗိုလ်ချုပ်ဖြစ်မှာ၊ ရဟန်းဝတ်ရင် သာသနာပိုင်ဖြစ်မှာတဲ့။ အမေပြောတာ အမှန်ပဲဗျ၊ ကျွန်တော်က ပန်းချီဆရာလုပ်တော့ ပီကာဆိုဖြစ်လာတယ်' တဲ့။

မဖြစ်မြောက် မအောင်မြင်ခဲ့ဘူး ဆိုလျှင်တော့ မအေရောသားပါ ခပ်ကြွားကြွားတွေဟု အပြောခံရမှာ သေချာသည်။ သို့သော် ၂၀ ရာစု၏ အကြီးကျယ်ဆုံး ပန်းချီကျော်တစ်ယောက် ဖြစ်လာပြီးသည့်နောက်မှာတော့ သည်လို ပြောတတ်တာသည်ပင် ပီကာဆို၏ ထူးခြားသောသဘာဝတစ်ခုဟု ဆိုရမလို ဖြစ်လာသည်။ ဘာကြောင့်လဲ။ ပီကာဆိုက သည်စကားမျိုး သည်တစ်ကြိမ်တည်း ပြောသည်မှမဟုတ်ဘဲ။

အာနိုးကာကဘီဆိုသည့် ဟိုတယ်ပိုင်ရှင် သူဌေးတစ်ယောက်က 'မိခင်နှင့်ကလေးငယ်' ဟူ၍ အမည်ပေးထားသော ပီကာဆို့လက်ရာ ပန်းချီကားတစ်ကားကို တစ်နေရာမှ ဝယ်ယူရန် ဈေးစကားပြောထားပြီးနောက် ပီကာဆို့ထံ သူ့လက်ရာအစစ် ဟုတ်မဟုတ် အတည်ပြုပေးရန် မေတ္တာရပ်ခံသည်။

ပီကာဆိုက အာနိုးအား တစ်ခွန်းပဲ မေးသည်။ 'သူတို့က ဘယ်ဈေးပြောလဲ'

'ဒေါ်လာ တစ်သိန်းရှစ်သောင်းငါးထောင်တဲ့' (အဲသည်ကာ လက်ရှိ သက်ရှိထင်ရှား ပန်းချီဆရာတစ်ယောက်၏ လက်ရာတစ်ခုအတွက် ထိပ်တန်းဈေး ဖြစ်သည်။)

'အဲဒါဆို ကျွန်တော့်လက်ရာပဲ ဖြစ်မယ်၊ သူများဆွဲတာ မဖြစ်နိုင်ဘူး' ပီကာဆိုက ဆိုလိုက်သည်။

သည်လောက် တန်ဖိုးကြီးနေမှတော့ ပီကာဆိုပဲ ဖြစ်တော့မပေါ့ဟု အတည်ပေါက် ကြွားလိုက်ခြင်းပင်။ သည်လောက် ပြောသည့်ကြားထဲက ပန်းချီကားကြီး ယူလာပြီး ပြဦးမည်ဆိုလျှင် ပြသူပင် ရိုင်းရာကျပေတော့မည်။

တစ်ခါလည်း ပီကာဆိုလုပ်လိုက်တာ တစ်ခုရှိသေးသည်။

ကြေးထွင်းပန်းချီတစ်ချပ် ပထမဆုံးအကြိမ်အဖြစ် သူစမ်းသပ်ရေးထွင်းသည်။ နွားရိုင်းသတ်ပွဲတစ်ခုပုံကို ရေးထွင်းခြင်းဖြစ်ရာ နွားရိုင်းသတ်သမားလက်တွင် လုံတိုတစ်ချောင်း ကိုင်ထားသည်။ ရေးထွင်းပြီး၍ စက္ကူပေါ်မှာ နမူနာပုံ ကူးကြည့်သည့်အခါ လုံက ဘယ်ဘက်လက်မှာ ရောက်နေတာ သူတွေ့ရသည်။ ကြေးထွင်းပန်းချီကို ပုံနှိပ်သည့်အခါ ပြောင်းပြန်ပေါ်မည်ဆိုတာ မေ့ပြီး သူအသင့်အတိုင်း ရေးထွင်းခဲ့မိခြင်း ဖြစ်သည်။

ပထမတော့ ကြေးပြားကို သူခြစ်ပစ်မလို လုပ်သေးသည်။ နောက်တော့မှ စိတ်ကူးတစ်ခုရကာ ပန်းချီကားကို 'ဘယ်သန်' ဟူ၍ နာမည်ရေးထိုးပေးလိုက်လေသည်။

ပီကာဆိုဖြစ်လာခြင်းကြောင့် ရရှိလာသည့် အခွင့်အရေး တစ်ခုပင်။

ထူးခြားပြောင်မြောက်သည်ဆိုတာ ဘယ်လိုမှ မငြင်းသာသော ပန်းချီလက်ရာပေါင်း မြောက်မြားစွား ဖန်တီးပြီးသည့်နောက်တွင်တော့ မှားရေးတာလေးသည်ပင် ဆရာကြီး မှားခဲ့သော ချစ်စရာ လက်ရာလေးတစ်ခုအဖြစ် မြတ်နိုးသူများ တန်ဖိုးထား သိမ်းဆည်းစရာ ဖြစ်လာရသည်မှာ အဆန်းမဟုတ်တော့ပေ။

***

တစ်ခုတည်းမှာ စူးစိုက်မှု၊ အဲသည် စူးစိုက်သော အလုပ်မှာ ထူးချွန်အောင်မြင်မှုတို့နှင့် ပတ်သက်လျှင် ပီကာဆိုက ရာနှုန်းပြည့်စံထားရမည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။

ပီကာဆိုသည် ပန်းချီဆရာက မွေး၍ ပန်းချီကားများ ဆေးရောင်များ စုတ်တံများကြားမှာ ကြီးပြင်းရသူ ဖြစ်သည်။ သူ့ဖခင်သည် ပန်းချီဆရာ မည်ကာမတ္တမဟုတ်။ သူတို့ စပိန်နိုင်ငံရှိ နာမည်ကျော် ဘာစီလိုနာ အနုပညာကျောင်းတွင် ပါမောက္ခအဆင့် ခန့်အပ်ခံရသည့် ထူးချွန်သော ပန်းချီပညာရှင်တစ်ဦး ဖြစ်သည်။

အခြေအနေက ပီကာဆိုအတွက် တမင်တကာ ဖန်တီးပေးထားသလိုပင်။

သူ့ဖခင်သည် ကျောင်းမှာ တပည့်တွေကိုသင်သလို အိမ်မှာ တစ်ဦးတည်းသောသားအား လူမမည်အရွယ် ကတည်းက စ၍ ပန်းချီပညာ သင်ပေးသည်။ နည်းနည်းလေး ရေးတတ်လျှင်ပင် မိမိရေးဆွဲသည့် ကားကြီးများတွင် ဟိုနည်းနည်း သည်နည်းနည်း ဝင်ကူခိုင်းသည်။

ပီကာဆိုလေးကလည်း ခုနစ်နှစ်သားကတည်းက စတင်ကာ အဖေခိုင်းတာရော သူ့ဘာသာပါ ပန်းချီကားတွေ တရစပ်ရေးဆွဲသည်။ သူ့မှာ ပန်းချီဆရာ့သား ဖြစ်ရုံထက်မက ထူးခြားသော ပန်းချီပါရမီတွေ ပါလာခဲ့သည်ဖြစ်ရာ အသက် ၁၂ နှစ်တွင် ဖခင်က မိမိအသုံးပြုနေကျ ဆေးစပ်ပြား (Palette) ကို သားအား လွှဲအပ်ကာ အဖေ့ထက် သာသွားပြီဖြစ်ကြောင်း ချီးမြှောက်ကြေညာ ပေးခဲ့သည်။

အဲသည်နောက် အသက် ၁၄ နှစ်တွင် ဘာစီလိုနာ ပန်းချီကျောင်း၊ အသက် ၁၆ နှစ်တွင် မက်ဒရစ်ပန်းချီကျောင်းများသို့ တက်ရောက်ခွင့်ရသည်။ အဲသည်ကျောင်းများက ကျင်းပသည့် ဝင်ခွင့်စစ်ဆေးပွဲများတွင် သူထူးထူးချွန်ချွန် လက်စွမ်းပြခဲ့သည်။ အသက် ၁၇ နှစ်တွင် စပိန်တောင်ပိုင်း မလဂါမြို့၌ ကျင်းပသည့် ပန်းချီပြပွဲတွင် ရွှေတံဆိပ်ဆု ရသည်။

သူ့ကို စပိန်ပန်းချီအသိုင်းအဝိုင်းက အလားအလာကြီးမားသူ တစ်ဦးအဖြစ် မြင်နေကြပြီ။ သို့သော် သူတို့ထက် မြင်သူက သူ့ဖခင်။ သူ့သားသည် ကမ္ဘာမှာ ထင်ရှားသော ပန်းချီကျော်တစ်ဦး ဖြစ်လာရမည်ဟု ဖခင်ယုံကြည်သည်။ ထို့ကြောင့် ရှိစုမဲ့စု ငွေကြေးကို သားလက်ထဲထည့်ကာ ကမ္ဘာ့ပန်းချီလောက၏ ဗဟိုချက်မဖြစ်သည့် ပြင်သစ်ပြည် ပါရီမြို့သို့ ပို့လွှတ်လိုက်သည်။ အဲသည်ချိန် ပီကာဆို့အသက် ၁၉ နှစ်။

ပါရီရောက်သည်နှင့် ပီကာဆို လျှမ်းလျှမ်းတောက် အောင်မြင်သွားသည်တော့ မဟုတ်ပါ။

အနုပညာရည်မှန်းချက်ကြီးမားသူတို့ဦးတိုက်ရာ ပါရီမြို့မှာ ဆယ်နှစ်လုံးလုံး ပီကာဆို အားထုတ်ခဲ့ရသည်။ သူ့ဘဝမှာ အဆင်းရဲ အပင်ပန်းဆုံးကာလ။ တစ်ကြိမ်ဆိုလျှင် သူ့လိုပဲ ကြိုးစားရုန်းကန်ဆဲ စာရေးဆရာတစ်ယောက်နှင့် စပ်တူ နေစရာလေးတစ်ခု ငှားနေရသည်။ နှစ်ယောက်ပေါင်းမှ ခုတင်ငယ်တစ်လုံးပဲ ရှိရာ စာရေးဆရာက နေ့ပိုင်းမှာရေး ညဘက်အိပ်ပြီး ပီကာဆိုက တစ်နေ့လုံး အိပ်၊ တစ်ညလုံး ပန်းချီဆွဲရလေသည်။

သည်းမခံနိုင်အောင် အေးလွန်းသည့်တစ်ည၌ အခန်းထဲ နွေးစေရန်အတွက် တစ်နှစ်လုံး ရေးခြစ်ခဲ့သည့် ပုံကြမ်းများကို မီးပုံရှို့ရာ ယခုခေတ် သူ့ပန်းချီကားတွေ ရနေသည့်တန်ဖိုးနှင့် တွက်မည် ဆိုက ငွေစက္ကူမီးရှို့တာထက်ပင် အဆပေါင်းများစွာ ပို၍ ဆုံးရှုံးပေသေးသည်။ ပီကာဆိုက အလွန် အလုပ်လုပ်သောသူ ဖြစ်သည်။ ပါရီရောက်စ ငါးနှစ်အတွင်း ဆီဆေးပန်းချီကားပေါင်း ၂၀၀ ခန့် ရေးဆွဲပြီးစီးရာ တချို့ပန်းချီဆရာများ တစ်သက်တာ ရေးဆွဲသလောက်နှင့် ညီမျှ၏။ အသက်ကြီးလာတော့လည်း အရှိန်က နည်းနည်းလေးမှ လျော့မသွား။ အသက် ၉၀ ကျော်မှာလည်း ၂၀ တုန်းကလို တစ်နေ့တစ်ကား ဆွဲဖြစ်ချင် ဆွဲဖြစ်သည်။ ကွာခြားလာသည်က ဈေးကွက်ထဲမှ သူ့ပန်းချီကားတွေ၏ ပေါက်ဈေးဖြစ်သည်။ ဟိုတုန်းက တစ်ကားကို ၁၀ ဒေါ်လာလောက်နှင့် ရောင်းရဖူးသည်။ ကြီးလာသည့်အခါ ဒေါ်လာသိန်းဂဏန်း ဖြစ်လာသည်။ သက်ရှိထင်ရှား ပန်းချီဆရာများထဲတွင် ကြေးအများဆုံး ရသော ပုဂ္ဂိုလ်။

ရှည်လျားလှသော ဘဝသက်တမ်းတစ်လျှောက် ပီကာဆို ရေးဆွဲခဲ့သော ပန်းချီကား စုစုပေါင်းမှာ တစ်သောင်းကျော်ရှိသည်။ အဲဒါတွေ အားလုံးသည်ပင် ရွှေတွေ ဖြစ်သည်။ အသက် ၉၂ နှစ် အရွယ်၊ သူကွယ်လွန်သည့်အချိန်၌ သူ့အနုပညာလက်ရာမျိုးစုံတို့ အပါအဝင် ဓနဥစ္စာမြောက်မြားစွာ ကျန်ခဲ့သည်။

ပန်းချီခေတ်ဦးမှသည် ယနေ့အထိ ပေါ်ပေါက်ခဲ့သမျှ ပန်းချီဆရာများထဲတွင် ပီကာဆိုသည် အကြွယ်ဝဆုံး ပုဂ္ဂိုလ် ဖြစ်သည်။ သူငယ်ငယ်တုန်းက ၁၀ နှစ်လောက် ဆင်းရဲခဲ့ဖူးသည် ဆိုသည်မှာလည်း အခြားပန်းချီဆရာများအတွက် ရယ်စရာ။

သို့သော် ပီကာဆိုသည် နာမည်ကျော်ကြားပြီးသည့် ကာလတစ်လျှောက် ယခင် လူကြိုက်များပြီးသည့် သူ့လက်ရာဟောင်းမျိုးတွေချည်း ဆင်တူယိုးမှား ရေးဆွဲကာ စီးပွားရှာနေခဲ့သည် မဟုတ်။ အနုပညာလောက က အံ့သြရသည့် ပန်းချီနည်းနာသစ်၊ အယူအဆသစ်တွေ သူ မပြတ် ဖန်းတီးပြသနိုင်ခဲ့သည်။ သူ့ဦးခေါင်းသည် ငွေထဲမှာ မရှိ၊ ပန်းချီပညာထဲမှာပဲ ရှိခဲ့သည်။

ထို့ကြောင့်လည်း ခေတ်ပေါ်ပန်းချီလောကကို ဆယ်စုနှစ်ပေါင်း များစွာ ဦးဆောင်လွှမ်းမိုးထားနိုင်ခဲ့ခြင်း ဖြစ်သည်။ တိုင်းမဂ္ဂဇင်းကဆိုလျှင် သူ့အား '၂၀ ရာစုနှစ်၏ ယဉ်ကျေးမှုသူရဲကောင်း' ဟူ၍ ကင်ပွန်းတပ်ခဲ့သည်။

ပီကာဆိုသည် ပန်းချီ။ ပီကာဆို၏ ဘဝသည် ပန်းချီတစ်ခုတည်းတွင် ထာဝရရှုးစိုက် နှစ်မြှုပ်ခဲ့သည့် အောင်မြင်သော ပန်းချီကျော်၏ ဘဝ။

စဉ်းစားကြည့်လျှင် ပီကာဆို၏ဘဝက အလွန်နှစ်သက် လိုလားချင်စရာကောင်းလှသည့် ဘဝတစ်ခု ဖြစ်သည်။

သို့သော် ထပ်၍စဉ်းစားကြည့်လျှင် အားကျစရာ အောင်မြင်ကြီးပွားကြသူ အများအပြားပင် သည်အတိုင်းချည်း ရှိကြတာ တွေ့ရမည် ဖြစ်သည်။

ရုပ်ရှင်မင်းသားကြီး အာနိုးရှဝါဇနက်ဂါသည် ကာယဗလကြီးထွားဖို့ကိုပဲ တစ်သက်လုံး စူးစိုက်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ မောင်စကြဝဠာအဖြစ် သူထင်ရှားအောင်မြင်ခဲ့သည်။ ကြွက်သား အပြိုင်းပြိုင်းထနေသော သူ့ခန္ဓာကိုယ်ကို ပြကာ သူကြွယ်ဝသို့ သူ ရောက်ခဲ့သည်။ အဆိုတော် ရုပ်ရှင်မင်းသမီး မဒေါနားလည်း ထိုနည်းလည်းကောင်း။ ပီလီ၊ မာရာဒိုးနား၊ မိုဟာမက်အလီ စသည့် အားကစားသမားများလည်း ထိုနည်းလည်းကောင်း။ ကလေးဘဝကတည်းက ကွန်ပျူတာကို အသဲအမဲ စွဲလမ်းခဲ့၍ ယနေ့ ကွန်ပျူတာ လုပ်ငန်းဖြင့် ကမ္ဘာ့အချမ်းသာဆုံးသူဌေးဖြစ်လာသည့် ဘီလ်ဂိတ်(စ)လည်း ထိုနည်းလည်းကောင်း။

အားလုံးပင် ကိုယ်စိတ်ခွန်အားများအားလုံးကို မိမိဝါသနာပါရာ၊ မိမိမွေ့ပျော်ရာ ဦးတည်ချက်တစ်ခုတည်းမှာ စုစည်း စိုက်ထုတ်ကြသဖြင့် အထွတ်အထိပ်ရောက်သည်အထိ အောင်မြင်ခဲ့ကြသူတွေချည်း ဖြစ်သည်။

***သင်ရော ဘယ်ကဏ္ဍတွင် အထွတ်အထိပ်ရောက်ရန် ရည်မှန်းသနည်း။***

***စက်ဘီးမျိုးသမားလို ထူးတော့ ထူးခြားသည်၊ အကျိုးမရှိဆိုသော အရာမျိုးကို သင်မရွေးချယ်ချင်မှာ သေချာသည်။***

***အနိုက်အတန့် စိတ်ဝင်စားမှုထက် ရေရှည်အတွက်ကို သင် စဉ်းစားရလိမ့်မည်။***

***သင် ပျော်သောအရာ၊***

***သင် တကယ်စိတ်အားထက်သန်မည့်အရာ၊***

***တစ်သက်တာ အကျိုးရှိမှာ သေချာသောအရာ၊***

***သင့်မှာ နဂိုမူလကတည်းက သူများထက်ပို၍ အစွမ်းအစ ပါလာသည်ဟု သင်ယူဆယုံကြည်ထားသည့် အရာ။***

***အဲသည်အရာမျိုးကို ရွေးချယ်ဖြစ်ဖို့ လိုသည်။***

***ရွေးချယ်ပြီးပြီဆိုလျှင် လုပ်တော့။ အဲသည်အရာ၊ အဲသည် ပညာရပ်၊ အဲသည်လုပ်ငန်းကဏ္ဍ နယ်ပယ်ထဲမှာ တစ်ဘဝလုံး ပုံအပ်တော့။***

အဲဒါဆိုလျှင်၊ ဘဲငန်းတစ်ကောင်လို ဟိုယောင်ယောင် သည်စပ်စပ်ဖြင့် ဘယ်မှာမှ အရာမဝင်သောဘဝမှ သင်လွတ်မြောက်လိမ့်မည်။ ရေတွင် ငါးတစ်ကောင် ဖျံတစ်ကောင်လို၊ မြေတွင် ပြိုင်မြင်း တစ်ကောင်လို၊ ဝေဟင်တွင် လင်းယုန်ငှက်တစ်ကောင်လို ကိုယ့်ကဏ္ဍနယ်ပယ်မှာ ဘယ်သူ့ကိုမှ ကြောက်ရွံ့နောက်တွန့်စရာမလိုဘဲ ဝံ့စား ယုံကြည်မှုအပြည့်နှင့် ရပ်တည်ရှင်သန်နိုင်သူတစ်ဦး သင်ဖြစ်လိမ့်မည်။

### ၃ – ဦးနှောက်အရင်းအနှီး

ယခုတလော မြန်မာစာနယ်ဇင်းများထဲတွင် Think Tank ဆိုသော ဝေါဟာရတစ်လုံး ကြိုကြားကြိုကြား တွေ့လာရသည်။

စီးပွားရေးရာသတင်းများအားဖြင့် နာမည်ရသည့် မဂ္ဂဇင်းတစ်စောင်ကလည်း ယင်းအား Think Tank အဖွဲ့တစ်ခုမှ စီစဉ်ထုတ်လုပ်ကြောင်း ပုံနှိပ်ဖော်ပြသည်။

Think Tank ဟူသည် အဘယ်နည်း။

စီးပွားရေးလုပ်ငန်းကြီးများ သို့မဟုတ် အဖွဲ့အစည်းကြီးများအား ယင်းတို့နှင့်သက်ဆိုင်သည့် ရှေ့အလားအလာနှင့် တွေ့ကြုံရင်ဆိုင်ရမည့် အနေအထားများကို မှန်းဆမျှော်ခေါ်ပေးခြင်း၊ ယင်းတို့၏ ပြဿနာများ အခက်အခဲများကို စူးစမ်းလေ့လာ အဖြေရှာပေးခြင်း စသည်များ ပြုလုပ်သည့် သုတေသနအဖွဲ့များ ဖြစ်သည်။ တချို့က လုပ်ငန်းဌာနကြီးများ၏ လက်အောက်မှာရှိပြီး ယင်းတို့က ခန့်ခွဲပေးသည့် ဘက်ဂျက်ငွေများဖြင့် အလုပ်လုပ်ကြသည်။

တချို့က သီးခြားကိုယ်ပိုင်အဖွဲ့များဖြစ်၍ အခြားလုပ်ငန်းဌာနများအတွက် ဆောင်ရွက်ပေးရာမှ ရရှိသည့် အခကြေးငွေများဖြင့် ရပ်တည်ကြသည်။

Think Tank များထဲမှ လုပ်ကိုင်ကြသူတွေက ဘာသာရပ်နယ်ပယ်အမျိုးမျိုးမှ ကျွမ်းကျင်သူပညာရှင်များ ဖြစ်သည်။ နယ်ပယ် တစ်ခုအတွင်း ၎င်းနယ်ပယ်ဆိုင်ရာ ပါရဂူများချည်း ဖြေရှင်းမရ ဖြစ်နေသည့် ပြဿနာကို ၎င်းနှင့် အနည်းငယ်ဆက်စပ်သော နယ်ပယ်များ၊ မဆက်စပ်သလောက် အလှမ်းဝေးသည့် နယ်ပယ်များထဲမှ ကျွမ်းကျင်သူပညာရှင်များပါ စုဝေးကာ စိတ်ကူး စိတ်သမ်း အသစ်အဆန်းများ၊ အဆီးအတား မထားသော အတွေးများအားဖြင့် စဉ်းစားအဖြေရှာခြင်းသည် Think Tank တို့၏ ထူးခြားချက်တစ်ရပ် ဖြစ်သည်။

တစ်နည်းဆိုရသော်၊

Think Tank ဟူသည် ဉာဏ်ပညာဗဟုသုတသက်သက်ကို အားကိုးပြုပြီး အလုပ်လုပ်သည့် ဦးနှောက်အစုအဝေး တစ်ရပ် ဖြစ်သည်။ ရိုးရိုးသာမန်ဦးနှောက်များကာ မဟုတ်။ နယ်ပယ်မျိုးစုံမှ ပညာအဆင့်မြင့်သော ဦးနှောက်များကို စုစည်းထားသည့် ထိပ်တန်းဦးနှောက်စု။

***

စင်စစ် ရှေးတုန်းကပင် သည်လိုဦးနှောက်အစုအဝေးတွေ ရှိနှင့်ခဲ့ကြပြီး ဖြစ်သည်။

ထိုစဉ်က တွင်ကျယ်ခဲ့သည့် အခေါ်အဝေါ်အသုံးအနှုန်းတစ်ခုက Learned Society ဟူ၍ ဖြစ်သည်။ မဟာပညာကျော်အဖွဲ့။ ရိုးရိုးပြောလျှင် ပညာရှင်များအသင်း။ [Learned (လားနစ်ဒ်) = ပညာဗဟုသုတကြီးမားသော၊ ပညာဗဟုသုတကြီးမားသူတို့၏

'Learned Society တွေ တည်ထောင်ကြသည့် ရည်ရွယ်ချက်က မိမိတိုတိုင်းနိုင်ငံ၌ အသိပညာ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဖြစ်သည်။ ထို့ပြင် မိမိတို့တစ်ဦးချင်း အသိပညာရှာဖွေသည့် နေရာ၌ ပို၍ ထိရောက်အောင် အထောက်အကူပြုနိုင်ဖို့လည်း ပါသည်။

ယင်းသို့စုစည်းကြသည့် ပညာရှင်အသင်းအဖွဲ့များအနက် ကမ္ဘာတွင် အထင်ရှားဆုံးတစ်ခုက လန်ဒန်ရှိ တော်ဝင်အသင်း (Royal Society) ဖြစ်သည်။ ၁၆၆၀ ခုနှစ်တွင် တည်ထောင်၍ သိပ္ပံပညာဆိုင်ရာ အဖွဲ့အစည်းကြီးများ ထဲတွင် ကမ္ဘာ၌ ရှေ့ဆောင်လမ်းပြ ဖြစ်သည်။ နာမည်အပြည့်အစုံမှာ Royal Society of London for Improving Natural Knowledge ဟူ၍ ဖြစ်ပြီး နာမည်တွင် ဖော်ပြထားသည့်အတိုင်း သဘာဝ သိပ္ပံပညာရပ်များ (Natural Sciences) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ရည်ရွယ်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ တော်ဝင်အသင်းတွင် ပါဝင်ဆောင်ရွက်ကြသူများက ဗြိတိန်နိုင်ငံရှိ ထိပ်တန်းသိပ္ပံပညာရှင်ကြီးများ ဖြစ်သည်။ သင်္ချာ၊ ရူပဗေဒနှင့် နက္ခတ္တဗေဒပညာကျော်ကြီး ဆာအိုက်ဇက်နယူတန်ဆိုလျှင် တော်ဝင်အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။

သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေး ဟူသော ရည်ရွယ်ချက်အရ တော်ဝင်အသင်းသည် သိပ္ပံပညာဆိုင်ရာ ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးသည်။ သိပ္ပံသုတေသန လုပ်ငန်းများအတွက် ထောက်ပံ့ကြေး ပေးသည်။ သိပ္ပံပညာရှင်များ၏ ထူးခြားသော စွမ်းဆောင်အောင်မြင်မှုများအတွက် ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်သည်။ သိပ္ပံပညာ ဂျာနယ်များ ပုံနှိပ်ထုတ်ဝေသည်။ သိပ္ပံပညာသင်ကြားရေးဘက်တွင် ထောက်ပံ့ကူညီမှုများ ပြုလုပ်သည်။ နိုင်ငံတကာရှိ သိပ္ပံအကယ်ဒမီများနှင့် ဆက်သွယ်ဆောင်ရွက်သည်။ လန်ဒန်ရှိအသင်းရုံးချုပ်နှင့် တွဲဖက်လျက် သိပ္ပံကျမ်းများနှင့်

သိပ္ပံသုတေသနဆိုင်ရာ စာရွက်စာတမ်းများကို အဓိကထား စုဆောင်းသည့် စာကြည့်တိုက်ကြီးတစ်ခုလည်း ထူထောင်ဖွင့်လှစ်ထားသည်။

လန်ဒန်၌ တော်ဝင်အသင်း ဖွဲ့စည်းသည့် ကာလဝန်းကျင်တွင် ပြင်သစ်ပြည်၌လည်း ပညာအဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။ ပြင်သစ်စာပေ၏ ဦးဆောင်အဖွဲ့ဖြစ်သည့် ပြင်သစ် အကယ်ဒမီ (The French Academy) ဆိုလျှင် လန်ဒန်တော်ဝင်အသင်းထက် ၂၅ နှစ်မျှ စော၍ (၁၆၃၅ ခုနှစ်တွင်) ပေါ်ပေါက်ခဲ့သည်။

အလားတူ ပန်းချီဂီတတို့ကို ချီးမြှင့်တင်မည့် The Academy of Fine Arts သည် ၁၆၄၈ ခုနှစ်တွင်လည်းကောင်း၊ ရှေးဟောင်းသမိုင်းနှင့် ဘာသာစကားများဆိုင်ရာ Academy of Inscriptions and Belles Letters သည် ၁၆၆၃ ခုနှစ်တွင်လည်းကောင်း၊ သိပ္ပံအဖွဲ့ The Academy of Sciences သည် ၁၆၆၆ တွင်လည်းကောင်း၊ ဥပဒေ၊ ဒဿနိကနှင့် လူမှုရေးသိပ္ပံပညာရပ်များ ဆိုင်ရာ The Academy of Ethical and Political Science သည် ၁၈၃၂ ခုနှစ်တွင်လည်းကောင်း ပေါ်ပေါက်ခဲ့သည်။

ထိုအဖွဲ့ ငါးဖွဲ့သည် ယခုအခါ၌ ပြင်သစ် အင်စတီကျု (Institute of France) ဟုခေါ် သည့် ပညာအဖွဲ့ချုပ်၏ အဖွဲ့ခွဲများအဖြစ် သက်ဆိုင်ရာပညာနယ်ပယ်အသီးသီးအတွက် မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိသည်။

***

ဗြိတိန်၊ ပြင်သစ်တို့ဘက်မှ စတင်သည့် ပညာအဖွဲ့များကို အတုယူကာ နိုင်ငံတကာ၌ ပညာမြှင့်တင်ရေးအသင်းအဖွဲ့များ ဖွဲ့စည်းခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ၁၉၁၀ ခုနှစ်တွင် စတင်တည်ထောင်သည့် မြန်မာနိုင်ငံသုတေသနအသင်းသည် အလားတူပညာအဖွဲ့ (Learned Society) တစ်ခု ဖြစ်သည်။

အသင်း၏ ရည်ရွယ်ချက်နှင့် စပ်လျှင်း၍ အသင်းဂျာနယ်၌ For the Investigation and Encouragement of Arts, Science and Literature in Relation to Burma and Neighbouring Countries. ဟူ၍ ဖော်ပြထားရာ အဓိကအားဖြင့် မြန်မာမှု၊ မြန်မာ့ကိစ္စ၊ မြန်မာနှင့် နီးနွယ်ဆက်စပ်သည်များကို စူးစမ်းလေ့လာခြင်း၊ လေ့လာရန် အားပေးတိုက်တွန်းခြင်းများ ပြုလုပ်ရန် ရည်ရွယ်ကြောင်း သိရှိရသည်။

၁၉၁၀ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ရန်ကုန်ရှိ ဘားနဒ် အခမဲ့စာကြည့်တိုက်တွင် ကျင်းပသည့်အသင်း၏ ပထမအစည်းအဝေး၌ အသင်းကောင်စီဝင် မောင်မေအောင် [အမ်အေ၊ အယ်(လ)အယ်(လ)ဘီ] က အမှာစကားပြောကြားရာတွင် မိမိတို့မှာ ပညာရှင် အဖွဲ့အစည်းဟူ၍ ဖွဲ့စည်းလိုက်ရသော်လည်း ခွင်းချက်ဖြစ်သည့် ပုဂ္ဂိုလ်ကြီးတချို့မှလွဲလျှင် တကယ်တမ်း ကျွမ်းကျင်သူပညာရှင် စင်စစ်ဟူ၍ မရှိလှကြောင်း၊ Learned Society ဟု ခေါ်မည့်အစား Unlearend Society ဟုခေါ်လျှင် ပို၍မှန်နိုင်ကြောင်း၊ မိမိတို့အများစုမှာ ပေးရန်ထက် ရယူရန်လာကြသူများဖြစ်ကြောင်း အစချီကာ မပြည့်စုံသေးသော ဦးနှောက်များ စုပေါင်းပြီး ကြွယ်ဝပြည့်စုံသော မြန်မာရေးရာ အသိပညာသိုက်တစ်ခု ဖြစ်ပေါ်လာအောင် အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

မှန်သည်။ ပညာသမားတို့၏ ယေဘုယျသဘောမှာ ဤသို့ပင် ဖြစ်သည်။

ပညာကို လိုလားသည်။ သိချင်သည်။ တတ်ချင်သည်။ သိချင် တတ်ချင်မှုတွင် အကန့်အသတ်မရှိ၊ သို့သော် မိမိဦးနှောက်မှာတော့ အကန့်အသတ်ရှိတာ သိနေသည်။ မိမိဦးနှောက်တစ်ခုတည်းဖြင့် သိလိုသမျှကို မရနိုင် မသိနိုင်သည့်အခါ မိမိနည်းတူ မပြည့်မစုံဖြစ်နေသည့် အခြားဦးနှောက်များနှင့် ပေါင်းစည်းရန် ကြိုးစားသည်။ သည်အခါ ပညာအဖွဲ့အစည်းတွေ ပေါ်လာသည်။ ယင်းတို့က ပညာရှင်တစ်ဦးချင်း၏ ပညာရှာဖွေမှုတွင် အထောက်အကူပြုသည်။ ထို့ပြင် ထူးချွန်သော မဟာဦးနှောက်တွေ စုဝေးခြင်းဖြင့် တိုင်းပြည်မြို့ရွာ၌ ပညာကို အားပေးသော၊ ပညာရှာမှုတွင် ထက်သန်ဝင်စားသော လူမှုဝန်းကျင်တစ်ခု ဖြစ်ပေါ်စေသည်။

ဦးနှောက်များ ပူးပေါင်းသည့်အခါ အခြားအရာများ ပူးပေါင်းတာနှင့် မတူ။

သိန်းတစ်ရာစီရှိသည့် ငွေသမားနှစ်ယောက် ပူးပေါင်းသည့်အခါ သိန်းနှစ်ရာ ဖြစ်လာသည်။ သိန်းတစ်ရာတန်သည်ဟု ယူဆရသည့် ဦးနှောက်နှစ်ခု ပူးပေါင်းသွားသည့်အခါ သိန်းတစ်ထောင်တန် ဦးနှောက်လည်း ဖြစ်သွားနိုင်သည်။ သိန်းတစ်သောင်းတန် ဦးနှောက်လည်း ဖြစ်သွားနိုင်သည်။

သည်သဘောကို မြင်ကာ စီးပွားရေးနယ်ပယ်တွင် ထင်ထင်ရှားရှား စတင်အသုံးချသူက အမေရိကန် သံမဏိသူဌေး အင်ဒရူးကာနက်ဂျီ။

ကာနက်ဂျီမှာ အလွန်ကြီးမားသော စီးပွားရေးရည်မှန်းချက်ရှိသည်။ သည်ရည်မှန်းချက်ကို အကောင်အထည်ဖော်လိုသည့်ဆန္ဒ ထက်သန်ပြင်းပြသလို အစက်အခဲကြားမှာ ရုန်းကန်လှုပ်ရှားရဲသည့် ဇွဲသတ္တိလည်း သူ့မှာရှိသည်။ သို့သော်သည် 'အရင်းအနှီး' မျှဖြင့် သူမအောင်မြင်နိုင်သေးကြောင်း သူသိသည်။ သူ့မှာ လုပ်ငန်းအတွေ့အကြုံ ကုံလုံဖို့ လိုသေးသည်။ လုပ်ငန်းဆိုင်ရာ ပညာတွေ ကျွမ်းကျင်လိမ္မာဖို့ လိုသေးသည်။ စိတ်ကူးစိတ်သမ်းကောင်း၊ အကြံအစည်ကောင်းတွေ လိုသေးသည်။ ချုပ်၍ပြောရလျှင် လုပ်ငန်းဆိုင်ရာ ဥာဏ်ပညာဗဟုသုတ။

ဥာဏ်ပညာဗဟုသုတသည် တန်ခိုးစွမ်းအားဖြစ်၏ဟု ဆိုလေ့ ရှိကြသည်။ အဲသည်တန်ခိုးစွမ်းအားသည် ဦးနှောက်ထဲ၊ မိမိဦးခေါင်းထဲကပဲ ထွက်ရမည်။ သို့သော် မိမိဦးနှောက် ဘယ်လောက် ကောင်းသလဲ၊ ဘယ်လောက် ကြွယ်ဝပြည့်စုံနိုင်သလဲ။ ကာနက်ဂျီ စဉ်းစားသည်။လုပ်ငန်းကြီးကြီးမားမား အောင်မြင်ဖို့ ဦးနှောက်ကြီးကြီးမားမား လိုလိမ့်မည်ဟု သဘောပေါက်ပြီးသည့်နောက်တွင် ကာနက်ဂျီသည် သူကိုယ်တိုင်၏ ဦးနှောက်ကိုလည်း ဖြည့်ဆည်းမွမ်းမံသည်။ ထို့နောက် ပတ်ဝန်းကျင်မှာ ရှာဖွေစုစည်း၍ ရနိုင်သမျှ အကောင်းဆုံးဦးနှောက်များဖြင့် မိမိကိုယ်ကို ဝန်းရံသည်။ ဦးနှောက်များ ပေါင်းသောအခါ တစ်ခုချင်းမှာ ပါလာသည့် 'အား' တို့၏ ပေါင်းလဒ်အပြင် အကြောင်းအရာတစ်ခုတည်းပေါ်၌ စူးစိုက်မိသည့် ဦးနှောက်တို့ ထိတွေ့ပွတ်တိုက်ရာမှ ထွက်ပေါ်လာသည့် မှန်းဆမရအောင် ကြီးမားသော အားသစ်များပါ ရရှိသည်။

သည်အချက်ကို အင်ဒရူးကာနက်ဂျီက၊

'လောကကြီးမှာ ဘယ်ပုဂ္ဂိုလ်ရဲ့ ဦးနှောက်မှ ပြည့်ပြည့်ကုံလုံတယ်လို့ မရှိဘူး၊ ဦးနှောက်နှစ်ခု သုံးခု လေးငါးခု၊ ဒါမှမဟုတ် ဒီထက်မက များတဲ့ ဦးနှောက်တွေ အပြန်အလှန် သဟ္ဇာယဖြစ်စွာ ပေါင်းစပ်လိုက်တဲ့အခါမှ တစ်ခုချင်းတွေထက် အဆများစွာကြီးကျယ်တဲ့ မဟာဦးနှောက် (Master Mind) ဖြစ်လာတယ်' ဟူ၍ ဆိုခဲ့သည်။

ကာနက်ဂျီသည် သူ၏ မဟာဦးနှောက်အဖွဲ့ (Master Ming Group) ကို လူလေးယောက်နှင့် စတင်ဖွဲ့စည်းပြီး နောက်ပိုင်း၌ တဖြည်းဖြည်းတိုးချဲ့ကာ လူ ၅၀ အထိ ဖြစ်လာသည်။ သည် ၅၀ ၏ ဦးနှောက်စွမ်းအင်အားလုံးကို သံမဏိပစ္စည်းထုတ်လုပ်ရေးနှင့် ဖြန့်ချိရောင်းချရေးဘက်တွင် စုစည်းအသုံးချသည့်အခါ ငွေကြေး ကိန်းဂဏန်းအရ အလွန်ကြီးကျယ်သော လုပ်ငန်းကြီးတစ်ခု အောင်မြင်ဖြစ်ထွန်းလာသည်။

အင်ဒရူးကာနက်ဂျီက သူ၏ သန်းပေါင်းများစွာ ကြွယ်ဝသော ဓနဥစ္စာတို့သည် Master Mind Group ၏ ဦးနှောက်စွမ်းအားမှ ထွက်ပေါ်ကြောင်း ဝန်ခံပြောဆိုခဲ့သည်။

***

ဦးနှောက်ကောင်းများနှင့် ကူးလူးဆက်ဆံမိသဖြင့် အကျိုးကျေးဇူး ကြီးမားစွာ ခံစားရသည့် ထင်ရှားသော အခြားလုပ်ငန်းရှင်ကြီးတစ်ဦးက မော်တော်ကားသူဌေးကြီး ဟင်နရီဖို့ဒ် ဖြစ်သည်။

လုပ်ငန်းစတင်စဉ်က ဖို့ဒ်မှာ မော်တော်ကားတည်ဆောက်ချင်သည့် ဆန္ဒ ပြင်းပြသည်ကလွဲ၍ မည်မည်ရရ ဘာမျှမရှိခဲ့။ လူက ဆင်းရဲသည်။ ကျောင်းပညာအခြခံနည်းသည်။ စက်မှုပညာရော လုပ်ငန်းပညာပါ အလွန်ချို့တဲ့

သေးသည်။ သို့သော် လုပ်ငန်းစ၍ ၁၀ နှစ်လောက်အတွင်းမှာ အဲသည်အားနည်းချက်သုံးခုလုံးကို သူဖြည့်နိုင်ခဲ့သည်။ နောက် ၁၅ နှစ်လောက်ကြာသည့်အခါ သူက အမေရိကန်ပြည်မှာ အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေပြီ။

ဘာကြောင့် သည်မျှ လျင်လျင်မြန်မြန် တိုးတက်သွားရသနည်း။

ဟင်နရီဖိုဒ့်၏ဘဝကို ပိုင်းခြားစိတ်ခြာလေ့လာသူ နပိုလီယန်ဟေးလ်က ဟင်နရီဖိုဒ့်သည် ကမ္ဘာပေါ်တွင် ဉာဏ်အကြီးဆုံး ပုဂ္ဂိုလ်များဖြစ်သည့် တီထွင်သူကြီး တောမက်(စ)အက်ဒီဆင်၊ ရာဘာနှင့် မော်တော်ကားတာယာ သုတေသနဘက်တွင် ထင်ရှားသည့် စက်မှုလုပ်ငန်းရှင်ကြီး ဟာဗေးဖိုင်းယားစတုန်း၊ သဘာဝဗေဒနှင့် စိုက်ပျိုးရေးပညာပါရဂူကြီး လူသာဗားဗင့်၊ သဘာဝဗေဒပညာရှင် စာရေးဆရာကြီး ဂျွန်ဘာရိုးစ်တို့နှင့် သိကျွမ်းခင်မင်ပြီး သည့်နောက်တွင်မှ လုပ်ရည်ကိုင်ရည်တွေ တစ်ဟုန်ထိုး တိုးတက်ကာ အောင်မြင်မှုများ ဆင့်ကဲရရှိခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။

ပင်ကိုအရ ထက်မြက်သူတစ်ယောက် ရင့်ကျက်ပြည့်ဝသော ဦးနှောက်ကြီးများနှင့် ပေါင်းလိုက်ရသည့်အခါ အဆမတန် ထွန်းတောက်သွားသည့်သဘော ဖြစ်သည်။

***

ပြန်၍ကြည့်လျှင်၊

စောစောပိုင်းက စတင်ခဲ့သည့် Learned Society များက အဓိကအားဖြင့် ပညာကိုချစ်၍ ပညာရှာကြသူများ အစုအဝေး ဖြစ်သည်။

အင်ဒရူးကာနက်ဂျီတို့ ဟင်နရီဖိုဒ့်တို့၏ မဟာဦးနှောက်အဖွဲ့၊ ဉာဏ်ကြီးရှင် မိတ်သဟာယ စသည်များကတော့ လုပ်ငန်းရည်မှန်းချက်ဖြင့် ပေါင်းစည်းကြသည့် ဦးနှောက်အစုအဝေးများ ဖြစ်သည်။

သည်ဘက်ပိုင်းမှာ လူသိများလာသည့် Think Tank များသည်လည်း Master Mind Group တို့နည်းတူ လုပ်ငန်းသုံး ဦးနှောက်အဖွဲ့ တစ်ခုပင် ဖြစ်သည်။ သို့သော် စီးပွားရေးနယ်ပယ် တစ်ခုတည်းတွင် အသုံးချသည်တော့မဟုတ်။ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေး စသည့် နယ်ပယ်များမှာပါ အသုံးချကြတာ တွေ့ရသည်။

Think Tank များထဲမှာ ဘာတွေ လုပ်ကိုင်ကြသနည်း။

ကမ္ဘာတွင် ထင်ရှားသည့် Think Tank တချို့မှ နမူနာပြပါမည်။

***

လုံခြုံရေးတင်းကျပ်သည့် အဆောက်အအုံကြီးတစ်ခုထဲတွင် တိတ်တဆိတ် ကျင်းပနေသည့် 'စမ်းသပ်စစ်ပွဲ' တစ်ခု။

အငြိမ်းစား ဗိုလ်ချုပ်ကြီးနှစ်ယောက် 'အခန်းနီ' ထဲတွင် ထိုင်ကာ ရန်သူမထင်မှတ်သည့်အချိန် ဖုံးကြံတိုက်ခိုက်နိုင်မည့် အစီအစဉ်တစ်ခု ညှိနှိုင်းတိုင်ပင်နေကြသည်။ သူတို့အခန်းနံရံတွင် စစ်ဆင်ရေး မြေပုံကြီးတွေ ရှိသည်။ မြေပုံပေါ်တွင် မြင်ရသည့် စစ်မြေပြင်က ကမ္ဘာပေါ်မှာ အမှန်တကယ်ရှိသည့် နေရာဒေသတစ်ခု။ အချိန်က အနာဂတ်ကာလ အချိန်တစ်ခု။ သို့သော် ရက်စွဲ အတိအကျ။

သူတို့အနီးရှိ 'အခန်းပြာ' ထဲတွင် အလားတူ စစ်ပါရဂူတစ်ခုရှိနေပြီး အခန်းနီရှိ ရန်သူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် မဟာဗျူဟာ နည်းဗျူဟာများ၊ တိုက်ပွဲအစီအစဉ်များ၊ အသေးစိတ် ရေးဆွဲ ချမှတ်နေကြသည်။

အခန်းနီနှင့် အခန်းပြာကို ထူထဲသော နံရံကြီးများဖြင့် လုံးဝပိုင်းခြားကာရံထားသည်။ သို့သော် နှစ်ခန်းလုံးပင် 'စစ်ပွဲကြီးကြပ်ရေး' အခန်းနှင့်ကား အဆက်အသွယ်ရှိကြသည်။

အနီနှင့် အပြာသည် ကြီးကြပ်ရေးခန်းမှတစ်ဆင့် တစ်ဦးကိုတစ်ဦး၊ အပြန်အလှန်တိုက်ခိုက်နေကြခြင်း ဖြစ်သည်။ စစ်ပွဲခန်းမှ ကြီးကြပ်သူများသည် နှစ်ဖက် တိုက်ကွက်များကို စိစစ်သုံးသပ်ကာ တစ်ဖက်စီ၏ အကျအဆုံး၊ နယ်မြေသိမ်းပိုက်နိုင်မှုအခြေအနေ၊ စစ်ပွဲအနိုင်အရှုံး စသည်တို့ကို ဆုံးဖြတ်ပေးလေသည်။

ဤသည်မှာ အမေရိကန်စစ်တပ်အတွက် ဆောင်ရွက်ပေးနေသည့် RAND ကော်ပိုရေးရှင်း ခေါ် Think Tank ကြီးတွင် နေ့စဉ်နှင့်အမျှ ကျင်းပလျက်ရှိသည့် စမ်းသပ်စစ်ပွဲတို့၏ ယေဘုယျသဘော ဖြစ်၏။ ယင်းစစ်ပွဲများမှ ထွက်ပေါ်လာသည့် စစ်ရေးစစ်ရာ အသိဥာဏ် အမြော်အမြင်များကို စစ်မြေပြင်၌ တကယ်လက်တွေ့ တိုက်ခိုက်ကြမည့်သူများသို့ ဖြည့်ဆည်းပေးလျက်ရှိသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။

ယင်းစမ်းသပ်စစ်ပွဲများမှ RAND အဖွဲ့က ဆောင်ရွက်နေသည့် ရာနှင့်ချီသော သုတေသနလုပ်ငန်း အစီအစဉ်များထဲမှ တစ်ခုသာ ဖြစ်သည်။ RAND ဟူသောအမည်မှာ Research and Development ကို အတိုကောက် ယူထားခြင်းဖြစ်ရာ အမည်နာမအရပင် သူဆောင်ရွက်မည့်လုပ်ငန်းကို ခန့်မှန်းနိုင်သည်။

RAND အဖွဲ့သည် ဝန်ထမ်းပေါင်း ထောင်ချီရှိသည့် ဧရာမအဖွဲ့ကြီး ဖြစ်သည်။ ၎င်းတွင် ဌာနခွဲအများအပြားရှိပြီး ဌာနခွဲအသီးသီးတွင် ဆောင်ရွက်ကြသူများက သက်ဆိုင်ရာ ဘာသာရပ်များတွင် ပါရဂူမြောက်သူများ ဖြစ်သည်။ ထိပ်တန်းလူတော်များ ရအောင်လည်း RAND က လစာငွေ ထိုက်ထိုက်တန်တန်ပေးပြီး စည်းရုံးခေါ်ယူခဲ့သည်။

RAND အဖွဲ့သည် အမေရိကန် ကာကွယ်ရေးဌာနအတွက် အကြံကောင်းဉာဏ်ကောင်းများနှင့် အလွန်တိကျသေချာသော ခန့်မှန်းချက်များစွာကို ပေးအပ်ခဲ့သည်။ ရုရှားတို့၏ ဒုံးပျံစနစ်များအကြောင်း စနစ်တကျ စူးစိုက်လေ့လာခဲ့သော RAND အဖွဲ့သည် ရုရှားတို့ ပထမဆုံး စပွတ်နစ်ဂြိုလ်ဟု လွှတ်တင်မည့်အစီအစဉ်ကို နေ့ရက် အတိအကျနီးပါး ခန့်မှန်းပေးနိုင်ခဲ့သည်။ အမေရိကန်အစိုးရ၏ စစ်ရေးမဟာဗျူဟာများ ချမှတ်ရာတွင် RAND အဖွဲ့၏ သုတေသနပြုချက်များက များစွာလွှမ်းမိုးခဲ့သည်။

***

ကုမ္ပဏီကြီးများ၊ ကော်ပိုရေးရှင်းကြီးများအား အနာဂတ်စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် စပ်လျဉ်း၍ ခန့်မှန်းခြင်း၊ အကြံပေးခြင်းများ ပြုလုပ်တွင် ထင်ရှားသည့် Think Tank ကြီးတစ်ခုက အမေရိကန်ပြည်၊ ကယ်လီဖိုးနီးယားနယ်ရှိ SRI International အဖွဲ့ဖြစ်၏။ မူလက Stanford တက္ကသိုလ်နှင့် တွဲခဲ့သဖြင့် Standford Research Institute (SRI) ဟူ၍ ခေါ်ဝေါ်ခဲ့ပြီး နောက်ပိုင်း၌ SRI International ဖြစ်လာ၏။

SRI International ၌ တစ်လ တစ်ကြိမ် ကျင်းပသည့် TEAM (Trend Evaluation and Monitoring) အစီအစဉ်တွင် ဘာသာရပ်နယ်ပယ်မျိုးစုံမှ ထိပ်တန်းပါရဂူတစ်စုတို့ ပုံမှန်စုဝေးရောက်ရှိကာ ဦးနှောက်တွေ ညှစ်ထုတ်ကြသည်။ ယနေ့ကမ္ဘာကြီး၏ နယ်ပယ်အသီးသီးမှာ မည်သည့် trend (လမ်းကြောင်း ) တွေ လိုက်နေကြသနည်း၊ အဲဒါတွေသည် ကုမ္ပဏီကြီးများ၊ လုပ်ငန်းများကို မည်သို့မည်ပုံ ပြောင်းလဲစေမည်နည်း၊ စသည် စသည်များကို ရှုထောင့်ပေါင်းစုံမှ စိစစ်ဖော်ထုတ်ကာ ဝေဖန်သုံးသပ် ငြင်းခုံကြသည်။

သည်ပါရဂူတွေအတွက် အတွေးပွားစရာကိစ္စများ အစဖော်ပေးနိုင်ရန် ၎င်းတို့အောက်အဆင့်မှာ ရှိသည့် SRI လေ့လာရေးအဖွဲ့က နိုင်ငံတကာ စာနယ်ဇင်းများ၊ စာအုပ်စာတမ်းများကို မပြတ်မွှေနှောက်ကာ လူမှုရေး စီးပွားရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများအကြောင်း တစ်စွန်းတစ်စ ဖြစ်စေ တိတိကျကျဖြစ်စေ ဖော်ထုတ်တင်ပြလာသည့် ဆောင်းပါးစာတမ်းများထဲမှ အထူးခြားဆုံး စာပုဒ်တစ်ရာဝန်းကျင်ခန့်ကို ရွေးထုတ်ပြီး အကျဉ်းချုပ်များ ရေးလျက် ပါရဂူများထံ ဆွေးနွေးပွဲမတိုင်မီ တစ်ပတ်ခန့် ကြိုတင်၍ ပေးပို့ရသည်။

ပါရဂူတွေ စုဝေးကာ ဦးနှောက်မှန်တိုင်းတိုက်ခိုက်ကြပြီးနောက် ထွက်ပေါ်လာသည့် ရလဒ်၊ သို့မဟုတ် SRI Think Tank က စုးစည်းမလာသည့် 'ဉာဏ်အမြော်အမြင်' များကို Scan ဟု အမည် ပေးထားသည့် SRI စာစောင် (၀၁) ပုံမှန် အစီရင်ခံစာတွင် ပုံနှိပ်ဖော်ပြသည်။ ရှစ်မျက်နှာမျှသာရှိသော Scan စာစောင်ကို စာအုပ်ဆိုင်များတွင် တင်၍မရောင်း။ SRI ၏ စီးပွားရေးအမြင်များကို တလေးတစား တန်ဖိုးထားကာ နှစ်ကြေးဒေါ်လာ ၁၂၀၀၀ ပေး၍ မှာကြားကြသည့် နိုင်ငံတကာရှိ ကော်ပိုရေးရှင်းကြီးများသို့သာ သီးသန့် ပေးပို့သည်။

***

ခြုံ၍ သုံးသပ်လျှင် ဦးနှောက်အဖွဲ့များက လုပ်လေ့ရှိသော အလုပ်သည် အဓိကအားဖြင့် 'သုတေသနနှင့် ဖွံ့ဖြိုးရေး' (Research and Development) ဖြစ်သည်။ သုတေသနပြုမည်။ ပြီးလျှင် ယင်းမှရသည့် အသိအမြင်ကို ဖွံ့ဖြိုးရေးဘက်တွင် အသုံးချမည်။

စစ်စစ်၊ ကော်ပိုးရေးရှင်းကြီးများ လုပ်ငန်းဌာနကြီးများမှာလည်း ၎င်းတို့ကိုယ်ပိုင် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲကြီးများ ရှိကြမြဲ ဖြစ်သည်။ သို့သော် Think Tank တို့ထံမှ အကြံဉာဏ် ယူကြခြင်းမှာ အသိဉာဏ် ဗဟုသုတဟူသည် ပိုသည်မရှိဟု ခံယူကြခြင်းနှင့် မိမိတို့လုပ်ငန်းခွင်ပြင်ပမှာ ရှိနေသော Think Tank များထံမှ သမားရိုးကျနှင့် ကွဲပြားခြားနားစွာ ထွက်ပေါ်လာတတ်သည့် စိတ်ကူးအသစ်အဆန်းများထဲတွင် တစ်ခါတစ်ရံ အဖိုးမဖြတ်နိုင်သော အရာများ ပါလာတတ်သည်ဟု ယုံကြည်ကြခြင်းကြောင့် ဖြစ်သည်။

သည်အချက်ကို ကမ္ဘာ့၌ တစ်နေ့တခြား တိုးပွားလာနေသည့် Think Tank များက သက်သေထူလျက်ရှိသည်။

ပြည်သူ့တရုတ်ပြည်၌ပင် ပြီးခဲ့သော နှစ်များအတွင်း Think Tank တွေ အပြိုင်အဆိုင် ထူထောင်လာကြသည့် အကြောင်း စာနယ်ဇင်းများတွင် ဖတ်ရှုနေရသည်။ ပညာကို တန်ဖိုးထား၍ ပညာတတ် (scholar) များကို ထူးထူးခြားခြား မြှောက်စားသည့် အစဉ်အလာရှိခဲ့သော တရုတ်ပြည်တွင် ပညာအဖွဲ့အစည်းပေါင်းများစွာပင် အစိုးရက ထူထောင်ထားရှိခဲ့သည်။ ဥပမာ၊ တရုတ်လူမှုရေးသိပ္ပံ အကယ်ဒမီ (Chinese Academy of Social Science:CASS) ဆိုလျှင် တရုတ်အစိုးရအား စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုရေးရာများတွင် နှစ်ပေါင်းများစွာ အကြံပေးလာခဲ့သည့် အရှိန်အဝါကြီးမားသော ပညာအဖွဲ့အစည်းကြီး ဖြစ်သည်။

သို့သော် စီးပွားရေးစနစ် ပြောင်းလဲခဲ့ပြီးသည့်နောက်တွင်မူ အခြေအနေအရ CASS အပါအဝင် အစိုးရထောက်ပံ့ခံ သုတေသန လုပ်ငန်းကဏ္ဍများစွာကို ဖြတ်တောက်လျှော့ချခဲ့ရာ ယင်းအပြောင်းအလဲကြောင့် အပြင်ဘက်သို့ ရောက်ရှိလာသည့် အစိုးရဝန်ထမ်းဟောင်း ပညာရှင်များနှင့် စိတ်ကူးစိတ်သမ်းကောင်း ရှိသည့် ဦးနှောက်သမား လူငယ်လူသစ်များသည် ယနေ့ခေတ် တရုတ်ပြည်၌ ပုဂ္ဂလိက Think Tank တည်ထောင်သူများ ဖြစ်လာကြသည်။ တရုတ်ပြည်နှင့် အလုပ်ကြီးကြီးမားမား လုပ်လိုကြသည့်အာရှဖွံ့ဖြိုးရေးဘဏ်၊ ဖိုဒ့်ဖောင်ဒေးရှင်း စသည်တို့အပါအဝင် ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများသည် တရုတ် Think Tank အသစ်များအတွက် ဖောက်သည်များ ဖြစ်နေကြသည်။ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးရှင်သန်လာသည်နှင့်အမျှ တရုတ်ပြည်၌ Think Tank တို့ အောင်မြင်ကြီးထွား လာကြမည့်သဘော ရှိနေသည်။

***

Think Tank တွေအပေါ် စိတ်ဝင်စားမှုရှိလာကြခြင်းသည် ပညာကို တန်ဖိုးထားသူတို့အတွက် ဝမ်းမြောက်စရာ ဖြစ်ပါသည်။

Think Tank တွေသည် တိုင်းပြည်အား လူမှုရေး၊ စီးပွားရေးစသည့် နယ်ပယ် အသီးသီးတွင် သူတစ်ပါးထက် နောက်မကျအောင် တွန်းပို့မြှင့်တင်ပေးကြမည့်သူများ ဖြစ်သည်။ သို့သော် တိုင်းပြည်၏ အသိပညာ ဘဏ္ဍာတိုက်ကြီးကို တည်ဆောက်ရာ၌ လက်ငင်းအကျိုးစီးပွားဘက်တွင် အားသန်သည့် Think Tank များနှင့်ချည်း မပြည့်စုံနိုင်။ အသိပညာကို မြတ်နိုးသော စိတ်၊ အသိပညာ တိုးပွားအောင် ဆောင်ရွက်ရခြင်းသကသက်၌ပင် ထက်သန်ဝင်စားကာ စိတ်တို့ဖြင့် စုစည်းထူထောင်သည့် ပညာအသင်းအဖွဲ့ (Learned Society) များပါ ထွန်းကားပေါ်ပေါက်မှသာ တိုင်းပြည်၏ ပညာအုတ်မြစ်သည် ပို၍ခိုင်မာမည်။ နိုင်ငံအဝန်းတွင် ပညာစိတ်ဓာတ် ပျံ့နှံ့ရှင်သန်မည်။ ထိုအခါ ပညာချင်း ယှဉ်ပြိုင်ကြသော ခေတ်တွင် အခြားသောနိုင်ငံများအကြား ဂုဏ်သရေရှိစွာ ရပ်တည်နိုင်မည် ဖြစ်ပေသည်။

၄ – ထိပ်တန်းရောက်မည့်သူ

*လောကၷ ကြီးကျယ်ပေါက်မြောက် အောင်မြင်သူ မှန်သမျှ မိမိကိုယ်ကို ကိုးစားယုံကြည်ကြသူချည်းဖြစ်၏။*

*မိမိအရည်အချင်းကို ယုံကြည်သည်။ မိမိခွဲသတ္တိကို ကိုးစားသည်။ မိမိ၏ အနာဂတ်အလားအလာကို စိတ်ချသည်။*

ရှေးသမိုင်းထဲက လူများကို ကြည့်လျှင်လည်း ထိုနည်းလည်းကောင်း။ ယနေ့ခေတ် ပုဂ္ဂိုလ်ထူးများကို ကြည့်လျှင် ထိုနည်းလည်းကောင်း။

***

ဗြိတိသျှသမိုင်းတွင် ထင်ရှားသည့် ဘင်ဂျမင် ဒစ္စရေးလီသည် ဂျူးလူမျိုးတစ်ယောက် ဖြစ်၏။ သူတို့ဆီ၌ ဂျူးဆိုသည်မှာ အနှိမ်ခံ အလှောင်ခံ သတ္တဝါတစ်မျိုးဖြစ်ရာ အကယ်၍ ဒစ္စရေးလီသာ အားငယ်တတ်သူတစ်ဦးဖြစ်က နိုင်ငံရေးလောကထဲ ဝင်လာမည်မဟုတ်။ အခြားအခြားသော ဂျူးများနည်းတူ ကုန်သွယ်စီးပွားဘက်မှာသာ ကြီးပွားအောင် ကြံဆောင်မည်ဖြစ်၏

သို့သော် ဒစ္စရေးလီက သူတစ်ပါးအထင်အမြင် သူတစ်ပါး အပြောအဆိုကို ကြောက်ရွံ့နောက်တွန့် တတ်သူမျိုးမဟုတ်။ လူသည် ပတ်ဝန်းကျင်အခြေအနေများ၏ ဖန်တီးခံသတ္တဝါမဟုတ်၊ ပတ်ဝန်းကျင်အခြေအနေ သည်သာ လူ၏ဖန်းတီးခံဖြစ်သည်ဟူ၍ သူ အခိုင်အမာယုံကြည်သည်။ မည်သူမဆို လောကၷ မအောင်မြင်တာတွေ မလွဲမသွေ ကြုံရမည်သာဖြစ်သည်၊ သို့သော် မနည်းသော ကာယစွမ်းအားနှင့် ကြီးမားသော စိတ်ဓာတ်သတ္တိရှိသူတို့အဖို့မူ လောကၷ မဖြစ်နိုင်သောအရာဟူသည် မရှိဟူ၍ သူ့စိတ်ထဲမှာ ပြတ်သားထားသည်။

ထို့ကြောင့် မအောင်မြင်သော ရွေးကောက်ပွဲတွေကို ရင်ဆိုင်ကျော်လွှားကာ လွှတ်တော်အမတ်အဆင့်သို့ သူရောက်လာသည်။ အမတ်ဖြစ်စ လွှတ်တော်တွင် ပထမဆုံးအကြိမ် စကားပြောသည့်အခါ ဝိုင်းဝန်းလှောင်ပြောင် ရယ်မောခြင်းခံရသည်။

သို့သော် သူတွန့်ဆုတ်မသွား။ သူသည် တစ်နေ့ကျလျှင် ဗြိတိသျှ နိုင်ငံရေးလောကၷ အတောက်ပဆုံး ပုဂ္ဂိုလ် တစ်ယောက် ဖြစ်လာရမည်ဟု သူ့ဘာသာ ယုံကြည်ထားသည်။ ထို့ကြောင့် အလှောင်အပြောင်တွေ ကြားမှာပင် သူပြောစရာ စကားကို ရဲရဲပြောသည်။ လုပ်စရာရှိတာကို ရဲရဲလုပ်သည်။ သို့နှင့်ပင် နောက်ဆုံး၌ သူရည်မှန်းသည့်အတိုင်း ဗြိတိသျှ နိုင်ငံရေးလောက၏ အထွတ်အထိပ်ဖြစ်သော ဝန်ကြီးချုပ်ရာထူးကို ရခဲ့သည်။ ဝန်ကြီးချုပ်ဘဝ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များကြောင့် ၁၉ ရာစု ဒုတိယပိုင်းကာလ ကမ္ဘာတွင် အထင်ရှား အရေးပါဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။

***

အမေရိကန်သမ္မတ အေဗရာဟမ်လင်ကွန်းအား သစ်လုံးအိမ်မှ အိမ်ဖြူတော်သို့ တက်လာသူ၊ တောသား သူဆင်းရဲလေးမှ ထိပ်ဖျား ရောက်လာသူအဖြစ် အံ့သြပြောဆိုလေ့ရှိကြသည်။ ထို့သို့ဖြစ်လာစေသည့် သူ့အရည်အချင်း အစွမ်းသတ္တိများကိုကား ဖော်ထုတ်ပြောဆိုရန် မေ့လျော့တတ်ကြသည်။ လင်ကွန်း၏ အထင်ရှားဆုံး အရည်အချင်းတစ်ခုကား ရဲဝံ့ပြတ်သားခြင်း၊ မိမိကိုယ်ကို လေးစားယုံကြည်၍ မိမိဆုံးဖြတ်ချက်အတိုင်း မဆုတ်မနစ်လုပ်တတ်ခြင်းပင် ဖြစ်သည်။

၁၈၆၂ ခုနှစ် စက်တင်ဘာလတွင် သမ္မတတာဝန်ယူထားသူ လင်ကွန်းသည် ငွေဝယ်ကျွန်များအား လွတ်လပ်ခွင့် ပေးကြောင်း မဏ္ဍာမကြေညာချက်ကို ထုပ်ပြန်ခဲ့၏။ ငွေဝယ်ကျွန်စနစ်ကို အကြောင်းပြု၍ အမေရိကန်ပြည် တောင်ပိုင်းနှင့် မြောက်ပိုင်းအကြား ပြည်တွင်းစစ်ကြီး ဖြစ်ပွားနေစဉ်ကာလတွင် မွန်မြတ်လှသော ထိုကြေငြာချက်ကို ရဲဝံ့စွာ သူထုတ်ပြန်လိုက်ခြင်း ဖြစ်၏။

သည်ကြေငြာချက်ကို ပြဿနာကင်းစွာ သူထုတ်ပြန်နိုင်ခဲ့ခြင်း မဟုတ်။ သည်ကြေငြာချက်ကြောင့် မကျေမနပ်ဖြစ်မည့်သူတွေ အမြောက်အမြားရှိနေသည်။ သူ့အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သူ့အကြံပေး ပုဂ္ဂိုလ်များထဲမှာပင် သည်ကိစ္စကို လုံးဝမလိုလားသူ ဆန့်ကျင်ကန့်ကွက်သူတွေ ရှိနေသည်။

သို့သော် လင်ကွန်း နောက်မဆုတ်ခဲ့။ ငွေဝယ်ကျွန်စနစ်ကို သူ့သွေးထဲသားထဲကပင် လုံးဝလက်မခံနိုင်။ သူ့မှာ လုပ်ပိုင်ခွင့် ရှိလာသည်နှင့်တစ်ပြိုင်နက် သည်စနစ်ကို အမြစ်ဖြုတ်ပစ်မည်ဟု သူ အစောကြီးကတည်းက ပိုင်းဖြတ်ထားခဲ့ပြီး ဖြစ်သည်။ ထို့ပြင် လက်ရှိအချိန်အခါသည် သည်ကိစ္စကို ပြတ်ပြတ်သားသား စတင်တိုက်ခိုက်ရမည့် အချိန်အခါ ဖြစ်သည်ဟူ၍လည်း သူမြင်သည်။ ထို့ကြောင့်ပင် ရန်သူတို့၏ အငြိုးအာဃာတ ကြီးထွားလာမှု မိတ်ဆွေတို့၏ ဆန့်ကျင်စွန့်ခွာမှုများကို လျစ်လျူရှုကာ ထိုကြေငြာချက်ကို သူ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထိုပဏာမ ကြေငြာချက် ထုတ်ပြန်သည့်နေ့က လင်ကွန်း၏ ဒိုင်ယာရီထဲတွင် 'ဤကိစ္စကို ကျွန်ုပ်တကယ်ဖြစ်မြောက်အောင် ဆောင်ရွက်မည်ဟု ဘုရားသခင်ထံ ကတိသစ္စာပြုပါ၏' ဟူ၍ ရေးထိုးထားကြောင်း တွေ့ရှိရရာ ဤသည်ကို ထောက်လျှင်ပင်သည် ကြေညာချက်နှင့်ပတ်သက်၍ သူ့အပေါ် ဆန့်ကျင်တိုက်ဖျက်အား မည်မျှကြီးမားနေကြောင်းနှင့် တစ်ချိန်တည်းတွင် ယင်းဆန့်ကျင်အားကို ရင်ဆိုင်ကျော်လွှားနေသည့် သူ၏ ကိုယ်ပိုင်ယုံကြည်ချက် မည်မျှခိုင်မာပြင်းထန်ကြောင်း သိသာနိုင်ပေသည်။

မိမိကိုယ်တိုင်၏ စွမ်းအားအပေါ် ရဲဝံ့ယုံကြည်စွာ ဆောင်ရွက်လိုက်သည့် လင်ကွန်း၏လုပ်ရပ် လုံးဝမှန်ကန်ကြောင်း နောက်ပိုင်း ပေါ်ပေါက်လာသည့် ဖြစ်ရပ်များက သက်သေထူခဲ့သည်။ လင်ကွန်းသည် ငွေဝယ်ကျွန်အပေါင်းတို့အား လုံးဝလွတ်လပ်ခွင့် ရစေခဲ့သည်။ အမေရိကန်ပြည်တွင် ကျွန်စနစ်မဖြစ်ပေါ်ရအောင် တားဆီးကာကွယ်သည့် အခြေခံဥပဒေပြင်ဆင်ချက် တစ်ရပ်ကို ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ပြည်တွင်းစစ်ကြောင့် ပြည်ထောင်စုကြီး ပျက်စီးပြိုကွဲမသွားရအောင် ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။ လင်ကွန်းသည် မိမိယုံကြည်ချက်ကို ရဲဝံ့ပြတ်သားစွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထူးချွန်အောင်မြင်သော သမ္မတတစ်ဦးအဖြစ် သမိုင်းဝင်ခဲ့ပေသည်။

***

အလားတူပင်။

သူ့ခေတ်က ပင်လယ်ရေကြောင်းသမားတွေ အံ့မတုရဲသည့် အတ္တလန်တိတ်သမုဒ္ဒရာကို အဆိုးဆုံး အကြမ်းဆုံး ထိန်းသိမ်းရ အခက်ဆုံး သင်္ဘောသား ၈၇ ဦး လိုက်ပါသည့် ရွက်သင်္ဘောငယ်သုံးစင်းနှင့် ဖြတ်သန်းကာ အမေရိကဟူသော တိုက်သစ်ကြီးကို ကမ္ဘာဟောင်းသားတို့ သိရအောင် ဖော်ထုတ်ပြသခဲ့သည့် စွန့်စားရှာဖွေသူကြီး ကိုလံဘတ်(စ)၊ မိမိကိုယ်တိုင် နှစ်ပေါင်းများစွာ လေ့လာ ဆန်းစစ်တွေ့ရှိချက်များကို အခြေပြုကာ သူ့ခေတ် သူ့အခါက လူအများ၏ အရိုးစွဲအယူအဆဟောင်းများနှင့် ထိပ်တိုက် ဆန့်ကျင်နေသည့် အီဗော်လူးရှင်း သီဝရီကို ရဲဝံ့စွာ ရှင်းလင်းတင်ပြခဲ့သည့် သိပ္ပံပညာရှင် ချားလ်(စ)ဒါဝင်၊ စသည့် စသည့် ပုဂ္ဂိုလ်များသည်လည်း မိမိ၏ကိုယ်စွမ်း၊ ဉာဏ်စွမ်းအပေါ် အပြည့်အဝယုံကြည်စိတ်ချခဲ့သည့် ပုဂ္ဂိုလ်ကြီးများပင် ဖြစ်သည်။ သည်ရဲဝံ့ ယုံကြည်စိတ်ဖြင့်ပင် သူတို့ထိပ်တန်းရောက်ခဲ့ကြသည်။ သမိုင်းဝင် ထင်ရှားသော ပုဂ္ဂိုလ်များ ဖြစ်လာခဲ့ကြသည်။

၎င်းတို့အားလုံးပင် မိမိတို့ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲ အတားအဆီးများ၏ အတိုင်းအတာပမာဏကြီးမားပုံကို သိရှိကြသည်။ သို့သော် နောက်မတွန့်ကြ။ သည်အခက်အခဲကို ငါကျော်နိုင်မည်၊ ကျော်လွှားနိုင်သည့်စွမ်းအားများလည်း ငါ့မှာ ရှိသည်ဟု ယုံကြည်ကြသည်။ ထိုယုံကြည်စိတ်ကြောင့် တိုက်ပွဲမစမီပင် တစ်စိတ်တစ်ပိုင်းအောင်မြင်သည့် အနေအထားမျိုး သူတို့ ရခဲ့ကြသည်။

ယုံကြည်စိတ်ပြည့်ဝသူမှာ အရှိန်အဝါ ရှိသည်။ အဟန့် ရှိသည်။ ကမ္ဘာလောကသည် ယုံကြည်စိတ်ကြီးမားသူများကို ရို့သေ ကျို့ပေးတတ်သော သဘောရှိသည်။ အနှောင့်အယှက် အဟန့်အတား ဟူသည် ပြတ်ပြတ်သားသားလာသူအား မခုမရဲ၊ အလျှင်အမြန် ဘေးဖယ်ပေးရမြဲ ဖြစ်သည်။ မဖယ်၍လည်း မရ။ သူတစ်ပါး သရော်လှောင်ပြောင်

သည်ကို ဂရုမစိုက်သူ၊ ဝေဖန်တာ အပုပ်ချတာကို မဖြုံသူ၊ အကျိုးလိုလားသယောင် ဖျောင်းဖျနားချသော်လည်း တိမ်းစောင်းယိမ်းယိုင်မသွားသူ၊ သည်လိုလူမျိုးကို မည်သို့တားဆီးမည်နည်း။ ကံကြမ္မာဆိုး ကြုံ၍ မတုန်လှုပ်၊ ဆင်းရဲဒုက္ခကြောင့် စိတ်အားမငယ်၊ အခက်အခဲကြုံ၍လည်း ဆံတစ်ခြည်မျှ သွေဖည်မသွား၊ ကိုယ့်ရည်မှန်းချက် ပန်းတိုင်ကိုသာ မျက်ခြည်မပြတ် လှမ်းမြဲလှမ်းသူအား အချိန်တန်လျှင် အများအရိုအသေ ပြုရမည်မှာ မုချဖြစ်သည်။

***

မအောင်မြင်သူ အရေးနိမ့်သူ အရာမဝင်သူတို့ကား အဘယ်သို့သော သူများနည်း။ မယုံမရဲသူ ကိုယ့်တန်ဖိုးကိုယ် လျှော့တွက်သူများ ဖြစ်သည်။ ကိုယ့်မှာ တကယ်လုပ်လျှင် ဖြစ်နိုင်သည့် အရည်အချင်း အစွမ်းအစ ရှိပါလျက် သည်အပေါ် အားကိုးယုံကြည်မှုမရှိသည့်အခါ ရန်သူနှင့်တွေ့လျှင် ရင်မဆိုင်ရဲ၊ အခက်အခဲ ကြုံသည်နှင့် အလိုလို ဒူးထောက်အရှုံးပေးပြီးသား ဖြစ်နေလေသည်။

ငါသည်လောက်တော့ မစွမ်းသေးဘူး၊ နည်းနည်းလိုပါသေးတယ်၊ နောက် တဖြည်းဖြည်း အတွေ့အကြုံများလာတော့မှ၊ ဟူသော ဆင်ခြေမျိုးဖြင့် အမြဲနောက်ဆုတ်ပြေးရန် ဟန်ပြင်နေသူသည် အိုမင်း၍သာ သွားမည်၊ ပြောပလောက်ယူလောက်စရာ ဘာအလုပ်တစ်ခုမှ ဖြစ်မြောက်အောင်မြင်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။

လူသည် အခက်အခဲကို ရင်ဆိုင်ရင်း၊ ကိုယ့်ထက်သာသူနှင့် ယှဉ်ပြိုင်လေ့ကျင့်ရင်း၊ အခြေအနေ အကျပ်အတည်းများကြားတွင် ကိုယ့်စွမ်းအားများကို ညှစ်ထုတ်ရင်းသာ အတွေ့အကြုံများသူ၊ အရည်အချင်း ပြည့်ဝသူ၊ အစွမ်းထက်သူတစ်ဦး ဖြစ်လာနိုင်သည်။

ထို့ကြောင့်၊ ယနေ့သင့်မှာ မယုံရဲစိတ် အရှုံးသမားစိတ်တွေ ရှိနေသည်ဆိုပါစို့။ ယခုပင် ပြောင်းပြန်လှန် ပစ်လိုက်စမ်းပါ။ အားငယ်အားပျက်သည့် အတွေး၊ အရှုံးပေးမည့်အတွေးစတွေကို ဖြတ်တောက်ပစ်လိုက်ပါ။ သင့်ပန်းတိုင် ဘယ်မှာလဲ၊ မတ်မတ်ရပ်ကာ ရဲရဲကြည့်ပါ။ ပြဿနာမှန်သမျှကို နောက်ဆုတ်စရာ အကြောင်း လုံးဝမရှိဟူသော ရဲဝံ့ပြတ်သားသည့် စိတ်ထားဖြင့် ရင်ဆိုင်ဖြေရှင်းပါ။ သင့်ပတ်ဝန်းကျင် အနေအထားတွေ ပြောင်းလာလိမ့်မည်။ သင့်အတွက် အခြေအနေကောင်းတွေ ပေးလာလိမ့်မည်။

ရဲဝံ့ယုံကြည်စိတ်နှင့်လာသူကို လူတကာ လေးစားသည်။ လုပ်ငန်းကြီးတစ်ခုအတွက် လူအင်အားလိုနေသူ၊ လုပ်ငန်းသစ်တစ်ခုအတွက် တွဲဖက်ရှာနေသူ၊ မည်သူမဆို အားငယ်ရှိန့်ကျိုးနေသူကို မလိုလား။ ရဲဝံ့ယုံကြည်သူကိုသာ အားကိုးသည်။ ဖိတ်ခေါ် သည်။ ပျာပျာသလဲ ဆီးကြိုသည်။ အများစုဝေးလုပ်ကိုင်ရသော နေရာမျိုးတိုင်းတွင် စိတ်အားထက်သန်သူ၊ အင်တိုက်အားတိုက်ဝင်လာသူ၊ လုပ်ငန်းအပေါ်၌ရော မိမိကိုယ်တိုင်၌ပါ ယုံကြည်စိတ်ကြီးမားသူများသာ ခေါင်းဆောင်အရာကို ရစမြဲဖြစ်သည်။

မိမိကိုယ်ကို အားကိုးယုံကြည်သော စိတ်သည် အဆက်အသွယ်ကောင်း ရှိခြင်း၊ မျိုးရိုးဂုဏ်ရှိန်ရှိခြင်းတို့ထက် တစ်ပန်းသာသည်။ ငနေငွေကြေးထက် တန်ဖိုးရှိသည့် အရင်းအနှီးကောင်းလည်း ဖြစ်သည်။ ငွေဖြင့်ကျော်လွှား မရသော အခက်အခဲများစွာကို သူကျော်လွှားနိုင်သည်။ လုပ်ငန်းတစ်ခု ထမြောက်အောင်မြင်ရေးအတွက် လိုအပ်သည့် လူ့အရည်အသွေးများထဲတွင် သူပင် အရေးပါဆုံး ဖြစ်သည်။

မယုံမရဲသူသည် အခွင့်အရေး ကြီးကြီးမားမားမြင်သော်လည်း မလှမ်းရဲ၊ မလျှောက်ရဲ၊ မရယူရဲ၊ ပန်းတိုင်က မိမိနှင့် အလှမ်းကွာလွန်းသည်ထင်ကာ နောက်တွန့်နေသည်။ ရှေ့ခရီးကို ရှင်းလင်းပီပြင်စွာ မမြင်ရနိုင်သည့် အကြောင်းကြောင့်လည်း ပို၍မဝံ့မရဲဖြစ်ကြသည်။

စင်စစ် မည်သည့်ခရီးလမ်းမဆို အလွန်ဆုံး ရှေ့တစ်ကွေ့ထက်ပို၍ မည်သူမျှမမြင်ရ။ လျှောက်ရဲသူကား လမ်းကွေ့ရောက်အောင် လျှောက်မည်။ လမ်းကွေ့ရောက်လျှင် နောက်တစ်ကွေ့ထိ လှမ်းမြင်ရမည်။ မြင်ရသလောက် ဆက်လျှောက်ရင်း သူများတွေ သူ့အား မျက်ခြေပြတ်သွားချိန်မှာ သူက ပန်းတိုင်နှင့် နီးသည်ထက် နီးသွားမည် ဖြစ်သည်။ ရာထူးအဆင့် မြင့်မားသွားသည် ဆိုရာ၌လည်း ထိုနည်းလည်းကောင်း၊ လုပ်ငန်းငယ်မှ လုပ်ငန်းကြီး

ထို့နောက် ဇရာမအဆင့်ထိ ကြီးမားသွားသည်မှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ငါက လုပ်ငန်းအသေးလေးပဲ လုပ်ဖူးတာဟု ကန့်သတ်ထားသူသည် လုပ်ငန်းကြီးသမား ဘယ်တော့မှ ဖြစ်မလာနိုင်ပေ။

***

မိမိကိုယ်ကို အားကိုးယုံကြည်နိုင်ရန်အတွက် မိမိမှာ အတိုင်းအတာတစ်ခုအထိ အရည်အချင်း အစွမ်းအစများရှိနေရန်လည်း အမှန်တကယ် လိုအပ်၏။ ယင်းသည် မရှိမဖြစ်သော အခြေခံအချက် ဖြစ်၏။ ထိုအပေါ်တွင် ထပ်ဆင့်အရေးကြီးသည်က မိမိသည် ထိုအရည်အချင်း အစွမ်းအစများ ရှိသူဖြစ်ကြောင်း မိမိကိုယ်ကို အသိအမှတ်ပြုရေး ဖြစ်၏။ မိမိတန်ဖိုးကို သိကာ မိမိကိုယ်ကို လေးစားတတ်ရန် လို၏။ မိမိ၏ ဖြစ်နိုင်ခြေ အလားအလာကို လျှော့မတွက်မိဖို့ အရေးကြီး၏။ အကြောင်းမူ လူသည် မိမိအမြင့်ဆုံး မျှော်မှန်းထားသည့် အတိုင်းအတာထက် ပိုမမြင့်တတ်နိုင်သောကြောင့် ဖြစ်သည်။ စာရေးစာချီအဆင့် မှန်းထားသူသည် အရာရှိမျိုး မတော်တဆ ဖြစ်လာခဲ့လျှင်လည်း အရည်မီသော အရာရှိမျိုး ဖြစ်လာလိမ့်မည် မဟုတ်။

မိမိအလားအလာကို အကန့်အသတ်မရှိ ဖွင့်ထား မျှော်မှန်းထားသူမျိုးသာ ထိပ်တန်းအထိ ရောက်နိုင်၏။

အမေရိကန်သမိုင်းတွင် အလွန်ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်လာမည့် ဒင်နီယယ်ဝက်(ဘ)စတာ အား ကောလိပ်မှ ဆင်းစတွင် ဖခင်က သူ့ဇာတိ နယူးဟင်(မ)ရှိုင်ယာပြည်နယ်ရှိ တရားရုံးတစ်ခုတွင် စာရေးဝန်ထမ်း လုပ်ခိုင်း၏။ ဒင်နီယယ် ယင်းအလုပ်ရရန်အတွက် သူ့ဖခင်မှာ အတော်ကြိုးစားခဲ့ရသည်။ စာရေးဝန်ထမ်း ဆိုသော်လည်း စစချင်း ဒေါ်လာ ၁၅၀၀ ရမည့်အလုပ်ဖြစ်ရာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က သူတို့အဖို့ သေးမွေးသော ရာထူးတော့မဟုတ်။ သို့သော် သည်အလုပ်ကို ဒင်နီယယ် ငြင်းပယ်ခဲ့ရာ ဖခင်မှာ အတော် စိတ်မချမ်းမသာ ဖြစ်ရရှာသည်။

'ဘယ်လိုလဲသား၊ သည်အလုပ်ကို လက်မခံဘူးလား' ဖခင်က မေးသည့်အခါ ဒင်နီယယ်က 'မလုပ်နိုင်ဘူးအဖေ၊ ကျွန်တော်သည်ထက်မက အများကြီး မှန်းထားတယ်၊ ကျွန်တော် တရားရုံးမှာ (ပါးစပ်) လျှာနဲ့ အလုပ်လုပ်ဖို့ ရည်ရွယ်တယ်၊ ကလောင်တံနဲ့ မလုပ်နိုင်ဘူး၊ သူများလုပ်ရပ်တွေ မှတ်တမ်းတင်တဲ့လူမျိုး မဖြစ်ချင်ဘူး၊ ကိုယ်တိုင် လုပ်ကိုင်ဖန်တီးသူပဲ ဖြစ်ချင်တယ်' ဟူ၍ ရဲရဲဖြေခဲ့သည်။

အဖြေရဲခဲ့သည့်အတိုင်း နောင်အခါတွင် တကယ်လည်း နာမည်ကျော် ရှေ့နေကြီးတစ်ဦး ဖြစ်ခဲ့သည်။ သမ္မတလောင်းအဖြစ် လျာထားခံရသည်အထိ၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် သုံးကြိမ် ခန့်အပ်ခြင်း ခံရသည်အထိ နိုင်ငံရေးနယ်ပယ်၌ အောင်မြင်ခဲ့သည်။ ထို့ပြင် အမေရိကန်သမိုင်းတစ်လျှောက် အထင်ရှားဆုံး အပြောအဟော သမားတစ်ဦးအဖြစ် မှတ်တမ်းတင်ခြင်း ခံရသည်အထိ လျှာစွမ်းထက်သူလည်း ဖြစ်ခဲ့ပေသည်။

ထောင့်ငါးရာစား စာရေးဘဝ၌ မိမိကိုယ်ကို ကန့်သတ် တင်းတိမ်ခဲ့မည်ဆိုက မည်မျှကြီးကျယ်လာစရာ အကြောင်းမရှိပေ။

သမ္မတ ဂျော့ချ်ဝါရှင်တန်၏ အမည်ကို ခံယူခဲ့သည့် နီဂရိုးလေး ဘွတ်ကာ၊ တီ၊ ဝါရှင်တန်သည် ငွေဝယ်ကျွန်အဖြစ် မွေးဖွားလာသူတစ်ယောက် ဖြစ်၏။ အသက်ကိုးနှစ်ခန့်တွင် ကံအားလျော်စွာ ကျွန်ဘဝမှ လွတ်မြောက်ခဲ့သော်လည်း ထမင်းတစ်လုတ်အတွက် ကျောက်မီးသွေးတွင်းများ၊ ဆားဖိုများတွင် ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့၏။ အခြား လူမည်းအများစုကြီးမှာ စားဝတ်နေမှု ခက်ခဲသည့် ဒဏ်ကို မခံနိုင်သဖြင့် အရှင်သခင်ဟောင်းများထံတွင် အစေအပါးအဖြစ် ပြန်၍ ချဉ်းကပ်မှီခိုကြစဉ် ဘွတ်ကာကား သခင်စိတ် အပြည့်မွေးလျက်ရှိသည်။ လူဖြူများနည်းတူ စာတတ်သူတစ်ယောက် ပညာဗဟုသုတ ရှိသူတစ်ယောက်ဖြစ်အောင် သူကြိုးစားသည်။

သူ့အချိန်အခါက လူမည်းလေးတစ်ယောက် စာတတ် ပေတတ် ဖြစ်လာဖို့မှာ အလွန်ခဲယဉ်းလှပါ၏။ သို့သော် ဘွတ်ကာကား ပညာတတ်ဖြစ်ဖို့ရာ ပိုင်းဖြတ်ထားပြီးသူတစ်ယောက် ဖြစ်သည်။ အခက်အခဲကြောင့် နောက်မတွန့် တတ်သော ဖွဲသတ္တိနှင့် ဖြစ်ရမည်ဟူသော ယုံကြည်ချက်လည်း အပြည့်အဝရှိသည်။ ဘွတ်ကာသည် သူ

မျှော်မှန်းသည့်အတိုင်း ပညာတတ်တစ်ယောက် ဖြစ်လာရုံမက သူ့ခေတ် အမေရိကန်လူမည်းလောက၌ အထင်ရှားဆုံး ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ သူတည်ထောင်ခဲ့သည့် ဆရာဖြစ်စဉ်နှင့် လုပ်ငန်းပညာသင် ကျောင်းသည် အမေရိကန် နီဂရိုးလူငယ်ပေါင်း မြောက်မြားစွာတို့၏ ဘဝကို မြင့်တင်ပေးနိုင်ခဲ့သည်။ ကျွန်ဘဝမှနေ၍ လူမည်းခေါင်းဆောင် တစ်ဦးအဖြစ်သို့ တက်လှမ်းခဲ့သော သူ၏ဘဝအကြောင်းကို ဖော်ပြသည့် Up from Slavery အမည်ရှိ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်သည် နောက်ပိုင်းခေတ် အမေရိကန် လူမည်းလေးများ အတွက်သာမက ကမ္ဘာတစ်ဝန်းလုံးရှိ ဘဝအခြေခံ နိမ့်ကျသူ လူငယ်တိုင်းအတွက် စိတ်ဓာတ် မြင့်တင်ရေး အားဆေးတစ်ခု ဖြစ်ခဲ့သည်။

***

လူငယ်လူရွယ်တိုင်းပင် ယင်းသို့ မိမိကိုယ်ကို မြင့်မြင့်မားမား မျှော်မှန်းတတ်သည့်စိတ်ထားမျိုး မွေးသင့်၏။ သည်လို မွေးမြူဖြစ်အောင်လည်း လူကြီးမိဘနှင့် ဆရာသမားများက အားပေးတိုက်တွန်းမှု ပြုသင့်၏။ ညောင်စေ့တိုင်းတွင် ညောင်ပင်ကြီး ဖြစ်လာနိုင်သည့် ဗီဇသတ္တိ ကိုယ်စီပါလာသည့်နည်းတူ ကလေးသူငယ်တိုင်းတွင်လည်း ဧရာမပုဂ္ဂိုလ်ကြီး ဖြစ်လာနိုင်သည့် အခွင့်အလမ်း ကိုယ်စီပါခဲ့ကြသည်မဟုတ်လား။

သို့သော် အခွင့်အလမ်းရှိသမျှ တကယ်မြင့်မြင့်မားမား ဖြစ်လိုလျှင်မူ ဦးစွာပထမ စိတ်ဓာတ်မြင့်မားအောင် မွေးမြူရန် လို၏။

မိမိကိုယ်ကို အလားအလာရှိသူအဖြစ် လေးစားသိမှတ်စိတ်၊ တစ်နေ့ ထိပ်တန်းရောက်ရမည်ဟူ၍ ရဲဝံ့ယုံကြည်စိတ်၊ ကိုယ့် အရည်အချင်း၊ ကိုယ့်အစွမ်းအစဖြင့် အခက်အခဲမှန်သမျှကို နောက်မဆုတ်တမ်း ရင်ဆိုင်ကျော်နင်းသွားမည် ဟူသော ကျားကုတ် ကျားခဲ စိတ်များ မွေးရလိမ့်မည်။

'ငါသည် ကျေးကျွန်မဟုတ်၊ အနိမ့်စားသတ္တဝါမဟုတ်၊ အရှုံးသမားအဖြစ် ကျင်လည်မည့်သူမဟုတ်၊ အမြင့်စားဘဝ ငါရောက်ရမည်၊ ဦးဆောင်သူဖြစ်ရမည်၊ အရှင်သခင်ဖြစ်ရမည်၊ ငါသည် အောင်မြင်ရန်မွေးဖွားလာသူ ဖြစ်သည်၊ ငါ၏ အောင်မြင်မှုကို မည်သူမျှ နှောင့်ယှက်ဟန့်တားခြင်းမပြုနိုင်' ဟူသော အောင်မြင်မှု အတွေး အောင်မြင်မှုစိတ်ဓာတ်များ စွဲမြဲခိုင်မာနေက ရည်မှန်း သလောက် ပေါက်မြောက်အောင် စွမ်းဆောင်နိုင်သူတစ်ဦး မုချဖြစ်လာရပေမည်။

## ၅ – ပညာနဲ့စပ်လျဉ်းတဲ့ ပညာရှိတို့ရဲ့စကားများ

'ပညာ' နဲ့ ပတ်သက်တဲ့ ကမ္ဘာ့ပညာရှိတွေရဲ့ အဆိုအမိန့်များကို မလေ့လာမစူးစမ်းမီ ပညာဆိုတဲ့ မြန်မာဝေါဟာရရဲ့ အဓိပ္ပာယ်ကို အရင်သုံးသပ်ကြည့်ချင်တယ်။

ပညာဆိုတာ ပါဠိက လာတဲ့ မြန်မာစကား တစ်လုံးပါပဲ။ ပညာကို မြန်မာအဘိဓာန်က အခြေခံအဓိပ္ပာယ်နှစ်မျိုး ပေးတယ်။

(၁) အသိဉာဏ်။ ခွဲခြားဝေဖန်နိုင်သော အသိဉာဏ်

(၂) အတတ်။

ဒါ့ကြောင့် ပညာသင်တယ်ဆိုတာ အတတ်ပညာ ဆည်းပူးလေ့လာတာ ဖြစ်သလို၊ အသိဉာဏ်မြင့်မားအောင် အားထုတ်လေ့ကျက်တဲ့ သဘောလည်း ပါတယ်။

ပညာရှိနဲ့ ပညာတတ်ဆိုတာ ပညာရဲ့အဲဒီအဓိပ္ပာယ်နှစ်မျိုးကို အခြေခံပြီး ခွဲခြားပြောဆိုကြတဲ့ သဘာပဲ။ ပညာရှိဆိုတာက အကြားအမြင် ဗဟုသုတနဲ့ ပြည့်စုံပြီး အကောင်းအဆိုး ဝေဖန် ခွဲခြားနိုင်တဲ့ ပုဂ္ဂိုလ်။ ပညာတတ်

ဆိုတာက အသိပညာ အတတ်ပညာတွေ လေ့လာတတ်မြောက်ထားတဲ့ ပုဂ္ဂိုလ်။ သို့သော် အတတ်ပညာတွေ လေ့လာတတ်မြောက်ထားတဲ့ ပုဂ္ဂိုလ်။ သို့သော် ပညာရှိလောက်တော့ မရင့်ကျက်၊ မပြည့်ဝ၊ မမြင့်မားဘူးပေါ့။

***

မြန်မာမှာ ပညာနဲ့ တွဲစပ်ပြီး သုံးတဲ့ တခြားစကားလုံးတွေ အများကြီး ရှိသေးတယ်။

ဥပမာ၊ ပညာပြတယ်။ ပညာပေးတယ်။ ပညာစမ်းတယ်။ ပညာပြတာက ညစ်တဲ့သဘော၊ ပညာပေးတယ်ဆိုတာ ဆုံးမတာ၊ ပညာစမ်းတာက ကျွမ်းကျင်မှုအရည်အသွေးကို စမ်းတာ။

ဒီ့အပြင် ပညာသည်တို့၊ ပညာကျော်တို့၊ ပညာရှင်တို့ ဆိုတာတွေလည်း ရှိသေးတယ်။

ဒါတွေနဲ့ ဆက်စပ်လာတဲ့အခါကျတော့ ပညာရဲ့အဓိပ္ပာယ်တွေက အထက်က ပြခဲ့တဲ့ အခြေခံ အဓိပ္ပာယ် နှစ်ခုထက်မက ကျယ်ပြန့်လာတဲ့သဘောရှိတယ်။

ဒါကြောင့် မြန်မာ – အင်္ဂလိပ် အဘိဓာန်မှာ 'ပညာ' ကို အင်္ဂလိပ်ဘာသာနဲ့ ဖွင့်တဲ့အခါ ဖွင့်တဲ့အခါ အဓိပ္ပာယ် ကျယ်ကျယ် ခြုံငုံမိအောင်လို့၊

(1) Knowledge; Learning; Education; Schooling

(2) Skill; Craft

ဆိုပြီး စကားလုံး ခြောက်လုံးနဲ့ ပေးတယ်။

အခု ဒီဆောင်းပါးအတွက် အင်္ဂလိပ်ဘာသာ အဆိုအမိန့်တွေ ရွေးတဲ့အခါမှာတော့၊ အဲဒီစကားလုံးခြောက်လုံးထဲက Learning ဆိုတဲ့ ဝေါဟာရကို အခြေခံထားပြီး ရွေးမှာ ရေးမှာ ဖြစ်ပါတယ်။

Learning ဆိုတဲ့ ပညာအကြောင်း ဆိုပါတော့။

***

ဒီလိုမရေးခင် Learn ဆိုတဲ့ ဝေါဟာရနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်တွေလည်း နည်းနည်း တိတိကျကျလေး ဖြစ်အောင် စူးစမ်းကြည့်ဖို့ လိုဦးမယ်ထင်တယ်။

Learn ဆိုတဲ့ Verb ကို ဒေါက်တာ ဘဟန် အဘိဓာန်က သင်အံလေ့ကျက်သည်။ သင်ကြားသည်။ လေ့လာတတ်မြောက်သည်။ အာဂုံဆောင်သည်။

သင်ကြားရသည်။ သိမှတ်ရသည်။ နာယူသည်။ နည်းခံသည်။ စသဖြင့် အဓိပ္ပာယ်ပေးပါတယ်။

Learning ဆိုတဲ့ noun ကိုတော့ ပညာ၊ အသိပညာ၊ ပညာကြွယ်ခြင်း၊

Learned ဆိုတဲ့ adjective ကိုတော့ ပညာတတ်သော၊ ပညာကြွယ်ဝသော၊ ပညာရှင်ဖြစ်သော၊ ဗဟုသုတရှိသော၊ အတွေ့အကြုံများသော၊ စာပေ အထူးနှံ့စပ်ချောက်ချားနိုင်သော၊ စတဲ့ အဓိပ္ပာယ်များ ပေးပါတယ်။

အဲဒီလို အဓိပ္ပာယ်တွေရှိကြောင်း သိမှတ်ထားပြီးတဲ့နောက်၊ ပညာ Learning နဲ့ ပတ်သက်ပြီး ကမ္ဘာ့ပညာရှိတွေ ရှုထောင့်အဖုံဖုံက ပြောခဲ့ဆိုခဲ့ကြပုံတွေကို လေ့လာ ကြည့်ကြရအောင်။

***

Seneca ဆိုတဲ့ ရောမပညာရှိကြီးက ပညာရှိပုဂ္ဂိုလ်များနဲ့ ပတ်သက်လို့၊

More is experienced in one day in the life of a learned man than in the whole lifetime of an ignorant man. လို့ ဆိုခဲ့တယ်။

Ignorant ဆိုတာ အသိပညာကင်းမဲ့သော ဆိုတဲ့အဓိပ္ပာယ်။ Learned နဲ့ ဆန့်ကျင်ဘက်။ ပညာရှိတစ်ယောက် တစ်နေ့တာအတွင်း ရတဲ့ အတွေ့အကြုံ ဗဟုသုတဟာ ပညာမဲ့တစ်ယောက် တစ်သက်တာ ရနိုင်တာထက် ပိုတယ်ဆိုတဲ့သဘော Seneca က ပြောလိုက်တာ။

Experience ဆိုတာ တွေ့ကြုံသိရှိသည်ဆိုတဲ့ အဓိပ္ပာယ်။ တွေ့ကြုံရမယ်။ အဲဒီကနေ အသိတရား ရရမယ်။ ဟင်းအိုးကို ဘယ်လောက်မွှေသော်လည်း ယောက်မဟာ ဟင်းရဲ့အရသာကို မသိဘူး၊ ဆိုတဲ့စကားနဲ့ ဆက်စပ်စဉ်းစားလို့

ရတယ်။ ignorant man ဟာလည်း လူတိုင်းနည်းတူ အချိန်နဲ့အမျှ တွေ့ကြုံနေရတာတွေ ရှိတာပေါ့။ ဒါပေမဲ့ ပညာမရဘူး။ Learned man ကတော့ အရိပ်ပြ အကောင်ထင်တယ်။ တစ်ထွာပြ တစ်လံမြင်တယ်။ ချက်ဆို နားခွက်က မီးတောက်တယ်။

Seneca နဲ့သဘောချင်း ဆက်စပ်တဲ့ စကားတစ်ခွန်း နောက်ထပ် ရောမပညာရှိတစ်ဦးဖြစ်တဲ့ ကေတို (အကြီး ) (Cato the Elder) က ပြောခဲ့သေးတယ်။

Wise men learn more from the fools than fools from the wise. တဲ့။ ပြောင်းပြန်ဖြစ်နေတာ။ ပညာရှိသူတွေက လူမိုက်တွေဆီက သင်ခန်းစာယူတယ်၊ လူမိုက်က ပညာရှိဆီက ပညာမယူ မဆည်းပူးဘူး။ အဲဒီတော့ ပညာရှိဖြစ်အောင် ကြိုးစားပေါ့။ ဒါပေမဲ့ Juvenal ဆိုတဲ့ ပုဂ္ဂိုလ်က ပြောတယ်။ သူလည်း ရောမ ကဗျာစာဆို တစ်ယောက်ပါပဲ။ သရော်စာရေးတဲ့ဘက်မှာ ထက်သန်တယ်။ သူက ဘာပြောသလဲ။

All wanted to be learned, but no one is willing to pay the price. တဲ့။ ပညာရှိတော့ ဖြစ်ချင်လိုက်ကြတာ၊ တကယ်တမ်းကျတော့ မကြိုးစားချင်ကြဘူးလို့ ဆိုချင်တာ။ ဟုတ်တယ်။ တန်ရာတန်ဖိုး (price) မပေးဘဲနဲ့တော့ ဘယ်အရာမှ မရနိုင်ဘူးပေါ့။

ဂရိဒိဿပါမောက္ခကြီး အာရစ္စတိုတယ်ကဆိုရင်၊ Learning is not child's play; we cannot learn without pain. လို့ ပြောခဲ့တာပဲ။ သူကတော့ ပညာကို ခပ်ချောင်ချောင်ရချင်တဲ့ တပည့်တွေ အများကြီး တွေ့ခဲ့ဖူးမှာကိုး။

ပညာသင်ရာမှာ ရှင်ဘုရင့်သားအတွက် ဖြတ်လမ်းနည်းမရှိဘူးလို့လည်း ရှေးက ပြောကြဖူးတယ်။ ပညာကိစ္စမှာ ဘယ်သူမှ အထူးအခွင့်အရေး မရနိုင်ဘူးဆိုတဲ့ သဘော။

ဒီသဘောကို ပြတ်ပြတ်သားသား အားမနာပါးမနာ ပြောသွားသူက ရှေးဂရိသင်္ချာဆရာကြီး ယူကလစ်ပဲ။ အီဂျစ်ဘုရင် ပထမမြောက် တော်လမီက ဆရာကြီး Euclid ကို မေးတယ်။ ဂဲဩမေတြီပညာကို သူများနည်းတူ သင်ရိုးအပြည့်အစုံမသင်ဘဲ အလွယ်တကူ တတ်နိုင်တဲ့ နည်းလမ်းမရှိဘူးလားဆိုတော့ ဆရာကြီးက ဖြေတယ်။

There is no royal road to geometry. တဲ့။

ဂဲဩမေတြီသာမဟုတ်၊ ကဗျာလင်္ကာလည်း ထိုနည်းလည်းကောင်း၊ ပန်းချီပညာလည်း ထိုနည်းလည်းကောင်း၊ တေးဂီတလည်း ထိုနည်းလည်းကောင်းပါပဲ။

အင်္ဂလိပ်လူမျိုး ခရစ်ယာန် ဘုန်းတော်ကြီး ဂျဲရမီတေလာ (Jeremy Taylor) က ပြောတယ်။

No man can with all the wealth in the world buy so much skill as to be a good lutenist ( စောင်းဆရာ); he must go the same way that poor people do, he must learn and take pains:

သိပ်ချမ်းသာလို့ဆိုပြီး ရှိသမျှငွေတွေ ပုံပေးလည်း စောင်းဆရာကောင်း မဖြစ်နိုင်ဘူး။ သူများနည်းတူကြိုးပမ်းသင်ယူမှ တတ်လာနိုင်မယ်လို့ ဆိုချင်တာ။

ဒါ ပညာကို တကယ်လက်တွေ့ရှာမှီးသူတိုင်း သိကြတဲ့ကိစ္စပပါပဲ။ ဆရာကောင်းတွေ သင်ကြားမှုအထောက်အကူ ပစ္စည်းကောင်းတွေရှိရင် သူများထက် တစ်ပန်းသာတာ အမှန်ပေါ့။ ဒါပေမဲ့ ကိုယ်ကတော့ အားထုတ်ရဦးမှာပဲ။ ကျွမ်းကျင်ချင်ရင် မပြတ်လေ့ကျက်ရမှာပဲ။

ဆရာတွေတောင် တပည့်ကို သင်ရင်းနဲ့ ပိုကျွမ်းကျင် ကျေညက်ရတာ။ သူတစ်ပါးကို သင်ပြရင်းနဲ့ ကိုယ်ပါ ပိုသိမြင်ရတာ။

Men learn while they teach. တဲ့။ Seneca ပဲ ပြောတာ။

***

ရှိတ်စပီးယားရဲ့ လီယာဘုရင် ပြဇာတ်ထဲမှာ ဇာတ်ကောင်တစ်ကောင်က ပြောတာရှိတယ်။ ရှိတ်စပီးယား အပြောခိုင်းတဲ့ စကားပေါ့။

I am too old to learn.

ကျွန်တော်အသက်ကြီးပါပြီ။ ဘာမှသင်လို့ မရနိုင်တော့ပါဘူး–ပေါ့။ ကျည်ပွေ့ အတက်မပေါက်နိုင်ပါဘူးဆိုတဲ့ စကားမျိုး။

ခပ်ရိုင်းရိုင်းစကားထဲက 'ခွေးအိုကြီး လက်ပေးသင်သလို' ဆိုတာ ရှိတယ်။ အလားတူ အဓိပ္ပာယ်ပဲပေါ့။ အင်္ဂလိပ်မှာတော့ Old dogs will not learn new tricks. လို့ ပြောလေ့ရှိတယ်။ You cant't teach an old dog new tricks. လို့လည်း သုံးတတ်တယ်။

ဒါပေမဲ့ ကျည်ပွေ့လည်း အတက်ပေါက်နိုင်တာ မြန်မာ ရာဇဝင်မှာ ရှိသားမဟုတ်လား။ ပညာလို အိုသည်မရှိလို့လည်း ပြောကြတာပဲ။

A man is never too old to learn. တဲ့။ Thomas Middleton ဆိုတဲ့ အင်္ဂလိပ်ပြဇာတ်ရေးဆရာကြီးက ပြောတယ်။ ဒါပေမဲ့ လူတွေက အသက်ကြီးလာလေ ပညာထက် ငွေကို ပိုမက်လေ ဖြစ်တတ်တယ်။ ငွေနောက်လိုက်နေရင် ပညာနဲ့ ဝေးပြန်တာပေါ့။ အင်္ဂလိပ်ကဗျာစာဆိုကြီး ဂျော့ချ်ဟားဘတ်က ပြောတယ်။ The love of money and the love of learning rarely meet. တဲ့။ ပြဒါးတစ်လမ်း သံတစ်လမ်း ဆိုတာမျိုးပဲ။ ဆုံနိုင်ဖို့ သိပ်ခဲယဉ်းတယ်။

သို့သော် အသက်ကြီးတဲ့ ပညာမက်သူများကော မရှိဘူးလားဆိုတော့ ရှိတာပေါ့။ အများကြီး ရှိတာပေါ့။ ဗြိတိသျှဝန်ကြီးချုပ်ရာထူးမှာ လေးကြိမ်လုပ်ဖူးတဲ့ ဂလက်စတုန်းဟာ အသက် ၉၀ လောက်အထိ ရှည်လျားခဲ့တဲ့ သူ့သက်တမ်း တစ်လျှောက်လုံး ပညာကို ဆည်းပူးလော့လာတယ်။ သူဖတ်သွားခဲ့တဲ့ စာအုပ်စာတမ်းစုစုပေါင်းဟာ နှစ်သောင်းလောက် ရှိတယ်လို့ ဆိုတယ်။ အင်္ဂလိပ်ဘာသာအပြင် ဂရိ၊ လက်တင်၊ ပြင်သစ်၊ ဂျာမနီ၊ အီတာလျံဘာသာတွေ တတ်ကျွမ်းတာ မတင်းတိမ်သေးဘဲ အသက် ၇၆ နှစ်ကျမှ နော်ဝေးဘာသာ သင်သေးတယ်။ ဒီလိုဘဲ၊ ဂရိတွေးခေါ်ရှင်ကြီး ပလေတိုး အသက် ၈၀ အရွယ်မှာ ကွယ်လွန်တော့ သူ့ခေါင်းအုံးအောက်မှာ စာတစ်အုပ် တွေ့ရတယ်လို့ ဆိုတယ်။ ဘဝနိဂုံးချုပ်ချိန်ထိ ပညာရှာသွားကြတဲ့ ပုဂ္ဂိုလ်တွေ။ အဲဒီလို ပညာမက်မောတဲ့ စိတ်ဓာတ်ကြောင့်သာ ပညာရှိ သုခမိန်တွေ ဖြစ်ခဲ့ကြတာ။

***

ပညာရှာပုံရှာနည်းနဲ့ ပတ်သက်တဲ့အပိုင်း ပြောရဦးမယ်။ တချို့က ပညာဆိုတာ စာအုပ်ထဲမှာပဲ ရှိတယ်ထင်ကြတယ်။

စာအုပ်ထဲမှာ ပညာတွေ ရှိတာလည်း အမှန်ပဲပေါ့။ စာအုပ်တွေဟာ ပညာရတနာမျိုးစုံတို့ စုဝေးရာ ဘဏ္ဍာတိုက်များ ဖြစ်တာလည်း အမှန်ပဲပေါ့။ ဒါ ဘယ်ငြင်းနိုင်ပါ့မလဲ။

ဗြိတိသျှစာရေးဆရာကြီး တောမတ်(စ)ကာလိုင်(လ)က ဆိုရင်၊ The true University of these days is a Collection of Books လို့တောင် ပြောခဲ့သေးတယ်။ (၁၉ ရာစုနှစ်အတွင်းက သူ ပြောခဲ့တာ။) အင်္ဂလိပ်ပညာရှိ ဖရန်စစ်ဘေကွန် ဆိုရင်လည်း၊

Histories make men wise; poets, witty; the mathematics, subtile; natural philosophy, deep; moral, grave; logic and rhetoric, able to contend;

သမိုင်းက အမြင်ကျယ်စေတယ်။ ကဗျာက ဉာဏ်ရွှင်စေတယ်။ (သူများထက် ဉာဏ်ကွန့်မြူးပြီး ထူးကဲရှုမြင်တတ်စေမယ်၊) သင်္ချာက ဇဝနဉာဏ်ကို ပေးတယ်။ ကတ်ကတ်သတ်သတ်ခွဲခြမ်း စိတ်ဖြာတတ်စေတယ်၊ [subtile (ရှေးသုံး ) = subtle]။ သဘာဝသိပ္ပံပညာက ဗဟုသုတ နက်ရှိုင်းကြွယ်ဝစေတယ်။ [natural philosophy (ရှေးသုံး ) = natural science]။ ကိုယ်ကျင့်ဒဿနက ရင့်ကျက်လေးနက်စေတယ်။ ယုတ္တိဗေဒနဲ့ ဝစနာလင်္ကာရ (အာဝဇ္ဇန်း )=ပညာတွေက ရင်ဆိုင်ယှဉ်ပြိုင် ပြောဆိုနိုင်စေတယ်။စသဖြင့် စာအုပ်အမျိုးမျိုး အပြားပြားတွေဆီက ရနိုင်တဲ့ ပညာအသီးသီးကိုတောင် ပိုင်းခြားပြောဆိုခဲ့သေးတာပဲ။

ဒါပေမဲ့ အသိပညာရဖို့အတွက် စာအုပ်တွေ ကျက်ဖတ်ရင်း၊ တချို့က စာအုပ်ကြီးသမားတွေ ဖြစ်သွားတယ်။ ကိုယ်ပိုင်ဉာဏ်အားမကိုး၊ စာအုပ်ပဲ အားကိုးသူတွေ ဖြစ်လာတယ်။ စာအုပ်ထဲက စကားကို တရားသေကိုင်စွဲပြီး

လုပ်တတ်တဲ့ ရယ်စရာသတ္တဝါတွေ ဖြစ်လာတယ်။စာတွေအများကြီး ဖတ်ပြီး တကယ်လက်တွေ့ကျတော့ သိပ်ကြောင်တယ် ဆိုတဲ့ ပုဂ္ဂိုလ်မျိုးတွေပေါ့။

အဲဒီလူမျိုးတွေနဲ့ ပတ်သက်လို့လည်း ဖရန်စစ်ဘေကွန်ကိုယ်တိုင်ပဲ ပြောခဲ့ပါသေးတယ်။ ဘေကွန်က၊ စာဆိုတာ ဖတ်ရုံသက်သက်နဲ့ အဓိပ္ပာယ်မရှိဘူး။ ဘာမှမလုပ်ဘဲ စာချည်းထိုင်ဖတ်နေရင် အလကား အချိန်ဖြုန်းရာရောက်တယ်။ စာပေဗဟုသုတဟာ လက်တွေ့ဘဝအတွက် အထောက်အကူဖြစ်စေသင့်တယ်လို့ ခံယူတယ်။

Of Studies ဆိုတဲ့ နာမည်ကျော် အက်ဆေးထဲမှာ သူ ဒီလို ရေးခဲ့တယ်။

To spend too much time in studies, is sloth; to use them too much for ornament, is affectation; to make judgement wholly by their rules, is the humor of a scholar; တဲ့။

စာချည်းထိုင်ဖတ်နေတာ လူပျင်းအလုပ်၊ စာကို အဆင်တန်ဆာအဖြစ် အသုံးချလွန်းတာ (စကားပြောတိုင်း စာတွေချည်း ထည့်ထည့်ကိုးကားနေတာ) ဝင့်ဝါမှု၊ နေရာတကာ စာထဲပါတဲ့အတိုင်း လိုက်လုပ်တတ်တာကတော့ စာသမားဆိုသူတွေရဲ့ကြောင်ကွက်–လို့ ဆိုလိုက်တာပဲ။

ဘေကွန်ထက် ပိုမိုက်၊ ပိုပြတ်တဲ့ ဂျော့ချ်ဘားနဒ်ရှော ကျတော့ အခုလိုပြောတယ်။

A learned man is an idler who kills time by study. တဲ့။

ကျမ်းတတ်ပုဂ္ဂိုလ်ဆိုတာ ဘာအလုပ်မှမလုပ် အလကား စာဖတ်ရင်း အချိန်ဖြုန်းတဲ့ပုဂ္ဂိုလ်တွေလို့ ဆိုလိုက်တာပဲ။ တကယ်တော့ ဘားနဒ်ရှောလည်း စာအကြီးအကျယ် ဖတ်၊ အကြီးအကျယ် ရေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဒါပေမဲ့ သူက စာတွေ ဖတ်ပြီး လက်တွေ့မှာ သိပ်အကြောင်းထူးမလာသူတွေကိုတော့ အတော်စိတ်ပျက်ပုံရတယ်။

စောစောက ဘေကွန့်စကားလေး ပြန်ကောက်ရအောင်။ ဘေကွန်က စာကြမ်းပိုးတွေကို ဝေဖန်ရုံသက်သက် မဟုတ်ပါဘူး။ ပြုပြင်ဖို့ နည်းလမ်း အကြံဉာဏ်များလည်း ပေးပါသေးတယ်။

Of Studies ထဲမှာပဲ သူ့ထည့်ရေးထားတယ်။

Studies themselves do give forth direction too much at large, except they by bounded in by experience. တဲ့။

[studies = စာပေ၊ စာထဲမှာ ပါတာ၊ စာက ရသော အသိ၊ at large = တိတိကျကျမဟုတ်၊ ယေဘုယျသဘော၊ အများအတွက် ခြုံငုံပြီး ပြောတာ၊ except (ရှေးသုံး ) = Unless ]

စာအုပ်တွေက အများအတွက် ရေးတာ။ ယေဘုယျသဘောတွေ။ ကိုယ်နဲ့ ကိုက်ချင်မှ ကိုက်မယ်။ ကိုယ့် အတွေ့အကြုံနဲ့ ညှိနှိုင်းဆင်ခြင်ယူ။ စာတွေ့ကို လက်တွေ့နဲ့တည်းဖြတ်–လို့ သူက ဆိုချင်တာပါပဲ။

***

အဲဒီတော့ စာတွေနဲ့တင် နေလို့မဖြစ်ဘူး။ အပြင်လောကကိုလည်း လေ့လာကြည့်ရှုဖို့ လိုလာတယ်။ ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဒစ္စရေးလီကဆိုရင် လူတွေ အကြောင်း စာအုပ်တွေထဲ ဖတ်လို့ မသိနိုင်ဘူးတဲ့။

We cannot learn men from books. လို့ ဆိုတယ်။ ဒီသဘောကိုပဲ အင်္ဂလိပ်ပညာရှိကြီး လော့ဒ်ချက်စတာဖီးလ်က သူ့သားထံ ပေးစာများထဲမှာ ခုလို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်း ပြောဆိုထားတယ်။

Learning is acquired by reading books; but the much more necessary learning, the knowledge of the world, is only to be acquired by reading men, and studying all the various editions of them.

စာဖတ်ခြင်းအားဖြင့်တော့ ပညာရှာရတာပဲ။ ဒါပေမဲ့ ပိုအရေးကြီးတဲ့ လက်တွေ့လောကအကြောင်း သိဖို့အတွက် ကျတော့ လူတွေကို ဖတ်မှဖြစ်မှာ၊ လူမှာမှ various editions တဲ့။ စာအုပ်နဲ့လူ ထပ်တူပြု သုံးစွဲပြီး ပြောသွားတယ်။ လူအမျိုးမျိုးတွေ၊ တစ်ဆင်တည်းက နည်းနည်းကွဲသွားတဲ့ မူအမျိုးမျိုးတွေအပြင်၊ တစ်ယောက်တည်း အကြောင်း ကိုတောင်မှ ငယ်စဉ်က ဘယ်လို ကြီးတော့ ဘယ်အသွင်၊ ဘယ်အနေအထား ကြုံတော့ ဘယ်ပုံစံ၊ စသဖြင့် နှံ့စပ်စုံလင်အောင် ဖတ်ရမယ်လို့ ဆိုချင်တာ။

အဲဒါမှ စာတွေ့ဗဟုသုတအပြင် ပညာဉာဏ်အမြော်အမြင်ပါ ရှိသူဖြစ်မှာ။ ပညာတတ်တိုင်း ပညာရှိဖြစ်တာ မဟုတ်ဘူးလို့ ပြောတတ်ကြတယ် မဟုတ်လား။

There is no great concurrence between learning and wisdom. တဲ့။ ပညာနဲ့ ပတ်သက်တဲ့ စကားတွေ အများကြီး ပြောခဲ့တဲ့ ဖရန့်စစ်ဘေကွန်ကပဲ ပြောတာ။

[concur ဆိုတာ တိုက်ဆိုင်တာ၊ တူညီတာ၊ အတူတကွ ဖြစ်တာ၊ wisdom က အသိဥာဏ်အမြော်အမြင်ကို ဆိုတာပဲ။]

***

ပညာတတ်ကို ပညာရှိဖြစ်အောင် ဆုံးမလမ်းညွှန်တဲ့ စကားတွေ၊ ပညာမာန ဗဟုသုတမာန မကြီးမားဖို့ သွန်သင်ကွပ်ကဲတဲ့ စကားတွေလည်း အများကြီးရှိပါတယ်။ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်တယ်၊ ပညာရှိဆိုတာ တီးမှမြည်တဲ့ စည်ကြီးနဲ့တူတယ် ဆိုတဲ့ စကားတွေဟာ ပညာပြည့်ဝ နလုံးလှကြဖို့၊ ပညာသမားတွေသည် သစ်သီးဝေဆာသော သစ်ပင် အကိုင်းအခက်များကဲ့သို့ ညွှတ်ပျောင်းနိမ့်ချဖို့ သတိပေးဆုံးမတဲ့ စကားတွေပါပဲ။ စောစောက ပြောခဲ့တဲ့ လော့ဒ်ချက်စတာဖီးလ်ရဲ့ ပေးစာထဲမှာပဲ တစ်ခု ပါပါသေးတယ်။

Wear your learning, like your watch, in a private pocket; and do not pull it out and strike it, merely to show that you have one. If you are asked what o'clock it is, tell it; but do not proclaim it hourly and unasked, like the watchman.

စည်ကြီးသဘောပါပဲ။ ကိုယ်က သူများထက် တတ်တယ်၊ တော်တယ်၊ ပညာဗဟုသုတ ပြည့်ဝတယ်ဆိုတဲ့ အမူအရာမျိုး မပြဖို့ ဆုံးမတာ။

ကိုယ့်ပညာကို အိတ်ဆောင်နာရီကဲ့သို့ သဘောထား။ ငါ့မှာ ရှိတယ်ဆိုပြီး ထုတ်ထုတ်မကြွားနဲ့၊ [strike = နာရီထိုးတာ]၊ နာရီမေးတော့မှ ပြော။ ညစောင့်ဒရဝမ်များလို သံချောင်းထထခေါက်တာမျိုး မလုပ်နဲ့-တဲ့။

***

ပညာဆိုတာ ရှိလာဖို့ မလွယ်သလို ထိန်းသိမ်းသုံးစွဲတတ်ဖို့လည်း ခက်တဲ့အမျိုးပဲ။ ကြိုးကြိုးကုတ်ကုတ် ရှာဖွေတတ်၊ သိုသိုသိပ်သိပ် ထိန်းသိမ်းတတ်၊ ထိထိရောက်ရောက် အသုံးချတတ်တော့မှသာ တကယ့်ပညာရှိအစစ် ဖြစ်နိုင်ပေတာကိုး။

### ၆ – **Professional ဆိုသည်မှာ...**

Professional ဆိုသည်မှာ...

Professional ဆိုသော အကြောင်းရပ်ကို ပြောမည်ဆိုလျှင် ၎င်းနှင့်တစ်တွဲတည်းရှိနေသည့် profession, professionalism စသည်တို့အကြောင်းပါ ထည့်သွင်းပြောဆိုရန် လိုပါမည်။ မြန်မာဘာသာဖြင့် မှုသေ ဖလှယ်ပြောဆိုရန် ခက်ခဲသည့် ၎င်းဝေါဟာရများ၏ အဓိပ္ပာယ်ကို အဘိဓာန်အားကိုဖြင့် ဦးစွာ ရှင်းလင်းလိုပါသည်။ ဒေါက်တာဘဟန်၏ အဘိဓာန်တွင် ပေးထားသည့် အဓိပ္ပာယ်ဖွင့်ချက် အများအပြားထဲမှ ကျွန်တော့်ဆောင်းပါးအတွက် အသင့်တော်ဆုံးအချို့ကို ရွေးချယ်ယူရသော်

profession = ပညာသည်အလုပ်၊ အသက်မွေးပညာ။

professional = ပညာရှင်၊ ပညာသည်၊ ပညာရှင်လုပ်ငန်းနှင့် ဆိုင်သော၊ အသက်မွေးပညာနှင့် ဆိုင်သော။

professionalism = ပညာသည်တို့ စိတ်ကူးစိတ်သန်း၊ ပညာသည်တို့ စည်းကမ်းနည်းလမ်း၊ ပညာသည်တို့ အလေ့အထ။

စသည်ဖြင့် ရပါသည်။

၎င်းတို့ကိုကြည့်လျှင် professional ၏ အဓိပ္ပာယ်ကို အကြမ်းဖျင်း မြင်နိုင်ပါမည်။ သို့သော် အနည်းငယ်ပို၍ပြည့်စုံအောင် Collins Cobuild အဘိဓာန်၏ ရှင်းလင်းချက်များထဲမှ အချို့ကို ထုတ်နုတ်ပြန်ဆို ဖော်ပြလိုပါသည်။

profession = a type of job that requires special training and that brings a fairly high status, for example work connected with medicine, law, or education (အထူးလေ့ကျင့်သင်ကြားမှု လိုအပ်သော အလုပ်၊ ဂုဏ်သိက္ခာ အဆင့်မြင့်သောအလုပ်)။

professional = အထူးလေ့ကျင့်သင်ကြားမှု လိုအပ်သည့် ဂုဏ်သိက္ခာ အဆင့်မြင့်မားသော အလုပ်တစ်ခုကို လုပ်ကိုင်သူ။ အခြားသူများ ဝါသနာအလျောက် (hobby အဖြစ်) လုပ်သော အလုပ်မျိုးကို လုပ်ကိုင်၍ ယင်းမှ ဝင်ငွေရရှိသူ။ မိမိအလုပ်အကိုင် သို့မဟုတ် လုပ်ရပ်၌ အထူးကျွမ်းကျင်မှုနှင့် ပညာအဆင့်မြင့်မားမှုတို့ကို ပြသနိုင်သူ။

professionalism = သက်ဆိုင်ရာအလုပ်၌ အထူးကျွမ်းကျင်ခြင်း၊ ပညာအဆင့်မြင့်မားခြင်း၊ profession တစ်ခုတွင် လုပ်ကိုင်နေသူတို့ ရှိအပ်သည့် (ဝါ) ယင်းတို့၌ တွေ့မြင်ရမြဲဖြစ်သည့် အရည်အသွေး။

သည်မျှဆိုလျှင် တစ်စုံတစ်ယောက်အား professional ဟု ခေါ်လိုက်ခြင်းဖြင့် မည်သို့ညွှန်းဆိုရာရောက်ကြောင်း ခန့်မှန်းနိုင်လောက်မည် ထင်ပါသည်။

***

အဓိပ္ပာယ်ဖွင့်ချက်များအရ ဦးစွာပထမ မြင်နိုင်သည်က အထူးလေ့ကျင့်သင်ကြားမှု (special training) ဟူသည်ပဲ ဖြစ်သည်။ ကျောင်းတွင် သင်ကြားခြင်း ဖြစ်နိုင်သည်။ ဆရာတစ်ဦးတစ်ယောက် သို့မဟုတ် ဆရာများထံမှ တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံ ဖြစ်စေ လေ့ကျင့်ဆည်းပူးထားခြင်း ဖြစ်နိုင်သည်။

ယင်းသို့ အထူးလေ့ကျင့်သင်ကြားမှု ရှိခဲ့မည်၊ ယင်းလေ့ကျင့်မှုများကြောင့် ရသည့် အထူးကျွမ်းကျင်မှု ရှိမည်၊ ပညာ သို့မဟုတ် လုပ်ရည်ကိုင်ရည် အဆင့်လည်း မြင့်မားမည်ဆိုသောအခါမှ သူ့ကို professional (ပညာသည်) ဟု ခေါ်ဝေါ်မည်။

သို့သော် ကျွန်တော်တို့တွင် professional များအား ခေါ်ဝေါ် သည့် အခြားစကားတစ်လုံး ရှိပါသေးသည်။ 'ကြေးစား' ဟူသော ဝေါဟာရ။ စင်စစ် ကြေးစားဟူသည် professional တို့၏ သွင်ပြင်လက္ခဏာများထဲမှ တစ်ခုမျှကိုသာ ရွေးထုတ်ဖော်ပြခြင်း ဖြစ်သည်။ အပျော်တမ်းသမား (amateur) တို့ ဝါသနာအလျောက် (hobby သဘော) လုပ်ကိုင်သည့် အလုပ်မျိုးကို (ပို၍ကျွမ်းကျွမ်းကျင်ကျင်) ဝင်ရောက်လုပ်ကိုင်ပြီး အခကြေးငွေရယူလေ့ရှိသူ ဟူသော အဓိပ္ပာယ်။

မည်သို့ဖြစ်စေ၊ တစ်စုံတစ်ယောက်အား ကြေးစားဟု ဆိုလိုက်လျှင် အပျော်တမ်းသမားတို့ထက် ပညာအဆင့်မြင့်သည် ဟူသောအသွင်အပြင် ပြတ်ပြတ်သားသား လက်ရဲဇက်ရဲ လုပ်ကိုင်မည်၊ အခကြေးငွေ ယူမည်၊ ယှဉ်ပြိုင်ရသောကိစ္စမျိုး ဖြစ်က တစ်ဖက်လူကို ညှာတာလိမ့်မည်မဟုတ် ဟူသော အဓိပ္ပာယ်အရိပ်အငွေ့များပါ ရောစွက်ပါလာသည်။ hobby သမား amateur များလောက် မဖြူစင်ချင် မသန့်ချင်သော သဘော။

ထို့ကြောင့် ခြုံ၍ဆိုလျှင် professional ဟူသည်၌ ကောင်းသော အဓိပ္ပာယ်အပြင် ဆိုးသောအဓိပ္ပာယ်များပါ ယှက်နွယ်နေသည်ဟု ဆိုရပါမည်။

ဘာတွေကောင်းပြီး ဘာတွေဆိုးပါသနည်း။

Professional တို့၏ ကောင်းသောလက္ခဏာအချို့ကို ဦးစွာ ဆိုပါမည်။

(၁) Professional များသည် မိမိတို့၏ လက်ရာအဆင့် (standard) ကို ထိန်းတတ်သောသဘော ရှိပါသည်။ တစ်နည်းဆိုရသော် မိမိ၏လုပ်ငန်းအရည်အသွေးကို ထိန်းတတ်ခြင်းသည် professional တို့၏ ကိုယ်ကျင့်သီလ (ethics) တစ်မျိုးဟု ဆိုရမည်ဖြစ်ပါသည်။

Professional စစ်လာလျှင် ၎င်းသီလကို အပွန်းပဲ့ခံလေ့မရှိပါ။ နမူနာတစ်ခု ပြောပါမည်။ တစ်ခါတုန်းက ရဲတိုက်ကြီးများဆောက်လုပ်ရာတွင် အမည်ရသည့် ဗိသုကာသားအဖနှစ်ယောက် ရှိသည်။ တစ်နေ့တွင် ရဲတိုက်နံရံအတွက် အမာခံအုတ်မြစ်ချကြစဉ် နောက်ဆုံးကျောက်တုံး တစ်တုံးအတွက် အင်္ဂတေ သရွတ်မကျန်တော့သဖြင့် ဖခင်က သားအား အင်္ဂတေနည်းနည်း ထပ်စပ်ရန် ပြောသည်။ သားဖြစ်သူက 'ဖေဖေ၊ အပေါ်ပိုင်းနံရံအတွက် စပ်ထားတာတွေ အများကြီးရှိသားပဲ၊ အဲဒီအထဲက ယူသုံးလိုက်ပါလား' ဟုဆိုသည်။

ထိုအခါ ဖခင်က အပေါ်နံရံသရွတ်သည် အုတ်မြစ်သရွတ်လောက် အားမကောင်းကြောင်း ရှင်းပြသည်။

'ဒါပေမဲ့ ဖေဖေရာ' သားဖြစ်သူက စောဒကတက်သည်။ 'ဒီလောက် ရှည်တဲ့ နက်တဲ့ အုတ်မြစ်ကြီးမှာ ကျောက်တုံး တစ်တုံးကို အားမကောင်းတဲ့သရွတ်နဲ့ ကျွန်တော်တို့ မံထားခဲ့တယ်ဆိုတာ ဘယ်သူက သိနိုင်မှာတဲ့လဲ'။

'သိမယ့်လူနှစ်ယောက်ရှိတယ်ငါ့သား၊ အဲဒီလိုသိတဲ့အတွက် အဲဒီလူနှစ်ယောက်ဟာ တစ်သက်လုံး ရှက်နေကြရလိမ့်မယ်'

'ဘယ်သူတွေလဲ ဖေဖေ'

'မင်းနဲ့ ငါပေါ့ကွာ'

Professional တို့ ထိန်းသိမ်းအပ်သည့် အကျင့်သီလ တစ်ရပ်ကို ဖခင်က သားအား လက်ဆင့်ကမ်း အမွေပေးလိုက်ခြင်း ဖြစ်သည်။

(၂) Professional များသည် လုပ်ငန်း၌ အလွန်ထက်သန်စွဲမြဲသော ဖွဲ့သတ္တိ ရှိတတ်ကြပါသည်။

သူတို့သည် လုပ်ငန်းတစ်စုံတစ်ရာဖြင့် အသက်မွေးသူများ ဖြစ်သော်လည်း ငွေကြေးမျှော်မှန်းချက်သက်သက်ဖြင့် အလုပ်လုပ်သူများ မဟုတ်ကြ။ အလုပ်အတွက် ၎င်းတို့ ပေးအပ်ချက်များကို ငွေကြေးဖြင့် တန်ဖိုးဖြတ်ရန် မလွယ်ကူ။ ပန်းချီကျော် ရေနွား၏ လုပ်ဆောင်ပုံကို ကြည့်လျှင် professional သမားတို့၏ ဖွဲ့သတ္တိကို သိနိုင်မည်။

ပန်းချီပန်းပုကျော် ဟင်နရီမာတီး(စ)နှင့် အင်ပရက်ရှင်းနစ် ပန်းချီဆရာကြီး ဩဂတ်(စ) ရေနွားတို့သည် သမိုင်းဝင် ထင်ရှားသော အနုပညာရှင်ကြီးများ ဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦးလည်း အလွန်ရင်နှီးချစ်ခင်ကြသည်။ ရေနွားက အဆစ်ရောင်ရောဂါကြောင့် မသွားနိုင် မလာနိုင်ဖြစ်ကာ သူ့ဘဝ၏ နောက်ဆုံးဆယ်စုနှစ်တစ်ခုလုံးလောက် အိမ်မှာချည်း နေရသည့်အခါ မာတီး(စ)က နေ့စဉ်သူ့ထံသွားရောက် လည်ပတ်သည်။

ရေနွားမှာ ရောဂါကြောင့် မစွမ်းမသန်သလို ဖြစ်နေသည့်ကြားကပင် ပန်းချီကိုကား ရပ်နားမထားနိုင်၊ ရေးနိုင်သမျှ ကြိုးစားအားခဲ၍ ရေးသည်။ လက်ဆစ်တွေ ရောင်ရမ်းကွေးကောက်ကာ စုတ်တံမကိုင်နိုင်သည့်အခါ စုတ်တံကို လက်မှာချည်၍ ရေးသည်။ တစ်နေ့ ပန်းချီခန်းထဲမှာ ရေနွား ဝေဒနာများ ကြိတ်မှိတ် ခံစားကာ စုတ်တစ်ချက်ချင်း ခဲယဉ်းပင်ပန်းစွာ ရေးခြယ်နေပုံကို ကြည့်ပြီ မားတီး(စ) ပြောလိုက်မိသည်။

'ဩဂတ်(စ)ရာ၊ ဘာကြောင့်များ ဒါလောက်အထိ ဆင်းရဲ ဒုက္ခခံပြီး ဆွဲနေရတာလဲဗျာ'

ရေနွား ပြန်ပြောသည့်စကားက ရိုးရိုးစင်းစင်း အလွန်ရှင်းသည်။

'ဝေဒနာက အချိန်တန် ပျောက်သွားမှာပဲ၊ အနုပညာက ကျန်ခဲ့မှာ' တဲ့။

(၃) Professional တွေသည် အထူးလေ့ကျင့်သင်ကြားမှုဖြင့် စတင်ခဲ့သူများ ဖြစ်သကဲ့သို့ ရှိရင်းစွဲ အရည်အသွေးများ ဆက်လက်တိုးတက်နေရန်လည်း မပြတ်ဆည်းပူးလေ့ကျင့်နေတတ်ကြသူများ ဖြစ်သည်။ အမေရိကန် ပန်းပုဆရာကြီး ဂျွန်အာဒမ်(စ)ဝါ့ဒ်သည် ပုံတူရုပ်တုကြီးများ၊ ကျောက်တိုင် စသည့် အထိမ်းအမှတ် အဆောက်အအုံကြီးများ ဖန်တီးပြုလုပ်ရာ၌ ထင်ရှားသောပုဂ္ဂိုလ်ဖြစ်သည်။

တစ်ခါ၌ ဝါ့ဒ်အား တစ်စုံတစ်ယောက်က 'ဆရာ့လက်ရာတွေထဲမှာ ဘယ်ဟာကို အကောင်းဆုံးလို့ဆိုမလဲဗျ' ဟု မေးသည့်အခါ 'အခုနောက်ဆုံး ကျွန်တော်လုပ်မယ့်ဟာပဲဗျ' ဟု သူက ဖြေခဲ့သည်။

မိမိအရည်အချင်းကို လက်ရှိအမြင့်ဆုံး အနေအထားထက် ပို၍မြင့်မားအောင် မြှင့်တင်ရန် အားထုတ် နေတတ်ခြင်းသည် professional သမားကောင်းတို့၏ သဘာဝတစ်ခု ဖြစ်သည်။

***

အဲသည် အဲသည်အရည်အသွေးများကြောင့် professional တို့ကို အများလေးစားတတ်ကြသည်။ အရေးကြီးသော အကြောင်းကိစ္စမှန်လျှင် professional တို့ကို အပ်နှံကြသည်။ professional ဆိုသည်မှာ amateur (အပျော်တမ်း ) သမားများထက်တော့ အစစ အရာရာ သေချာသောသူများ ဖြစ်သည်ဟု ယုံကြည်ကိုးစားတတ်ကြပါသည်။ သို့သော် professional များသည် အမြဲယုံကြည်ကိုးစားလောက်သူများ ဖြစ်ကြပါသလား။

Professional များထဲမှ မကောင်းသော၊ ဆိုးသော၊ လိမ်ညာတာတို့ကော မရှိဘူးလား။ ရှိသည်ပဲ ဆိုပါမည်။ Profession ထဲမှာ နေပြီး မိမိ profession သိက္ခာကျအောင် လုပ်နေသည်။ professional မစစ်သူများ ရှိပါသည်။ ယခုလည်း ရှိသည်။ ရှေးကလည်း ရှိခဲ့သည်။ ရှင်ဘုရင့်သရဖူမှ ရွှေကို ခိုးသော ပန်းထိမ်ဆရာအား အာခိမိဒိ ဖော်ထုတ်ခဲ့ရတာ သိပ္ပံကျောင်းသားများ သိကြသည်။ စံချိန်စံညွှန်းပြည့်မီအောင် မဆောက်၍ အိမ်ပြိုပျက်သော ဗိသုကာအား မည်သို့ အပြစ်ဒဏ် စီရင်ရမည့်အကြောင်း ဟမ္မူရာဘီ၏ ကိုဒ်ဥပဒေတွင် ဖော်ပြခဲ့တာလည်း သမိုင်းသမားတွေ ဖတ်ဖူးကြမည်။

လုပ်ငန်းနယ်ပယ်စုံ၌ပင် အဲသည်လို လိမ်ညာမှု၊ ကတိမတည်မှု၊ လက်တစ်လုံးခြား လှည့်ဖြားမှုများ အစဉ်အဆက် ရှိခဲ့သည်။ ထို့ကြောင့်လည်း အချို့က profession များရော profession ထဲက ပုဂ္ဂိုလ်များကိုပါ အယုံအကြည် ကင်းမဲ့တတ်ကြခြင်း ဖြစ်သည်။ စာရေးဆရာကြီး ဘားနဒ်ရှောဆိုလျှင် All professions are conspiracies against the laity. (Profession မှန်သမျှသည် ၎င်း profession ပြင်ပရှိ ရိုးရိုးသာမန်လူများကို ဂိုဏ်းဖွဲ့လိမ်ညာနေခြင်း ဖြစ်သည်။) ဟူ၍ပင် ဆိုခဲ့ဖူးသည်။ တကယ်လည်း ရိုးရိုးသားသား လူများအနေနှင့် profession များနှင့် ဆက်ဆံရာ၌ ပြစ်မှုမြောက်လောက်သည့် လိမ်ညာမှုမျိုး မခံရဖူးလျှင်ပင် အနည်းဆုံး လက်ရာအညံ့စား ထိုးပေးခံရတာမျိုး၊ စံချိန်မမီသည့် ဆောင်ရွက်ချက်ကို အောင့်သက်သက်နှင့် လက်ခံလိုက်ရခြင်းမျိုးလောက်တော့ ကြုံဖူးတတ်ကြမြဲ ဖြစ်၏။

သို့သော် ဤသည်က professional အခေါ်မခံလောက်သည့် အညံ့စားပုဂ္ဂိုလ်များ၊ ပြီးစလွယ်သမားများ၏ လုပ်ရပ်ဖြစ်သည်။

တကယ်တမ်း professional စင်စစ်တွေက သည်လိုမဟုတ်။ သူတို့က ပြီးစလွယ်သမား ဝတ္တရားကျေသမားများနှင့် ဆန့်ကျင်ဘက်။ သူတို့မှာ စိတ်တိုင်းမကျမချင်း လက်မလွှတ်ချင်သည့် perfectionist စိတ်ဓာတ်ရှိသည်။ တစ်ခါ၌ ပန်းချီပန်းပုဆရာကြီး မိုက်ကယ် အိန်ဂျလိုအား ပုပ်ရဟန်းမင်းကြီး ဂျူလိယပ်(စ) က သူ၏ ဆစ္စတင်းဘုရားရှိခိုးကျောင်း မျက်မှာကြက်တွင် ပန်းချီရေးဆွဲရန် တာဝန်ပေးသည်။

လုပ်ရမည့် ပမာဏက ကြီးမားသည်။ စုစုပေါင်း စတုရန်းပေ ၁၀,၀၀၀ မျှကို နံရံဆေးရေးပန်းချီများ အပြည့်ခြယ်မှုန်းပေးရမည်။ အလုပ်လုပ်ရမည့်နေရာကလည်း ကျဉ်းကျဉ်းကျပ်ကျပ် ကတ်သီးကတ်သတ်။ ငြမ်းပေါ်တွင် ပက်လက်လှန်ကာ မစိုမခြောက် ပလတ်စတာမှာ ဆေးရောင်သွင်းပြီး အရုပ်ရေးပေးရမည်။

ထို့ကြောင့် အစပထမတွင် မိုက်ကယ်အိန်ဂျလို ငြင်းသည်။ သို့သော် ငြင်းမရသဖြင့် လက်ခံကာ လေးနှစ်လုံးလုံး ပင်ပန်းကြီးစွာ လုပ်ကိုင်ရသည်။ အစပထမတွင် သူက ပုပ်ရဟန်းမင်းကြီး၏ အကျဉ်းသား အလုပ်သမား၊ နောက်တော့ အနုပညာဈာန်ဝင်စားမှု၏ ကျေးကျွန်ဖြစ်သွားသည်။ အောက်ဘက်မှ သေသေချာချာ လှမ်းမမြင်နိုင်သည့် ထောင့်ကြို ထောင့်ကြားနေရာများပါမကျန် အကောင်းဆုံး သူရေးခြယ်သည်။ ပန်းချီကားကြီးက ကြီးကျယ်ခမ်းနားလှပြီ၊ လူတကာ အံ့သြ စုတ်သပ်ရမည့် လက်ရာမျိုး ဖြစ်နေပြီ၊ သို့သော် သူ လက်စ မသတ်နိုင်သေး။ စိတ်မကျေနပ်နိုင်သေး။

ကြာတော့ အလုပ်အပ်သူ ပုပ်ရဟန်းမင်းကြီးပင် စိတ်မရှည် ဖြစ်လာသည်။ မပြီးသေးဘူးလား၊ မပြီးသေးဘူးလား၊ ခဏခဏ မေးသည်။ မိုက်ကယ်အိန်ဂျလိုက ဒုက္ခကြီးစွာခံကာ ငြမ်းစင်ပေါ်မှာ ရေးဆွဲဆဲ။ နောက်ဆုံး သည်းမခံနိုင်တော့သည့် ပုပ်ရဟန်းမင်းကြီးက 'ဟေ့ မင်းဟာ ပြီးနေပြီကွ၊ ငါသိတယ်။ အဲဒီငြမ်းစင်ပေါ်က ဆင်းခဲ့တော့၊ မဆင်းရင် ငါကိုယ်တိုင် ပစ်ချမယ်' ဟူ၍ ကြိမ်းမောင်းသည့်အခါတွင်မှ မိုက်ကယ်အိန်ဂျလို သူ့ပန်းချီကားကြီးကို လက်စသတ် ရပ်နားလိုက်ရတော့သည်။

***

Professional အကြောင်း အကောင်းအဆိုးတွေ ဆိုခဲ့ပြီးသည့်နောက် လူ့အဖွဲ့အစည်းအတွင်း professional တို့၏ အခန်းကဏ္ဍ အကြောင်း ဆက်၍ စဉ်းစားကြည့်လိုပါသည်။

လူ့သမိုင်းကြောင်းကို ပြန်ကြည့်သည့်အခါ စိုက်ပျိုးရေး အလုပ်၊ မွေးမြူရေးအလုပ်၊ အိုးအိမ်တည်ဆောက်ခြင်းအလုပ်၊ အဝတ်အထည် ရက်လုပ်ခြင်း အလုပ်၊ ဆေးဝါးကုသခြင်းအလုပ်၊ လက်နက် လေးမြား ကိုင်ဆောင်မှုအလုပ်၊ မြို့ပြရပ်ရွာ စီမံအုပ်ချုပ်မှု အလုပ် စသည် စသည်တို့တွင် professional များ တိုးပွားပေါ်ပေါက်လာခြင်းနှင့် သက်ဆိုင်ရာ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ခြင်းတို့ အစဉ်ဒွန်တွဲဖြစ်ပေါ်ကြောင်း တွေ့ရမည်ဖြစ်သည်။

တစ်နည်းဆိုသော် တိုင်းပြည်တစ်ပြည်၏ တိုးတက်မှုနှင့် မြို့ပြပြည်ရွာ အဆင့်အတန်း (civilization) သည် ကဏ္ဍအသီးသီးရှိ professional တို့၏ အရည်အသွေး အဆင့်အတန်းပေါ်တွင် မူတည်သည်ဟု ဆိုရမည်ဖြစ်သည်။ ဆရာဝန် အင်ဂျင်နီယာ စသည့် အတတ်ပညာရပ်များနှင့် ပတ်သက်လျှင် ဤကိစ္စမှာ အငြင်းပွားစရာမရှိအောင် ရှင်းပါသည်။ စေတီပုထိုး ဗိသုကာကြီးများ မရှိဘဲ ပုဂံယဉ်ကျေးမှု မဖြစ်ပေါ်နိုင်သကဲ့သို့၊ လမ်းတံတားနှင့် တိုက်တာအင်ဂျင်နီယာကြီးများ မရှိဘဲ ခေတ်မီမြို့ပြများ မတည်ဆောက်နိုင်ပါ။

သို့သော် စာပေဂီတ အစရှိသည့် အနုပညာရပ်များတွင်ကား ထွေးရောယှက်တင် ရှိတတ်ပါသည်။ တစ်ခါတစ်ရံ amateur သမားက professional များထက် ထူးချွန်ထင်ရှားနေသည်ကို တွေ့ရတတ်သည်။ professional standard ကို မီသော၊ professional တွေ၏ စံချိန်ကိုပင် ချိုးလိုက်ချင်သော amateur များ တစ်ခါတလေ တွေ့ရတတ်သည်။

တစ်ခါတလေ တွေ့ခြင်းမှာ ကောင်းပါသည်။ Talent ရှိသော ပုဂ္ဂိုလ်သစ်များ ပေါ်ပေါက်လာခြင်းဖြစ်၍ သက်ဆိုင်ရာ profession အတွက် ဝမ်းမြောက်စရာဖြစ်ပါသည်။

သို့သော် အခိုက်အတန့်ပေါ်လာသည့် အပျော်တမ်းသမားများ (ဥပမာ၊ စာပေ၌ ဝတ္ထုတစ်ပုဒ် နှစ်ပုဒ်ရေးပြီး ပျောက်သွားသူများ၊ ဂီတ၌ သီချင်းတစ်ပုဒ်နှစ်ပုဒ်ဆိုပြီး နားသွားသူများ ) က profession ထဲ ရေရှည်နေသူများထက် ခဏခဏ 'သာ' နေမည် ဆိုလျှင်ကား သက်ဆိုင်ရာကဏ္ဍ၌ တိုင်းပြည်ရှိ professional ဆိုသူတွေ၏ standard ကိုယ်တိုင်က နိမ့်ကျပြီ၊ တစ်နည်းပြောရလျှင် တစ်တိုင်းပြည်လုံးအနေနှင့် အဲသည့်နယ်ပယ်မှာ များစွာ ဖွံ့ဖြိုးမှု မရှိသေးဟူ၍ ဆိုစရာဖြစ်လာပါသည်။

တိုင်းပြည်တစ်ပြည်၏ အနုပညာထု၊ အတတ်ပညာထုကို တည်ဆောက်သည့်နေရာ၊ တိုင်းပြည်တစ်ပြည်၏ အနုပညာအဆင့်၊ အတတ်ပညာအဆင့်ကို ပြဌာန်းသည့်နေရာတို့၌ ရံဖန်ရံခါ ပေါ်လာတတ်သည့် အပျော်တမ်းသမားတို့၏ နည်းပါးလှသော ဖန်တီးမှုများထက် သက်ဆိုင်ရာ profession အသီးသီးထဲတွင် နှစ်ရှည်လများ လေ့ကျင့်သင်ကြားခဲ့ပြီး တစ်ဘဝလုံး နှစ်မြှပ်လုပ်ကိုင်ကာ ယင်းဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြုနေသည့် professional တို့၏ စွမ်းဆောင်ချက်များက အဓိကကျပါသည်။ ယင်းတို့ဖြင့်ပင် အဆုံးအဖြတ်ပြုရပါသည်။

အချုပ်ပြောရသော် professional standard ကို ထိန်းသော၊ professional ethics ကို လိုက်နာသော၊ professional ဖွဲ့သတ္တိပြည့်ဝသော professional ကောင်းများဖြင့်သာ နိုင်ငံ၏ အနုပညာ၊ အတတ်ပညာအဆင့်ကို မြှင့်တင်နိုင်မည်။ အနုပညာ အတတ်ပညာအရာ၌ နိုင်ငံတကာထက် မနိမ့်ကျသည့် တိုးတက်ဖွံ့ဖြိုးသော မြို့ပြပြည်ရွာအဆင့်ကို ရောက်ရှိနိုင်မည်ဟု ဆိုချင်ပါသည်။

၇ – ထူးချွန်ထက်မြက်သော စာသင်သားများတွင် တွေ့ရတတ်သည့် အလေ့အကျင့်ကောင်း ခုနစ်ရပ်

ထူးချွန်ထက်မြက်သော ကျောင်းသူကျောင်းသားများကို ကြည့်လျှင် သူတို့မှာ ထူးခြားသော စရိုက်လက္ခဏာတွေကိုယ်စီရှိတတ်ကြတာ သတိပြုမိရမည်ဖြစ်သည်။

သူတို့မှာ ရည်မှန်းချက်ရှိသည်။ စိတ်တည်ငြိမ်စွဲမြဲသည်။ အလုပ်လုပ်ရာမှာ စည်းစနစ်ကျသည်။ အသေးစိတ်ဂရုစိုက် လုပ်တတ်သည်။ ထို့ပြင် မိမိအလုပ်နှင့် ပတ်သက်လာလျှင် အမြဲထက်သန် တက်ကြွနေတတ်သည်။

သည်ဟာတွေသည် ပညာရေးဘက်တွင် ပေါက်မြောက်အောင်မြင်စေသည့် အရည်အချင်းကောင်းများ၊ သို့တည်းမဟုတ် အလေ့အကျင့်ကောင်းများ ဖြစ်သည်။

လူတစ်ယောက်၏ 'အကျင့်' သို့မဟုတ် 'စရိုက်လက္ခဏာ' ဟူသည် တစ်စုံတစ်ရာကို ထပ်တလဲလဲ အချိန်ကြာကြာလုပ်ကိုင်ရင်း စွဲမြဲလာသောအရာ ဖြစ်သည်။ မိမိဘဝကို ကောင်းမွန်အောင် တည်ဆောက်လိုသူသည် မိမိကိုယ်ကို စစ်ကြောကာ မိမိမှာ ရှိသည့် မကောင်းသော အကျင့်စရိုက်များကို ပယ်ဖျောက်၍၊ မရှိသေးသည့် ကောင်းသောအကျင့်များကို မွေးမြူဖြည့်တင်းရမည် ဖြစ်သည်။ အလားတူ ပညာထူးချွန်လိုသော ကျောင်းသား ကျောင်းသူသည်လည်း ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူတို့၏ အမူအကျင့်များကို အတုယူကာ မိမိမှာလည်း အလားတူ အမူအကျင့်မျိုး ရှိလာအောင် မွေးမြူလေ့ကျင့်ပျိုးထောင်မှု ပြုရပေမည်။

### အလေ့အကျင့်ကောင်း (၁) အောင်မြင်မှုစိတ်ဓာတ်မွေးမြူခြင်း။

အောင်မြင်လိုသူသည် အောင်မြင်မှုစိတ်ဓာတ် မွေးရသည်။ အောင်မြင်မှုရှေးရှုသည့် စကားမျိုး ပြောရသည်။ အောင်မြင်မည့် အလုပ်မျိုး လုပ်ရသည်။

'ကျွန်တော် မလုပ်တတ်ဘူး'၊ 'မဖြစ်ပါဘူး၊ ကျွန်တော်က တစ်ခါမှ မလုပ်ဖူးတာ'၊ 'အခြေအနေပေးရင် ဖြစ်မှာပေါ့၊ မပေးရင်တော့လဲ မတတ်နိုင်ဘူး၊' စသည့် အတွေးမျိုး အပြောမျိုးသည် အောက်ခြေမှာ နေမည့်သူတို့၏ အတွေး အပြောများ ဖြစ်၏။

ထိပ်တန်းရောက်မည့်သူများကား အလျှော့ပေးမည့်အတွေးမျိုး မတွေး။ 'ကျွန်တော်လုပ်တော့ မလုပ်ဖူးဘူး၊ ဒါပေမဲ့ စမ်းကြည့်တာပေါ့၊ ကြိုးစားကြည့်ရင် ဖြစ်မှာပေါ့'၊ 'ကျွန်တော် တတ်အောင်သင်မယ်၊ လေ့ကျင့်ဖို့ အချိန်နည်းနည်းရရင် လုပ်လို့ရမှာ သေချာပါတယ်' ဟူသော စကားမျိုး ပြောတတ်ကြသည်။

သူတို့သည် ရဲဝံ့ကြသည့်။ မိမိကိုယ်ကိုလည်း ယုံကြည်မှုရှိကြသည်။ ရဲဝံ့ယုံကြည်သူသည် အခက်အခဲကို မကြောက်။ ဇွဲရှိသည်။ တစ်ကြိမ် မအောင်မြင်ရုံနှင့် နောက်မဆုတ်သော စိတ်ဓာတ် ရှိသည်။ သည်လူမျိုးသည် မလွဲမသွေအောင်မြင်ရမြဲ ဖြစ်သည်။

သင်ကော။

စာမေးပွဲ အောင်ချင်သလား။ ဂုဏ်ထူးထွက်ချင်သလား။ နံပါတ် (၁) ဖြစ်ချင်သလား။ မြင်ယောင်ကြည့်လိုက်ပါ။ စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် အောင်သောသင်။ တစ်ကျောင်းလုံး၊ တစ်နယ်လုံး၊ တစ်နိုင်ငံလုံးမှာ ထိပ်ဆုံးရောက်သွားသော သင်။

ဘယ်လောက် အားတက်ကြည်နူးစရာ ကောင်းပါသနည်း။

အဲသည်စိတ်ဓာတ်နှင့် ကြိုးစားကြည့်စမ်းပါ။

ဂုဏ်ထူးထွက်အောင် ဘာတွေလုပ်ရမည်လဲ။ ကိုယ့်ရှေ့က ဂုဏ်ထူးထွက်သွားသူတွေ ဘာတွေလုပ်ကြသလဲ။ ဘယ်လို ပြင်ဆင်ကြ ကျက်မှတ်ကြသလဲ။ စာကြည့်စားပွဲမှာ တစ်နေ့ ဘယ်နှစ်နာရီထိုင်ကြသလဲ။

ဂုဏ်ထူးထွက်ခဲ့သူတွေကို မေးမြန်းကြည့်လျှင် လူတိုင်းလိုလို ဂုဏ်ထူးထွက်လိုသောဆန္ဒရှိခဲ့တာ၊ ဂုဏ်ထူးထွက်ရန် မျှော်မှန်းခဲ့တာ၊ ငါကြိုးစားရင်တော့ ဂုဏ်ထူးထွက်မှာလို့ ယုံကြည်ခဲ့ဖူးတာချည်းဖြစ်ကြောင်း တွေ့ရလိမ့်မည်။

သင်လည်း စာမေးပွဲကို ဂုဏ်ထူးနှင့်အောင်ချင်လျှင် အဲသည်လို ယုံကြည်စိတ် အောင်မြင်မှုစိတ်မျိုး မွေးပြီး၊ အဲသည်စိတ်၏ တိုက်တွန်းအားနှင့် ကြိုးစားရပေမည်။

**အလေ့အကျင့်ကောင်း (၂) စာကို နားလည်အောင်၊ နားလည်သည့်အတိုင်း ပြန်ဖော်ပြတတ်အောင်၊ အမှတ်ပြည့်ရမယ့်အဖြေမျိုး ပေးနိုင်အောင် လေ့ကျင့်ပြင်ဆင်တတ်ခြင်း။**

အောင်မြင်ရမည်ဟူသောစိတ်ဓာတ်သည် အောင်မြင်မှုရရှိရေးအတွက် လိုအပ်သည့် အခြေခံအချက်ဖြစ်သည်။ သို့သော် သူ တစ်ခုတည်းနှင့်ကား မပြည့်စုံပါ။

တကယ်အောင်မြင်အောင် 'လုပ်' ရပါဦးမည်။

ထူးချွန်အောင်မြင်မည့် ကျောင်းသားသည် စာကို ကျေညက်ရပါမည်။ ကျေညက်ရန်အတွက် ပထမအဆင့်မှာ 'သဘောပေါက် နားလည်ခြင်း' ဖြစ်ပါသည်။ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာကို ဖြစ်စေ၊ ဆရာ သို့မဟုတ် အခြားတစ်စုံတစ်ယောက်ထံမှ ရရှိသည့် မှတ်စုကိုဖြစ်စေ၊ အသားလွတ် ကျက်မှတ်ခြင်းမပြုဘဲ နားလည် သဘောပေါက်အောင် ဦးစွာကြိုးစားရပါမည်။

နားလည်သဘောပေါက်ပြီးနောက်တွင်မှ ထိုမိမိနားလည်ပြီးသည့်အရာကို တစ်စုံတစ်ယောက်က သိလိုသည်ဆိုလျှင် မည်သို့ ရှင်းလင်းပြောဆိုမည်၊ စာမေးပွဲတွင် မေးလာပါက မည်သို့ဖြေကြားမည်ဆိုသည်ကို စဉ်းစားပြင်ဆင်ရပါမည်။ တချို့မှာ စာတော့ ရပါသည်၊ သို့သော် မေးခွန်း နားမလည်သဖြင့် တလွဲတွေ ဖြေခဲ့မိသည် ဆိုတာမျိုး ရှိသည်။ အဲဒါသည် နားလည်သယောင်နှင့် တကယ်တမ်း သေသေချာချာ နားမလည်သေးသောကြောင့်လည်း ဖြစ်နိုင်သည်။ သည်လိုမေးလျှင် သည်လိုဖြေရတတ်တယ်ဟူ၍ လေ့လာစိစစ်မှတ်သားခြင်းမျိုး မရှိခဲ့သောကြောင့်လည်း ဖြစ်တတ်သည်။

စာမေးပွဲတွင် အမှတ်အများဆုံး ရတတ်သည့် ကျောင်းသားများကား သင်ခန်းစာများကို ကောင်းစွာကျက်မှတ်ထားပြီးသည့် နောက်၌ သက်ဆိုင်ရာကဏ္ဍအသီးသီးနှင့် ပတ်သက်၍ မေးခွန်းအရှည် မေးလာလျှင် မည်သို့၊ အတိုမေးလာလျှင် မည်သို့ စသည်ဖြင့် စာမေးပွဲခန်းအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားလေ့ ရှိသူများ ဖြစ်လေသည်။

**အလေ့အကျင့်ကောင်း (၃) မှတ်စုကောင်းများ ပြုစုခြင်း**

မှတ်စုထုတ်ခြင်းဆိုသည်ကား မိမိသင်ကြားရသည့် သင်ခန်းစာကို ခေါင်းထဲတွင် ရှင်းလင်းလွယ်ကူစွာ မှတ်သားနားလည်နိုင်အောင်နှင့် မေးမြန်းလာက ကောက်ကာငင်ကာ ဖြေကြားနိုင်အောင် ပြင်ဆင်ထားခြင်းပင် ဖြစ်သည်။

တက္ကသိုလ်အဆင့်ကျောင်းသားများ၌ သင်ခန်းစာနားလည် တတ်မြောက်မှုအတွက် ကျောင်းသုံးစာအုပ် (text book) များအပြင် ရည်ညွှန်းစာအုပ် (reference book) များပါ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလေ့လာရလေ့ရှိ၏။ သို့သော် ၎င်းတို့၌လည်း စာမေးပွဲတော့ ဖြေရသေးသည်ဖြစ်ရာ သင်ခန်းစာခေါင်းစဉ်တစ်ခုချင်းနှင့် ပတ်သက်၍ အရေးကြီးသော အချက်အလက်များ ပြည့်စုံပြီး ကျစ်လျစ် သိပ်သည်းသော မှတ်စုများ ထုတ်နုတ်ပြုစုထားရန် လိုအပ်ပေသည်။ သို့မှသာ စာမေးပွဲအတွက် ကျက်မှတ်သည့်အခါ သက်သာ လွယ်ကူမည်ဖြစ်သည်။

အထက်တန်းအဆင့် ကျောင်းသားများ၌မူ အထူးသဖြင့် ယခုအခါ၌ ကိုယ်တိုင်မှတ်စုထုတ်သူ အလွန်နည်းပါးလျက် ရှိသည်။ ကျောင်းသားတိုင်းလိုပင် အဓိကအားဖြင့် ဆရာတို့ပေးသော မှတ်စုများကိုသာ မူသေကျက်မှတ်လျက် ရှိကြ၏။ သို့သော် ကျောင်းသားအများစုတို့ပင် ကျောင်းသင်ဆရာ၊ ကျူရှင်ဆရာနှင့် မှတ်စုစာအုပ် ရေးသားရိုက်နှိပ်သူတို့၏ မှတ်စုများကိုပါ ထွေးရောယှက်တင် သုံးစွဲလျက်ရှိကြရာ၊ မှတ်စုကောင်းများကို ရွေးချယ်သုံးစွဲတတ်ရန်နှင့် လိုအပ်ပါက ယင်းမှတ်စုများကို အခြေပြုကာ၊ မိမိအတွက် အသင့်တော် အပြည့်စုံဆုံးမှတ်စုများ ပြန်လည်ပြုစုတတ်ရန် လိုအပ်ပေသေးသည်။

သည်နေရာ၌ ကွဲကွဲပြားပြားမှတ်သားရန်ကား၊ မှတ်စု ဟူသည် စာမေးပွဲအတွက် အသင့်ပြင်ဆင်ထားသည့် မေးခွန်း အဖြေများ မဟုတ်၊ သက်ဆိုင်ရာ သင်ခန်းစာတစ်ခုချင်းကို ရှင်းလင်းနားလည်အောင်နှင့် ၎င်းနှင့် ပတ်သက်၍ မိမိ သင်ကြားရသည့် အတန်းအဆင့်အရ သိသင့်သိအပ်သည့် အချက်အလက်များကို ကျက်မှတ်ရလွယ်သည့်

အနေအထားဖြင့် တစုတစည်းတည်း ပြင်ဆင်ထားခြင်းသာဖြစ်သည် ဟူသောအချက် ဖြစ်၏။ မေးခွန်းတို–ရှည်တို့၏ အဖြေများကို ၎င်းမှတ်စုတို့မှ သင့်တော်ရာ အတိုင်းအတာထိ ထုတ်နုတ်ရယူမည် ဖြစ်သည်။

ထို့ကြောင့် အောင်မြင်မည့် ကျောင်းသားကောင်းသည် ဘာသာရပ် တစ်ခုအတွက် ကျောင်းသုံးစာအုပ် တစ်အုပ်တည်း မူသေပြဋ္ဌာန်းထားသည်ဖြစ်စေ၊ ၎င်းစာအုပ်ပါ သက်ဆိုင်ရာအခန်း အသီးသီးအတွက် မိမိဘာသာ ထုတ်နုတ်ပြုစုသော သို့မဟုတ် ကျောင်းသင်ဆရာ ပြင်ပဆရာတို့၏ အထောက်အကူဖြင့် ပြုစုသော မှတ်စုများ သေသပ်ကျနစွာ ပြင်ဆင်ထားရှိရန် လိုပေသည်။

### အလေ့အကျင့်ကောင်း (၄) စာမေးပွဲအတွက် အစမ်းလေ့ကျင့်ခြင်း

ကျောင်းသားတစ်ဦး၏ အောင်မြင်မှု မအောင်မြင်မှုကို စာမေးပွဲ ရမှတ်ဖြင့်သာ မှတ်ကျောက်တင်ရသည်ဖြစ်ရာ စာမေးပွဲတွင် အမှတ်ကောင်းကောင်းရရေးသည် ကျောင်းသားကောင်းတိုင်း မျက်ခြည်မပြတ် အာရုံပြုရမည့် အချက်တစ်ခု ဖြစ်သည်။

ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်ကာ စာတွေလည်း အတော်ရသလိုဖြစ်နေသဖြင့် ဟုတ်လှပြီထင်ကာ ကိုယ့်ဘာသာကျေနပ်နေမိလျှင် စာမေးပွဲခန်းရောက်တော့မှ နောင်တရမိလိမ့်မည်။ အဲသည်မျှလောက်သည် မပြည့်စုံသေး။

သူများစစ်သည့် စာမေးပွဲကို မဖြေမီ ကိုယ့်ဘာသာ အကြိမ်ကြိမ်စစ် အကြိမ်ကြိမ်လေ့ကျင့်ဖြေဆိုကြည့်ထားဖို့ လိုသည်။

တစ်သက်လုံး ကပြလာသော ဇာတ်သဘင်သမားတွေလည်း ဇာတ်တိုက်ရသည်။ ရီဟာဇယ်လုပ်ရသည်။ အခမ်းအနားပွဲများ အမြဲ ကျင်းပကြသည့် ပုဂ္ဂိုလ်ကြီးများလည်း ပွဲတိုင်းအတွက် သာမန်လေ့ကျင့်မှု၊ ဝတ်စုံပြည့် လေ့ကျင့်မှုများ ပြုလုပ်ရမြဲဖြစ်သည်။ မလုပ်လိုက်လျှင် အမှားအယွင်း တစ်ခုမဟုတ်တစ်ခု ကြုံကာ ပရိသတ်ရှေ့မှာ ရှပ်ပျက်စရာဖြစ်တတ်သည်။

ကျောင်းသားလည်း ထိုနည်းလည်းကောင်း။ စာမေးပွဲခန်းမထဲမှာ အမှားအယွင်း ကင်းစင်ချင်လျှင် အတန်းတင်စာမေးပွဲ မေးခွန်းဟောင်းများ၊ ဆရာများ လုပ်ပေးသည့် နမူနာမေးခွန်းလွှာများကို တတ်နိုင်သမျှ အကြိမ်များများ လေ့ကျင့်ဖြေကြား ကြည့်ထားရပေမည်။

### အလေ့အကျင့်ကောင်း (၅) ကျက်မှတ်သည့် အလေ့အကျင့်

တချို့က စာကို နားလည်အောင်တော့ ဖတ်သည်။ ကျက်မှတ်ရမှာကျတော့ ပျင်းတတ်သည်။ တချို့ကျတော့ စာကို အလွတ်ကျက်မှတ်ခြင်းသည် ကလေးသူငယ် အလုပ်ဖြစ်သည်ဟူ၍လည်းကောင်း၊ စာ၏သဘောကို နားမလည်သူတို့ လုပ်တတ်သည့် အလုပ်ဟူ၍လည်းကောင်း ပြောချင်တတ်ကြသသည်။

ထိုအယူအဆ မည်မျှမှားယွင်းကြောင်း စာမေးပွဲဖြေချိန်၌ ၎င်းလူတို့ တွေ့ကြရမည်ဖြစ်သည်။

စာဆိုသည်ကား နားလည်အောင်လည်း လုပ်ရသည်။ အလွတ်ကျက်မှတ်ရမည့်အရာကိုလည်း ကျက်ထားရသည်။ အတန်းငယ်တုန်းသာ မဟုတ်၊ အတန်းကြီးများမှာလည်း ထိုနည်းလည်းကောင်း။ သိပ္ပံဘာသာမှာရော ဝိဇ္ဇာဘာသာမှာပါ ထိုနည်းလည်းကောင်း။

ဟိုင်းနရစ်ရှယ်လီမန် အမည်ရှိ ဂျာမန်လူမျိုး ဘာသာဗေဒသမား ရှေးဟောင်း သုတေသနသမားကြီးဆိုလျှင် သူတတ်မြောက်သည့် ဘာသာစကား ၁၈ မျိုးလုံးမှာပင် တစ်ဘာသာလျှင် စာ နှစ်အုပ်ကျစီ အစအဆုံး အလွတ်ရအောင် ကျက်မှတ်ထားခဲ့သည်။ သေးသေးကွေးကွေးတွေ ရွေးကျက်ခြင်းမဟုတ်၊ ဥပမာ အင်္ဂလိပ်ဘာသာအတွက် ဆာဝေါ်လတာစကော့၏ အိုင်ဗင်ဟိုဝတ္ထုကြီးကို သူကျက်သည်။ သာမန်ဖတ်ရှုလေ့လာလျှင် မှတ်မိလိုက် မေ့သွားလိုက်

ဖြစ်နေမည့် စကားလုံးအသုံးအနှုန်းများ၊ ဝါကျဖွဲ့စည်းပုံများသည် အလွတ်ကျက်မှတ် ထားလိုက်သောအခါ သူ့ခေါင်းထဲ စွဲသွားပြီး နောက်ထပ် ဆက်လက်လေ့လာရန်အတွက် အခြေခံထူထူထဲထဲ ခိုင်ခိုင်မာမာ ရရှိသွားပေသသည်။

ထို့ကြောင့် ထူးချွန်သောကျောင်းသားသည် စာကျက်အားကောင်းဖို့ လိုပေသည်။ စာကျက်ရာ၌ အတိုကောက်မှတ်နည်း၊ လက်ာဖွဲ့မှတ်နည်း စသည်ဖြင့် မှတ်သားရလွယ်ကူအောင်နှင့် အလွယ်တကူ အစဖော်၍ ရအောင်လုပ်သည့် နည်းလမ်းများစွာရှိရာ ၎င်းတို့ကိုလည်း ဆရာ ဆရာမများထံမှသော်လည်းကောင်း၊ မှတ်ဥာဏ်ကောင်းအောင် လေ့ကျင့်နည်းစာအုပ်များ ဆောင်းပါးများမှသော်လည်းကောင်း ရှာဖွေမှတ်သားပြီး ကျောင်းစာကျက်မှတ်ရာ၌ လက်တွေ့စမ်းသပ်သုံးစွဲခြင်းဖြင့် သူများထက် မှတ်ဥာဏ်ထက်မြက်သူ စာရလွယ်သူများ ဖြစ်လာနိုင်ပေသည်။

### အလေ့အကျင့်ကောင်း (၆) မအောင်မြင်လျှင် ထပ်ကြိုးစားသောအလေ့

ကျောင်းသာအများအပြားပင် ကိုယ်ညံ့သော ဘာသာကို မသိမသာ ရှောင်ထား ဖုံးဖိထားတတ်သောသဘော ရှိသည်။ ထို့ကြောင့်ပင် တစ်ခါကျမိသော ဘာသာကို အကြိမ်ကြိမ် ထပ်ကျကာ နောက်ဆုံး၌ ကျွန်တော်ကတော့ ဒီဘာသာမှာ ညံ့တယ်ဟူ၍ ဖြစ်သွားကြခြင်း ဖြစ်သည်။

အမှန်က ကြောက်၍ရှောင်ရင်း တဖြည်းဖြည်းအလှမ်းဝေး သွားခြင်းသာဖြစ်ကြောင်း မိမိဘာသာ ပြန်စဉ်းစားလျှင် သိနိုင်သည်။ ဒါကို မွေးရာပါဗီဇသဘောအရကိုက သင်္ချာဘက်မှာ ညံ့လို့၊ သိပ္ပံဘက်မှာ ညံ့လို့ဟု ကောက်ယူမိလိုက်လျှင် မိမိအတွက် သင်္ချာလမ်း သိပ္ပံလမ်း လုံးဝပိတ်သွားမည်ဖြစ်သည်။ ကြောက်တိုင်းထွက်မပြေးဘဲ မကြောက်အောင်လုပ်မယ်ကွာဟူသော စိတ်ဓာတ်မျိုးဖြင့် ကြိုးစားသဖြင့် သင်္ချာညံ့ဘဝမှ သင်္ချာတန်းစဉ်ဂုဏ်ထူးသမား ဖြစ်သွားသူတွေ၊ သဒ္ဒါညံ့သည်ဆိုရာမှ အင်္ဂလိပ်စာပါရဂူ ဖြစ်သွားသူတွေ များစွာရှိသည်။

အရေးကြီးသည်က အလွယ်တကူ နောက်မဆုတ်ဖို့၊ တစ်ချီတည်းနှင့် လန့်မသွားဖို့။

ဆိုပါတော့၊ သိပ်တော်ခဲ့သော သို့မဟုတ် မိဘ အထိန်းအသိမ်း ကောင်းခဲ့သော ကျောင်းသူကျောင်းသားအချို့က လွဲလျှင် လူတိုင်းလိုလို စာမေးပွဲကြီးမှာဖြစ်စေ၊ အစမ်းစာမေးပွဲမှာဖြစ်စေ၊ ယုတ်စွအဆုံး လစဉ်စာမေးပွဲမှာဖြစ်စေ တစ်ကြိမ်တစ်ခါတော့ ကျဖူးကြမြဲ ဖြစ်သည်။ အဲသည်လို ကျပြီဆိုပါတော့၊ ကျထားသည့် အဖြေလွှာစာရွက်ကို မကြည့်ရဲ၊ မကြည့်ချင်၊ မျက်နှာလွှဲနေမည်၊ မမြင်ကွယ်ရာမှာ ဖွက်ထား သိမ်းထားလိုက်မည်ဆိုလျှင် သွားပြီ။ အောင်မြင်ဖို့လမ်း ပိတ်ပြီ။ သည်မှာ ဘာကြောင့်ကျသလဲ။ ဘယ်လိုကျသလဲ။ အဲသည်စာမေးပွဲအတွက် ကိုယ်က ဘာတွေ ဘယ်လောက်ပြင်ဆင်ခဲ့သလဲ။ မပြင်ဆင်ခဲ့ဘူးလဲ။ ဘယ်လိုလုပ်ခဲ့ရင်တော့ အောင်မြင်နိုင်ခဲ့မလဲ။ သည်မေးခွန်းကိုပဲ နောက်တစ်ကြိမ် ထပ်မေးရင် အကောင်းဆုံး ဖြေနိုင်အောင် ဘယ်လိုလုပ်ထားမလဲ။ သည်စာမေးပွဲမှာ အမှတ်အများဆုံး ရသွားသူက ဘယ်လိုဖြေထားသလဲ။ အဲသလို စဉ်းစားစိစစ်ရလိမ့်မည်။ စူးစမ်းလေ့လာရလိမ့်မည်။ ပြီး–လုပ်စရာရှိတာ လုပ်ထားရလိမ့်မည်။

အရှုံးကို ရဲရဲရင်ဆိုင်သုံးသပ်ပြီး အဖြေရှာနိုင် သင်ခန်းစာယူနိုင်မှ နောက်အကြိမ် နောက်အကြိမ်များမှာ ပြန်၍ အနိုင်ရနိုင်မည်။ သင်ခန်းစာယူတတ်သော လူတော်ကျောင်းသားသည် လစဉ် စာမေးပွဲမှာ ရှုံးခဲ့ဖူးသော ဘာသာကို စာမေးပွဲကြီးတွင် ဂုဏ်ထူးထွက်သည်အထိ ပြန်၍ထနိုင် ဖြည့်နိုင်စွမ်း ရှိပေသည်။

### အလေ့အကျင့်ကောင်း (၇) လွှကို မှန်မှန် သွေးတတ်သော အလေ့

ပုံပြင်လေးတစ်ခု ရှိသည်။

တစ်ခါက သစ်ခုတ်သမားတစ်ယောက် တောထဲတွင် သစ်ပင်ကြီး တစ်ပင်ကို လွှနှင့်တိုက်ဖြတ်နေသည်။ လူတစ်ကိုယ်လုံး ချွေးသီးချွေးပေါက်ကျနေပြီ၊ သစ်ပင်က မလဲနိုင်သေး။ တောထဲဖြတ်လာသူတစ်ဦးက သူ့ကို တွေ့သောအခါ မေးသည်။

'ခင်ဗျားကြည့်ရတာ အတော်ပင်ပန်းနေပုံပဲ၊ လွှဆွဲနေတာ ဘယ်လောက်ကြာပြီလဲ'

'ငါးနာရီကျော်ပြီဗျ၊ ခြေကုန်လက်ပန်းကျနေပြီ၊ ခုထိ မပြတ်သေးဘူး'

'ကြည့်ရတာ လွှ တုံးနေတယ်နဲ့တူတယ်၊ ခဏရပ်ပြီး လွှကို သွေးပါလား၊ အဲဒါဆိုရင် ပိုပြီး မြန်မြန်ပြတ်လိမ့်မယ်' ခရီးသွားက အကြံပေးသည်။

'အချိန်မရဘူးဗျ၊ အခိုကအလုပ်ကိုပဲ လုပ်နိုင်မယ်' ဟု ဖြေကာ သစ်ခုတ်သမားသည် လွှတုံးတုံးကြီးနှင့်ပဲ ဆက်၍ဆွဲနေလေသည်။ – ဟူ၍

ပုံပြင်ဖတ်သူအနေနှင့်တော့ သစ်ခုတ်သမား၏ အမှားကို အလွယ်တကူ မြင်မည်ဖြစ်၏။ သို့သော် လက်တွေ့ဘဝ၌ လူအတော်များများပင် သည်အမှားမျိုးတွေ ကျူးလွန်နေမိတတ်ကြသည်။

တက်နှစ်ချောင်းဖြင့် လှော်လျှင် ပို၍ ခရီးရောက်နိုင်ပါလျက် နောက်ထပ် တက်တစ်ချောင်း မရှာ၊ ရှိသည့် တစ်ချောင်းတည်းဖြင့် ပင်ပန်းကြီးစွာ လှော်ခတ်နေခြင်းမျိုး။ သင်တန်းလေးတစ်ခု သွားတက်လိုက်လျှင် ရာထူးတိုးနိုင်ပါလျက် ဖွတ်ပေနေမိသဖြင့် အနိမ့်ပိုင်း အဆင့်မှာပဲ အရိုးထုတ်ကြခြင်းမျိုး ...။

အောင်မြင်လိုသူသည် မိမိ၏ အရည်အသွေး ထက်မြက်သည်ထက် ထက်မြက်အောင် ပြုပြင်ပေး၊ ပျိုးထောင်လေ့ကျင့်ပေးနေဖို့ လိုသည်။ မိမိ၏ အားနည်းချက်ကို သိရမည်။ သိတာကိုလည်း ပြုပြင် ဖြည့်တင်းနိုင်ရမည်။ မိမိတည်းဟူသောလွှကို ထက်နေရှနေအောင် သွေးထားနိုင်မှ အလုပ်တွင်မည်။ သစ်ပင်တွေ တစ်ပင်ပြီးတစ်ပင် ခုတ်လှဲနိုင်မည်။ ထူးခြားအောင်မြင်သူ ဖြစ်မည်။ ကျောင်းသားကောင်းတစ်ယောက် အနေနှင့်ကော မိမိကိုယ်ကို ထက်ရှသော လွှတစ်ချောင်းဖြစ်အောင် သွေးလိုလျှင် ဘာတွေ လုပ်ရမည်နည်း။

ကျောင်းစာကိစ္စနှင့် ပတ်သက်လျှင် အမြဲနိုးကြားတက်ကြွ နေတတ်ရမည်။ ပညာရပ်ဆိုင်ရာ အခက်အခဲ မှန်သမျှကို ရင်ဆိုင်ကျော်လွှားမည်ဟူသော ကြံ့ခိုင်သည့်စိတ်ဓာတ်မျိုး မွေးမြူထားရမည်။ ငါဘယ်မှာ ညံ့နေသလဲ။ အင်္ဂလိပ်စာလား၊ သင်္ချာလား။ အင်္ဂလိပ်စာညံ့လျှင် အင်္ဂလိပ်စာနှင့် သင်ရသည့် တခြားဘာသာရပ်တွေပါ ဆက်ညံ့လိမ့်မည်။ သင်္ချာညံ့လျှင် သင်္ချာသုံးရသည့် တခြား သိပ္ပံဘာသာရပ်အချို့မှာပါ အခက်အခဲတွေ့ရလိမ့်မည်။ အဲသည်ညံ့တာကို မညံ့အောင်၊ မလိုက်နိုင်တာကို လိုက်နိုင်အောင် အရင်လုပ်ရလိမ့်မည်။ ခြေတစ်ပေါင်ကျိုးနှင့်တော့ မာရသွန်ပြေးပွဲဝင်၍ မဖြစ်ဟု သတိရှိကာ မိမိကိုယ်ကို ပြုပြင်မြှင့်တတ်ရလိမ့်မည်။အဲဒါသည်ပင်လျှင် မိမိတည်းဟူသောလွှကို ထက်ရှနေအောင် သွေးခြင်းဖြစ်သည်။ သည်အတွက် အရေးကြီးသည့်အချက်တစ်ခုက ကျန်းမာမှုဖြစ်သည်။ မကျန်းမာလျှင် ဘာမျှလုပ်၍မရ၊ လူ၌ ကိုယ်နှင့် စိတ်သည် ဒွန်တွဲ၍ နေသည်။ ကိုယ်ကျန်းမာနေမှ ဦးနှောက် ရွှင်လန်းကာ သွက်လက်ထက်မြက်သော စာသင်သားတစ်ဦး ဖြစ်နိုင်ပေမည်။

ပညာသမားတစ်ဦးအနေနှင့် ကျန်းမာအောင် လုပ်သည်ဆိုရာ၌ ကာယဗလမောင်ဖြစ်သည်အထိကား လေ့ကျင့်လိုက်စားနေစရာ မလိုပါ။ သင့်တင့်လျောက်ပတ်သော၊ အချိန်လည်း များစွာမကုန် လူလည်း များစွာမပင်ပန်းသော လေ့ကျင့်ကစားမှုမျိုးလောက်သာ ပြုလုပ်ရန် လိုသည်။ ထို့ပြင် အစာအာဟာရ ပြည့်စုံမှုတရန်နှင့် အိပ်ချိန်၊ စားချိန်၊ နားချိန်၊ စာကြည့်ချိန်များကို သင့်တင့်စွာ ချိန်ဆသတ်မှတ်ပြီး ၎င်းအတိုင်း အသားတကျ နေထိုင်တတ်ရန် လိုပါသည်။

ပညာရေးဘက်တွင် စိတ်ဓာတ်ထက်သန်ကာ စိတ်သွားသလောက် ကိုယ်ပါနိုင်သည့် ကျန်းမာမှုမျိုးလည်း ရှိမည်ဆိုလျှင်ကား လူတကာထက် ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူကောင်းတစ်ဦး ဖြစ်လာမှာ သေချာပေသည်။

[မူရင်း။ ။Charlie ၏ Seven Habits of Highly Effective Students]

## ၈ – ခေါင်းဆောင်

‘သူက ကျွန်တော်တို့အုပ်စုရဲ့ ခေါင်းဆောင်ပဲ‘

‘ဒီကိစ္စမှာ ခင်ဗျားကိုပဲ ခေါင်းဆောင်တင်ရမယ်ဗျ’

‘ခေါင်းဆောင်ကြီး ကြွပါခင်ဗျား’

‘ခေါင်းဆောင် … ခေါင်းဆောင် …’

ခေါင်းဆောင်ဆိုသည်က လူအများစုနားမှာ ချိုမြိန်လှသော စကားတစ်ခု ဖြစ်သည်။

နိုင်ငံမှာ ခေါင်းဆောင်၊ ရပ်ရွာမှာ ခေါင်းဆောင်၊ အသင်းအဖွဲ့ခေါင်းဆောင်၊ ကုမ္ပဏီလုပ်ငန်းခေါင်းဆောင်၊ ခေါင်းဆောင်ကြီး၊ ခေါင်းဆောင်လတ်၊ ခေါင်းဆောင်ငယ်။ လူတိုင်းလိုပင် ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုမှုကို ခံယူချင်ကြစမြဲ ဖြစ်သည်။ အံ့သြစရာတော့လည်း မဟုတ်ပါ၊ ခေါင်းဆောင် ဟူသော အမည်နှင့် တွဲဖက်ကာ သြဇာအာဏာဆိုတာ ပါလာသည်။ လုပ်ပိုင်ခွင့်ဆိုတာ ပါလာသည်။ နေရာပေးမှု၊ လေးစားမှု၊ အကျိုးခံစားမှုတွေ ပါလာသည်။ တစ်နည်းပြောရလျှင် ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရခြင်းသည် အောင်မြင်ခြင်းတစ်မျိုးပင် ဖြစ်သည်။

သို့သော် လူတိုင်း မအောင်မြင်ကြ၊ လူတိုင်း ခေါင်းဆောင် မဖြစ်ကြ။ ခေါင်းဆောင်ဟူသည် လူအများကြားမှာ ထူးခြားနေသော လူတစ်ယောက် ဖြစ်သည်။ သူ့မှာ တခြားသောသူများနှင့် ကွဲပြားခြားနားသွားစေမည့် အရည်အချင်းတွေ ရှိသည်။သည်အရည်အချင်းကောင်းတွေက ဘာတွေနည်း။ မွေးရာပါလား။ ဒါမှမဟုတ်…၊

ရှေးတုန်းကတော့ ခေါင်းဆောင်ဖြစ်မည့်လူဆိုသည်မှာ မွေးရာပါ အရည်အချင်းတွေ မွေးရာပါ ခေါင်းဆောင် အင်္ဂါရပ်တွေနှင့် လာသည်ဟု ယုံကြည်တတ် ပြောဆိုတတ်ကြသည်။ သို့သော် သည်ကနေ့ကျတော့ ခေါင်းဆောင်ဟူသည် မိမိကိုယ်ကို ဦးဆောင်မှု အရည်အသွေးများ ပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ခဲ့ကြသူများအဖြစ် မြင်ကြပြီ။ မည်သူမဆို မိမိကိုယ်ကို စနစ်တကျ ရည်ရွယ်ချက်ရှိရှိ လေ့ကျင့်ပြုပြင်လျှင် ဦးဆောင်မှုလှေကား၏ အထက်ပိုင်း အဆင့်များကို တဖြည်းဖြည်းမြင့်တက်သွားနိုင်သည်ဟု လက်ခံ သိမှတ်လာကြပြီ။

အရေးကြီးသည်က ခေါင်းဆောင်အင်္ဂါရပ်များ သို့မဟုတ် ခေါင်းဆောင်ဖြစ်လာသူတွေမှာ ရှိတတ်သည့် အရည်အချင်းကောင်းများကို ကြည့်ကာ မိမိမှာ အဲသည်အရည်အချင်းများ ပြည့်ဝလာအောင် မွေးမြူရယူဖို့ပဲ ဖြစ်သည်။

ခေါင်းဆောင်ဆိုသူတွေမှာ ဘယ်လိုအရည်အချင်းမျိုးတွေ ရှိကြသနည်း။

### ချီးကျူးစကားဆိုတတ်သူ

နောက်လိုက်မရှိဘဲ မည်သူမျှ ခေါင်းဆောင်မဖြစ်နိုင်။ မည်သူမဆို အောင်မြင်သော ခေါင်းဆောင်ဖြစ်ရန်အတွက် နောက်လိုက်ကောင်းများ သို့မဟုတ် အရည်အချင်းကိုယ်စီရှိသည့် အဖွဲ့သားကောင်းများ ရှိဖို့လိုသည်။ သည်လူတွေ၏ စွမ်းအားကို စုစည်း အသုံးချနိုင်ခြင်းဖြင့်သာ မိမိတစ်ကိုယ်တည်း မပြီးသည့် လုပ်ငန်းကြီးများကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်။

အဖွဲ့သားကောင်းများ မိမိထံတွင် စုစည်းနေစေမည့် အရည်အချင်းကောင်းတစ်ရပ်ကား ချီးမွမ်းစကားဆိုတတ်ခြင်း ဖြစ်သည်။

ခေါင်းဆောင်ကောင်းတို့သည် ကိစ္စတစ်ခု အောင်မြင်သည့်အခါ ‘ငါ’ ဟု လက်မ မထောင်။ သည်ကိစ္စအတွက် ဝိုင်းဝန်းပံ့ပိုး ပေးခဲ့သည့် မိမိအဖွဲ့သားများကိုသာ တိတိကျကျ စေ့စေ့ငငချီးမွမ်းပြောဆိုလေ့ရှိသည်။ ဤသို့အားဖြင့် သည်လူတွေကို မိမိ၏ ဦးဆောင်မှုအောက်မှာ ဆက်လက်ပါဝင်ဝိုင်းဝန်းလိုစိတ် ထက်သန်စေကာ နောက်ထပ် နောက်ထပ် ဆောင်ရွက်မည့် ကိစ္စကြီးငယ်များအတွက် မိမိမှာ အင်အားအပြည့်အဝ ရှိစေပေသည်။

အချို့က အပြုသဘော ဝေဖန်သည်၊ ကိုးကား ပြစ်တင်စကား ဆိုလေ့ရှိသည်။ ပြစ်တင်စကားမှ ကောင်းသော အကျိုးရလဒ် ထွက်ပေါ်လာရိုး ထုံးစံမရှိပေ။ မိမိနောက်လိုက်များ၊ မိမိအလုပ်သမားများ၊ မိမိအဖွဲ့သားများထဲမှာ ဘယ်သူဘယ်ဝါသည် ဘယ်အရာတစ်ခုကို ထူးထူးကဲကဲ စွမ်းဆောင်နိုင်ခဲ့သလဲ။ အဲသည်ဟာမျိုးကို အမြန်ဆုံးသိရှိကာ ထိုက်သင့်သလို ချီးကျူးခြင်း၊ ဂုဏ်ပြုခြင်း၊ အများရှေ့မှာ ပြောဆိုကြေငြာခြင်းများ ပြုတတ်သည့် ခေါင်းဆောင်ကား တန်ဖိုးမဖြတ်နိုင်သည့် အဆောင်လက်ဖွဲ့ကောင်းတစ်ခု ရရှိထားသူ ဖြစ်ပေသည်။

### ရဲဝံ့ပြတ်သားသူ

ခေါင်းဆောင်ဆိုသည်မှာ တစ်သင်း၊ တစ်ဖွဲ့၊ တစ်စု၊ တစ်ပြည်အတွက် ဆုံးဖြတ်လုပ်ကိုင်ခွင့် ရရှိထားသူဖြစ်၏။ ပြဿနာတစ်ခုအတွက် မိမိဘာသာ ဆုံးဖြတ်လုပ်ကိုင်ခွင့်ရှိသလို၊ ပြဿနာအပေါ်တိုင်းလည်း ဆုံးဖြတ်ရန် တာဝန်ယူထားရ၏။ လူအများအပြားတို့မှာ ဆုံးဖြတ်ရခြင်းတည်းဟူသော တာဝန်ကို ကြောက်သဖြင့်ပင် ခေါင်းဆောင်အရာနှင့် ဝေးကြရ၏။

စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး စသည့် မည်သည့်ကဏ္ဍနယ်ပယ်မှာမဆို ဘေးကျပ်နံကျပ် ပြဿနာရပ်တွေ ကြုံရတတ်မြဲဖြစ်သည်။ အဆုံးအဖြတ် မှားလျှင် ဒုက္ခရောက်သွားနိုင်သော အနေအထားမျိုး။

သည်အနေအထားမျိုးမှာ နောက်လိုက်အားလုံးက ခေါင်းဆောင်၏ မျက်နှာကိုပဲ မော့ကြည့်ကြလိမ့်မည်။ သူတို့အားလုံး၏ ကံကြမ္မာက ခေါင်းဆောင်လက်ထဲမှာ ရှိသည်။ သူတို့မှာ သူတို့ကံကြမ္မာအတွက် ဆုံးဖြတ်ပိုင်ခွင့်မရှိ။ ရှိသည်ထားဦး၊ ဆုံးဖြတ်နိုင်သော အရည်အချင်း ရှိချင်မှ ရှိမည်။ ဆုံးဖြတ်ရဲသော သတ္တိလည်း ရှိခဲသည်။

သည်အနေအထားတွင် ခေါင်းဆောင်၌ နောက်လိုက် အားလုံးထက် တစ်ပန်းသာသောအချက်က သူ့မှာ ပြဿနာနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များကို သူများထက် ပိုသိနိုင်သောအခြေအနေရှိခြင်း ဖြစ်သည်။ ထို့အပြင် သူ့၌ ပြဿနာနှင့် ဆက်စပ်ပတ်သက်သည့် ကိစ္စအသီးသီး ဘာသာရပ် အသီးသီးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးချင်းထံမှ အကြံဉာဏ်များကို စုစည်းရယူကာ ပြဿနာအပေါ် ၎င်းတို့အားလုံးထက်ပို၍ ကျယ်ဝန်းမျှတသော အမြင်မျိုးဖြင့် ရှုမြင်သုံးသပ်နိုင်ခွင့် ရှိသည်။

ထို့ကြောင့် သူ့အနေဖြင့် စွန့်စားဆုံးဖြတ်ရခြင်းသည် နောက်လိုက်ငယ်သားများကဲ့သို့ ခေါင်းဆောင်နောက် မျက်စိစုံမှိတ်လိုက်ကာ စွန့်စားရခြင်းမျိုးမဟုတ်ဘဲ အခြေအနေအရပ်ရပ်ကို နံစပ်စွာ သိပြီးမှ အောင်မြင်ရန် အလေးသာသည့်ဘက်သို့ လိုက်၍ စွန့်စားရခြင်းမျိုးသာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ဆုံးဖြတ်ချက်ဟူသည် မှန်သည့်အခါ မှန်၍ မှားသည့်အခါလည်း မှားသွားနိုင်သော သဘောရှိသည်။ မှားလျှင် မိမိဦးဆောင်သောအသင်းအဖွဲ့၏ အကျိုးစီးပွား ထိခိုက်နစ်နာသဖြင့် ယင်းအတွက် အပြစ်တင်ခြင်း၊ ဝေဖန်ခြင်းများ ခံရနိုင်သည်။ တစ်ခါတစ်ရံ မိမိ၏ အနေအထား ထိခိုက်ကျဆင်းသွားတာမျိုးလည်း ကြုံရနိုင်သည်။ သို့သော် အခြေကျပြီးသော ခေါင်းဆောင်မျိုး ဟူသည် တော်ရုံအမှားမျိုးလောက်နှင့်ကား ရာထူးဌာန လျော့ကျရိုးထုံးစံမရှိပေ။ သူသည် ပြဿနာတစ်ရပ်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရဲမည်။ သူ့ဆုံးဖြတ်ချက်အတိုင်း လိုက်နာ ဆောင်ရွက်ကြရန် မိမိအဖွဲ့သားများကို တိတိကျကျ ခိုင်းစေရဲမည်။ သူဆုံးဖြတ်ခိုင်းစေသည့်အရာများထဲတွင် တစ်ခါတစ်ရံ မှားယွင်းတာတွေ ပါချင်ပါနေနိုင်သော်လည်း ပျမ်းမျှအားဖြင့် အမှားထက် အမှန်ကဲမည်ဆိုလျှင်ပင် သူသည် ခေါင်းဆောင်အရာ၌ တည်တံ့နေမည်ဖြစ်သည်။

ခေါင်းဆောင်အရာကို မရရှိစေသော၊ သို့မဟုတ် ရပြီးသည့် ခေါင်းဆောင်အရာ၌ ရေရှည်မတည်စေသော အဓိကအကြောင်းကား ပြတ်ပြတ်သားသားမဆုံးဖြတ်ရဲခြင်း၊ ဆုံးဖြတ်ချက်အတိုင်း စွန့်စားဆောင်ရွက်မှုမပြုဝံ့ခြင်းတို့သာ ဖြစ်ပေသည်။

## ဉာဏ်အမြော်အမြင်ရှိသူ

မည်သူမဆို လျော်ကန်သင့်မြတ်သည့် ရဲဝံ့ယုံကြည်စိတ်မျိုး ဖြစ်ပေါ်ရန်အတွက် မိမိဦးစီးဦးဆောင်ပြုနေသည့် လုပ်ငန်း နယ်ပယ်၌ ကျွမ်းကျင်လိမ္မာသူ၊ အတွေ့အကြုံ ဗဟုသုတ များပြားသူတစ်ဦး ဖြစ်နေရန် လိုပေသည်။

'လောက၌ ဗဟုသုတနှစ်မျိုး ရှိ၏။ တစ်မျိုးကား ကိုယ့်ခေါင်းထဲမှာရှိသော ဗဟုသုတဖြစ်၍၊ နောက်တစ်မျိုးကား ဘယ်နေရာမှာ ရှာလျှင် ဘယ်ဗဟုသုတမျိုး ရနိုင်သည်ဟူ၍ သိသော ဗဟုသုတ ဖြစ်သည်။' ဟူသော စကားတစ်ခွန်း ရှိသည်။

မည်သူမဆို လောက၌ ရှိရှိသမျှဗဟုသုတကို ခေါင်းထဲထည့်ထားရန် မဖြစ်နိုင်။ အလွန်ဆုံး ကဏ္ဍငယ်တစ်ခုလောက် တွင်သာ အလုံးစုံ နှံ့စပ်တတ်သိသူ ဖြစ်နိုင်၏။ တစ်နည်းပြောရလျှင် ပါရဂူမြောက်နိုင်၏။ ပါရဂူဟူသည် သူကျွမ်းကျင်ရာ ကဏ္ဍနယ်ပယ်မှာ ခေါင်းဆောင်ဖြစ်ပေသည်။ ဥပမာ၊ ခွဲစိတ်ပါရဂူသည် ခွဲစိတ်ခန်း၌ ခေါင်းဆောင် ဖြစ်သကဲ့သို့ပင်။

သို့သော် ပါရဂူမြောက်မှ ခေါင်းဆောင်ဖြစ်သည် မဟုတ်။ အထွေထွေ ကျွမ်းကျင်နှံ့စပ်မှုရှိကာ မိမိ၏ နှံ့စပ်မှုကို လုပ်ငန်းတစ်ခု သို့မဟုတ် ဦးတည်ချက်တစ်ခု၌ စုစည်းနိုင်ကည်း ခေါင်းဆောင်အရာကို ရလာနိုင်၏။

ဥပမာ၊ သံမဏိလုပ်ငန်းသမိုင်းတွင် အကြီးအကျယ်ဆုံး ပုဂ္ဂိုလ်ကြီးဖြစ်၍၊ သံမဏိသူဌေးကြီးဟူသောအမည်ဖြင့် ထင်ရှားသော အင်ဒရူးကာနက်ဂျီသည် မည်သည့်ပညာရပ်တွင်မှ ပါရဂူမြောက်သူတစ်ဦး မဟုတ်ခဲ့ပေ။ သူသည် သတ္တုဗေဒပညာရှင် မဟုတ်။ သံမဏိဖော်စပ်နည်းများ သုတေသနပြု ဖော်ထုတ်ခဲ့သည့် တီထွင်သူတစ်ဦးလည်း မဟုတ်။ သို့သော် သူသည် သံမဏိလုပ်ငန်း အကြောင်းကို ယေဘုယျနားလည်၏။ သံမဏိလုပ်ငန်း၏ အနာဂတ် အလားအလာ ကြီးမားလှကြောင်း ကြိုတင်သိမြင်၏။ သံမဏိလုပ်ငန်းကြီးတစ်ခု ထူထောင်မည်ဆိုလျှင် ဘယ်ပုဂ္ဂိုလ်တွေဖြင့် အင်အား စုစည်းရမည်ဆိုတာ သူသိ၏။

တစ်နည်းပြောရလျှင် ကာနက်ဂျီသည် သံမဏိပညာပါရဂူ မဟုတ်သော်လည်း၊ သံမဏိလုပ်ငန်းဆိုင်ရာ ဉာဏ်အမြော်အမြင် ရှိသူဖြစ်၏။ ထို့ကြောင့်ပင် သူသည် သတ္တုဗေဒပါရဂူ၊ သံမဏိပါရဂူ၊ စက်မှုပညာပါရဂူ၊ စာရင်းအင်းပါရဂူ၊ စီမံအုပ်ချုပ်ရေး ပါရဂူ၊ အလုပ်သမားရေးရာ ပါရဂူ၊ ဈေးကွက်ပါရဂူ စသည်များကို စုစည်းကာ သံမဏိလုပ်ငန်းဆိုင်ရာ မဟာဦးနှောက်အဖွဲ့ (Master Mind Group) ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဧရာမသံမဏိလုပ်ငန်းကြီးကို အကောင်အထည်ဖော်နိုင်ခဲ့၏။

ထိုအဖွဲ့ကြီးကို စည်းရုံးတည်ထောင်ခဲ့သည့် သူကိုယ်တိုင်ကမူ မဟာဦးနှောက်အဖွဲ့၏ မဟာဦးနှောက် သို့မဟုတ် ထိုအဖွဲ့ကြီး၏ ခေါင်းဆောင် ဖြစ်လာခဲ့ပေသည်။

## လုပ်ငန်းတာဝန်ခွဲဝေပေးတတ်သူ

သတင်းစာတစ်စောင်ကို ဦးစီးထုတ်ဝေရခြင်းသည် လွယ်ကူသော အလုပ်မဟုတ်။ ထိုနည်းတူ ကုန်တိုက်ကြီးတစ်တိုက် ဖွင့်လှစ် ရောင်းချခြင်းသည်လည်း အလုပ်ကြီးတစ်ခုပင် ဖြစ်၏။ သို့သော် သတင်းစာအမျိုးပေါင်း ရာကျော် ပိုင်ဆိုင်ထားသည့် မဟာထုတ်ဝေသူတွေ၊ အမြို့မြို့ အနယ်နယ်၌ မိမိအမည် တစ်မျိုးတည်းဖြင့် ကုန်တိုက်ခွဲတွေ ရာချီ ဖွင့်လှစ်ထားသည့် မဟာကုန်တိုက် သူဌေးကြီးတွေ၊ စက်မှုလုပ်ငန်း အမျိုးပေါင်းများစွာကို တစ်ဦးတည်း စီမံလုပ်ကိုင်လျက်ရှိသည့် မဟာ စက်မှုလုပ်ငန်းရှင်တွေ ကမ္ဘာ၌ အများအပြားရှိသည်။

သူတို့၏ အရည်အချင်းကား မိမိလက်အောက်လူများကို လုပ်ငန်း တာဝန် ခွဲဝေပေးတတ်ခြင်း ဖြစ်သည်။ သူ့အဆင့်နှင့်သူ လိုအပ်သည့် ဆုံးဖြတ်လုပ်ပိုင်ခွင့်များ ပေးထားမည်၊ ၎င်းတို့၏ လုပ်ကိုင်မှုအသီးသီးအတွက် ၎င်းတို့တွင် တာဝန်ရှိစေသကဲ့သို့ ၎င်းတို့၏ စွမ်းဆောင် အောင်မြင်မှုများအတွက်လည်း ထိုက်တန်သော အကျိုး

ခံစားခွင့်များ ရရှိစေမည်ဆိုလျှင် မိမိလက်အောက်ငယ်သား သို့မဟုတ် မိမိနောက်လိုက် အဖွဲ့သားအုပ်စုသည် တကယ်သွက်လက် ထက်မြက်သော ယန္တရားတစ်ခု ဖြစ်လာကာ ပေးအပ်လိုက်သည့် လုပ်ငန်းတာဝန်မှန်သမျှကို အောင်အောင်မြင်မြင် ဖြေရှင်းဆောင်ရွက်ပေးကြမည် ဖြစ်သည်။

ဤနေရာ၌ အရေးကြီးသည်ကား မိမိနောက်လိုက် သို့မဟုတ် လက်အောက်လူများအကြောင်း ကောင်းကောင်းသိရေးပင် ဖြစ်သည်။ မိမိလက်အောက် လူအသီးသီး၏ အရည်အချင်း အစွမ်းအစ၊ သူ့ရည်မှန်းချက်၊ သူ့ဆန္ဒနှင့် သူ့စိတ်နေစိတ်ထားများကို ကောင်းစွာ သိရှိကာ လုပ်ငန်းတာဝန်အသီးသီးအတွက် အသင့်တော်ဆုံး လူအသီးသီးကို ခွဲဝေအပ်နှင်းမိအောင် သတိပြု ဆောင်ရွက်ရန် လိုပေသည်။

### စံနမူနာပြတတ်သူ

ခေါင်းဆောင်ဆိုသည်က မိမိအဖွဲ့သား နောက်လိုက် ငယ်သားများကိုချည်း မိမိဖြစ်စေချင်တာတွေ နှုတ်ဖြင့်ညွှန်ကြား ခိုင်းစေနေ၍ မပြီး။ အခါအားလျော်စွာလည်း ကိုယ်တိုင် စံနမူနာပြ လုပ်ပြတတ်ရပေမည်။ သို့မှသာ နောက်လိုက်ငယ်သားတို့က သူ့ကို အတုယူကာ သူ့နည်းတူဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အရေးကိစ္စအောင်မြင်မည် ဖြစ်သည်။

ဥပမာ၊ အဘက်ဇန္ဒား –သ– ဂရိတ်။ကမ္ဘာ့ စစ်ခေါင်းဆောင်များထဲတွင် အလက်ဇန္ဒား –သ– ဂရိတ်ကို ယှဉ်နိုင်သူ ရှားလိမ့်မည်။ သူသည် သူ့နောက် ထင်ရှားပေါ်ပေါက်သည့် ဟန်နီဘောလ်၊ ဆီဇာ၊ နပိုလီယံစသည့် စစ်ခေါင်းဆောင်ကြီးများ ကိုယ်တိုင် လေးစားအားကျခဲ့ရသူ ဖြစ်သကဲ့သို့ ယနေ့ခေတ် နိုင်ငံတကာရှိ စစ်ကျောင်းများမှ စစ်ခေါင်းဆောင်လောင်းလျာတိုင်း စနစ်တကျ သုံးသပ်လေ့လာရသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။

အလက်ဇန္ဒားသည် ဖခင်ထံမှ စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားသည့် စစ်တပ်ငယ်တစ်တပ်ကို အမွေရရှိခဲ့ပြီး အရစ္စတိုတယ်ကဲ့သို့သော မဟာပညာကျော်တစ်ဦးထံ၌လည်း ပညာဆည်းပူးခွင့် ရခဲ့၏။

ထိုအခွင့်အရေးများသည် သူ့အား ကြီးကျယ်အောင်မြင်ရေးအတွက် အထောက်အကူပြုခဲ့သည်ကား အမှန်ဖြစ်၏။ သို့သော် သူ၌ ယင်းတို့ထက်ပို၍ အရေးကြီးသော ပင်ကိုအရည်အသွေး တစ်ရပ် ရှိနေခဲ့၏။ ယင်းကား နောက်လိုက်နောက်ပါတို့ စံနမူနာ ယူစရာ လုပ်ရပ်များ စွမ်းဆောင်ပြတတ်ခြင်း ဖြစ်သည်။

ဖခင်ဘုရင်ဖိလစ် လုပ်ကြံခံရပြီးနောက် အလက်ဇန္ဒားသည် အသက် ၂၀ မပြည့်မီမှာပင် မာစီဒိုးနီးယားပြည်ကို အစိုးရသောမင်း ဖြစ်လာခဲ့သည်။ မင်းဖြစ်စတွင် သူအမွေဆက်ခံရသည့် အင်ပါယာ အနှံ့အပြားမှ ပုန်ကန်ခြားနားကြသူတို့ကို လှည့်ပတ်နှိမ်နင်းကာ မိမိလက်အောက်တွင် ငြိမ်ဝပ်စေပြီးနောက် အင်ပါယာကို ဖခင်လက်ထက်ကထက် အဆများစွာ တိုးတက်ကျယ်ဝန်းအောင် ချဲ့ထွင်ခဲ့သည်။

အင်ပါယာ တည်ဆောက်ရေးတိုက်ပွဲများ တစ်လျှောက်တွင် အလက်ဇန္ဒားသည် စစ်ဆင်စစ်တက် သေနင်္ဂဗျူဟာများ ချမှတ်ကာ နောက်ပိုင်းက ကြီးကြပ်ကွပ်ကဲမနေ၊ ကိုယ်တိုင်ရှေ့မှချီတက် တိုက်ခိုက်သည်ချည်း ဖြစ်သည်။

ဘီစီ ၃၃၄ ခုနှစ် မေလ တစ်ခုသော နံနက်တွင် ဥရောပသား အလက်ဇန္ဒားနှင့် သူ့၏ တပ်ဖွဲ့သည် အာရှကုန်းမြေပေါ် သို့ ပထမဆုံး ချဲ့ထွင်စစ်ဆင်ရန်အတွက် ဒါးဒနဲလ် ရေလက်ကြားကို လှေတပ်ဖြင့် ဖြတ်ကူးခဲ့ကြသည်။ အလက်ဇန္ဒားသည် ရှေ့ဆုံး လှေတော်တွင် လိုက်ပါလာပြီး သောင်စပ်တွင် လှေဦးကပ်သည်နှင့် တစ်ပြိုင်နက် လှံတစ်ချောင်းဆွဲကာ ကုန်းပေါ် လှမ်းပစ်ထည့်လိုက်ပြီးနောက် အာရှမြေပေါ် သို့ အရင်ဆုံး ခုန်ဆင်း ခြေချလိုက်သည်။

ထိုအပြုအမူသည် အလက်ဇန္ဒား၏ နောက်လိုက်များအဖို့ သားစဉ်မြေးဆက် ဂုဏ်ယူပြောဆိုမဆုံးနိုင်သည့် စံနမူနာပြ ခေါင်းဆောင် ပီသသော အပြုအမူတစ်ရပ် ဖြစ်ခဲ့၏။ တစ်ခါ၌လည်း

အိန္ဒိယပြည်ရှိ မြို့ကြီးတစ်မြို့ကို အလက်ဇန္ဒား၏ တပ်များ ဝိုင်းရံကြ၏။ သို့သော် မြို့ရိုးကြီးက အလွန်မြင့်မားသည့်ပြင် အခုအခံ အစီအမံများကလည်း ကောင်းလှသဖြင့် ဝင်ရောက်တိုက်ခိုက်ရန် ခက်နေ၏။ သည်အချိန်တွင်

အလက်ဇန္ဒားသည် အနီးကပ် စစ်သည် သုံးဦးနှင့်အတူ လှေကားရှည်ကြီးတစ်စင်း ဆွဲထောင်ကာ မြို့ရိုးပေါ် ရုတ်တရက် ကောက်တက်လေသည်။ ထိုနောက် အတွင်းသို့ ခုန်ချကာ ဝိုင်းဝိုင်းလည်နေသော ရန်သူများအား အပြင်းအထန် ထိုးနှက် တိုက်ခိုက်သည်။ သို့သော် မကြာမီပင် မြားရှည်ကြီးတစ်စင်း သူ့ရင်ဘတ်ကို ထိုးစိုက်ထိမှန်ကာ သူ လဲကျသွားသည်။ အဖော် စစ်သည် တစ်ဦးက သူ့ကို ဒိုင်းမိုး၍ ကာကွယ်နေဆဲမှာပင် ခေါင်းဆောင်၏ အံ့ဖွယ်သရဲ ထူးကဲရဲရင့်သော အပြုအမူကြောင့် အကြီးအကျယ် လှုပ်ရှားတက်ကြွသွားခဲ့သည့် မာစီဒိုးနီးယား စစ်သည်များ မြို့ရိုးတွင်း အတင်းစုပြုံ ဝင်ရောက်လာကာ တစ်မြို့လုံးကို တရကြမ်း တိုက်ခိုက်ချေမှုန်းကြလေသည်။

တိုက်ပွဲပြီးဆုံးသောအခါ၌ တို့ဘုရင်ကျဆုံးလေပြီလားဟု ပူဆွေးနေသည့် သူ့စစ်သည်များ အားတက်စေရန်အလို့ငှာ အလက်ဇန္ဒားသည် မြားဒဏ်ကို အပြင်းအထန် ခံနေရသည့်ကြားမှပင် လှေတစ်စင်းပေါ်တက်ကာ မြစ်ရိုးတစ်လျှောက် စခန်းချထားသည့် သူ့စစ်သည်များအား လှေပေါ်မှ အားခဲ၍ လက်ပြနှုတ်ဆက်သည်။ ထိုနောက်တွင် သည်ဒဏ်ရာ လောက်နှင့်တော့ ငါမသေသေးပါဘူး ဟူ၍ သက်သေပြသည့်အနေဖြင့် စစ်သည်များအကြား မြင်းစီးပြသည်။ လမ်းအနည်းငယ်ပင် လျှောက်ပြသည်။ စစ်သည်တို့၏ ဝမ်းမြောက်ဟစ်အော်သံ၊ ကောင်းချီး ကြွေးကြော်သံများကား မိုးသို့ ညံလေသည်။

သည်လိုခေါင်းဆောင်မျိုး၌ အသက်ပေးမည့် နောက်လိုက်တပည့်တွေ ပေါ်များလှခြင်းမှာ အံ့သြစရာမဟုတ်တော့။

## မိမိကိုယ်ကို ယုံကြည်သူ

မိမိကိုယ်ကို ယုံကြည်မှုဟူသည်ကား လူတစ်ဦးချင်း၏ စိတ်သဘာဝနှင့် များစွာသက်ဆိုင်၏။

အချို့လူများ၌ အားငယ်စိတ်၊ သူတစ်ပါးကို အားကိုးမှီတွယ်စိတ်၊ အလွှမ်းမိုးခံလိုစိတ်များ ကြီးစိုးနေတတ်၏။ အချို့လူများကား တက်ကြွရွှင်လန်း၏။ နေရာတကာ ဝင်ရောက်ဦးစီးလို၏။ သူတစ်ပါး ဩဇာမခံ ကိုယ့်သဘော အတိုင်းသာ လုပ်ကိုင်ချင်၏။ တစ်ဖန် အချို့လူများသည် လုပ်ငန်းကိုင်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ ကံကြမ္မာနှင့် ပတ်သက်၍လည်းကောင်း၊ အနာဂတ် အလားအလာများနှင့် ပတ်သက်၍လည်းကောင်း အဆိုးဘက် အပျက်ဘက်ကိုသာ တွေးနေပူနေတတ်ကြပြီး အချို့ကမူ အရာရာကို အကောင်းဘက်မှတွေးကာ အကောင်းဘက်သို့သာ မျှော်လင့် နေလေ့ရှိကြ၏။

အားငယ်သူ၊ အဆိုးအပျက်တွေးသူများသည် မိမိကိုယ်ကို ယုံကြည်စိတ် နည်းပါးနေတတ်ကြပြီး အကောင်းမြင်သူ၊ အားတက်ရွှင်လန်းသူတို့ကမူ မိမိကိုယ်ကို ယုံကြည်စိတ် ပြည့်ဝထက်သန်နေတတ်ကြသည်။

ဤသည်မှာ လူ၏ ပင်ကိုစိတ်သဘာဝအရ ကိုယ့်ကိုယ်ကို ယုံကြည်စိတ် နည်းတတ် များတတ်သည့်သဘော ဖြစ်သည်။

သို့သော် စိတ်သဘာဝ ဟူသည်လည်း လေ့ကျင့်ပြုပြင်၍ ရပေသည်။ မိမိ၌ အဆိုးမြင်စိတ်၊ သူတစ်ပါးကို အားကိုးစိတ်တွေ များနေသည်ထင်လျှင် ယင်းတို့ကို သတိပြုထိန်းချုပ် ပယ်ဖျက်နိုင်၏။ အကောင်းဘက်က လှည့်တွေးသော အကျင့်၊ ကိုယ့်သဘော ကိုယ့်အယူအဆအတိုင်း ဖြစ်အောင်လုပ်သောအကျင့်များ ပြုစုပျိုးထောင်လျှင် တဖြည်းဖြည်း မိမိကိုယ်ကို ယုံကြည်စိတ်ရှိသူတစ်ဦး ဖြစ်လာနိုင်၏။

မိမိကိုယ်ကို ယုံကြည်စိတ်သည် လူတစ်ဦးချင်း၏ အရည်အချင်းပေါ်၌လည်း များစွာမူတည်နေပြန်၏။ မည်သူမဆို မိမိကျွမ်းကျင်လိမ္မာသော ကဏ္ဍတွင် ရဲဝံ့ယုံကြည်စိတ်ရှိနေနိုင်ရန် ခဲယဉ်း၏။ အကယ်၍ ယုံကြည်သည်ဆိုလျှင်လည်း ယုံကြည်မှု စစ်စစ်မဟုတ်၊ မျက်ကန်းတစ္ဆေမကြောက်ခြင်းမျိုးသာ ဖြစ်နိုင်၏။

သည်နေရာ၌လည်း အထွေထွေနှံ့စပ်တတ်သိမှုနှင့် လုပ်ငန်း အမြော်အမြင်ရှိမှုသည် အရေးကြီး၏။ လက်အောက်လူများသို့ လုပ်ငန်းတာဝန် ခွဲဝေပေးသည့် အလုပ်ကို ကျွမ်းကျင်လိမ္မာစွာ လုပ်ဆောင်နိုင်လာသည်နှင့်အမျှ လုပ်ငန်းများကို ပို၍ပို၍ ကြီးကျယ်စွာ ချဲ့ထွင်လာနိုင်ပေသည်။

စီမံခန့်ခွဲမှု မကျွမ်းကျင်သူတို့မှာ အလုပ်သေးသေးတစ်ခုနှင့်ပင် ဒေါင်ချာစိုင်းလောက်အောင် အလုပ်များနေတတ်သော်လည်း စီမံခန့်ခွဲတတ်သူ လက်အောက်လူများထံ လုပ်ငန်းတာဝန်များ စနစ်တကျခွဲဝေ ပေးအပ်တတ်သူတို့ကား ဒေါ်လာငွေ ကုဋေပေါင်း ထောင်သောင်းချီသည့် စီးပွားရေး လုပ်ငန်းကြီးမျိုးကို ကြီးမှူးကွပ်ကဲခြင်းမှသည် အပြောကျယ်လှသည့် အင်ပါယာနယ်ပယ်ကို မင်းလုပ် အုပ်ချုပ်ခြင်းအထိ ကြီးကျယ်သော လုပ်ငန်းကြီးများကိုပင် အနားယူချိန် အနားယူမပျက်၊ အပျော်ခရီးထွက်ချိန် အပျော်ခရီးထွက်မပျက် ဣန္ဒြေရရ စီမံဆောင်ရွက်နိုင်ကြပေသည်။

***

ဤကား ခေါင်းဆောင်ဖြစ်လာသူတို့၌ တွေ့ရှိရတတ်သည့် အရည်အချင်းကောင်းများကို သုံးသပ်ဖော်ပြခြင်းဖြစ်၏။

မည်သူမဆို မိမိ၌ နဂိုမူလပါလာသည့် ခေါင်းဆောင်အရည်အသွေး အစအနများကို ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်မည်၊ မရှိသေးသည့် အရည်အသွေးများကိုလည်း မွေးမြူလေ့ကျင့်ရယူမည်ဆိုက တစ်နေ့တခြား တိုးတက်မြင့်မားသော ခေါင်းဆောင်မှုနေရာအဆင့်များ ရရှိလာမည်မှာ မုချဖြစ်ပေသည်။

## ၉ – ဇွဲသမား၏ စွမ်းအား

နည်းနည်းလေး ကိုင်လှုပ်ရုံဖြင့် သစ်သီးတွေ ကြွေလာသော အနေအထားမျိုးတွင် လူတိုင်း တက်ကြွစမြဲ ဖြစ်သည်။ သို့သော် ရေရှည်မှာ အောင်မြင်ဖို့ဆိုသည်က လွယ်ကူတုန်းခဏ လှုပ်ရှားတတ်ရုံဖြင့် မရ။ အခါရာသီ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သာယာစိုပြည်နေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ၊ တစ်သမတ်တည်းသော ဦးတည်ချက်ဖြင့် လှုပ်ရှားရုန်းကန်တတ်မှ ရနိုင်သည်။

တစ်နည်းဆိုရသော် ဇွဲနပဲရှိဖို့ လိုသည်။

မိမိရွေးချယ်ထားသည့်အရာ၌ ကျားကုတ်ကျားခဲ ဇွဲနှင့် လုပ်တတ်ခြင်းကို တခြားဘယ်အရည်အချင်းမှ မယှဉ်နိုင်။ ပညာအခြေခံ သူများထက် နိမ့်ချင်နိမ့်ပါစေ၊ လုပ်ငန်းကျွမ်းကျင်မှုလည်း သာမန်မျှပဲ ဖြစ်ချင်ဖြစ်ပါစေ ထူးကဲသော ဇွဲနပဲသာ ရှိမည်ဆိုက ကိုယ့်ထက် သာသည်ဆိုသူတွေကို ကျော်လွှားအောင်မြင်နိုင်မည် ဖြစ်သည်။

သည်ကနေ့ အောင်မြင်ထင်ရှားနေသူတွေကို ကြည့်ပါ။ ပါရမီရှင် ဥာဏ်ကြီးရှင် (Genius) တချို့ ပါပါမည်။ သို့သော် အများစုကတော့ ဥာဏ်အရာမှာ သာမန်ဟုပင် ဆိုရလိမ့်မည်။ ထို့ပြင် ကျီးနိုယပ်(စ) ဆိုသော ပုဂ္ဂိုလ်များမှပင် အခြောက်တိုက် ဥာဏ်ကြီးခြင်း မဟုတ်ဘဲ မိမိစိတ်ဝင်စားသည့် အရာတစ်ခုတည်းကို စူးစိုက်စွဲမြဲစွာ လုပ်ကိုင်ရင်း ယင်းနယ်ပယ်၌ ထူးချွန်ပြောင်မြောက်လာကြသည့်သဘောကို တွေ့ရလိမ့်မည်။

ပုဂ္ဂိုလ်ကျော် အများအပြားပင် ၎င်းအတိုင်း ခံယူကြသည်။

'ကျွန်တော်ရဲ့ စွမ်းအားဟာ စိတ်ရှည်ဇွဲရှိမှုဆိုတဲ့ အရာတစ်ခုတည်းပေါ်မှာပဲ လုံးလုံးလျားလျား မူတည်ပါတယ်'

သိပ္ပံပညာရှင်ကြီး လူဝီပါစတာက ဆိုခဲ့သည်။

ပြင်သစ်စစ်ဘုရင် နပိုလီယန်ကလည်း

'အောင်ပွဲဟူသည် ဇွဲအကြီးဆုံးသူတို့သာ ပိုင်ဆိုင်အပ်သော အရာဖြစ်သည်' ဟူ၍ ကြွေးကြော်ခဲ့သည်။

သိပ္ပံသမား နိုင်ငံရေးသမားများသာမဟုတ်၊ စာပေသမား အနုပညာသမားများလည်း ဗီဇပါရမီခံထက် 'ဇွဲ' ဆိုတာကို ပို၍ အလေးထားကြသည်။

'ကျွန်တော်က ကမ္ဘာမှာ အတော်ဆုံး၊ အနုပညာပါရမီအရှိဆုံး ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် အောင်မြင်တယ်၊ ဘာကြောင့်လဲ၊ ကျွန်တော်က နောက်မဆုတ်တတ်ဘူး၊ လုပ်စရာရှိတာ လုပ်၊ ဆက်လုပ်၊ ဆက်လုပ်၊ ဆက်လုပ်၊ ကျွန်တော် ဒါပဲ'

အဲဒါ ရုပ်ရှင်သရုပ်ဆောင် စတေလုန်း ပြောသော စကားဖြစ်သည်။

မုန်သည်။ ကြီးကျယ်သော မည်သည့်ကိစ္စမဆို ချက်ချင်းမရ။ စိတ်ရှည်ရှည် ဇွဲရှိရှိလုပ်မှ ရသည်။ ရေတစ်စက်ချင်း နှစ်ရှည်လများ ကျသည့်အခါ ကျောက်တုံးပင် အပေါက်ဟောင်းလောင်း ဖြစ်လာရသည်။ ကျောက်တုံး ဖောက်သည့် ရေပေါက်၏ ဇွဲသတ္တိမျိုးဖြင့် အောင်မြင်ခဲ့သူတွေ လောကထဲမှာ အမြောက်အမြားရှိသည်။ သည်ကနေ့လည်း ရှိသည်။ မနေ့ကလည်း ရှိသည်။ ဟိုးရှေးရှေးတုန်းက ပုံပြင်များထဲမှာလည်း ရှိသည်။

## တောင်ကိုဖြိုမည့် အဘိုးအို

တခါတုန်းက တရုတ်ပြည်မှာ အဘိုးအိုတစ်ယောက် ရှိသည်။ သူ့မှာ တစ်ရပ်တစ်ကျေးသွားမည်ဆိုတိုင်း သူ၏တောင်ဘက်ပိုင်းမှာ ရှိသည့် ဟန်မြစ်ဆီသို့ သွားကာ ထိုကမှတစ်ဆင့် မြစ်ကြောင်းခရီးနှင်ရလေ့ရှိသည်။ သည်ကိစ္စကို အဘိုးအိုမနှစ်သက်။ သူ့ရွာနှင့် ဟန်မြစ်ကြားတွင် မြေပြင်က ညီညာသည်မဟုတ်။ တိုင်ဟန်နှင့် ဝမ်ဝူးဟု ခေါ် သည့် တောင်နှစ်လုံးဖြင့် ဖွဲ့စည်းထားသည့် တောင်တန်းကြီးတစ်ခုက ကြားခံနေသည်။ သည်တောင်တန်းက စတုရန်းမိုင် ရှစ်ဆယ်ခန့် ကျယ်ဝန်းပြီး အမြင့် အတောင်တစ်သောင်းလောက် ရှိသည်။

ခရီးသွားတိုင်း သည်တောင်တန်းကြီးကို ဖြတ်ကျော်နေရတာ အဘိုးအို စိတ်ညစ်သည်။

သို့နှင့် တစ်နေ့မှာတော့ သူ့သားမြေးတွေအားလုံး ခေါ်ပြီး သူ ပြောသည်။

'တို့တွေ စုပေါင်းပြီး ဒီတောင်တန်းကြီးကို ဖြိုကြမယ်၊ ဒါကြီးမရှိတော့ရင် အိမ်နဲ့ ဟန်မြစ်အကြားမှာ အတားအဆီးမရှိ မြေပြန့်လွင်ပြင်ဖြစ်သွားမယ်၊ မင်းတို့ ဘယ်လိုသဘောရသလဲ' မေးတော့ အားလုံးက သဘောတူကြသည်။

ကန့်ကွက်သူဟူ၍ သူ့ဇနီးသည် တစ်ယောက်ပဲ ရှိသည်။

'ရှင်က အသက် ၉၀ နားနီးပြီ၊ ခွန်အားလဲ ရှိတော့တာမဟုတ်ဘူး၊ တိုင်ဟန်နဲ့ ဝမ်ဝူးမပြောနဲ့၊ ကွေဖူးတောင်ကုန်းတောင် ရှင်ဖြိုနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ ဒီတောင်ဖြိုပြီး မြေကြီးတွေ ကျောက်ခဲတွေ ရှင်တို့ ဘယ်နားသွားထားမှတုံး' ဆိုတော့၊ 'မန်ချူးရီးယားတောင်ပိုင်းက ပေချီလီပင်လယ်ကွေ့ထဲ သွားချမယ်' ပြောသူက ပြော၊ 'ဟိုးမြောက်ဘက် ဆိုက်ဗီးရီးယားအထိ သွားပို့မယ်' ဆိုသူက ဆိုသည်။

သို့နှင့် အဘိုးအိုက သူ့သားမြေးသုံးယောက်နှင့်အတူ တောင်ဖြိုသော အလုပ်ကို စတင်သည်။ မြေကြီးတွေ ကျောက်တုံးကျောက်ခဲတွေကို တောင်းများနှင့်ထည့်ပြီး ပင်လယ်ကွေ့ဘက်သို့ သယ်ကြသည်။ အဘိုးအို၏ အိမ်အနီးမှ မုဆိုးမ၏သား ငယ်သွားလဲခါစ ကောင်လေးကလည်း သူတို့နှင့်အတူ လိုက်၍ သယ်ပေးသည်။

သည်လို လုပ်ကိုင်နေကြသည့်အချိန် သူတို့အနီးအနားတွင် နေသည့် ပညာဗဟုသုတရှိသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးက အဘိုးအိုအား ပြောသည်။

'ဘာမှအဓိပ္ပာယ်မရှိတဲ့အလုပ်ကို အဘိုးလုပ်နေတာပဲ၊ အဘိုးအသက်အရွယ်နဲ့ ရှိစုမဲ့စု ခွန်အားနဲ့ ဒီတောင်ကို ဘာသွားလုပ်လို့ ရမှာလဲ၊ အပေါ်ယံလေးတောင် ခြစ်လို့ရမှာမဟုတ်ဘူး၊ ဒီလောက်မြေကြီးတွေ ကျောက်တုံး ကျောက်ခဲကြီးတွေ ဘယ်လိုလုပ်မလဲ' မြေကြီးတွေ ကျောက်တုံးကျောက်ခဲကြီးတွေ ဘယ်လိုလုပ်မလဲ'

အဘိုးအိုက သက်ပြင်းချသည်။ ပြီးလျှင် ပြတ်ပြတ်သားသား စကားဆိုသည်။

'အေး၊ အဲဒါကတော့ မောင်ရင့်စိတ်ထဲက မပြတ်သားလို့ပဲ၊ တကယ်ပြတ်သားပြီ၊ သန္နိဋ္ဌာန်ခိုင်မာပြီဆိုရင် ဘယ်အရာမှ လာတားလို့ မရဘူးကွ၊ လောလောဆယ်တော မုဆိုးမသားလေးက မင်းထက် အများကြီးတန်ဖိုးရှိပါတယ်၊ ငါသေရင် ငါ့သားသမီးတွေ ဆက်လုပ်ကြလိမ့်မယ်၊ အဲဒီနောက် သူတို့ရဲ့သားတွေ မြေးတွေ၊ တီတွေ ကျွတ်တွေ ဆက်လုပ်သွားကြလိမ့်မယ်၊ ငါးသားမြေး အစဉ်အဆက်တွေက အဆုံးမရှိ ဆက်ပြီး ပွားများလာကြမှာ၊ ဒီတောင်က ကြီးလာမှာ မဟုတ်ဘူး၊ တစ်နေ့ကျရင် ဘာကြောင့် ပြောင်မသွားနိုင်ရမှာလဲ'

ပညာရှိပုဂ္ဂိုလ် ပါးစပ်အဟောင်းသားနှင့် ငိုင်သွားသည်။ သူငိုင်ရုံမက တောင်မှာနေသည့် နဂါးမင်းလည်း ထိတ်လန့်သွားသည်။ ငါ နေတဲ့တောင်ကို အပြောင်ရှင်းမလို့ဆိုပါကလား၊ မဖြစ်ချေဘူးဟု ဆိုပြီး ဘုရားသခင်ထံ အပြေးအလွှားသွားကာ သည်ကိစ္စ ဖြေရှင်းပေးပါရန် လျှောက်ထားတောင်းပန်းသည်။

အဘိုးအို၏ ရိုးဖြောင့်သောစိတ်ထားနှင့် ကြီးမားသောဇွဲသတ္တိကို မြင်သည့် ဘုရားသခင်က စေတမန်နှစ်ဦးကို ခေါ်ပြီး တောင်တစ်တောင်အား ဆူတန်နယ်သို့၊ အခြားတောင်တစ်တောင်အား ယွန်နန်နယ်သို့ ရွှေ့ပြောင်းစေရာ ထိုနေ့မှစ၍ ဇွဲကြီးသော အဘိုးအို၏ ရွာနှင့် ဟန်မြစ်အကြားတွင် တောင်တန်းအတားအဆီးမရှိ မြေပြင်ပကတိ ဖြစ်သွားလေတော့သည်။

***

ဤသည်က တရုတ်ရိုးရာပုံပြင်တစ်ပုဒ် ဖြစ်ပါသည်။ ဇွဲသမားကို မသိကျိုးကျွန်ပြု၍မရကြောင်း ဖော်ပြသည့် အလားတူ ပုံပြင်မျိုး ရုရှားတို့မှာလည်း ရှိသည်။ စာရေးဆရာကြီး တော်စတွိုင်းရေးသည့် အဲသည့်ပုံပြင်က သည်လို ဆိုသည်။

**ရေနတ်ဘီလူးနှင့် ပုလဲရတနာ**

တစ်ခါ၌ လူတစ်ယောက်သည် ပင်လယ်ထဲ လှေနှင့် သွားရင်း အဖိုးတန်ပုလဲတစ်လုံး ရေထဲ မတော်တဆ လွတ်ကျသည်။

ကျသည်ဆိုလျှင်ပင် ကမ်းသို့တရကြမ်းလှော်ကာ ကမ်းစပ်ရောက်လျှင်ရောက်ချင်း ပြေးဆင်းပြီး ရေပုံးတစ်လုံးယူ၍ ပင်လယ်ရေတွေ ခပ်ထုတ်သည်။သုံးရက်လုံးလုံး ပင်လယ်ရေတွေ ခပ်လိုက် ကုန်းပေါ်ဝေးဝေး တစ်နေရာ သွားသွန်လိုက် ဆက်တိုက်လုပ်ရာ လေးရက်မြောက်နေ့တွင် ပင်လယ်မှာနေသည့် ရေနတ်ဘီဘူး ထွက်လာပြီး ဘာအတွက်

ပင်လယ်ရေတွေ ခပ်ထုတ်နေရသနည်းဟု မေးလေသည်။

'ကျွန်တော့်ပုလဲတစ်လုံး ရေထဲကျသွားလို့ပါ'

ပုဂ္ဂိုလ်က ဖြေသည်။

'ခင်ဗျား ဘယ်တော့ရပ်မှာလဲ'

'ရေခန်းလို့ ကျွန်တော့်ပုလဲ ပြန်တွေ့မှပဲ ရပ်နိုင်မှာပေါ့ဗျ'

ပုဂ္ဂိုလ်က ပြန်ဖြေသည့်အခါ ရေနတ်ဘီလူး ချာခနဲလှည့်ပြီး ပင်လယ်ထဲ ဆင်းသွားသည်။ ရေထဲကျသွားသည့် ပုလဲလုံးကို တွေ့အောင်ရှာခဲ့ပြီး ပုဂ္ဂိုလ်လက်ထဲ ထည့်သည်။

'ကဲ၊ ကျေနပ်ပြီလား' တဲ့။

ရေနတ်ဘီလူးက ဆိုလေသည်။

***

ဇွဲသမားတွေက သူများနှင့် စဉ်းစားပုံ စဉ်းစားနည်းကအစ ကွာခြားတတ်သည်။ သူတို့က စိတ်ရှည်။ အလုပ်လုပ်လျှင် အမြန်ဆုံးပြီးစီးဖို့ထက် သေချာပေါက်အောင်မြင်မည့်နည်းကိုပဲ သူတို့ရွေးတတ်သည်။

ဒုတိယကမ္ဘာစစ် ခေတ်ကာလလောက်က ထင်ရှားခဲ့သော နိုင်ငံအကြီးအကဲ သုံးယောက်အကြောင်း ပုံပြင်တစ်ပုဒ် ရှိသည်။ ၎င်းတို့၏ စိတ်ဓာတ်စရိုက်များအကြောင်း ပြောသည့် ပုံပြင်။

ရေကန်ထဲက ငါးမန်း

ရေကူးကန်နံဘေး မြက်ခင်းပြင်မှာ ပုဂ္ဂိုလ်ကြီးသုံးယောက်အတွက် ညစာစားပွဲ တည်ခင်းထားသည်။ ရေကူးကန်ထဲမှာ ငါးမန်း တစ်ကောင် ကူးခတ်လျက်ရှိသည်။

ပုဂ္ဂိုလ်ကြီးသုံးယောက် ကမ္ဘာ့ပြဿနာတစ်ရပ်ကို ဆွေးနွေးတိုင်ပင်ရာက လုပ်နည်းလုပ်ဟန်နှစ် စပ်လျဉ်း၍ အငြင်းပွားကာ 'ဒီရေကူးကန်ထဲက ငါးမန်းကို ဖမ်းပါဆိုရင် ခင်ဗျားဘယ်လိုဖမ်းမလဲဗျာ' ဟူ၍ တစ်ယောက်နှင့် တစ်ယောက် စိန်ခေါ် သည့်အဆင့်ထိ ရောက်သွားသည်။

ငြင်းခုံရင်းက ဗြိတိန်ဆို ပုဂ္ဂိုလ်ကြီးတစ်ယောက် ရေကန်ထဲဒိုင်ဗင်နှင့် ရောက်သွားသည်။ သူက အသတ်အပုတ် အလွန် ဝါသနာပါသူ။ ရေထဲမှာ ငါးမန်းကို အတင်းလိုက်ဖမ်းပြီး ဓားနှင့် ထိုးရန် ကြိုပမ်းသည်။ ငါးကလည်း ရှောင်ရမည့်သူဟု သဘောပေါက်ဟန်တူသည်။ ကန်ထဲ လှည့်ပတ်ပြေးသည်။ နောက်ဆုံးတော့ ပုဂ္ဂိုလ်ကြီး အမောဆို့ကာ ကန်နံဘေး တွားတက်လာသည်။

သူ့အလှည့်ပြီးတော့ နောက်ပုဂ္ဂိုလ်တစ်ယောက်။

သူက ခါးကြားမှ သေနတ်ကို ဆွဲထုတ်ကာ ရေထဲ တဒိုင်းဒိုင်း လိုက်ပစ်သည်။ ကျည်ဆန်သာကုန်သွားသည်၊ ရုပ်၍ပင် မထိ။

'ကဲ၊ ခင်ဗျားအလှည့်'

ပထမလူနှစ်ယောက်က တတိယပုဂ္ဂိုလ်အား ပြောလိုက်သည်။ ပုဂ္ဂိုလ်ကြီး စားပွဲပေါ်မှ ဇွန်းတစ်ချောင်းယူ၍ ရေကန်နားကပ်သွားသည်။ ကန်ထဲက ရေတွေကို တစ်ဇွန်းချင်းခပ်ကာ မြက်ခင်းပေါ် ပက်ထုတ်သည်။

'ဘာလုပ်တာလဲဗျ' ဝိုင်းမေးကြသည့်အခါ ပုဂ္ဂိုလ်ကြီးက ပြုံး၍ ဆိုသည်။

'ရေတွေ ခပ်ထုတ်နေတာလေ၊ ကျုပ်နည်းက နည်းနည်းတော့ အချိန်ပေးရတယ်၊ ဒါပေမဲ့ သေချာတယ်၊ ခင်ဗျားတို့ ငါးဘယ်ပြေးမလဲ' ဟူ၍

***

ရုတ်တရက်တော့ ရယ်စရာလိုလို၊ ယုံတမ်းပုံပြင်များလိုလို။

ကယ်ရီကေးချား (caircature) ရုပ်ပြောင်းများမှာလို မိမိ ပြချင်သည့်အချက် ထင်ရှားအောင် လွန်လွန်ကဲကဲ ချဲ့ထွင်ပြီး ပြသဖြင့် အဲသလိုထင်ရတတ်ခြင်း ဖြစ်သည်။

သို့သော် တကယ်လက်တွေ့၌ ဖွဲ့သမားနှင့်ယှဉ်ရလျှင် မည်သူမျှ မရယ်နိုင်။ ပုံပြင်လို သဘောမထားနိုင်။ သဘောမတူသူတွေက သူ့အား တစ်ယ်၊ တစ်ဇောက်ကန်း၊ စဉ်းစားဉာဏ်နည်းသူ၊ ခေါင်းမာသူ၊ အရူး စသဖြင့် သမုတ်ကြလိမ့်မည်။

သဘောတူသူတွေက ကြိုးစားသူ၊ ဝီရိယကောင်းသူ၊ မိမိအလုပ်တွင် စွဲမြဲထက်သန်သူ၊ နောက်မဆုတ်တမ်း ကြိုးပမ်းသူ၊ ကျားကုတ်ကျားခဲသမား စသဖြင့် သတ်မှတ်ခေါ်ဝေါ်ကြလိမ့်မည်။ မည်သို့ခေါ် သည်ဖြစ်စေ၊ ဖွဲ့သမားကား အဆီးအတား မှန်သမျှကို ကျော်လွှားအနိုင်ယူသွားမည်။ မိမိထက် အင်အားကြီးသူတွေကိုလည်း မိမိဖွဲ့သတ္တိရှေ့မှောက်၌ စိတ်ကျအားငယ်ကာ နောက်ဆုတ်အရှုံးပေးသွားစေမည် ဖြစ်သည်။

ဖွဲ့သမားတို့၌ သူတစ်ပါးကို လွှမ်းမိုးနိုင်သော တန်ခိုးစွမ်းအားရှိပုံကို အောင်မြင်ရေးသဘောတရားပါရဂူ နပိုလီယန်ဟေးလ်က သူ၏ ထင်ရှားလှသော Think and Grow Rich ကျမ်းတွင် ဤသို့ ရေးခဲ့သည်။

**အမေက ပိုက်ဆံငါးမူးပေးလိုက်ပါတဲ့**

အသက်အားမခံသူဌေး အာရ်ယူဒါဘီ ပြောပြသည့် သူ ငယ်စဉ်က အတွေ့အကြုံတစ်ရပ်အကြောင်းကို ဟေးလ်က ဤသို့ ထပ်ဆင့် တင်ပြခြင်း ဖြစ်ပါသည်။

***

တစ်နေ့ နေ့လယ်၌ ဒါဘီသည် ဦးလေးဖြစ်သူအား စက်ရုံ၌ ဂျုံမှုန့်ကြိတ်ရာတွင် ကူညီလျက်ရှိ၏။ သူ၏ ဦးလေးသည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်လျက်ရှိ၏။ သူ၏ မြေလယာပေါ်၌ လယ်သီးစား လူမည်းလုပ်သား အတော်များများ နေထိုင်ကြ၏။

သူတို့ တူဝရီး ဂျုံကြိတ်နေစဉ် ကြိတ်စက်ရုံ အခန်းတံခါး အသာပွင့်သွားပြီး လူမည်းကလေးငယ် တစ်ယောက် အခန်းထဲ ဝင်လာသည်။ လယ်သီးစား တစ်ယောက်၏ သမီးလေး။ ကောင်မလေးက တံခါးအနီးမှာပင် ရပ်နေသည်။

ဒါဘီ၏ ဦးလေးက လှည့်ကြည့်ပြီး ကောင်မလေးကို မြင်တော့ လေသံထန်ထန်ဖြင့် လှမ်းမေးသည်။

'ဘာကိစ္စလဲဟေ့'

မိန်းကလေးက ကျိုးနွံစွာပင်ဖြေသည်။

'အမေက ပိုက်ဆံငါးမူး (ဆင့်ငါးဆယ်) တောင်းခိုင်းလိုက်လို့ပါ'

'မပေးနိုင်ဘူးကွ၊ သွား ... အိမ်ပြန်'

ဦးလေး ဒါဘီက ငေါက်လွှတ်သည်။

'ဟုတ်ကဲ့ရှင့်'

ကောင်မလေးက ဆိုသည်။ သို့သော် နေရာမှတော့ မရွေ့။

ဦးလေးဒါဘီ သူ့အလုပ် သူဆက်လုပ်သည်။ အလုပ်ထဲ အာရုံဝင်နေသဖြင့် ကောင်မလေး ပြန်မသွားသေးတာကို သူသတိမထားမိ။ အတော်ကြာတော့မှ ပြန်လှည့်ကြည့်မိကာ ကောင်မလေး ရပ်နေသေးတာမြင်ပြီး လှမ်းအော်သည်။

'ဟေ့၊ အိမ်ပြန်လို့ ပြောတာ မကြားဘူးလား၊ သွားစမ်း၊ ငါတုတ်နဲ့ ကောက်ရိုက်ပစ်လိုက်မယ်'

ကောင်မလေးက 'ဟုတ်ကဲ့ရှင့်' ဟု ဆိုပြန်သည်။ သို့သော် နည်းနည်းလေးမှတော့ မရွေ့။

ဦးလေးဒါဘီ ကြိတ်စက်ကတော့ခွက်ထဲ လောင်းထည့်တော့မည့် ဂျုံအိတ်ကို ပြန်ချကာ စည်စပ်ပျဉ်တစ်ချောင်း ကောက်ကိုင်ပြီး ကောင်မလေးဆီ လျှောက်သွားသည်။ မျက်နှာက တကယ်ဆော်တော့မည့် အသွင်အပြင်မျိုး။

ဒါဘီ အသက်ပင် မရှူနိုင်ဘဲ ကြည့်နေမိသည်။ မမြင်ဝံ့စရာတွေ မြင်ရတော့မှာပဲဟုလည်း တွေးနေမိသည်။ သူ့ဦးလေး ဒေါသကို သူသိသည်။

သို့သော် ကောင်းမလေးရပ်နေသည့်အနား သူ့ဦးလေး ရောက်သွားသည့်တိုင် ကောင်မလေးက နောက်မဆုတ်။ ရှေ့သို့သာ ခြေတစ်လှမ်း မြန်မြန်လှမ်းလိုက်ပြီး ဦးလေးမျက်နှာကို မော့ကြည့်ကာ အလန့်တကြား အသံစူးစူးဝါးဝါးနှင့် ဟစ်အော်သည်။

'အမေက ပိုက်ဆံငါးမူးရအောင် တောင်းခဲ့တဲ့'

ဦးလေး ဒါဘီ တုံ့ခနဲ ရပ်သွားသည်။ ကောင်မလေးကို အတော်ကြာအောင် စိုက်ကြည့်နေသည်။ ထို့နောက် စည်စပ်ပျဉ်ချပ်ကို ကြမ်းပေါ်ဖြည်းညင်းစွာ ချသည်။ ပြီးလျှင် အိတ်ထဲမှ ငါးမူးစေ့တစ်စေ့ ထုတ်ယူပြီး ကောင်မလေးကို ပေးသည်။

ကောင်မလေး ပိုက်ဆံကို ယူပြီး နောက်ဘက်တံခါးဝဆီသို့ ဖြည်းဖြည်းချင်း ဆုတ်သည်။ သူ့မျက်လုံးများကတော့ သူ လတ်တလော အနိုင်ရထားသည့် ပုဂ္ဂိုလ်ကြီးထံမှ လုံးဝမခွာ။ ကောင်မလေး ပြန်သွားပြီးသည့်နောက်တွင် ဦးလေး ဒါဘီ သေတ္တာတစ်လုံးပေါ်မှာ ထိုင်ကာ ပြတင်းဝမှ အပြင်သို့ ဆယ်မိနစ်မက ကြာအောင် ငေးနေမိသည်။

သူအပြတ်အသတ် အရေးနိမ့်ခဲ့ရသည့် ရင်ဆိုင်ပွဲအကြောင်း အံ့သြတုန်လှုပ်စွာ စဉ်းစားတွေးတောမိနေခြင်း ဖြစ်သည်။

ဒါဘီကိုယ်တိုင်လည်း သူ့မျက်စိရှေ့မှောက်မှာ ရုတ်တရက် ဖြစ်ပွားခဲ့သည့် သည်အဖြစ်အပျက်အပေါ် သေချာစွာ စေ့ငုဆင်ခြင် မိခဲ့သည်။

သူ့ဘဝသက်တမ်း တစ်လျှောက် လူမည်းကလေးငယ်တစ်ယောက်က လူဖြူလူကြီး တစ်ယောက်ကို သည်လို ရေရေလည်လည် အနိုင်ယူ စိုးမိုးသွားတာမျိုး မတွေ့စဖူးခဲ့။

သည်မိန်းကလေး ဘယ်လိုလုပ်သွားခဲ့သလဲ။ အင်မတန် ခက်ထန် ကြမ်းကြုတ်သည့် သူ၏ဦးလေး။ အဘယ်ကြောင့် သိုးတစ်ကောင်လို ရိုသေကျိုးနွံသွားရသလဲ။ အရှင်သခင် အနေအထားမျိုး ရောက်အောင် သည်မိန်ကလေး ဘယ်လို တန်ခိုးစွမ်းအားတွေ အသုံးပြုသွားခဲ့သလဲ။

သည်သဘော မေးခွန်းမျိုးတွေ ဒါဘီ့ခေါင်းထဲ ဝင်ရောက်ခဲ့သည်။ သို့သော် ထိုစဉ်က သူအဖြေမရခဲ့။ နောက်နှစ်ပေါင်းများစွာ ကြာခဲ့ပြီးသည့်အခါတွင်မှ အဖြေကို သူရှင်းရှင်းမြင်တွေ့ခဲ့သည်။

အဖြေကား လူမည်းမလေး၏ နောက်မဆုတ်တတ်သော စိတ်ဓာတ်ပင်တည်း။ ဘယ်လိုအန္တရာယ်မျိုးတွေ ကြုံရသည်ဖြစ်ပါစေ သူကတော့ နောက်ဆုတ်မည်မဟုတ်ဟု ပြတ်သားထားသော လူမည်းမလေး၏ ဖွဲ့သတ္တိမှာ ကြီးမားသော အရှိန်အဝါ ရှိနေသည်။ သည်အရှိန်အဝါဒဏ်ကို ဦးလေးဒါဘီ တင်းခံနိုင်စွမ်း မရှိခဲ့။ လူမည်းမလေးကို သူအညံ့ခံ အရှုံးပေးခဲ့ရသည်။

***

ဤသို့လျှင် ဖွဲ့သမားတို့သည်၊

အမေတောင်းခိုင်းသည့် ပိုက်ဆံငါးမူးကို ရအောင် တောင်းလိမ့်မည်။ ရေကန်ထဲက ငါးမန်းကို အမိဖမ်းလိမ့်မည်။ ပင်လယ်ထဲ ကျသွားသော ပုလဲလုံးကို ပြန်ရအောင် ဆယ်ယူလိမ့်မည်။ ဧရာမတောင်တန်းကြီးကိုလည်း မြေပြန့်လွင်ပြင် ဖြစ်အောင် ရှင်းလင်းပစ်လိမ့်မည်။

ဖွဲ့သမားတို့အတွက် မဖြစ်နိုင်သောအရာဟူသည် မရှိ။

## ၁၀ – ဂျီးနိယပ်(စ) (သို့မဟုတ်) ပါရမီရှင်ပုဂ္ဂိုလ်ထူး (၂)

ဂျီးနိယပ်(စ) (Genius) ဆိုသောစကားကို ငယ်ရွယ်စဉ်မှာပင် စတင်ကြားဖူးကာ ကျွန်တော် စိတ်ဝင်စား သွားခဲ့သည်။

အဘိဓာန်မှာ လိုက်ရှာတော့ ဂျီးနိယပ်(စ)ဆိုသည်မှာ ပါရမီရှင်၊ ဉာဏ်ကြီးရှင် ဆိုသော ပုဂ္ဂိုလ်မျိုးကို ခေါ်ကြောင်း၊ အဲသည့်ပုဂ္ဂိုလ်မျိုးမှာ ရှိတတ်သည့် သူတကာထက် ထူးကဲသော ဉာဏ်မျိုးကိုလည်း ဂျီးနိယပ်(စ)ဟုပင် သုံးနှုန်းကြောင်း သိရသည်။

အဓိပ္ပာယ်သိပြီးနောက်မှာ ဂျီးနိယပ်(စ)ဆိုတာကို ကျွန်တော် သဘောကျသွားခဲ့သည်။ ငါသာ ဂျီးနီယပ်(စ) ဖြစ်ရရင် သိပ်ကောင်းမှာပဲ။

သို့သော် ဂျီးနိယပ်(စ)ဆိုတာ မွေးကတည်းက ကုသိုလ်ကံပါလို့ ဖြစ်တာလား၊ နောက်မှ လိုက်ဖြစ်ချင်တဲ့လူတွေ ဖြစ်လို့ရသလား၊ ကျွန်တော် မစဉ်းစားတတ်။

***

မှတ်မှတ်သားသား လွန်ခဲ့သော ၁၀ နှစ်ခန့်က စကားဝိုင်းတစ်ခုတွင် ကဗျာဆရာကြီးတစ်ယောက်က ထင်ရှားသော သူ့မိတ်ဆွေ ကဗျာဆရာကြီးတစ်ယောက်နှင့် စပ်လျဉ်း၍ 'ကို ..... က ဂျီးနိယပ်(စ)ဗျ' ဟု မှတ်ချက်ချပြီးနောက် 'ကျွန်တော်လဲ ဂျီးနိယပ်(စ)' ဟု သူ့ ကိုယ်သူပါ တစ်ဆက်တည်း ဂျီးနိယပ်(စ)စာရင်းထဲ ဖြည့်စွက်ထည့်သွင်းလိုက်တာ ကျွန်တော်ကြားရဖူးသည်။

ဂျီးနီယပ်(စ) အခေါ်ခံချင်သူတွေ ကျွန်တော်တို့ဝန်းကျင်မှာ အတော်များများ ရှိနေပုံပင်။ ကျွန်တော်တို့ဆီမှာ တင်လား။ မဟုတ်ပါ။ နိုင်ငံတကာ စာနယ်ဇင်းများ ဖတ်လျှင် Genius ဆိုတာကို အတော်ဖုံးပေါလအော ဖောဖောသီသီ သုံးစွဲနေကြတာ တွေ့ရမည်ဖြစ်သည်။

လူတစ်ယောက် ဘာတစ်ခု ထူးထူးခြားခြား လုပ်ပြလိုက်မည်လဲ။ 'ဟာ၊ ဒီလူက ဂျီးနီယပ်(စ)ပဲ' ဟု မဆိုင်းမတွ ကင်ပွန်းတပ်မည့်သူတွေ အဆင်သင့်။

သချ်ာ ဂျီးနီယပ်(စ)၊

သိပ္ပံ ဂျီးနီယပ်(စ)၊

ဂီတပညာ ဂျီးနီယပ်(စ)၊

သစ်ခွစိုက်ပျိုးရေးမှာ ဂျီးနီယပ်(စ)၊

လူမှုဆက်ဆံရေးမှာ ဂျီးနီယပ်(စ)၊

လိမ်လည်လှည့်ဖျားတဲ့နေရာမှာ ဂျီးနီယပ်(စ)၊

လူတကာ မုန်းအောင်လုပ်တဲ့နေရာမှာ ဂျီးနီယပ်(စ)၊ ဂျီးနီယပ်(စ) မျိုးတွေ စုံလှသည်။

ဂျီးနီယပ်(စ) ဆိုသော စကားလုံးက ဖမ်းစားနိုင်စွမ်း ရှိလှသလို သူ့အဓိပ္ပာယ်က မတိကျမသေချာချင်သောသဘော၊ အတော်လွတ်လွတ်လပ်လပ် ဆွဲဆန့်၍ရသော သဘောလည်း ရှိနေသည်။

ဘာကြောင့်လဲ။

ဂျီးနီယပ်(စ)ကို တိုင်းတာမည့် ပေတံ အတိအကျမရှိသောကြောင့် ဖြစ်သည်။

ပုဂ္ဂိုလ်တစ်ယောက်ကို ဘယ်အချက်တွေ ကြည့်ပြီး ဂျီးနီယပ်(စ) ဟုတ် မဟုတ် ဆုံးဖြတ်မည်လဲ။ ဂျီးနီယပ်(စ)ဟု အများလက်ခံထားနှင့်သူများမှာရော တူညီသော ဘယ်လိုအရည်အချင်းမျိုးတွေ ရှိကြသလဲ။

***

ဂျီးနီယပ်(စ)၏ သဘောသဘာဝကို တိတိကျကျ ဖွင့်ဆိုနိုင်ရန်အတွက် စူးစမ်းလေ့လာကြသူတွေ အတော်စောစောပိုင်းကပင် ရှိခဲ့ကြသည်။

ဥပမာ၊ အင်္ဂလိပ်လူမျိုး စိတ်ပညာရှင် ဆရာဝန်ဟက်ဖလော့(ခ)အဲလစ်၏ 'ဗြိတိသျှ ဂျီးနီယပ်(စ)များ လေ့လာချက်' စာတမ်းသည် ၁၉၀၄ ခုနှစ်တွင် ထွက်ရှိခဲ့သည်။

သို့သော် အဲလစ်အပါအဝင် စောစောပိုင်း လေ့လာသူတို့၏ သုတေသန ပြုချက်များမှာ စူးစူးရှရှမရှိခဲ့။ ဂျီးနီယပ်(စ) အခေါ်ခံရသူတို့၏ အမျိုးအရိုး၊ ဘဝလမ်းကြောင်း၊ နေထိုင်မှု ပုံသဏ္ဌာန် စသည်တို့ကို ခြေရာကောက်ကာ ၎င်းတို့၏ ထူးကဲသော ဥာဏ်ပါရမီဖြင့် ဆောင်ရွက်မှုများသည် ငယ်စဉ်က အမိအဖ၏ အရိပ်ကို ခိုလှုံခွင့်ရခြင်း၊ ၎င်းတို့ကို မွေးဖွားသည့်အချိန်၌ မိဘအသက်အရွယ် ငယ်ရွယ်ခြင်း ကြီးရင့်ခြင်း၊ ငယ်စဉ်က ကျန်းမာခြင်း မကျန်းမာခြင်း၊ သားချင်းများထဲတွင် အကြီးဆုံး အငယ်ဆုံး သို့မဟုတ် အလတ်ဖြစ်ခြင်း၊ အိမ်ထောင်ပြုခြင်း တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် နေထိုင်ခြင်း စသည့်စသည့် ဘဝအကြောင်းခြင်းရာများနှင့် မည်ရွေ့မည်မျှ ပတ်သက်သည့် မပတ်သက်သည်ကို အကဲခတ်သောသဘောမျိုးတွေသာ များခဲ့သည်။

သည်ဘက်ခေတ်တွင်မူ သုတေသနပြုချက်တွေက ပို၍ တိကျ ပိုင်နိုင်လာသည်။ ပို၍လည်း နက်ရှိုင်းကျယ်ပြန့် လာသည်။

ဒါဝင်၊ ဖရွိုက်၊ အိုင်စတိုင်၊ ပီကာဆိုတို့လို သမိုင်းဝင်ထင်ရှား ပုဂ္ဂိုလ်ကြီးများ အပါအဝင် ဂျီးနီယပ်(စ)ကြီးငယ် ရာပေါင်း များစွာကို ခွဲခြမ်းစိတ်ဖြာ လေ့လာကာ ၎င်းတို့၏ စဉ်းစားတွေးတောပုံနည်းလမ်းများက ရိုးရိုးသာမန်လူများနှင့် မည်သို့ကွာခြားသလဲ၊ သူတို့မှာ ဘယ်သို့ ထူးခြားသော စိတ်နေစိတ်ထားနှင့် လူရည် လူသွေးများ ရှိသလဲ ဖော်ထုတ်နိုင်ရန် ကြိုးစားကြသည်။

ပြီး သုတေသနမျှားက ဂျီးနိယပ်(စ)တို့အကြောင်း သိ နားလည်ရုံလောက်တွင် မရပ်။ သိလာတွေ့လာသည့်အချက်များကို လက်တွေ့ အကျိုးရှိအောင် ဘယ်သို့သုံးစွဲမလဲဆိုတာပါ သူတို့စဉ်းစားသည်။ မိဘများ၊ ဆရာများအနေဖြင့် ငယ်စဉ်ကတည်းက အစွမ်းအစ ပြနေသည့် ကလေးငယ်များအား ဂျီးနိယပ်(စ) ဖြစ်လာအောင်၊ ဂျီးနိယပ်(စ)အဆင့်ထိ မဖြစ်လျှင်ပင် သူများတကာထက်တော့ တီထွင်ဖန်တီးမှုစွမ်းအားကောင်းသော ပုဂ္ဂိုလ်ချွန်များ ဖြစ်အောင် ဘယ်သို့ပျိုးထောင်ပေးနိုင်မလဲ သူတို့ နည်းလမ်းရှာလာကြသည်။

ယနေ့အထိကား ပါရမီရှင် ဉာဏ်ကြီးရှင်တွေ မွေးထုတ်ပေးမည့် ဂျီးနိယပ်(စ)သင်တန်းကျောင်းများ မထူထောင်နိုင်ကြသေး။ သို့သော် ဂျီးနိယပ်(စ)ဆိုတာကို အတော်တိတိကျကျ ဖမ်းဆုပ်မိလောက်အောင်ကား အချက်အလက်တွေ အများအပြား သူတို့ သိရှိလာကြပြီ။

အဲသည် ဂျီးနိယပ်(စ)ရေးရာ သုတေသီတို့၏ တွေ့ရှိချက်များကို စူးစမ်းလေ့လာကာ နယူး(စ)ဝိ(ခ) မဂ္ဂဇင်းမှ ရှရွန် ဘက်ကလေနှင့်အဖွဲ့က The Puzzle of Genius အမည်ရှိ ဆောင်းပါး စာတမ်းတစ်ပုဒ် ရေးသားပြုစုခဲ့ရာ ယင်းအထဲမှ စိတ်ဝင်စားဖွယ်အချို့ကို ထုတ်နုတ်ဖော်ပြပါမည်။

***

## ဂျီးနိယပ်(စ) နှင့် I.Q

ဂျီးနိယပ်(စ) ဆိုတဲ့နောက် (Intelligence Quotient) (ဉာဏ်ရည်ပြကိန်း ) ကတော့ မြင့်ရတော့မှာပေါ့ဟု ဆိုကြလိမ့်မည်။ မှန်သည်။ ဂျီးနိယပ်(စ) များသည် ယေဘုယျအားဖြင့် I.Q. မြင့်လေ့ရှိကြသည်။ (သာမန်ဉာဏ်ရည်ရှိသူတို့၏ I.Q. မှာ 90 နှင့် 110 ကြားတွင် ရှိရာ၊ I.Q. 90 အောက်ဆိုလျှင် ဉာဏ်ရည်နိမ့်သူ၊ 110 ထက်ကျော်လျှင် ဉာဏ်ရည်မြင့်သူဟူ၍ ယေဘုယျပြောနိုင်ကြပါသည်။) သို့သော် စမ်းသပ်ချက်များသည် လူတစ်ယောက်၏ စဉ်းစားဉာဏ် ထက်မြက်မှု၊ မထက်မြက်မှုကိုသာ တိုင်းတာပြသနိုင်ပြီး သူ၏ ပညာဗဟုသုတအခြေခံနှင့် လုပ်ငန်းကျွမ်းကျင်မှု ပမာဏတို့ကိုကား ထင်ဟပ်ဖော်ပြနိုင်ခြင်း မရှိပေ။ဗီအိပ်(ချ)ဒီဘွဲ့ရ သချာသမား အများအပြားပင် I.Q. ချင်းယှဉ်က သချာဂျီးနိယပ်(စ) များနှင့် တန်းတူမြင့်မား ကြသော်လည်း တကယ် လက်တွေ့၌ သူလိုငါလို တက္ကသိုလ်ဆရာအဆင့်ထက် တက်မလာကြပေ။ လုပ်ခဲ့ဖူးသမျှ I.Q. စမ်းသပ်ချက်များအရ ကမ္ဘာတွင် I.Q. အမြင့်ဆုံးဟု တွေ့ရှိထားရသူ မာရီလင် ဗော့စ်ဆယ်ဗန့် (Marilyn vos Savant) သည် I.Q. 228 မှတ်ရှိသော်လည်း သူ့ I.Q. နှင့်လိုက်အောင် ထူးခြားသော ဉာဏ်စွမ်းဉာဏ်စ မပြနိုင်ဘဲ Parade မဂ္ဂဇင်း၏ အမေးအဖြေခန်း တာဝန်ခံလောက်သာ ဖြစ်နေခဲ့သည်။

I.Q. မြင့်ရုံသက်သက်နှင့်တော့ ဂျီးနိယပ်(စ) မဖြစ်နိုင်သေးသည့် သဘောပင်။

## ဂျီးနိယပ်(စ) နှင့် တီထွင်ဖန်တီးမှုစွမ်းရည်

ဂျီးနိယပ်(စ) မှန်လျှင် တီထွင်ဖန်တီးမှု စွမ်းရည် မြင့်မားရလိမ့်မည်။ သို့သော် တော်ရုံမြင့်တာလောက်နှင့်တော့ မရသေး။ ကမ္ဘာတုန်သွားသည်ဆိုတာမျိုး မဟုတ်တောင် သက်ဆိုင်ရာ ကဏ္ဍနယ်ပယ်မှာတော့ ရှေ့က အခိုင်အမာ ရှိနှင့်ပြီးသား အရာတွေကို ဖြိုဖျက်ကာ အမြင်သစ် ပုံသဏ္ဍာန်သစ် စံနမူနာသစ်များ ပေးနိုင်သည့် တီထွင်ဖန်တီးမှုမျိုးဖြစ်ဖို့ လိုသည်။

အထူးသဖြင့်မှု အများသိနှင့်ပြီး ပြဿနာကို အဖြေရှာပေးခြင်းမျိုးထက် ပြဿနာအသစ်ကို ဆွဲထုတ်ဖော်ပြတတ်ခြင်းမျိုးဖြစ်ဖို့ လိုသည်။ ရှိပြီးသား လမ်းကြောင်းတွင် သူများထက် ရှေ့တစ်လှမ်းတိုး လျှောက်နိုင်ခြင်းမျိုးထက် လမ်းကြောင်းသစ် ဖောက်ပြီး တက်လျှောက်ပြခြင်းမျိုး ဖြစ်ဖို့လိုသည်။

ဥပမာ၊ စိတ်ပညာရှင်ကြီး ဆစ်ဂမန်ဖရွိုက်အား အိပ်မက်များကို အဓိပ္ပာယ်ဖွင့်သူအဖြစ် အများသိကြ၏။ သို့သော် ဖရွိုက်အား ဂျီးနိယပ်(စ)အဖြစ် အသိအမှတ်ပြုရခြင်းမှာမူ စိတ်ရောဂါ လူနာများ၏ အိပ်မက်များကို ခွဲခြမ်းစိတ်ဖြာ အဓိပ္ပာယ်ရှာကာ ၎င်းတို့၏ စိတ်ဝေဒနာများ ပျောက်ကင်းအောင် ကုစားပေးတတ်ခြင်းကြောင့် မဟုတ်။ အိပ်မက်ဟူသည် မသိစိတ်ထဲတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် အမှတ်သညာများ၊ အစွဲအလမ်းများ၊ အလိုဆန္ဒများကို သင်္ကေတနိမိတ်ပုံများအားဖြင့် သယ်ဆောင်ဖော်ပြပေးသော အရာဖြစ်သည် ဟူသော အယူအဆတစ်ရပ်၊ ပညာ တစ်ရပ်ကို တိတိပပ စတင်ဖော်ထုတ်နိုင်ခဲ့သည့် ထူးခြားသော ဉာဏ်အမြင်ကြောင့်သာ ဖြစ်သည်။

အလားတူ ဂီတဆရာကြီး အာနိုးရှွန်းဘာ့ဂ်အား ဂျီးနိယပ်(စ) ဟု ဆိုရခြင်းမှာလည်း အစဉ်အလာနည်းနားများကို အသုံးပြုကာ သူများထက်ပို၍ ပီပြင်ပြောင်မြောက်သည့် တေးသွားများ သီကုံးရေးဖွဲ့နိုင်ခြင်းကြောင့် မဟုတ်။ သူ့အရင် ရှိနှင့်သည့် အသံရင်း(ကီး ) စနစ် (classical notions of tonality) ကို ချိုးဖျက် ဖောက်ထွက်ကာ ၁၂ သံစနစ် (12-tone serialism) ကို တီထွင် ဖန်တီးပြခဲ့ခြင်းကြောင့် ဖြစ်၏။ ရှိနှင့်ပြီး နမူနာများ နှုန်းစံများကို ဖြိုလှဲကာ အသစ်တွေ သူတို့ ဘယ်လိုဖန်တီးနိုင်ကြသနည်း။ သူတို့ခေါင်းထဲမှာ စိတ်ကူးသစ် စိတ်ကူးဆန်းတွေ ဘယ်သို့ဖြစ်ပေါ်ကြသနည်း။

သည်နေ့ခေတ် ဂျီးနိယပ်(စ) တစ်ဦးဖြစ်သူ ဂီတပညာရှင် ဂျွန်ကိုရီဂလီယာနို၏ ပြောကြားချက်ကို နားထောင်ကြည့်လျှင် သူတို့ခေါင်းထဲက ဖြစ်စဉ်ကို သဘောပေါက်နိုင်မည် ထင်သည်။

'ဆိုပါတော့၊ ကျွန်တော် မကြာခင်က ဂစ်တာ ကန်ရှဲတို (guitar concerto) တေးသွားရှည်ကြီးတစ်ပုဒ် ရေးတဲ့အခါ အစပိုင်းမှာ ကျွန်တော့်ဦးနှောက်ထဲကနေ ဟိုးငယ်စဉ် ကလေးဘဝကတည်းက ခေါင်းထဲဝင်ခဲ့ စွဲခဲ့တဲ့ တေးသွားအစအနတွေ ဟိုတစ်တွဲ ဒီတစ်စ ပြန်ပေါ်လာသမျှ သွန်ချပြီး ဒီအထဲ ထည့်ထည့်ပေးတယ်၊ အဲဒါတွေ တဖြည်းဖြည်း မသိလိုက် မသိဘာသာ စုမိပေါင်းမိ ဖွဲ့စည်းမိပြီး တေးသွားကြီး ဖြစ်ပေါ်လာတာပဲ' ဟူ၍ သူက ဆိုသည်။

ကယ်လီဖိုးနီးယားတက္ကသိုလ်မှ စိတ်ပညာရှင် ဆိုင်မွန်တန်ကတော့ သည်ဖြစ်စဉ်သဘောကို (permutation of mental elements) ဟု သုံးနှုန်းပြောဆိုသည်။ စိတ်တွင်း အခြေခံပစ္စည်းစုံတို့ အစီအစဉ်တစ်ခုဖြင့် ပေါင်းစပ်ဖွဲ့တည်သွားသည် ဆိုသော အဓိပ္ပာယ်ပင်။

စိတ်အဆောက်အအုံထဲတွင် အာရုံပုံရိပ် (image) တွေ ရှိသည်။ စကားလုံးစု (phrase) တွေ ရှိသည်။ ဟိုတစ်စ သည်တစ်စ မှတ်မိသည့်အရာ အတိုအထွာတွေ ရှိသည်။ ဟိုအကြောင်း သည်ကိစ္စရပ်တို့နှင့် စပ်လျဉ်းသည့် အထင်အမြင် အယူအဆတွေ အမှတ်သညာတွေ ရှိသည်။ အသံတွေ ရှိသည်။ ကာရန်တွေ ရှိသည်။

စိတ်အဆောက်အအုံထဲမှာ ရှိသည့် အဲသည်ပစ္စည်းမျိုးစုံတွေသည် အစီအစဉ်အမျိုးမျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းကာ အထွေထွေ အပြားပြားသော စိတ်ကူးစိတ်သမ်းများ ဖြစ်ပေါ်ကြသည်။ ခေါင်းထဲတွင် အာရုံပုံရိပ်များများရှိသူ၊ သူများတကာထက် ဝေါဟာရ စကားလုံးကြွယ်ဝသူ၊ အမှတ်သညာများ တွေးထင်ချက်များ အယူအဆများ ပေါများစုံလင်သူတွေမှာဆိုလျှင် ပို၍ပင် များပြားဝေဆာသော အစီအစဉ်များဖြင့် ပေါင်းစပ်ခွင့်ရကြသည်။

ဥပမာ၊ သင့်မှာ က၊ ခ၊ ဂ၊ အက္ခရာသုံးလုံးရှိသည် ဆိုပါစို့။ ၎င်းတို့ကို အစီအစဉ် ဘယ်နှစ်မျိုးဖြင့် နေရာချထားနိုင်မည်လဲ။ စမ်းကြည့်ပါ။

ကခဂ၊ ကဂခ၊ ခကဂ၊ ခဂက၊ ဂကခ၊ ဂခက၊ စုစုပေါင်း ခြောက်မျိုးသား စီစဉ်တွဲစပ်၍ ရနိုင်သည်။ သည့်ထက် ပိုချင်၍ မရ။ အကယ်၍ နော်ထပ် 'ဃ' တစ်လုံး ပိုကာ လေးလုံးရှိလာသည် ဆိုပါစို့။ အတွဲအစပ်တွေ သည့်ထက်အများကြီး ပို၍ လုပ်နိုင်လာပေမည်။

ကခဂဃ၊ ကခဃဂ၊ ကဂခဃ၊ ကဂဃခ၊ ကဃခဂ၊ ကဃဂဃ၊ ခကဂဃ၊ ခကဃဂ ... ဃကခဂ၊ ဃ ... စသဖြင့်။

ဉာဏ်စွမ်းရည် မြင့်မားသောပုဂ္ဂိုလ်တွေ၊ ဂျီးနိယပ်(စ) ဖြစ်မည့် ပုဂ္ဂိုလ်တွေမှာ ဦးနှောက်တွင်း အခြေခံပစ္စည်းတွေ သူများထက် ပေါကြွယ်ဝသည်။ သည်အခါ အစီအစဉ် အတွဲအစပ်တွေလည်း သူတစ်ပါးထက် များများပို၍ လုပ်နိုင်လာသည်။ သည်အခါ အဲဒါတွေအထဲတွင် ထူးထူးခြားခြား ပြောင်ပြောင် မြောက်မြောက် အတွဲအစပ်တွေ ပါဝင်လာကာ အတွေးသစ် အမြင်သစ် အကြံဉာဏ်သစ်တွေ ဖြစ်လာသည်။ အဆန်းတကြယ် တီထွင်ဖန်တီးမှုတွေအဖြစ် ပေါ်ပေါက်လာသည်။

အဲသည့်အခါ ဟာ–ဂျီးနိယပ်(စ)ပဲဟု အံ့သြချီးကျူးခြင်း ခံရသည်။

ထို့ကြောင့် ဂျီးနိယပ်(စ) ဆိုသည်မှာ ခေါင်းထဲ၌ စပ်စရာ ဟပ်စရာ အများဆုံး ပုဂ္ဂိုလ်တွေဟု ဆိုရမည့်သဘောဖြစ်သည်။

စင်စစ် တချို့စကားလုံးတွေ၏ ရင်းမြစ်ကို လိုက်ကြည့်လျှင်လည်း သည်သဘောအဓိပ္ပာယ်တွေ ထွက်လာတာ တွေ့ရသည်။

ဥပမာ၊ စဉ်းစားသည် (think) (လက်တင်ဘာသာ cogito) ဆိုသော စကားလုံး၌ အတူရောရှု လှုပ်ခါကြည့်သည် (shake together) ဟူသော အဓိပ္ပာယ် ပါသည်။

ဉာဏ်ရည် (intelligence) ဟူသော စကား၏ မူရင်း ဖြစ်သည့် intelligo ၌လည်း အများထဲက ရွေးချယ်သည် (select among) ဟူသော အဓိပ္ပာယ် ပါသည်။

သည်သဘောအရဆိုလျှင် ဂျီးနိယပ်(စ)ဆိုသည်မှာ ရွေးစရာ များများရှိသူ၊ အဲဒါတွေကို ရောနှောစုပေါင်း လှုပ်ခါတတ်သူ ဟူ၍ ဆိုရမည် ဖြစ်သည်။

**အစဉ်အလာမှ ဖောက်ထွက်တတ်ခြင်း**

ဂျီးနိယပ်(စ) တွေ၏ ခေါင်းထဲမှာ အတွေးအကြံအသစ် အဆန်းများ ထွက်တတ်ခြင်းသည် သူတို့၏ ထူးခြားသော စရိုက်လက္ခဏာများနှင့်လည်း သက်ဆိုင်သည်။

သည်ပုဂ္ဂိုလ်တွေသည် အစဉ်အလာမှ ဖောက်ထွက် ဖွဲ့ထွက်တတ်သော အလေ့အထရှိသည်။ အယူအဆတစ်ခုကို အများလက်ခံပြီး ဖြစ်သည်ဟူသော အချက်သက်သက်ဖြင့် လက်မခံ။ စစ်ကြော ဝေဖန်သည်။ မှားသည်ထင်လျှင် ငြင်းဆန်ပယ်ဖျက်မည်။

သိပ်အတွေးခေါင်ရာ ကြောင်ရာရောက်မည်ဟူ၍ တခြားလူတွေ ကျော်သွား ချန်သွားမည့် အတွေးစမျိုးကိုလည်း သူတို့ အလွယ်တကူ မစွန့်ပယ်။ အဲသည့်အတွေးစနောက် လျှောက်လိုက်ရင်း ထူးခြားသော စိတ်ကူးစိတ်သန်းတွေ သူတို့ ရချင်ရတတ်သည်။

ပြီး သိပ္ပံ ဂျီးနိယပ်(စ)များရော အနုပညာ ဂျီးနိယပ်(စ)များပါ များသောအားဖြင့် တစ်ကိုယ်တည်းနေရခြင်းကို နှစ်သက်သည့် အတွင်းစွဲသူ (introvert) များ ဖြစ်တတ်ကြသည်။ သူတို့မှာ ပြင်ပသို့ အာရုံပျံ့လွင့်မှုနည်းသည်ဖြစ်ရာ မပီမသ အတွေးစမျိုးသည်ပင် စိတ်အာရုံထဲ ပေါ်လာမိလျှင် အလွယ်တကူ မလွင့်ပြယ် မပျောက်ပျက်တတ်သော သဘော ရှိသည်။

**အဆက်အစပ်ဝေးသော ဘာသာရပ်နယ်ပယ်များကို ဆက်စပ်စဉ်းစားတတ်ခြင်း**

သိပ္ပံ ဂျီးနိယပ်(စ) များသည် တစ်ခုနှင့်တစ်ခု ဘာမျှ မသက်ဆိုင်ဟု ထင်ရသော အကြောင်းအရာအမျိုးမျိုးကို စိတ်ဝင်စားကာ ယင်းတို့အထဲမှ တူရာတူရာများကို နှီးနွှယ်ဆက်စပ် စဉ်းစားတတ်ကြသည်။

ဥပမာ၊ တီထွင်သူကြီး ဂူတင်ဘတ်သည် ဖဲချပ်များ ပြုလုပ်သည့် ယန္တရား၊ ဝိုင်အရက်ပြုလုပ်ရန် စပျစ်သီးများကို ဖိချေသည့်စက်၊ ဒင်္ဂါးများ၊ ပုံသွန်းပြုလုပ်သည့် ကိရိယာတို့ကို ပေါင်းစပ် ဆင်ခြင်ရာမှ ခဲစာလုံးများ လဲလှယ်အသုံးပြုသော စာပုံနှိပ်စက် ပြုလုပ်ရန် နည်းလမ်းကို မြင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

## သူများထက်ပို၍ ခေါင်းရှုပ်ခံနိုင်သည်

လူအများတို့၏ သဘာဝမှာ ကိစ္စတစ်ခုကို အဖြူလား အမည်းလား၊ အမှန်လား အမှားလား၊ သည်လမ်းလား ဟိုလမ်းလား ရှင်းလင်း သဲကွဲမှ ကြိုက်၏။ ဝိုးတိုးဝါးတား ထွေပြားနေသည့် အနေအထားမျိုး၊ စဉ်းစားစရာတွေ များကာ ရွေးချယ်ရခက်သည့် အနေအထားမျိုးကို သည်းမခံနိုင်ကြ။ မကြိုက်ကြ။

ဂျီးနီယပ်(စ)များကတော့ ဦးနှောက်အလုပ်ရှုပ်သည့်ဒဏ်ကို ခံနိုင်ကြ၏။ စင်စစ် ဦးနှောက်အလုပ်လုပ်ရခြင်းကိုပင် သူတို့နှစ်သက်မွေ့ပျော်ကြ၏။ တောတွင်း အပျော်တမ်း လမ်းလျှောက် ခရီးထွက်သူသည် တောလမ်းကလေးများ ခေါ်ရာနောက်သို့ နှောင့်နှေးဗျာပါမရှိ လိုက်ဘိသကဲ့သို့ ဂျီးနီယပ်(စ) များသည်လည်း အတွေးလမ်းကြောင်း ဦးတည်ရာတစ်လျှောက် လွတ်လပ်စွာ စီးမျောလိုက်ပါမြဲ ဖြစ်သည်။ တစ်နေရာမှာ လမ်းနှစ်မြွာကွဲသွားလျှင် သည်တစ်မြွာကိုလည်း လိုက်ကြည့်မည်။ ဟိုတစ်မြွာကိုလည်း လိုက်ကြည့်မည်။

လမ်းကြောင်းတွေ စုံအောင်လိုက်ကြည့်သည့်အခါ သူများမမြင်တာတွေ သူတို့မြင်လာသည်။ တစ်နယ်စီ တစ်ရွာစီသို့ သွားနေသည့် ထင်ရသည့် လမ်းနှစ်သွယ် တစ်နေရာမှာလာပြီး နီးနွယ်ဆက်စပ်နေသောမျိုးကို သူတို့တွေ့သွားတတ်သည်။

ဥပမာ၊ ရူပဗေဒပညာရှင် အလန်ဂုတ်(သ)သည် သံလိုက်ပိုစွန်း တစ်ခုတည်းပါသည့် အမှုန် (magnetic monopole) များ အကြောင်း စဉ်းစားကြံဆသည်။ သိပ္ပံသမားတို့၏ တွေးဆချက်ထဲက အရာများ (hypothetical particles) သာ ဖြစ်သည့် မြောက်ပိုစွန်း အမှုန်များကို သံလိုက်တောင်ဝင်ရိုးစွန်းနှင့် လုံးဝကင်းကွာအောင် လုပ်ထားလျှင် မည်သို့ဖြစ်မည်နည်းဟူသည်ကို စဉ်းစားရာက လေဟာနယ်အတု (false vacuum) ဆိုသည့် အရာများ အကြောင်း ရောက်သွားသည်။ သူ့အတွေးလမ်းကြောင်းက အမှုန်ရူပဗေဒ (Particla Physics) စကြဝဠာဗေဒ (Cosmology) ကို သွား၍ ချိတ်ဆက်မိခြင်း ဖြစ်သည်။

နယ်ပယ်နှစ်ခုထဲ လူးလာခေါက်တုံ့လျှောက်ပြီးသောအခါ ဇရာမအတွေးကြီးတစ်ခု သူ့ခေါင်းထဲ ပုံပေါ်လာသည်။ Inglation Theory ဟုခေါ် သည့် စကြဝဠာကြီး စတင်ဖြစ်ပေါ်လာပုံဆိုင်ရာ သီဝရီသစ်။

ဂုတ်(သ)၏ သီဝရီသည် သူ့အရင်ရှိနှင့်ပြီးသား သီဝရီများ မထိတို့နိုင်ခဲ့သည့် စကြာဝဠာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့သည်။

## သင်္ကေတများ နိမိတ်ပုံများဖြင့် စဉ်းစားတတ်ခြင်း

ဂျီးနီယပ်(စ)များမှာ မဆက်စပ်သည့် အရာကို ဆက်စပ်ကြည့်တတ်သည့် စွမ်းရည်၊ မတူသည့်အရာနှစ်ခုကို ယှဉ်ကြည့်ကပ်ကြည့်တတ်သည့် စွမ်းရည်များ ဘာကြောင့် သိသိသာသာ ပိုကဲ၍ ရှိတတ်ကြသလဲ စူးစမ်းသည့်အခါ သူတို့၏ ခေါင်းထဲတွင် သင်္ကေတ နိမိတ်ပုံ (metaphor) တွေ သူများထက်ပို၍ ပေါ်လွယ်တတ်ခြင်းသည် အကြောင်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။

သိပ္ပံသမားတွေ သိပ္ပံကိစ္စ တွေးတောကြံဆစဉ် သူတို့ခေါင်းထဲတွင် မြင်သော အာရုံပုံရိပ်များသည် ကဗျာသမား စာသမားတို့ထံမှ ထွက်သည့် အလင်္ကာများနှင့် ဆင်တူသည်။

ဥပမာ၊ စာသမားသည် 'ပညာ' ဆိုသော စိတ္တဇနာမ်မှ 'တန်ဖိုးကြီးမားခြင်း' ဟူသော အရည်အချင်းကိုယူကာ ရုပ်ဝတ္ထုလောကမှ တန်ဖိုးကြီးပစ္စည်းတစ်ခုဖြစ်သည့် 'ရွှေ' နှင့် ယှဉ်ကပ်လျက် 'ပညာရွှေအိုး' ဟူသော ရူပကအလင်္ကာစကားကို ဖန်တီးဖြစ်သည်။

ပညာကို ရွှေအိုးနှင့်တွဲသောအခါ ပညာ၏ 'တန်ဖိုးကြီးမားခြင်း' ဟူသော အရည်အချင်း ထင်လင်းသွားသကဲ့သို့ သိပ္ပံသမားမှာလည်း ခေါင်ထဲရှိ မပီသသေးသော စိတ်ကူးစိတ်သန်းတစ်ခုကို ပြင်ပမှာ အကောင်ဒြပ် ထင်ရှားစွာရှိသည့်

သဘောသဘာဝ ရုပ်ဝတ္ထုတစ်ခုနှင့် ယှဉ်ကပ်မြင်ယောင် လိုက်မိသည့်အခါမျိုးတွင် မပီသသော စိတ်ကူးသည် ထင်လင်းပီပြင်စွာ ပေါ်လာတတ်သည်။

အော်ဂဲနစ်ဓာတုဗေဒ ပညာရှင် တယ်ကူးလေ (F.A. Kekule) သည် ဗင်ဇင်းမော်လီကျူး၏ တည်ဆောက်ပုံကို ကြံဆနေဆဲ ခေါင်းထဲတွင် မပီဝိုးဝါး ရှိဆဲအချိန် မြွေတစ်ကောင် သူ့အမြီးသူ ပြန်ကိုက်နေသည့်ပုံကို အိပ်မက်မက်သလို မြင်ယောင်မိကာ ဗင်ဇင်းမော်လီကျူး၌ ကာဗွန်အက်တမ်ခြောက်ခုတို့ လက်စွပ်တစ်ကွင်း ပုံသဏ္ဍာန် ဆက်စပ်ဖွဲ့တည်နေဟန် (benzene ring) ကို တွေ့ရှိသွားခဲ့သည်။

### အခြားတစ်ပါးသော အာရုံများဖြင့် ခံစားသိမြင်တတ်ခြင်း

ဂျီးနိယပ်(စ)တွေ ခေါင်းထဲမှ အလင်္ကာများ နိမိတ်ပုံများ ထွက်လွယ်လှကြောင်း အခြားပုဂ္ဂိုလ်များ ထောက်ပြပြောဆိုစဉ် သုတေသီ ဟောင်းဝပ်ဂါဒနာက ဂျီးနိယပ်(စ) တို့သည် ကိစ္စရပ်တစ်ခုကို သာမန်အားဖြင့် ယင်းနှင့် မသက်ဆိုင်ဟု ထင်ရသည့် လမ်းကြောင်းများ၊ နည်းလမ်းဟန်ပန်များအားဖြင့် ယှဉ်သုံးစွဲနိုင်စွမ်း ရှိတတ်ကြကြောင်း ဖော်ထုတ်တင်ပြခဲ့သည်။

စင်စစ် သူတို့၏ အာရုံခံစားပုံ၊ ပတ်ဝန်းကျင်အပေါ် ခံယူပုံ၊ တုံ့ပြန်ပုံများသည်ပင် အများသူငါတို့နှင့် ကွဲပြားခြားနား နေတတ်သည်။

ဥပမာ၊ ပြင်သစ်ဂီတပညာရှင် အော်လစ်ဗီယာ မက်ဆီယင်သည် ဂီတသံများကို နားကသာ ကြားသည်မဟုတ်၊ မျက်စိထဲမှာလည်း အရောင်အသွေးများနှင့် မြင်ရလေ့ရှိသည်ဟု ဆိုသည်။

ပန်းချီကျော် ပီကာဆိုကမူ ကလေးဘဝကပင် ဂဏန်း 1, 2, 3, 4 များကို တွေ့လျှင် အရေအတွက်ဆိုတာ သတိမရ၊ ရုပ်ပုံများ အဖြစ်သာ (ဥပမာ၊ သုည (O) ကို မျက်စိ၊ 2 ကို ချိုးငှက်၏ ခေါက်သိမ်းထားသော အတောင်ပံ စသဖြင့်) မြင်နေတတ်သည်ဟု ဆိုသည်။

အလားတူ ကဗျာဆရာကြီး တီအက်(စ) အဲလီယတ် ငယ်စဉ် စကားသင်စအရွယ်၌ စကားပြောသည့်အခါ စကားလုံးတွေသာ လူကြီးများ နားမလည်နိုင်ကြသော်လည်း သူ့စကားများမှာ တက်သံ ကျသံ နရီစည်းဝါးသံတွေတော့ ကျကျနန ပါလေ့ရှိသည်ဟု ဆိုသည်။ အများက ဝေါဟာရများကို ဆက်သွယ်မှုအတွက် အဓိက အသုံးပြုနေကြစဉ် သူက စကားလုံးတို့၏ အသံနှင့် ယင်း၏အာနိသင် (ရသနှင့်ဩဇာ) ကို ထူးထူးကဲကဲ သိမြင်သုံးစွဲနေမိသည့် သဘောပင်။

### အလုပ်ရူးကြီးသူများ

သိပ္ပံဂျီးနိယပ်(စ) များရော အနုပညာဂျီးနိယပ်(စ) များပါ အလုပ်ကို သဲကြီးမဲကြီး လုပ်တတ်ကြသူများ ဖြစ်သည်။

ကမ္ဘာမြေဆွဲအားအကြောင်း စဉ်းစားဖို့အတွက် ပန်းသီးအကြွေကို ထိုင်စောင့်နေသူများ မဟုတ်။ လျှပ်စစ်ဓာတ်အား အကြောင်း စဉ်းစားဖို့အတွက် မိုးဦးကျ လျှပ်ပြက်ချိန်အထိ ထိုင်စောင့်ကြသူများ မဟုတ်။

ဗျာန်ဝင်ချိန် ဥဒေါင်ပွင့်ချိန်မှ အလုပ်ထလုပ်သူတွေသည် ဂျီးနိယပ်(စ) ဖြစ်လာလေ့မရှိ။ 'ဗျာန်က ကိုယ့်ဆီ ရောက်မလာသေးဘူးဆိုရင် ကျွန်တော် လမ်းတစ်ဝက်က ပြေးကြိုတယ်' စိတ်ပညာရှင်ကြီး ဖရွိုက်က ဆိုခဲ့သည်။

ဂီတပါရမီရှင်ကြီး ဘတ်(ခ)လည်း အလားတူပင်။ နေထိုင် မကောင်းသည်ဖြစ်စေ၊ ဘယ်လောက် ညောင်းညာပင်ပန်းသည် ဖြစ်စေ တစ်ပတ်လျှင် တေး (cantata) တစ်ပုဒ်တော့ ပြီးအောင် ရေးဖွဲ့သီကုံးမြဲ ဖြစ်၏။ သည်အထဲမှာ အခြားဂီတပညာရှင်တွေ ရှုးလောက်အောင် ပြောင်မြောက်တာတွေ ပါသလို သူလို ငါလို ရွက်ကြမ်းရေကျိုတွေလည်း ပါ၏။

အလားတူ နှစ်ဆယ်ရာစုအတွင်း အရေးပါဆုံး ကဗျာ တစ်ပုဒ်အဖြစ် သတ်မှတ်ခြင်းခံရသည့် The Waste Land ကဗျာကြီးကို ရေးဖွဲ့စဉ်က ကဗျာဆရာ တီအက်(စ) အဲလီယတ်သည် မူကြမ်းပေါင်းများစွာ ရေးခြစ်ခဲ့ရသည်။ အဲသည်

မှုကြမ်းများထဲတွင် နောက်မှ သူပယ်ခဲ့ပြင်ခဲ့ရသည့် ခပ်ညံ့ညံ့အရေးအသားတွေ အများကြီး ပါခဲ့ကြောင်း သုတေသီတစ်ဦးက ဆိုသည်။

သိပ္ပံပညာရှင်ပေါင်း ၂၀၃၆ ဦးတိတိကို လေ့လာခဲ့သည့် သုတေသီ ဆိုင်မွန်တန်ကမူ ပညာရှင်ကြီးတွေသည် ထူးခြား ကြီးကျယ်သော လုပ်ရပ်များသာမဟုတ်။ မထူးခြားသော အလုပ်၊ ခပ်ညံ့ညံ့အလုပ်တွေလည်း အများကြီး လုပ်ခဲ့ကြသည်။ သူတို့နှင့် သူတစ်ပါး ကွာခြားသည့် အဓိကအချက်မှာ သည်လူတွေ အလုပ် အများကြီး လုပ်ကြခြင်းဖြစ်သည်ဟူ၍ မှတ်ချက်ချခဲ့သည်။

### ငယ်ရွယ်နုပျိုမျစ်သူတို့၏ စိတ်ဓာတ်မျိုး

ဇရာမ ပန်းချီကားကြီးတစ်ကား အပတ်တကုပ် ရေးဆွဲနေရခြင်း၊ ရှည်လျားသော တေးသွားကြီးတစ်ပုဒ် ဖွဲ့သီနေရခြင်း၊ စကြဝဠာဆိုင်ရာ သဘောတရားကြီးတစ်ခု ကြံဆဖော်ထုတ်နေရခြင်း စသည်တို့၌ ဂျီးနိယပ်(စ)တို့ ပျော်ပိုက်နေကြပုံမှာ ကလေးများ သူတို့ စိတ်ဝင်စားတာနှင့် တွေ့လျှင် တခြားကစားစရာ စားစရာတွေ မေ့ကာ ခေါ်မရ အော်မရ ဖြစ်နေပုံများနှင့်တူသည်ဟု ဆိုကြသည်။

သူတို့သည် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် အကျွမ်းကျင် အပတ်နပ်ဆုံး စာရင်းဝင်ပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း သူတို့၌ သိချင်စိတ် နားလည်လိုစိတ် အကြောင်းခြင်းရာတို့အပေါ် အံ့သြဝင်စားစိတ်တို့မှာ ဘာမှမသိသေးသည့် ကလေးများနည်းတူ လတ်ဆတ်အားကောင်းမြဲ အားကောင်းနေကြသည်။

ထို့ကြောင့်လည်း ကလေးအတွေး တွေးကာ ကလေးမေးသည့် မေးခွန်းမျိုးတွေ သူတို့မေးချင်မေးကြသည်။ အများအတွက် သိပ်ရှင်းပြီးသား ကိစ္စကြီးတွေမှာလည်း သူတို့အဖို့ စဉ်းစားစရာတွေ ကျန်ချင်ကျန်နေတတ်သည်။ အဲသည်အတွေး အဲသည်အမေးမျိုးများမှနေ၍ ယခင်လက်ခံပြီး အခြေခံအယူအဆများကို ချေဖျက်ပစ်မည့် အတွေးသစ် အမြင်သစ်များ ပေါ်ပေါက်လာတတ်သည်။

သိပ္ပံပညာရှင်ကြီး အိုင်စတိုင်က မိမိမှာ အသိဉာဏ်ဖွံ့ဖြိုးမှု နှေးကွေးသူဖြစ်ကြောင်း၊ ထို့ကြောင့် အာကာသအကြောင်း၊ အချိန် ကာလအကြောင်းတို့ကို အခြားသူများလို ကလေးအရွယ်၌ မတွေးမိဘဲ အသက်ကြီးသည့်အခါမှသာ တွေးမိခြင်းဖြစ်ကြောင်း ပြောဆိုဖူးသည်။ တခြားလူတွေ ကလေးဉာဏ်နှင့်တွေးပြီး အဖြေမပေါ်ခဲ့သည့် ကိစ္စကို သူက ပညာဗဟုသုတပြည့်စုံသည့် လူကြီးအရွယ်ကျမှ တအံ့တသြတွေးသည့်အခါ အဖြေပေါ် သွားခြင်းဖြစ်သည်ဟု ဆိုခြင်းပင်။

မျိုးရိုးဗီဇနှင့် ယဉ်ကျေးမှု ဆက်နွယ်နေပုံသဘောတရားဖြင့် ဇီဝဗေဒ လောကကို လှုပ်ခါသွားစေခဲ့သူ အီးအိုဝီလဆင်ကမူ 'ကလေးတိုင်းမှာ ပိုးကောင်လေးတွေကို စိတ်ဝင်စားတဲ့ အရွယ် တစ်ခု ရှိတယ်၊ ကျွန်တော်က အဲဒီအရွယ်ထက် ဘယ်တော့မှကို ကြီးမလာဘူး' ဟု ဆိုခဲ့သည်။ သူက ယနေ့တိုင် လမ်းလျှောက်သွား၍ တစ်နေရာမှာ သစ်တုံးတစ်တုံး တွေ့လျှင် လှန်မကြည့်ဘဲ မနေနိုင်။ တုံးအောက်မှာ ဘာကောင်တွေရှိလဲ၊ ဘာလုပ်နေကြသလဲ ကြည့်ပြီးမှ ကိုယ့်လမ်းကိုယ် ဆက်သွား၍ ရသည်ဟု ဆိုသည်။

### ဂျီးနိယပ်(စ) နှင့် အသက်အရွယ်

ဂျီးနိယပ်(စ) ဆိုသော ပုဂ္ဂိုလ်တွေ၏ အထူးခြားဆုံး အတွေးအမြင်တွေ၊ အပြောင်းမြောက်ဆုံး တီထွင်ဖန်တီးချက်တွေသည် ဘဝ၏ စောစောပိုင်းကာလများတွင် အဓိကထွက်ပေါ်လေ့ရှိကြသည်။

သင်္ချာနှင့် ရူပဗေဒ ဂျီးနိယပ်(စ) များသည်လည်းကောင်း၊ ကဗျာစာဆိုများသည်လည်းကောင်း အသက် ၂၀ နှင့် ၃၀ ကြားတွင် အမြင့်ဆုံးစွမ်းရည် ပြသနိုင်လေ့ရှိကြပြီး အခြားသိပ္ပံနယ်ပယ်များမှ ပညာရှင်များ၊ ပန်းချီဆရာ ဝတ္ထုရေးဆရာ ဂီတဆရာကြီး များသည်လည်း အသက် ၃၀ ကျော်တွင်ပင် အထက်မြက်ဆုံး အနေအထားသို့ ရောက်ရှိတတ်ကြသည်။

ဥပမာ၊ အိုက်ဇက်နယူတန်သည် သိပ္ပံလောကကို နှစ်ပေါင်း ၂၅၀ မျှ လွှမ်းမိုးထားမည့် နိယာမကို အသက် ၂၄ နှစ်အရွယ်တွင် တွေ့ရှိခဲ့ပြီး နယူတန်နောက်ပိုင်း ရူပဗေဒလောကကို ကြီးစိုးမည့် ရီးလေးတစ်ဗတီ သီဝရီကို စတင်ဖော်ထုတ်ချိန်၌ အယ်လဘတ်အိုင်စတိုင်း၏ အသက်မှာ ၂၆ နှစ်သာ ရှိခဲ့သည်။

ရင့်ကျက်သူ၏ ပညာထုထည်နှင့် ပျိုမြစ်သူ၏ အံ့သြဝင်စားမှု စွမ်းအားတို့ အကောင်းဆုံးပေါင်းစပ်မိသည့် အချိန်အခါမျိုးတွင်မှ အထူးခြား အထက်မြက်ဆုံး စွမ်းဆောင်မှုတွေ ပေါ် ထွက်လာတတ်သော သဘောပင်။

သို့သော်၊

အဲသည့် အကောင်းဆုံးအချိန်ကာလများက မည်သူ့ထံတွင်မှ ကြာရှည်နေတတ်ပုံမရ။

String Theory ဟု အမည်ရသည့် ရူပဗေဒအယူအဆသစ်ဖြင့် ထင်ရှားသည့် ယနေ့ခေတ်၏ အထူးချွန်ဆုံး သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ အက်(ဒ)ဝစ်တင်းဆိုလျှင် အလွန်ထူးခြားသည့် စိတ်ကူး စိတ်သန်တွေ ခေါင်းထဲက အစဉ်မပြတ်ထွက်နေတတ်သူ တစ်ဦးအဖြစ် လူသိများသည်။ သိပ္ပံသမားချင်း စကားဝိုင်းဖွဲ့စဉ် သူ့ထံမှ အလွယ်တကူ ထွက်ကျလာတတ်သည့် တချို့စိတ်ကူး အစအနများမှာ အခြားသူတွေ နှစ်နှင့်ချီ၍ လေ့လာမှ သဘောပေါက်နိုင်မည့် အလန့်တကြားကိစ္စများ ဖြစ်နေတတ်သည်။

သို့သော် အသက် ၄၀ ကျော်စပြုချိန်မှာပင် ဝစ်တင်းထံမှ ယခုလို စကားမျိုး ကြားလာရသည်။

'ဟိုတုန်းကဆိုရင် မနက်အိပ်ရာထတိုင်း ကျွန်တော့်စိတ်ထဲမှာ ဒီနေ့ ငါအရင် ဘယ်တုန်းကမှ မရဖူးတဲ့ စိတ်ကူးကောင်းတစ်ခု ရလိမ့်မယ်ဆိုတဲ့ ခံစားမှုမျိုး အလိုလိုပေါ်လေ့ရှိတယ်၊ အခုနောက်ပိုင်း အဲဒီခံစားမှုမျိုး မပေါ်တော့ဘူးဗျ၊ စိတ်မကောင်းစရာပဲ' ဟူ၍။

***

ယခုဆိုလျှင် သုတေသီပေါင်းစုံတို့ လေ့လာဖော်ထုတ်ပြသဖြင့် ဂျီးနိယပ်(စ) တို့၏ သဘောသဘာဝကို အတော် ပီပီသသ သိမြင် နားလည်လာခဲ့ကြပြီဟု ဆိုရပါမည်။

ထို့ပြင် ရှေးပိုင်းက ဖော်ပြခဲ့သလို လူအများအပြားကို ဂျီးနိယပ်(စ)များ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးနိုင်သည့် ဂျီးနိယပ်(စ) သင်တန်းကျောင်းများသာ မပေါ်ပေါက်သေးသော်လည်း နိုင်ငံတကာ၌ပင် ငယ်ငယ်ရွယ်ရွယ်နှင့် အစွမ်းအစပြသည့် ဂီတပါရမီရှင်လောင်းလျာ၊ သချ်ာပါရမီရှင်လောင်းလျာ အစရှိသူလေးများကို တင်းပြည့်ကျပ်ပြည့် ပါရမီရှင်ကြီးတွေအဖြစ် ရင့်ကျက်ဖြစ်ပေါ်လာအောင် မြေတောင်မြှောက်ပေး ပြုစုပျိုးထောင်ပေးရန် ကြိုးစားအားထုတ်နေသော နေရာဌာနများကား အနှံ့အပြားပင် ပေါ် ထွန်းလျက်ရှိနေပြီ ဖြစ်သည်။

ပညာပဓာနဖြစ်လာသည့် ယနေ့ခေတ်ကြီးတွင် ကမ္ဘာ့နိုင်ငံတို့၏ အခြေအနေ အဆင့်အတန်းကို ယင်းနိုင်ငံအသီးသီးရှိ ဂျီးနိယပ်(စ)ကြီးငယ်တို့၏ စွမ်းပကားများက အဆုံးအဖြတ်ပြုကြမည်ဖြစ်ရာ ၂၁ ရာစုအတွင်း ဂျီးနိယပ်(စ)အကြောင်း လေ့လာချက်တွေ၊ ဂျီးနိယပ်(စ)များကို လူစွမ်းကောင်းများအဖြစ် အမွှမ်းတင်ရေးသားချက်တွေ အများကြီး ဖတ်ရှုလာကြရစရာ အကြောင်း ရှိလေသည်။

## ၁၁ – ထူးခြားတဲ့ဉာဏ်ဆိုတာ

အနုပညာရှင်တွေ တီထွင်သူကြီးတွေဆိုတာ ကျွန်တော်တို့ထက် ဘယ်လောက်မှ ပိုပြီး တီထွင်ဖန်တီးမှုစွမ်းအား ကြီးမားကြသည်မဟုတ်။ သူတို့မှာ ထူးခြားသည်က ...

ဧည့်သည်တွေ ရောက်လာပြီ။ ဝိုင်က အဆင်သင့်မဖြစ်သေး။ ရေခဲသေတ္တာထဲ ထည့်ဖို့ ကျွန်တော် မေ့နေပြန်ပြီ။ 'ဘာမှမစိုးရိမ်နဲ့၊ မြန်မြန်အေးအောင် ကျွန်မ လုပ်ပေးပါ့မယ်'၊ မိတ်ဆွေတစ်ယောက်က အာမခံသည်။

---

*မူးရင်း။ ။ Robert Epstein ၏ How to Get a Great Idea

ငါးမိနစ်ခန့်ကြာလျှင်ပဲ မီးဖိုချောင်မှ သူပြန်ထွက်လာသည်။ ဝိုင်က တကယ့်ကို အေးစက်လျက်။

ဘယ်လိုလုပ်လိုက်သလဲ မေးတော့ သူက ရုတ်တရက် မဖြေချင်။ ခင်ဗျားကို မှော်ပဥ္စလက်နည်းတွေ တတ်တယ်ဆိုပြီး ကျုပ်တို့ တိုင်လိုက်မှာနော် ဆိုတာမှ သူက ဖွင့်ဟသည်။

'လွယ်ပါတယ်ရှင့်၊ ပုလင်းထဲက ဝိုင်တွေ ပလတ်စတစ်အိတ်ထဲ ထည့်၊ အိတ်ကို ရေခဲရေထဲ စိမ်၊ နည်းနည်းလေး လှုပ်ပေး၊ ခဏနေ အေးသွားတာပဲ၊ ပုလင်းထဲ ပြန်ထည့်တဲ့အတိုင်းပဲ နည်းနည်းခက်တယ်၊ ကတော့ ရှာမရလို့ ဖယောင်းစက္ကူနဲ့ ကတော့လုပ်ပြီး ပြန်ထည့်ရတယ်၊' ဧည့်သည်တွေအားလုံး ဩဘာပေးကြသည်။

'ကြည့်စမ်း၊ ကျုပ်တို့လဲ သူတို့ဉာဏ်မျိုးရှိရင် သိပ်ကောင်းမှာပဲ' တဲ့။ တစ်ယောက်က ဆိုသည်။

ရှိနိုင်ပါသည်။ ဆယ်နှစ်ကြာ သုတေသနပြုချက်အရ ကျွန်တော်တို့အားလုံးမှာပင် အဲသည်ဉာဏ်မျိုးရှိကြောင်း ကျွန်တော်တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်သူလိုငါလို ကျွန်တော်တို့လိုလူများနှင့် အက်ဒီဆင်၊ ပီကာဆို၊ ရှိတ်စပီးယား စသည့် ဉာဏ်ကြီးရှင် ပုဂ္ဂိုလ်များအကြား ကွာခြားသော အရာသည် တီထွင်ဖန်တီးမှုစွမ်းအား (creative capacity) အနည်းအများ မဟုတ်၊ အဲသည်စွမ်းအားကို ဘယ်လောက် ထုတ်ယူ သုံးစွဲသလဲဆိုတာသာ ဖြစ်ပါသည်။ ကိုယ့်မှာပေါ်ပေါက်သည့် ဖန်တီးမှုအတွေးစများကို ကိုယ်က ဘယ်လောက်အရေးတယူ ပြုသလဲ၊ ဘယ်လောက်အားပေးသလဲ၊ အဲသည်အတွေးများအတိုင်း ဘယ်လောက် လိုက်လုပ်သလဲဆိုသည့်အပေါ် မူတည်ကာ ရိုးရိုးသာမန်လူများနှင့် တီထွင်ဖန်တီးသူကြီးများဟူ၍ ကွဲပြားသွားကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ လူအများစုမှာ ကိုယ့်မှာရှိသည့် ဉာဏ်စွမ်း ဉာဏ်စကို ဘယ်တော့မှ ပြည့်ပြည့်ဝဝ အသုံးချလေ့မရှိခဲ့။ လွတ်လွတ် လပ်လပ် ဖွံ့ဖြိုးကြွယ်ဝခွင့်ပေးလေ့မရှိခဲ့။

ဘာကြောင့် သည်လိုဖြစ်နေရသလဲ။

ကျွန်တော်တို့ခေါင်းထဲမှာ လျှို့ဝှက်တည်ရှိနေသည့် စိတ်ကူးဉာဏ် ဘဏ္ဍာတိုက်ကြီးကို ကျွန်တော်တို့ ဘယ်သို့ဖွင့်လှစ်အသုံး ချကြမည်လဲ။

နည်းလမ်းတွေ ရှိပါသည်။

ဦးစွာပထမ၊ လက်တွေ့စမ်းသပ်ခန်းထဲမှာ ခိုင်ကျ်များနှင့် သုတေသန ပြုခဲ့သည့် အတွေ့အကြုံကို တင်ပြပါမည်။

ခိုင်ကျ်များအား ကတ်ပုံးတစ်ခုပေါ် သို့ တက်စေကာ ၎င်းအထက်နားဆီတွင် တွဲလွဲဆွဲထားသော ကစားစရာ ငှက်ပျောသီးရုပ်အား နှုတ်သီးနှင့်ဆိတ်လျှင် ဆုချသည့်အနေဖြင့် ကျွန်တော် အစာကျွေးပါသည်။ ထို့နောက် ၎င်းတို့အား ပုံးကိုတွန်းရွှေ့တတ်အောင် သင်ပါသည်။ အဲသည်နောက်တွင် ခိုတစ်ကောင်ချင်းအား ပြဿနာနှင့် ရင်ဆိုင်ခိုင်းပါသည်။ ပြဿနာက၊ ငှက်ပျောသီးကို သူတို့ အလှမ်းမမီနိုင်သည့် နေရာတွင် တွဲထားပြီး ပုံးကို ငှက်ပျောသီး အောက်တည့်တည့်နေရာနှင့် တစ်ပေခွဲလောက်အကွာမှာ ချထားပေးခြင်း ဖြစ်သည်။

သည်အနေအထားတွင် ခိုငှက်သည် ကျွန်တော်တို့လူတွေ ပြဿနာကြုံသည့်အခါ လုပ်တတ်သည့်ပုံစံမျိုးအတိုင်းပင် ပြုမူပါသည်။

ပထမတွင် အကြံရကျပ်သည့် အမူအရာဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ ငှက်ပျောသီးဆီ ခေါင်းဆန့်ပြီး လှမ်းကြည့်လိုက် လုပ်နေပါသည်။ သို့သော် တစ်မိနစ် နှစ်မိနစ်ခန့်ကြာလျှင်ပင် ကတ်ပုံးအား တွန်း၍ရွှေ့တော့သည်။ ထို့နောက် ငှက်ပျောသီးအောက်တည့်တည့်လောက် ရောက်သည်နှင့်တစ်ပြိုင်နက် ပုံးပေါ်တက်ကာ ငှက်ပျော်သီးကို လှမ်း၍ ဆိတ်လေသည်။

ခိုငှက်တစ်ကောင်ပင် အဲသလို ကြံဆနိုင်သောဉာဏ်မျိုး ရှိလျှင် ကျွန်တော်တို့ခေါင်းထဲမှာ တီထွင်ဖန်တီးနိုင်သော ဉာဏ်စွမ်း ဉာဏ်စတွေ ဘယ်လောက်ရှိနေပါမည်နည်း။

ကျောင်းသားတစ်စု ပြဿနာတစ်ခုကို အဖြေရှာကြတာ ကျွန်တော် စောင့်ကြည့်သည်။ ပင်ပေါင်ဘောလုံးတစ်လုံး ရေထုတ် ပြွန်တစ်ခုထဲ ကျသွားသည်။ ဒေါင်လိုက် စိုက်ထားသည့် ပိုက်ပြွန်။ အောက်ဘက်မှာ ပိတ်နေသည်။ လက်နှင့်နှိုက်လောက်အောင်လည်း ပြွန်ပေါက်က မကျယ်။ နှိုက်ထုတ်ယူစရာ အဆင်မပြေသော ပစ္စည်းလည်း

အနီးအနားမှာ မရှိ။ နောက်တော့ ကျောင်းသား တစ်ယောက်နှစ်ယောက်က အရင်စိတ်ကူးရသည်။ ရေထုတ်ပြွန်ရယ် ရေရယ် ရေမှာပေါ်နိုင်တာရယ် ဆက်စပ်စဉ်းစားမိသွားကြခြင်း ဖြစ်သည်။ ပြွန်ပေါက်ထဲ ရေလောင်းထည့်သောအခါ ပင်ပေါင်ဘောလုံးက ရေမှာ ပေါ်လောပေါ်ကာ အထက်သို့ တက်လာလေသည်။

အမျိုးမျိုးအဖုံဖုံသော အဲသည်စမ်းသပ်ချက်တွေ သုတေသန ပြုချက်တွေအရ၊ ကျွန်တော်တို့မှာ ရှိသည့် တီထွင်ဖန်တီးဉာဏ်တွေသည် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ချင်လျှင် လုပ်၍ရသည်၊ လုပ်နိုင်သည့် နည်းလမ်းများလည်း ခိုင်ခိုင်မာမာရှိသည်ဆိုတာ ပေါ်လွင်လာခဲ့သည်။

အကောင်းဆုံးနည်းလမ်းတချို့က၊

## လှစ်ခနဲပေါ် သည့် အတွေးစကို အမိဖမ်းခြင်း

စိတ်ကူးစိတ်သန်းကောင်း ဆိုတာက တောထဲမှာ အမှတ်မထင် မြင်ရတတ်သည့် ယုန်များလို အလွန်လျင်မြန်သည်။ ဖြူသလား မည်းသလား သဲကွဲအောင် မကြည့်လိုက်ရ၊ လှစ်ခနဲ ပျောက်သွားတတ်သည်။

ဒါမျိုးကို အမိဖမ်းချင်လျှင် ကိုယ်က အသင့်ပြင်ထားဖို့ လိုသည်။ တီထွင်ဖန်တီးအားကောင်းသူ၊ အကြံကောင်း ဉာဏ်ကောင်းတွေ သိပ်ထွက်တတ်သည် ဆိုသူများက ယုန်ထွက်လာလျှင် ဖမ်းဖို့ ကိရိယာတန်ဆာပလာနှင့်တကွ အမြဲအသင့်ရှိနေ တတ်ကြသူများ ဖြစ်သည်။

ဥပမာ၊ ကဗျာဆရာမ အေမီလိုဝယ်ဆိုလျှင် ကဗျာဖြစ်မည့် စိတ်ကူးသစ်များ ခေါင်းထဲဝင်လာလျှင် အမိအရ ဖမ်းရန် အမြဲအသင့်ရှိတတ်သူတစ်ဦးပင် ဖြစ်သည်။

'လတ်တလော ဘာတွေလုပ်နေသည်ဖြစ်စေ၊ အဲသည်အရာကို ဘေးဖယ်ထားခဲ့ကာ ဝင်လာသည့် ကဗျာကိုသာ ကျွန်မအာရုံ စိုက်တော့သည်၊' ဟူ၍ သူရေးခဲ့သည်။ ကဗျာအတွေးတွေကို ဖမ်းဆီးရန်အတွက် သူအသုံးပြုသည့်အရာက ခဲတံရယ် စက္ကူရယ်ပဲ ဖြစ်သည်။ စာရေးသူအများအပြားပင် အတွေးစတွေ ဖမ်းဆီးထည့်သိုရန်အတွက် မှတ်စုစာအုပ်ရယ်၊ ဘောပင်ရယ်ကို လက်လှမ်းတစ်မီမှာ အသင့်ထားတတ်ကြသည်။ သည်စာရေးသူကတော့ စိတ်ကူးစိတ်သန်းပေါ်လျှင် အိတ်ဆောင်ကွန်ပျူတာလေးထဲ ရေးမှတ် ထည့်သွင်းလေ့ရှိပါသည်။ သို့သော် ကွန်ပျူတာရယ် မှတ်စုစာအုပ်ရယ်မှ မဟုတ်ပါ။ တခြားမရှိလျှင် စက္ကူလက်သုတ်ပဝါမှာ ကောက်ခြစ်ထား၍လည်း ရနိုင်ပါသည်။

ဂီတဆရာကြီး ဘီးထိုဗင်က ကင်နန် (canon) တေးသွားတစ်ပုဒ် သူရရှိခဲ့ပုံကို မိတ်ဆွေတစ်ယောက်ထံ ရေးသော စာတစ်စောင်တွင် ဖော်ပြခဲ့ဖူးသည်။

ဘီးထိုဗင်သည် မြင်းရထားနှင့် ခရီးသွားရင်း အိပ်ချင် ငိုက်မျဉ်းကာ မေ့ခနဲ ပျော်သွားစဉ် အလွန်လှပသော ကင်နန်တေးသွားသစ်တစ်ပုဒ် သူ့ခေါင်းထဲ ဝင်လာသည်။ သို့သော် သူ အပီအသေကြားနေခဲ့ရသည်ဆိုသော အဲသည်တေးသွားသည် အိပ်ငိုက်ရာက နိုးသည့်အခါ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည်။ တစ်စိတ်တစ်ဒေသပင် အစဖော်၍ မရတော့။ သို့သော် ကံအားလျော်စွာ နောက်တစ်နေ့၌ အဲသည်မြင်းရထားကိုပင် စီးသွားစဉ်တစ်ပုဒ်လုံး သူ့ထံပြန်ဝင်လာခဲ့သည်။ သည်အချိန်မှာတော့ စာရွက်ပေါ်တွင် အလျင်အမြန်ကောက်၍ ရေးခြစ်မှတ်သားထားနိုင်ခဲ့ရာ သည်ကနေ့တိုင် ဂန္ထဝင်တေးသမားတို့ အလွန်လေးစား တန်ဖိုးထားရသည့် ကင်နန်တေးတစ်ပုဒ် ဆရာကြီး ဘီးထိုဗင် ဖန်တီးရေးဖွဲ့ နိုင်ခဲ့ပေသည်။

ထို့ကြောင့်၊ စိတ်ကူးစိတ်သန်းကောင်းတစ်ခု ခေါင်းထဲ ပေါ်လျှင် လက်ဝါးမှာဖြစ်ဖြစ် ကောက်ခြစ်မှတ်သားတတ်ဖို့ လိုသည်။

ပေါ်လာသမျှ စိတ်ကူးသည် အဖိုးတန်ချည်း ဖြစ်လိမ့်မည်တော့ မဟုတ်။ သို့သော် အဲဒါက အရေးမကြီး။ အရေးကြီးသည်က မှတ်သားမိလိုက်ဖို့ ဖြစ်သည်။ တန်ဖိုးရှိသည့်စိတ်ကူး ဟုတ်မဟုတ် ချင့်ချိန်ဆုံးဖြတ်ဖို့က နောက်ကိစ္စ။

### စိတ်ကူးယဉ်ကမ္ဘာထဲ နစ်မျောလိုက်ပါခြင်း

ဆာရီယယ်လစ် ပန်းချီကျော် ဆယ်လဗေဒေါ်ဒါလီ သူ့မှာ ရှိသည့် ဖန်တီးမှုစွမ်းအားတွေကို ထုတ်ယူသည့် နည်းလမ်းတစ်ခုက လက်ထဲ ဇွန်းတစ်ချောင်းကိုင်ကာ ဆိုဖာပေါ်မှာ မှိန်းခြင်း ဖြစ်၏။ အတွေးအာရုံကြောတွင် နစ်မျောရင်းက မေ့ခနဲ အိပ်ပျော်သွားလျှင် လက်ထဲရှိ ဒေါင်ခနဲ အသံမြည်သည်။ အသံကြားလျှင် ဒါလီနိုးလာပြီ စောစောက အိပ်တစ်ဝက် နိုးတစ်ဝက်အချိန် ဆန်းဆန်းပြားပြားဉာဏ်တွေ ကွန့်မြူးချိန်က သူ့အာရုံထဲမှာ မြင်ယောင်နေခဲ့မိသည် ပုံရိပ်တွေကို အလျင်အမြန် ပုံကြမ်းရေးခြစ် မှတ်သားလေသည်။

လူတိုင်းပင်၊ အဲသည်လို စိတ်ကူးဉာဏ်ကွန့်မြူးသည့် အချိန်ကလေးများ ကြုံတွေ့ဖူးကြမည်ဖြစ်သည်။ အထူးသဖြင့်၊ အိပ်ရာထဲမှာ မေ့ခနဲပျော်တော့မလို မပျော်တော့မလိုအချိန်မျိုး၊ ရေချိုးခန်းမှာ အေးအေးဆေးဆေး ရေချိုးစဉ်အချိန်မျိုး၊ ဘတ်စကားထဲမှာ ငေးငေးမောမော လိုက်ပါသွားသည့်အချိန်မျိုးမှာ အတွေးတွေ လွတ်လွတ်လပ်လပ် ဖြန့်ကျက်စီးမျောကာ စိတ်ကူးစိတ်သန်း ကောင်းလေးတွေသည် ဦးနှောက် အနက်အရှိုင်းတွင်းမှ အပေါ်ယံမျက်နှာပြင်ဆီသို့ ပလုံစီ၍ တက်လာသည့်နှယ် ရောက်လာ ပေါ်လာတတ်ကြသည်။

မည်သူမဆို ဒါလီ၏ နည်းမျိုးကို အသုံးပြု၍ဖြစ်စေ၊ အာရုံတွေ မျှောလွှင့်ထားကာ စိတ်ကူးစိတ်သန်းတစ်ခု ပီပီသသ ရုပ်လုံးပေါ် သည့်အချိန်၌ ရေးကူးမှတ်သားခြင်းဖြင့် ဖြစ်စေ၊ အဲသည်လို အခိုက်အတန့်မျိုးများတွင် ပေါ်ပေါက်သည့် ကွန့်မြူးဉာဏ်၏ အသီးအပွင့်များကို ရယူခံစားနိုင်ကြပါသည်။

### ပြဿနာများကို ရှာဖွေရင်ဆိုင်တတ်ခြင်း

တစ်စုံတစ်ယောက်က သော့ခတ်သွားသဖြင့် အခန်းတစ်ခုထဲမှာ သင်ပိတ်မိနေသည် ဆိုပါစို့။ ယခင် သည်တံခါးမှ သင်ထွက်ခဲ့ဖူးသော နည်းလမ်းစုံတို့ သင့်ထံ အလျင်အမြန်ရောက်ရှိ လာကြလိမ့်မည်။ အဲသည်နည်းလမ်းမျိုးစုံကိုပင် သင်လုပ်ကြည့် မိပါလိမ့်မည်။

သော့ခတ်အိမ်လက်ကိုင်ဘုကို လှည့်ကြည့်မည်၊ တွန်းကြည့်မည်၊ ဆွဲကြည့်မည်။ တံခါးကို တဒိုင်းဒိုင်းထုမည်။ အော်ဟစ်ပြီး အကူအညီ တောင်းချင်တောင်းမည်။

အခက်အခဲ အကျပ်အတည်း ကြုံရချိန်တွင် ယခင် ရင်ဆိုင်တုံ့ပြန်ဖူးသည့် အပြုအမူစုံတို့ ပြန်လည်ပေါ်ပေါက်တတ်ခြင်းမှာ လူ့သဘာဝတစ်ခုပင်ဖြစ်သည်။ ဤသည်ကို ပညာရှင်တို့က ပြန်ပေါ်ခြင်း (resurgence) ဟု ခေါ်ဝေါ်ကြသည်

ပြဿနာကြုံချိန်တွင် အပြုအမူဟောင်းများ များများပြန်ပေါ်လေ၊ မတူသော ယင်းအပြုအမူများကြား ဆက်စပ်ကာ ပြဿနာကို ဖြေရှင်းနိုင်မည့် စိတ်ကူးသစ် အပြုအမူသစ်များ ထွက်ပေါ်ရန် အခွင့်အလမ်း ပိုများလေ ဖြစ်သည်

အလားတူ၊ မတူသူတွေ စုပေးဆုံပေးခြင်းအားဖြင့်လည်း စိတ်ကူးဉာဏ်သစ်များ ထွက်ပေါ်စေနိုင်၏။ အဆက်အစပ်ဝေးသော လုပ်ငန်းနယ်ပယ်များထဲမှ မိတ်ဆွေများ လုပ်ဖော်ကိုင်ဖက်များကို ညှိခံပွဲတစ်ခုသို့ ဖိတ်ကာ ဆုံပေးကြည့်မည်၊ သာမန်အားဖြင့် ကိုယ့်အသက်အရွယ်တန်းအချင်းချင်းသာ ဆက်ဆံပေါင်းသင်းတတ်သည့် လူကြီး လူလတ် လူငယ်တွေကို တစ်နေရာမှာ စုပေးကြည့်မည်ဆိုလျှင်၊ ၎င်းတို့ကြား ဆက်ဆံပြောဆိုမှုများမှ သင့်အတွက် အတွေးပွားစရာ၊ စိတ်ကူး စိတ်သန်းသစ် ထွက်ပေါ် စရာ အနေအထားတွေ မြင်တွေ့ရပေမည်။

တီထွင်မှုအမျိုးပေါင်း ၅၀၀ ကျော် မိမိအမည်ဖြင့် မှတ်ပုံတင် နိုင်ခဲ့သည့် အမေရိကန် သိပ္ပံပညာရှင် အက်ဒဝင်လဲင်း(ဒ)က ပိုလာရွိုက် ကင်မရာ တီထွင်ရန် စိတ်ကူးကို သုံးနှစ်အရွယ် သမီးငယ်ထံမှ ရကြောင်း ပြောဖူးသည်။ နယူးမက္ကဆီကိုပြည်နယ် ဆန်တာဖေးမြို့သို့ အလည်အပတ်သွားရောက်စဉ်၊ သမီးငယ်က အဖေ ခုရိုက်တဲ့ ဓာတ်ပုံကို ဘာလို့ချက်ချင်းမရတာလဲ မေးရာ၊ သည်ကိစ္စက သူ့ခေါင်းထဲ စဉ်းစားစရာတစ်ခုအဖြစ် ဝင်သွားသည်။

ဆန်တာဖေးမှာ လျှောက်သွားနေသည့် နောက်တစ်နာရီလောက်အတွင်း သူဆည်းပူးခဲ့သမျှ ဓာတုဗေဒပညာတွေ ခေါင်းထဲမှာ ပြန်လည်စုစည်းဆက်စပ်မိကာ အံ့သြဖွယ်ရလဒ်များ ထွက်ပေါ်လာသည်။

ကင်မရာက ဘယ်သို့ရှိရမည်၊ ဖလင်ကို ဘယ်ပုံဘယ်နည်း ပြုပြင်ဖန်တီးထားရမည် ဆိုတာတွေသည် အပြင်မှာ တကယ့်အရှိ ပကတိပစ္စည်းကို ကိုင်တွယ်ကြည့်ရှုနေရဘိသည့်အလား သူ့ခေါင်းထဲမှာ အပီအသ အတိအကျ ပေါ်လာခဲ့ကြောင်း လဲင်း(ဒ)က ဆိုခဲ့သည်။

ခေါင်းထဲမှ စိတ်ကူးဥာဏ်သစ်တွေ ထွက်ပေါ်စေလိုလျှင် ဦးခေါင်းကို အထွေထွေအပြားပြားသော နည်းလမ်းများဖြင့် နှိုးဆွပေးဖို့ လိုသည်။

ဥပမာ၊ စားပွဲပေါ်မှာကလေးကစားစရာအသစ်အဆန်း၊ သို့မဟုတ် ထူးခြားသော ကိရိယာတန်ဆာပလာလေးများ ထားရှိကာ အခါအားလျော်စွာ ကိုင်တွယ်စမ်းသပ်ကြည့်ခြင်းမျိုး၊

အံဆွဲထဲမှာ ပုံဖော်မြေစေးပျော့တစ်ခဲ ထားရှိကာ ခက်ခဲသော ပြဿနာတစ်ခု ရင်ဆိုင်ဖြေရှင်းနေရသည့်အခါမျိုးတွင် မြေစေးခဲကို ပုံစံအမျိုးမျိုးဖော်ကြည့်ရင်း အတွေးအာရုံများကို လွင့်မျှော ဖြန့်ကျက်ခြင်းမျိုး၊

ရုပ်ပုံကားချပ်များကို ဘေးတိုက် သို့မဟုတ် ဇောက်ထိုးချိတ်ထားကြည့်ခြင်းမျိုး၊ စသည်တို့ ဖြစ်သည်။

နှိုးဆွမှုတွေ များပြားသည်နှင့်အမျှ ခေါင်းထဲမှာလည်း အတွေးသစ် အတွေးဆန်းတွေ များများ မြန်မြန် ထွက်ပေါ်ပေမည်။

### မိမိလောက ပိုမိုကျယ်ဝန်းလာအောင် ချဲ့ထွင်ပါ

သိပ္ပံ၊ အင်ဂျင်နီယာ၊ အနုပညာ စသည့် နယ်ပယ် အသီးသီးမှာပင် အသစ်တီထွင်တွေ့ရှိချက် အတော်များများသည် မတူသော ဘာသာရပ် နယ်ပယ်များထဲမှ စိတ်ကူးစိတ်သန်းများ ရောနှောပေါင်းစပ်မိခြင်းမှ ပေါ်လာတတ်သောသဘော ရှိပါသည်။

ဥပမာ၊ ကြိုးနှစ်ပင်ပြဿနာ ဆိုပါစို့။

ကြိုးသေးနှစ်ပင်ကို တစ်ပင်နှင့်တစ်ပင် ခပ်ဝေးဝေးစီ ချဲကာ မျက်နှာကြက်မှ တွဲလောင်းချထားသည်။ ကြိုးတွေက မရှည်မတို။ ကြိုးစတစ်စကို ကိုင်ပြီးဆွဲသွားလျှင် နောက်ကြိုးတစ်စကို လက်လှမ်းမီသည့်နေရာအထိ မရောက်။ လူနှစ်ယောက် တစ်ယောက် တစ်စစီ ကိုင်လာမည်ဆိုလျှင်တော့ အလယ်လောက်မှာ နှစ်ပင်တွဲချည်၍ ရနိုင်သည်။ အဲဒါကို တစ်ယောက်တည်း ဘယ်သို့ချည်မည်နည်း။ အသုံးပြုစရာကိရိယာဆို၍ ပလာယာ တစ်လက်ပဲ ပေးထားသည်။

အဲသည်ပြဿနာကို ကျောင်းသားများအား ဖြေရှင်းခိုင်းသောအခါ ကျောင်းသားတစ်ယောက်က ချက်ချင်းအဖြေထုတ်ပေးသည်။ ပလာယာကို ကြိုးစတစ်စ၌ ချည်လိုက်ပြီး အဲသည်ကြိုးကို နောက်ကြိုးတစ်ပင်ဘက်သို့ နာရီချိန်သီးလွှဲသလို လွှဲပေးသည်။ ထိုနောက် တစ်ဖက်ကြိုး၏ အစကို အလယ်ဘက်သို့ ဆွဲယူလာကာ နောက်တစ်ကြိမ် ပလာယာလွှဲအလာတွင် ဖမ်းယူပြီး အစနှစ်စကို ချည်ပေးလိုက်ခြင်း ဖြစ်သည်။

သည်စိတ်ကူး ဘယ်လိုရသလဲမေးသည့်အခါ ကျောင်းသားက သူယခုပင် ရူပဗေဒအတန်းမှာ ချိန်သီးအကြောင်း သင်လာခဲ့ရသည်ဟု ဖြေလေသည်။ ဘာသာရပ်နယ်ပယ်တစ်ခုမှ အတွေ့အကြုံကို လုံးဝမတူသည့် နယ်ပယ်တစ်ခုမှာ ရွှေ့ပြောင်းအသုံးချ ဖြစ်ခြင်းပင်။

သည်သဘောကို စမ်းသပ်ခန်းများထဲမှာသာ တွေ့ရသည် မဟုတ်။ အပြင်ပမှာလည်း သတိပြုကြည့်လျှင် မြင်နိုင်၏။

မိတ်ဆွေအမျိုးသမီးတစ်ယောက်က သူ့ကလေးနှစ်ယောက် ကိတ်မုန့်လုံး တစ်ခုကို အညီအမျှခွဲဝေ၍ စားဖြစ်အောင် စေခိုင်းပုံအကြောင်း ပြောပြသည်။

'ကျွန်မက ကိတ်မုန့်ကိုတစ်ယောက်က လှီးပြီး၊ နောက်တစ်ယောက်က သူကြိုက်တဲ့ အပိုင်းကို အရင်ရွေးပစေလို့ ပြောထားတယ်၊ အဲဒီတော့ မုန့်လှီးတဲ့သူက သေသေချာချာ အလယ်တည့်တည့် ချိန်ပြီး လှီးတယ်၊ မညီရင် သူနာမှာကိုး၊'

သည်စိတ်ကူး ဘယ်က ရသလဲ မေးသည့်အခါ၊ နိုင်ငံတကာညှိနှိုင်းဆွေးနွေးပွဲ တစ်ခုအကြောင်း တီဗွီထဲ ကြည့်ဖူးရာက ရကြောင်း သူမက ဖြေသည်။

ရာဘာမေ့ဒ် ကုမ္ပဏီသည် လေမှုတ်ပုံသွန်းစနစ်ကို အသုံးပြုကာ အိမ်သုံးပလတ်စတစ်ပစ္စည်းငယ်များ ထုတ်လုပ်နေခဲ့ရာမှ မကြာမီကမူ ယင်းနည်းစနစ်ဖြင့်ပင် ရုံးသုံးပရိဘောဂများပါ ထုတ်လုပ်လာခဲ့သည်။ ယင်းတို့တိုးချဲ့လာနိုင်ခြင်းမှာ ကုမ္ပဏီအရာရှိကြီးတစ်ဦးဖြစ်သူ ဘဒ်ဟဲလမင်က ကုမ္ပဏီပိုင် အအေးသေတ္တာစက်ရုံတစ်ခုသို့ သွားရောက်ကြည့်ရှုမိစဉ် စိတ်ကူးရလာခဲ့သောကြောင့် ဖြစ်သည်။

အခြားအရာရှိကြီးတစ်ဦးဖြစ်သူ ချပ်(ခ)ဟက်ဆယ်က လည်း၊ 'ကုမ္ပဏီအကြီးအကဲတွေကသာ ကျွန်တော်တို့ကို ကုမ္ပဏီရဲ့ တခြားအစိတ်အပိုင်းတွေမှာ အသုံးပြုနေတဲ့ နည်းပညာတွေပါ လေ့လာဖို့ မတိုက်တွန်းဘူးဆိုရင် ဒါမျိုးတွေ ဖြစ်လာမှာ မဟုတ်ဘူး၊' ဟု မှတ်ချက်ချပြောဆိုခဲ့သည်။

ထို့ကြောင့်၊

တီထွင်ဖန်တီးမှုစွမ်းရည် တက်ချင်လျှင် အသစ်အသစ်တွေ ရှာဖွေလေ့လာသည့် အကျင့်လုပ်ပါဟု ပြောလိုသည်။ တစ်ခါလောက် ငါးမျှားထွက်ကြည့်ပါ။ အက သင်ကြည့်ပါ။

အကျွမ်းမဝင်သော ဘာသာရပ်တစ်ခု (ဥပမာ၊ သမိုင်း၊ ဒဏ္ဍာရီပုံပြင်များ၊ စသည်) နှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းမတွေ ရက်အတော်ကြာအောင် ဖတ်ကြည့်ပါ။ အိမ်မှာ ပုံမှန်ယူနေသည့် သတင်းစာ မဂ္ဂဇင်းများကို အသစ်ပြောင်း၍ ယူကြည့်ပါ။ အသစ်နှင့် အဟောင်းကြား ဆက်စပ်တုံ့ပြန်မှုများမှ နေ၍ အမြင်သစ် စိတ်ကူးသစ်များ ထွက်ပေါ်လာပါလိမ့်မည်။

ခေါင်းထဲမှ မပြတ်ထွက်ပေါ် သည့် စိတ်ကူးစိတ်သန်း အစအနများကို အလဟဿအဖြစ်မခံ ဂရုစိုက်စောင့်ကြည့်ကာ တန်ဖိုးရှိနိုင်သည့် စိတ်ကူးမျိုး ဖြစ်က ဖွံ့ဖြိုးပြည့်စုံအောင် ထိန်းကျောင်းမွေးမြူပေးခြင်းဖြင့်၊ အကြံကောင်း ဥာဏ်ကောင်း ကြွယ်ဝသူ တီထွင် ဖန်တီးမှုစွမ်းအား ကြီးမားသူတစ်ဦး ဖြစ်လာပေမည်။

### ၁၂ – ဝါသနာ၊ အသက်မွေးဝမ်းကျောင်းအလုပ်နှင့် ဘဝအောင်မြင်မှု (ဆွေးနွေးဖြေကြားချက်)

**မေး။ ။ ဝါသနာတယ်၊ အလုပ်ရယ်၊ ဘဝအောင်မြင်မှုရယ်၊ ဘယ်လိုဆက်စပ်ပတ်သက်တယ်ဆိုတဲ့အကြောင်း နည်းနည်းလေး ပြောပြစေလိုပါတယ်။**

ဖြေ။ ။ လူတစ်ယောက်ရဲ့ ဝါသနာနဲ့ သူရဲ့ အသက်မွေးဝမ်းကျောင်းအလုပ် ထပ်တူကျမကျဆိုတာနဲ့၊ သူ့ဘဝ အောင်မြင်မှု ရှိမရှိ ဆိုတာကို ဆက်စပ်ကြည့်ချင်တဲ့သဘောလို့ ကျွန်တော်နားလည်တယ်။

အဲဒီတော့၊ ဝါသနာဆိုတာက လူတစ်ယောက် အလိုလို လုပ်ချင်နေတဲ့ အလုပ်ဗျာ။ ပိုက်ဆံရရ မရရ ငါတော့ ဒါလေးလုပ်နေရရင် ပျော်တယ် ဆိုတဲ့အလုပ်မျိုး။ အဲဒီအလုပ်က ဝင်ငွေရမယ်၊ မိသားစု စားဝတ်နေရေး ပြေလည်မယ်ဆိုရင် ပျော်စရာကောင်းတာပေါ့။

ထမင်းတစ်လုတ်အတွက် ဝါသနာမပါတာကို လုပ်နေရမယ်ဆိုရင်တော့ အဲဒီအလုပ်ဟာ ဝန်ထုပ်ဝန်ပိုးဖြစ်လာတယ်။ ဝန်သိပ်မလေးဘူးဆိုတောင် ဆီဆုံလှည့်ရတဲ့ နွားရဲ့အလုပ်လိုပဲ ငြီးငွေ့စရာ ဖြစ်လာတယ်။ ပျော်စရာမကောင်းဘူး။ ဆုံလည်နွားတစ်မျိုးနဲ့ သေသွားရမယ်ဆိုရင် အဲဒီလူရဲ့ ဘဝမှာ ငွေကြေး ဘယ်လောက်များများ စုဆောင်းမိခဲ့သည် ဆိုစေကာမူ အောင်မြင်တဲ့ဘဝလို့ ဆိုနိုင်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကြီးရင့်လာတဲ့အချိန် ပြန်လှန်စဉ်းစား ကြည့်လိုက်တဲ့အခါ သူ့ဘဝကို သူကိုယ်တိုင် ကျေနပ်နိုင်မှာ မဟုတ်တာ။ ကိုယ်တိုင် မကျေနပ်နိုင်တဲ့ ဘဝတစ်ခုကို အောင်မြင်တဲ့ ဘဝလို့ ခေါ်နိုင်မယ် မထင်ဘူး။

**မေး။ ။ အဲဒီတော့ အောင်မြင်တဲ့ဘဝဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်မလဲ။**

ဖြေ။ ။ ကျွန်တော်မှတ်မိနေတဲ့ စကားတစ်ခုတော့ ရှိတယ်။ ခရစ္စတိုဖာမော်လေ (Christopher Morley) ဆိုတဲ့ အမေရိကန် စာရေးဆရာကြီးတစ်ယောက်က ပြောတာ၊ There is only one success ... to be able to spend your life in your own way. တဲ့။ ကိုယ့်ပုံစံအတိုင်း အစအဆုံး နေထိုင်သွားနိုင်သော ဘဝသည်သာ အောင်မြင်သောဘဝ–လို့ သူပြောတာပဲလို့ ကျွန်တော် သဘောပေါက်တယ်။

သူ့စကား အဓိပ္ပာယ်ကျယ်ပြန့်ပါတယ်။ သည်စကားနောက်မှာ သူညွှန်းချင်တဲ့အချက်တွေ အများကြီးရှိတာ မြင်ရတယ်။ စာဒေတတက်ချင်စရာလေးတွေလည်း ရှိတယ်။ ဒါပေမဲ့ အဲဒါတွေ ခဏထားပြီး၊ အခု ခင်ဗျားပြောတဲ့ ဝါသနာရှယ်၊ အလုပ်ရှယ် ဆိုတာနဲ့ပဲ ဆက်စပ်စဉ်းစားကြည့်မယ်ဆိုရင် ကိုယ့်ပုံစံအတိုင်း နေတယ်ဆိုတာ ကိုယ်ယုံကြည်တာကို လုပ်တာ၊ ကိုယ်ဝါသနာပါတဲ့ဆီမှာ ဘဝကိုမြှုပ်နှံတာ။

သူ့ဘာဝါသနာပါသလဲ၊ အဲဒီဝါသနာပါတာကို စွဲစွဲမြဲမြဲ လုပ်မယ်၊ အဲဒီအတွက် ဆင်းရဲမလား၊ ခက်ခဲမလား၊ နောက်မဆုတ်ဘူး၊ ဖွဲနပ်ပဲနဲ့ လုပ်မယ်၊ သတ္တိရှိရှိလုပ်မယ်ဆိုရင် အဲဒီလူဟာ တစ်နေ့အောင်မြင်ရမှာပဲ။

အရေးကြီးတာက ဝါသနာအစစ်ဖြစ်ဖို့ လိုတယ်။ တကယ် ဝါသနာပါတာဖြစ်ဖို့ လိုတယ်။ လူတစ်ယောက်ဟာ သူတကယ် ဝါသနာပါတဲ့အလုပ်ကို လုပ်နေရရင် အခက်အခဲကို ရင်ဆိုင်ဖို့ ဝန်မလေးဘူး။ ငါ့ဘဝခက်ခဲလေခြင်းလို့ တွေးပြီး ဝမ်းနည်းမနေဘူး။ အအောင်မြင်သေးခင်စပ်ကြားကာလရဲ့ ဆင်းရဲမှုကို ကိုယ်လုပ်ချင်တဲ့ အလုပ် လုပ်နေရလို့ ကျေနပ်ရမှုနဲ့ ထေလို့ရတယ်။

ပြီးတော့ ဝါသနာဆိုတာ ယုံကြည်မှုနဲ့ တွဲနေတယ်။ ဝါသနာရဲ့ အကျိုးပြုမှုကို ယုံကြည်နေတာ၊ ကိုယ်ဝါသနာပါတဲ့အလုပ်မှာ ကိုယ်အောင်မြင်ရမယ်လို့ ယုံကြည်နေတာ။ စာပေဝါသနာပါသူက စာပေနယ်မှာ သူအောင်မြင်မယ်လို့ ယုံကြည်တယ်။ ဂီတဝါသနာပါသူက သူဟာ ဂီတသမားကောင်းဖြစ်ရမယ်လို့ ယုံကြည်တယ်။

ဒါက ယေဘုယျသဘောတွေ ပြောတာပါ။

နမူနာ သာဓကအနေနဲ့ ပြရမယ်ဆိုရင်၊ ဥပမာ၊ ဆရာဝန်အလုပ် ဆိုပါတော့၊

ဆရာဝန်အလုပ်ကို တကယ်ဝါသနာပါတဲ့ လူဟာ အဲဒီအလုပ်မှာ ပျော်ပိုက်မယ်ဗျာ။ သူ့အလုပ်ကို သူကျေနပ်မယ်။ တန်ဖိုးထားမယ်။ ဂုဏ်ယူမယ်။ သည်အလုပ်ကို စိတ်ပါလက်ပါ လုပ်ကိုင်ရင်း တစ်ဖက်ကလည်း ကိုယ့်မှာ အသည်အလုပ်နဲ့ ပတ်သက်တဲ့ ပညာတွေ တိုးပွားသထက် တိုးပွားနေအောင် မပြတ်လေ့လာဆည်းပူးမယ်။ သည်လူဟာ အများကို အကျိုးပြုနေရင်း တစ်ချိန်တည်းမှာ သူ့သဘဝဟာလည်း ဖွံ့ဖြိုးတိုးတက်နေမယ်။ သည်လိုလူမျိုးဟာ တောမှာနေသည်ဖြစ်စေ၊ မြို့မှာနေသည်ဖြစ်စေ ပတ်ဝန်းကျင်လူများအမြင်မှာလည်း အောင်မြင်သူဖြစ်မယ်၊ သူကိုယ်တိုင်ရဲ့ တိုင်းတာမှုအရလည်း အောင်မြင်သူဖြစ်နေမယ်။ ဆရာဝန်အဖြစ်လည်း သူ့အတိုင်းအတာနဲ့သူ အောင်မြင်တယ်။ ဘဝတစ်ခုအနေနဲ့လည်း အောင်မြင်တယ်။

ဝါသနာမပါဘဲ ဆရာဝန်လုပ်နေသူကတော့ အောင်မြင်နိုင်စရာ အကြောင်းမရှိဘူး။ ဝါသနာမပါခြင်းကြောင့်ကို သူဟာ တကယ်အရည်အသွေး ပြည့်ဝပြီး ထိထိရောက်ရောက် စွမ်းဆောင်နိုင်တဲ့ ဆရာဝန်ဖြစ်ဖို့ ခဲယဉ်းသွားပြီ။ သူရောက်ရှိနေတဲ့အလုပ်မှာ စိတ်မဝင်စားတဲ့အတွက် အများကို အကျိုးပြုဖို့ရော ကိုယ်တိုင်တိုးတက်ဖို့ရော သူစဉ်းစားနိုင်မှာ မဟုတ်ဘူး။ ဘေးဘီကိုပဲ လှမ်းမျှော်ကြည့်နေမယ်။ သည်အခါ အလုပ်ရဲ့ တန်ဖိုးကို ငွေနဲ့ တွက်ချက်မိတာမျိုးတွေ ရှိလာမယ်။ သူများလောက် ဝင်ငွေမကောင်းတဲ့အတွက် သူ့ကိုယ်သူ မကျေနပ်ဘူး၊ သူ့ဘဝသူ အားမရဘူး ဆိုတာတွေ ဖြစ်လာမယ်။ သူဟာ အောင်မြင်တဲ့ ဆရာဝန် ဖြစ်မှာ မဟုတ်ဘူး။

**မေး။ ။ အဲဒီတော့၊ အောင်မြင်အောင်ဆိုရင်၊**

ဖြေ။ ။ လူတစ်ယောက်ဟာ ဘဝတစ်ခုကို အောင်အောင်မြင်မြင် တည်ဆောက်ချင်တယ်ဆိုရင် ကိုယ်ဝါသနာပါတဲ့အလုပ်မျိုးနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် ကြိုးစားငဲ့တယ်လို့ ဆိုချင်တယ်။ ကိုယ့်ဝါသနာကို ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သေးတဲ့ လူငယ်များအနေနဲ့လည်း တစ်ခုခု ရွေးချယ်ရမယ့် အချိန်အခါရောက်လာရင်

ကိုယ်ဝါသနာပါတယ် ထင်ရတဲ့ဟာတွေထဲက အသက်မွေးဝမ်းကျောင်းမှုအတွက် ရေရာတာတစ်ခုကို ရွေးပါ။ ပြီးရင်တော့ ဘေးကြည့်၊ နောက်ဘက် ပြန်လှည့်ကြည့်တွေ လုပ်မနေတော့ဘဲနဲ့ သည်ဘာသာရပ်နယ်ပယ်မှာ ငါဗိုလ်စွဲရမယ်ဆိုတဲ့ စိတ်ထားမျိုးနဲ့သာ ပြတ်ပြတ်သားသား ကြိုးစားပါ။ အဲဒါဆိုရင်တော့ အောင်မြင်တဲ့ဘဝ တည်ဆောက်နိုင်မယ်လို့ ကျွန်တော် ပြောချင်တယ်။

**မေး။ ။ ဝါသနာနဲ့ ဆက်စပ်ပြီး၊ လူတိုင်းမှာ သူ့သန်ရာသန်ရာဆိုတာ ရှိတယ်မဟုတ်လား၊ 'ဇ' (talent) လို့ ခေါ်ကြတဲ့ ပင်ကိုအစွမ်းအစ။ လူတစ်ယောက်ဟာ ကိုယ်အစွမ်းအစရှိတဲ့ နယ်ပယ်မှာ မြှပ်နှံကြိုးစားရင်း အောင်မြင်ဖို့ အခွင့်အလမ်း ပိုများမှာပေါ့။ ဒါပေမဲ့ ကိုယ့်မှာ ပင်ကိုအစွမ်းအစ တကယ်ရှိမရှိ ဘယ်လို သိနိုင်မလဲ။ ရှိတယ်ဆိုရင်ကော ဒါကို ဖွံ့ဖြိုးအောင်၊ တကယ်အောင်မြင်တဲ့အဆင့်ရောက်အောင် ဘယ်လိုလုပ်နိုင်မလဲ။ ဆရာမိဘ စတဲ့ ပုဂ္ဂိုလ်တွေကရော ဘယ်လိုကူညီနိုင်မလဲ။**

ဖြေ။ ။ သည်မေးခွန်းကတော့ စိတ်ပညာရှင်တွေရဲ့ နယ်ပယ်ထဲ ရောက်သွားပြီ။ သို့သော် ကျွန်တော့်အနေနဲ့ မှတ်သားဖူးသလောက် ပြောရရင် အရှေ့အနောက် တိုးတက်တဲ့ နိုင်ငံကြီးတွေမှာ career counselor, career doctor စသဖြင့် ခေါ်ကြတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ များသောအားဖြင့် စိတ်ပညာဘွဲ့ ရပြီး လုပ်ငန်းလမ်းညွှန်မှုဆိုင်ရာ သင်တန်းတွေလည်း ထပ်တက်ထားတဲ့ ပုဂ္ဂိုလ်မျိုးတွေ လုပ်ကြတယ်။ ပုဂ္ဂလိကလည်း ရှိတယ်။ အခကြေးငွေယူပြီး အကြံပေးတဲ့လူတွေ။ ပညာရေးဌာနတို့၊ အလုပ်သမားရေးရာ ဌာနတို့က ခန့်ထားတဲ့ ဝန်ထမ်းမျိုးတွေလည်း ရှိတယ်။ အစိုးရက ကျောင်းသားတွေ၊ အလုပ်ခွင်ဝင်တော့မယ့် လူငယ်တွေ၊ အလုပ်ခွင်ထဲမှာ အဆင်မပြေသေးတဲ့ လုပ်သားတွေအတွက် သူတို့နဲ့ အံဝင် ခွင်ကျမယ့် အလုပ်တို့၊ သင်တန်းတို့ကို ရွေးချယ်နိုင်အောင် အကြံပေးကူညီမယ့် centre တွေ ဖွင့်ပေးထားတယ်။ တချို့ ကုမ္ပဏီကြီးတွေ၊ ကော်ပိုရေးရှင်းကြီးတွေကလည်း သူတို့လုပ်သားတွေအတွက် သူတို့ဘာသာ သီးခြားခန့်ထားတဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်တွေ ရှိတယ်။ အခမဲ့ အကြံပေးတာရှိတယ်။ အခကြေးငွေ စတိလောက်ပဲ ယူပြီး ကူညီတာလည်း ရှိတယ်။

အဲဒီပုဂ္ဂိုလ်တွေရဲ့ အလုပ်က အခုခင်ဗျားပြောတဲ့ 'ဇ' ပေါ့လေ၊ လူတစ်ဦးချင်းရဲ့ ပင်ကိုအရည်အသွေး (talent) ကို ဖော်ထုတ်ပေးတဲ့ အလုပ်ကို လုပ်ကြတယ်။ လူငယ်တစ်ယောက်ရဲ့ ဉာဏ်ပညာ အရည်အသွေး၊ သူဘာတွေမှာ ထက်သန်မှုရှိတယ်။ ဘယ်လို အထုံဝါသနာရှိတယ်။ aptitude ပေါ့လေ၊ အဲဒါတွေ စူးစမ်း စစ်ဆေးတယ်။ ပြီးတော့ အဲဒါတွေနဲ့ ဆက်စပ်ပြီး သူဟာ ကျောင်းမှာ ဘယ်လိုဘာသာရပ်မျိုးယူရင် ထူးချွန်နိုင်မယ်၊ ဘယ်လုပ်ငန်းမျိုးဘက်ဝင်ရင် အောင်မြင်နိုင်မယ်၊ စသဖြင့် စိစစ် သုံးသပ်ပေးတယ်။ အနာဂတ် သူ့ဘဝအတွက် လမ်းညွှန်မှုပေးတယ်။ လုပ်ငန်းခွင်ရောက်နှင့်ပြီး အဲဒီအလုပ်မှာ မအောင်မမြင် အဆင်မပြေ ဖြစ်နေတဲ့ လူမျိုးအတွက်ကျတော့ ဘယ်အလုပ်မျိုး ပြောင်းလုပ်သင့်တယ်။ ဘယ်သင်တန်းတက်ပြီး ကိုယ့်အရည်အချင်း မြင့်တက်အောင် လုပ်သင့်တယ် စသဖြင့် အကြံဉာဏ်ပေးတယ်။

အဓိက ကတော့ ဝါသနာအစစ်အမှန်ကို ဖော်ထုတ်ပေးတာပဲ။ သူ့ ပင်ကိုအရည်အသွေးနဲ့ သဟဇာတဖြစ်မယ့် အလုပ်မျိုးကို လုပ်ဖြစ်အောင် ရှာဖွေပေး၊ ဖော်ထုတ်ဆက်စပ်ပေးတာပဲ။

သူတို့ဆီမှာ အဲဒီလိုကျွမ်းကျင်သူတွေရဲ့ အကူအညီနဲ့ ကိုယ့် 'ဇ' ကို ဖော်ထုတ်ကြတယ်။ ကိုယ်ဘာဆိုတာ သိအောင်လုပ်ပြီး ကိုယ်အောင်မြင်နိုင်မယ့် လမ်းကြောင်းကို ရွေးချယ်ချမှတ်နိုင်ကြတယ်။

သည်ကျွမ်းကျင်သူတွေလည်း ရာနှုန်းပြည့်မှန်ကန်သူတွေတော့ မဟုတ်ကြဘူးပေါ့။ သူတို့အပေါ် လုံးဝပုံအပ်ဖို့တော့ မဟုတ်ဘူး။ သို့သော် ကိုယ့်အစအနေလေး ကိုယ် မရဲတရဲမြင်ထားသူ တစ်ယောက်အနေနဲ့ ကျွမ်းကျင်သူရဲ့ အတည်ပြုမှုကို ရမယ်ဆိုရင် ကိုယ့်ကိုကိုယ် ယုံကြည်မှုပြည့်ဝသွားပြီး အလုပ်တစ်ခုခုကို ပြတ်ပြတ်သားသား ရွေးချယ်လုပ်ကိုင်သွားနိုင်မယ်။ အဲသည်အခါ အောင်မြင်ဖို့ အခွင့်အလမ်းလည်း ပိုများသွားတာပေါ့။

ဒါက သူတို့ဆီမှာ။ ကျွန်တော်တို့ကျတော့ ဘယ်လိုလုပ်ကြမလဲ။ ကိုယ့် 'ဇ' ကိုယ့် (talent) ကို ဘယ်လိုဖော်ထုတ်မလဲ။

ဒီကိစ္စမှာ သက်ဆိုင်ရာ ကာယကံရှင်ကိုယ်တိုင် ကိုယ့်ကိုကိုယ် ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လှန်သုံးသပ် စိစစ်နိုင်ဖို့ လိုတယ်။ မိဘဆရာ စတဲ့ ပုဂ္ဂိုလ်များနဲ့ ပွင့်ပွင့်လင်းလင်း ညှိနှိုင်း တိုင်ပင်တာတွေလည်း လုပ်သင့်တယ်။

သည်နေရာမှာ မိဘတွေအပိုင်းကလည်း အများကြီး အဓိကကျတယ်။ လူငယ်တစ်ယောက်ရဲ့ အလုပ်အကိုင်ရွေးချယ်မှု အသက်မွေးဝမ်းကျောင်း ပညာ ရွေးချယ်မှုတွေမှာ မိဘရဲ့လွှမ်းမိုးမှုဟာ အလွန်ကြီးမားပါတယ်။ မိဘအရိပ်အာဝါသက မလွတ်သေးတဲ့ လူငယ်တစ်ယောက်ဟာ သူ့ဘဝအတွက် ကြီးမားတဲ့အဆုံးအဖြတ်တစ်ခု ပြုလုပ်ရတော့မယ့်အချိန်မှာ မိဘမျက်နှာကို မော့ကြည့်တတ်တာ သဘာဝပဲ။ ဘာကိုရွေးရမှန်းမသိလို့ မိဘကို အားကိုးတာ ရှိတယ်။ ကိုယ့်ရွေးချယ်မှုအတွက် မိဘ စိတ်ပျက်သွားမလားလို့ စိုးရိမ်တာ ရှိတယ်။ အဲဒါနဲ့ပဲ လူငယ်အတော်များများက ကိုယ့်အိပ်မက် မဟုတ်ဘဲ မိဘအိပ်မက်ကို အကောင်အထည်ဖော်ခဲ့ကြရတာတွေ ရှိတယ်။ အဲသည်အခါ ကြိုးစားကြရမယ့် အသက်မပါကြဘူးပေါ့။ ခရီးမရောက်နိုင်၊ မအောင်မြင်နိုင်ကြဘူးပေါ့။

မိဘတွေဘက်က သည်ကိစ္စမှာ သတိထားဖို့ လိုတယ်။ ကိုယ်ကတော့ စေတနာနဲ့ပေါ့။ သို့သော် စေတနာလွဲချော်သွားတဲ့အခါ သားသမီး ဒုက္ခရောက်ရသလို မိဘတွေလည်း စိတ်မချမ်းမသာ ဖြစ်ကြရမယ်။ ဘယ်သူမဆို သူတကယ်စိတ်ဝင်စားတဲ့ နယ်ပယ်မှာသာ ထူးချွန်အောင်မြင်နိုင်တယ်ဆိုတာ မိဘတွေ မမေ့သင့်ဘူး။

အဲဒီတော့ ကိုယ့်သားသမီးရဲ့ talent အစစ်အမှန်ကို ဖော်ထုတ်နိုင်ဖို့ မိဘနဲ့သားသမီး ပူးတွဲညှိနှိုင်းပြီး ဆောင်ရွက်ကြဖို့ လိုတယ်။

Aptitude test တွေနဲ့ ကျွမ်းကျင်သူများရဲ့ စိစစ်ချက်တွေကတော့ ပိုပြီး တိကျမှန်ကန်တာပေါ့။ ဒါပေမဲ့ အဲသည်လို ကျွမ်းကျင်မှု အထောက်အကူမရှိတဲ့ အနေအထားမှာ လောလောဆယ် ကျွန်တော်တို့ အကြမ်းဖျင်း ပြောနိုင်တာက၊ ပထမဆုံး၊ သူဟာ ဘယ်လိုကိစ္စမျိုးတွေမှာ စိတ်ထက်သန်လေ့ရှိသလဲ၊ ဘယ်ဘာသာရပ်တွေကို စိတ်အဝင်စားဆုံး၊ ဘာတွေကိုတော့ စိတ်မဝင်စားဆုံး ဖြစ်ခဲ့သလဲ ဆိုတဲ့အချက်။ သူဟာ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် အလုပ်လုပ်ရတာမျိုးကို နှစ်သက်တတ်သလား၊ အလျင်စလို အရေးတကြီး အနေအထားမျိုးမှာ ပိုပြီးသွက်လက်ထက်မြက်တာ တွေ့ရတတ်သလား၊ ကျောင်းနေစဉ်က ဘယ်အသင်းအဖွဲ့မျိုးမှာ စိတ်ပါလက်ပါ လှုပ်ရှားဖူးသလဲ။ မင်း ဘာဝါသနာပါသလဲ မေးတဲ့အခါမျိုးမှာ သူဘယ်လိုဖြေလေ့ရှိခဲ့သလဲ၊ စသဖြင့် ပြန်လှန်သုံးသပ် စိစစ်သင့်တယ်။

ပြီးတော့ သူ့ဆရာသမား၊ သူ့အပေါင်းအသင်း ဒါမှမဟုတ် အိမ်အနီးအနားက သူ့အပေါ် စိတ်ဝင်စားတဲ့ လူကြီးသူမတွေက သူဟာ ဘယ်လိုဘက်မှာ 'ဇ' ရှိတယ်လို့ မြင်ကြသလဲ၊ သူနဲ့ ပတ်သက်လို့ သူတို့ ဘယ်လိုသတိထားမိဖူးတာတွေ ရှိခဲ့သလဲ စသဖြင့် သူ့စရိုက်သဘာဝ၊ သူ့စိတ်ဝင်စားမှု၊ သူ့အစွမ်းအစတွေနဲ့ ပတ်သက်ပြီး ဘေးလူတွေ အကဲခတ်မိဖူးသမျှကိုလည်း သိရအောင် မေးမြန်းစုဆောင်းပြီး၊ တကယ်ဆုံးဖြတ်တဲ့နေရာမှာ ထည့်သွင်း စဉ်းစားသင့်တယ်။

နောက်တစ်ချက်က မိဘတွေအနေနဲ့ ကိုယ့်သားသမီးကို လောကကြီးအကြောင်း၊ လူ့ဘဝ၊ လူ့အလုပ်အကိုင် အမျိုးမျိုးတွေအကြောင်း တတ်နိုင်သမျှ ဗဟုသုတရှိအောင် လုပ်ပေးထားသင့်တယ်။ တရားရုံးခေါ် သွား၊ တရားသူကြီးတွေ၊ ရှေ့နေတွေရဲ့အလုပ်တွေ ဘယ်လို ဘယ်ပုံရှိတယ်ဆိုတာ ပြ၊ ဆေးရုံခေါ် သွား၊ ဆရာဝန်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့အလုပ်က ဘယ်လိုရှိတယ် သိအောင်ပြ၊ မြို့ပိုင်နယ်ပိုင် ခရိုင်ဝန်ဆိုတဲ့ အုပ်ချုပ်ရေးသမားတွေရဲ့အလုပ်က ဘယ်လို၊ ကုမ္ပဏီလုပ်ငန်း အိမ်တွင်းစက်မှုလုပ်ငန်း စသဖြင့် ကိုယ်ပိုင် စီးပွားရေး လုပ်ကြသူတွေရဲ့အလုပ်က ဘယ်ပုံစသဖြင့် သူတို့ဘဝတွေရဲ့ ကောင်းကွက် ဆိုးကွက်တွေ၊ သူတို့ရဲ့စည်းစိမ်ချမ်းသာနဲ့ သူတို့ရဲ့ဒုက္ခတွေ၊ သူတို့ရင်ဆိုင်ဖြေရှင်းရတဲ့ ပြဿနာတွေ၊ သည်လုပ်ငန်း အသီးသီးကို အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ဖို့အတွက် လိုအပ်တဲ့ အခြေခံအရည်အချင်းနဲ့ အားထုတ်ရမှုတွေ၊ အဲဒီလို အချက်တွေကို အခါအားလျော်စွာ ပြသထားခဲ့မယ်ဆိုရင် လူငယ်တစ်ယောက်အနေနဲ့ သူ့ရဲ့ဘဝလမ်းကြောင်း ရွေးချယ်ရမယ့်အချိန်မှာ ပိုပြီးနားလည်ပါးလည် အမြင်ကျယ်ကျယ်နဲ့ စဉ်းစားဆုံးဖြတ်နိုင်စရာ ရှိပါတယ်။

မိသားစုအနေနဲ့ လူငယ်တစ်ယောက်ကို တတ်နိုင်သမျှ အကြံဉာဏ်ပေးကြ ကူညီပြင်ဆင်ပေးကြပြီးတဲ့နောက်မှာ သူစိတ်တိုင်းကျတဲ့အရာကို သူကိုယ်တိုင်ပဲ ဆုံးဖြတ်ရွေးချယ်စေသင့်တယ်။ ရွေးချယ်ပြီးပြီဆိုရင်တော့ ဘာမှစောဒက တက်မနေကြဘဲနဲ့၊ သူ့ဆုံးဖြတ်ချက်ကို သူ တာဝန်ယူဖို့၊ သူကိုယ်တိုင် ရွေးချယ်တဲ့ လမ်းကြောင်းမှာ အောင်မြင်မှုရအောင် ထက်ထက်သန်သန် ပြတ်ပြတ်သားသား ကြိုးစားဖို့သာ ဝိုင်းဝန်းတိုက်တွန်းကြသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်။

**မေး။ ။ Talent ကို ဖော်ထုတ်ပေးလိုက်နိုင်မယ်၊ သူ့ talent ရှိရာလမ်းကြောင်းပေါ် တင်ပေးလိုက်နိုင်မယ်ဆိုရင်တော့ လူငယ်တစ်ယောက်အတွက် ဘဝအောင်မြင်မှုရဖို့ သေချာသွားပြီးလို့ ဆိုနိုင်မလားခင်ဗျာ။**

ဖြေ။ ။ မဆိုနိုင်သေးဘူးဗျ။ တချို့ပုဂ္ဂိုလ်ကြီးတွေက ဆိုရင် လောကမှာ 'ဇ' (talent) ရှိပြီး ဘာမှမဖြစ်မြောက် သူတွေလောက် ပေါလိုက်တဲ့အရာ မရှိဘူးလို့တောင် ဆိုကြတယ်။

ဒါက talent ရဲ့ ဘဘောကို မှန်မှန်ကန်ကန် မသိလို့ဖြစ်ကြရတာ။ talent 'ဇ' သက်သက်ဟာ အောင်မြင်မှု မဟုတ်ဘူး။ အောင်မြင်မှုရမယ့်အရိပ်နိမိတ်၊ ဒါမှမဟုတ် အောင်မြင်မှုရဲ့အခြေခံလမ်းစပဲ ရှိသေးတယ်။ ဒါပေမဲ့ လူအတော်များများကတော့ ကဏ္ဍတစ်ခုမှာ talent ရှိနေတာကိုပဲ အဲဒီကဏ္ဍနယ်ပယ်မှာ အောင်မြင်နေတာအဖြစ် လွဲမှားပြီး ထပ်တူစွဲမိလေ့ ရှိတတ်ကြတယ်။ အဲဒီအမှားဟာ အတော်ဆိုးတယ်။ ငယ်ငယ်လေးနဲ့ သိပ်တော်တာပဲ၊ genius ပဲ၊ ဘာညာနဲ့ ချီးမွမ်းခံရတဲ့ ကလေးအတော်များများဟာ ကြီးလာတဲ့အခါ သူလိုငါလိုအဆင့်နဲ့ ဇာတ်သိမ်းသွားတာတွေ ရှိတယ်။ တချို့ကျတော့ မြှောက်စားခံရတဲ့အဆင့်က လျှော့ကျတဲ့အခါ စိတ်ဓာတ်ကျပြီး သာမန်အဆင့်လောက်တောင် မအောင်မြင်နိုင်တော့တာတွေ ရှိတယ်။

'ဇ' (talent) ရှိသူတစ်ယောက် တကယ်အောင်မြင်ဖို့အတွက် အဲဒီ 'ဇ' (talent) ကို ဖွံ့ဖြိုးအောင်လုပ်ဖို့ လိုတယ်။ အားကစားလို ကိစ္စမျိုးကျတော့ နည်းနည်းသိလွယ်မြင်လွယ်တယ်။ ဥပမာ၊ ဘောလုံး talent ရှိတဲ့ကလေးဟာ ဘောလုံးမပြတ်လေ့ကျင့်ရင်းနဲ့သာ ဘောလုံးအကျော်အမော်ဖြစ်နိုင်တာပဲ။ လေ့ကျင့်တယ် ဆိုတာမှာလည်း သည်အတိုင်း လျှောက်ကန်နေတာမျိုး မဟုတ်ဘဲ နည်းပြဆရာကောင်းလက်အောက်မှာ ပြင်းပြင်းထန်ထန် ဇွဲသန်သန်နဲ့ လေ့ကျင့်တာမျိုး ဖြစ်မှသာ သူ့ talent ဟာ ရပ်ကွက်အဆင့်ကနေ နိုင်ငံတကာအဆင့် တက်လာမယ်။ လေ့ကျင့်တာချင်း တူရင် သူက သူများထက် သာနိုင်မယ်။ ဒါပေမဲ့ အလေ့အကျင့် လျော့တာနဲ့ တစ်ပြိုင်နက် သူ့အောက်က လူက သူ့ကို ကျော်တက်သွားမှာပဲ။ သူတို့ကိစ္စကျ ရှင်းတယ်။ ဒါပေမဲ့ တချို့နယ်ပယ်ကျတော့ talent ကို သိပ်မွန်းချင်တဲ့သဘောရှိတယ်။

ဥပမာအားဖြင့်၊

ကျွန်တော်တို့ စာပေအပါအဝင် အနုပညာနယ်ပယ်မှာ သုံးလေ့ရှိတဲ့ စကားတစ်ခုရှိတယ်။ art နဲ့ craft/ အနုပညာစွမ်းရည်ကိုပဲ အဆင့်ခွဲခြားပြီး ပြောကြတာ။ art က မြင့်တယ်။ ပါရမီခံ ပါတဲ့သဘော၊ talent သဘော၊ လူတိုင်း မရဘူးဆိုတဲ့ သဘော။ craft က သာမန်အဆင့်၊ လုပ်ငန်းပညာ ကျွမ်းကျင်မှုအဆင့်၊ ဘယ်သူမဆို လေ့ကျင့်ရင်း အနည်းနဲ့အများ ရနိုင်တယ်ဆိုတဲ့သဘော။ အဲဒီလို အဆင့်ခွဲခြားပြီးသုံးလေ့ရှိတယ်။ အနုပညာနယ်ထဲ ဝင်စမှာတင် အတန်အသင့် အောင်မြင်သွားတဲ့ တချို့လူတွေက ကိုယ့်ကိုကိုယ် ငါက ပါရမီရှိတယ်၊ art ရှိတယ်၊ စသဖြင့် အထင်ရောက်ပြီး သက်ဆိုင်ရာအနုပညာရဲ့ အခြေခံတွေ ပြည့်စုံကျွမ်းကျင်အောင် လေ့ကျက်ဆည်းပူးဖို့ မေ့လျော့ကြတယ်။ craft ရဲ့တန်ဖိုးကိုလျှော့တွက်တဲ့သဘော။ ဒါပေမဲ့ တကယ်လက်တွေ့မှာတော့ talent ကို craftsmanship နဲ့ မပေါင်းစပ်နိုင်မချင်း မအောင်မြင်နိုင်ဘူး။ ဘယ်နယ်ပယ်မှာမဆို သည်အတိုင်းပဲ။ တကယ် ထူးချွန်အောင်မြင်တဲ့ ပညာရှင်တိုင်း၊ အနုပညာသမားတိုင်းဟာ နဂို talent အခြေခံကို ထပ်တလဲလဲ လေ့ကျင့်မှု၊ သက်ဆိုင်ရာနယ်ပယ်နဲ့ ပတ်သက်တဲ့ သိသင့်တတ်သင့်သမျှကို သိအောင် တတ်အောင် လေ့လာ ဆည်းပူးမှု၊ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို ကိုယ့်စိတ်တိုင်းမကျမချင်း လက်မလွှတ်တတ်မှုဆိုတဲ့ craftsman ကောင်းရဲ့ အလေ့အကျင့်တွေနဲ့

ပေါင်းစပ်မွမ်းမံပြီးတော့မှသာ တကယ့် တစ်ဖက်ကမ်းခတ်သူ (expert) တွေ၊ အသက်မွေးနိုင် လောက်အောင် တတ်မြောက်သူ (professional) တွေ၊ ပါရမီရှင် (genius) တွေ ဖြစ်လာကြတာ။

**မေး။ ။ ကိုယ်ဝါသနာပါတာက တစ်ခါတလေ ခေတ်ရဲ့ ရေစီးကြောင်းနဲ့ အံကျဖြစ်ပေမယ့် တစ်ခါတစ်ရံတော့ မဖြစ်တတ်ဘူး။ အဲဒီလို မဖြစ်တဲ့အခါ ဘယ်လိုသဘောထားမလဲ။**

ဖြေ။ ။ အဲဒါကတော့ လူတစ်ယောက်အနေနဲ့ သည်ဘဝမှာ ငါဘယ်လိုဘယ်ပုံ နေထိုင်သွားမယ်လို့ ကိုယ့်အတွက် ကိုယ်ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေပေါ်မှာ မူတည်တယ်။ တစ်နည်းပြောရရင် လူတစ်ယောက်ရဲ့စိတ်ထားရယ်၊ သူရဲ့အသိဥာဏ်ပညာရယ်ပေါ်မှာ အခြေခံထားတဲ့ သူရဲ့ ဘဝလမ်းညွှန်ဒဿနနဲ့ ဆိုင်တယ်။

ငတ်ချင်ငတ်၊ ပြတ်ချင်ပြတ် ငါဝါသနာပါတာကိုပဲ ငါ လုပ်သွားမယ်ဆိုတဲ့ လူမျိုးအတွက် ပြဿနာမရှိဘူး။ ဗန်ဂိုးဘဝဟာ ဆိုးဝါးတာပဲ။ ဒါပေမဲ့ ပန်းချီဆရာအဖြစ်နဲ့တော့ ထိပ်ဆုံးတန်းက အောင်မြင်တယ်။

ဝါသနာပါတာကို လုပ်မယ်။ သို့သော် နာမည်ကြီးထမင်းငတ်တော့ အဖြစ်မခံနိုင်ဘူးဆိုရင်တော့ အက်ဒီဆင်ရဲ့ လမ်းစဉ်ကို ကျင့်သုံးသင့်တယ်။ အက်ဒီဆင်ဆိုတာ မဟာတီထွင်သူပဲ။ တကယ့် genius ပဲ၊ သူတီထွင်သွားတဲ့ ပစ္စည်းအမျိုးပေါင်းဟာ မြောက်မြားစွာ ရှိတယ်။ ရေစစ္စတြီရုံးမှာ သူ့နာမည်နဲ့မှတ်ပုံတင် (patent လုပ်) ထားတာချည်း ၁၃၀၀ ကျော်တယ်။ ဒါပေမဲ့ အက်ဒီဆင်ဟာ စိတ်ကူးပေါက်တိုင်း လျှောက်ထွင်တာ မဟုတ်ဘူး။ ငယ်ငယ်ရွယ်ရွယ် တုန်းကတော့ စိတ်ကူးတည့်ရာ လျှောက်စမ်းသပ်ကြည့်ခဲ့တာတွေ ရှိတာပေါ့။ နောက်ပိုင်း ထွင်စရာတွေ အမြောက်အမြား ရှိလာတဲ့ကာလမှာ အက်ဒီဆင်ဟာ စီးပွားရေးအရ တွက်ခြေကိုက်မယ့် မစ္စည်းမျိုးကိုပဲ ထွင်တယ်။ ဈေးကွက်မဝင်မယ့် ပစ္စည်းမျိုးကို အချိန်ကုန်ခံပြီး တီထွင်မနေဘူး။ ဝါသနာနဲ့ ကိုယ့်အကျိုးစီးပွား ညှိနှိုင်းချိန်ဆပြီး လုပ်တဲ့ သဘောပေါ့။

ဗန်ဂိုးတို့လို ဝါသနာအစွဲ ပြင်းထန်လွန်းသူတွေကလွဲရင် ဘယ်သူမဆို ကိုယ့်ဘဝ သက်သောင့်သက်သာ ရှိမှုဆိုတာကိုတော့ ထည့်တွက်ကြမှာပါ။ အဲဒီတော့ ကိုယ့်ဝါသနာကို အခြေအနေ အချိန်အခါနဲ့အညီ ညှိနှိုင်းချိန်ဆပြီး လုပ်ကြရမှာပေါ့။

ဒါပေမဲ့ မျှောလိုက်ဖို့ပြောတာတော့ မဟုတ်ဘူး။ မျှောလိုက်တဲ့ သူမှာ သက်သာတာသာ ရှိမယ်၊ အောင်မြင်မှုဆိုတာတော့ မရှိနိုင်ဘူး။

ကိုယ့်သတ္တိ ကိုယ်ချိန်ဆပြီး လုပ်ဖို့သာ ပြောတာ။

အခြေအနေမပေးတဲ့အခါ လျှော့တန်သရွေ့လျှော့၊ ပြောင်းလဲတန်သရွေ့ ပြောင်းလဲ၊ သစ် မရခင်စပ်ကြား ဝါးနဲ့ပေါင်းကွပ်တန် ကွပ် ဆိုတာမျိုး လုပ်ရတယ်။ သို့သော် တစ်ဖက်ကလည်း ကိုယ့်ဝါသနာကို ကိုယ်အကောင်အထည်ဖော်နိုင်သလောက် ဖော်ဖို့တော့ လိုတယ်။

လောကမှာ အခက်အခဲဆိုတာ ရှိမှာပဲ။ ကိုယ်ဝါသနာပါလို့ ကိုယ့်ဘာသာရွေးချယ်ထားတဲ့လုပ်ငန်းမှာ ထူးချွန်အောင်မြင်သူ ဖြစ်ရမယ်လို့ ရည်မှန်းချက်ထားပြီး လုပ်တဲ့လူဟာ ရေစီးကြောင်းမှာ အလိုက်သင့် မျှောပါသူထက်တော့ အခက်အခဲကြုံရမှာပဲ။ ဒါပေမဲ့ အဲဒီလို အခက်အခဲကြားထဲမှာ ရုန်းကန်လှုပ်ရှားပြီးတော့သာ လူတစ်ယောက်ဟာ ထူးချွန်အောင်မြင်သူ ဖြစ်လာနိုင်တယ်။

စွန်ဆိုတာ လေစုန်မှာ မျှောပေးရင် လွင့်သာလွင့်သွားမယ်၊ တက်မလာဘူး၊ လေဆန်ဆွဲတင်းမှ ထောင်တက်သွားတာ။ အထက်တက်ချင်တဲ့သူဟာ ရုန်းကန်ဆန်တက်ဖို့ ဝန်မလေးသင့်ဘူး။

ထူးထူးချွန်ချွန် ထင်ထင်ရှားရှားဖြစ်ခဲ့ကြဖို့ ပုဂ္ဂိုလ်ကျော်တွေရဲ့ အတ္တုပတ္တိတွေ ဖတ်ကြည့်ရင် ရေဆန်လေဆန်မှာ ရုန်းကန်ဆန်တက်ခဲ့ကြတဲ့ နမူနာတွေ အများကြီး တွေ့ရပါလိမ့်မယ်။

genius (ပါရမီရှင်) လို့ အခေါ်ခံရတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ ကိုယ် ဝါသနာဗီဇ (talent) ရှိတဲ့အလုပ်မှာ မြှပ်နှံလုပ်ကိုင် သွားကြသူတွေချည်းပါပဲ။

talent ရှိတယ်ဆိုတာ လိုတ ရတာ မဟုတ်ဘူး။ ဝါသနာအရင်းခံကို ပင်ပန်းကြီးစွာ လေ့ကျင့်မွမ်းမံပြီးတော့မှ နောက်ဆုံးတစ်နေ့မှာ ထိတိုင်းရွှေဖြစ်တဲ့အဆင့် ရောက်လာတာ။

စိန်ဖေဒါ လက်သံပြောင်တယ်ဆိုတာ အသားလွတ် ထပြောင်တာ မဟုတ်ဘူး။ နေ့စဉ်နဲ့အမျှ လက်အံသေအောင် တီးလာ ရိုက်လာခဲ့လို့ လက်သံပြောင်တာ။ ဂေါက်သီးချန်ပီယံတစ်ယောက် လှလှပပရိုက်ပြတဲ့အခါ လူတွေ အားကျကြတယ်။ လက်ဖဝါးက သွေးထွက်တဲ့အထိ အရိုက်ကျင့်ခဲ့ရတာ လူမသိဘူး။

အီဖော်လျူးရှင်း သီဝရီနဲ့ နာမည်ကြီးတဲ့ ဒါဝင်ဟာ သဘာဝဗေဒထဲမှာ သူ့တစ်ဘဝလုံး မြှုပ်နှံခဲ့ရတာ။ သည်ဘာသာရပ်နဲ့ ပတ်သက်ပြီး ဒါဝင်ရေးသွားတာ စာတစ်အုပ်နှစ်အုပ် မဟုတ်ဘူး။ သုတေသနစာတမ်းပေါင်း တစ်ရာကျော် ရှိတယ်။ အိုင်စတိုင်းလည်း အခုလောက်အထိ အကောင်ဒြပ်ကြီးမားနေရတာ ရီလေးတစ်ဗတီး သီဝရီတစ်ခုတည်းကြောင့်မဟုတ်ဘူး။ အိုင်းစတိုင်းဟာ ရူပဗေဒနဲ့ ပတ်သက်တဲ့ သုတေသနစာတမ်းပေါင်း ၂၅၀ လောက် ပြုစုသွားခဲ့တာ။ ဆစ်ဂမွန်ဖရွိုက်ဆိုရင် အိုင်စတိုင်းကိုတောင် စံချိန်ချိုးဦးမယ်။ အသက် ၈၀ ကျော် ကွယ်လွန်ခါနီးအချိန်ထိ စိတ်ပညာ သုတေသနလုပ်ငန်းတွေ မနေမနားလုပ်သွားတယ်။ စာအုပ်စာတမ်းပေါင်း မြောက်မြားစွာ ရေးသွားတယ်။ ဒါကြောင့်လည်း သည်နေ့ခေတ်ထိ စိတ်ပညာနယ်၊ စာပေနယ်၊ အနုပညာနယ်တွေမှာ သူ့ဩဇာကြီးမားဆဲ ရှိနေတာပေါ့။

**မေး။ ။ talent ရှိသူတစ်ယောက်ရဲ့ အောင်မြင်နိုင်မှု အတိုင်းအဆဟာ သူ့တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုအနေအထားနဲ့ ဘယ်လို ဆက်စပ်မှု ရှိပါသလဲ။**

ဖြေ။ ။ သည်လိုဗျာ၊ တချို့ကိစ္စမှာ talent ရှိတဲ့ လူတစ်ယောက်ဟာ သူနေထိုင်ရာအရပ်မှာပဲ တစ်ယောက်တည်း ထလုပ်ပြီး ကမ္ဘာသိအဆင့်ထိ အောင်မြင်သွားနိုင်တာ ရှိတယ်။

ဥပမာ ဗန်ဂိုးတို့ ပန်းချီအလုပ်မျိုးပဲ ဆိုပါတော့။ သူ့အောင်မြင်မှုမှာ သူတစ်ဦးတည်းရဲ့ စွမ်းရည်က အဓိကလို့ ပြောလို့ရတယ်။

ဒါပေမဲ့ အဲဒီမှာတောင် အထောက်အပံ့တွေ အဆက်အစပ်တွေ ရှိသေးတယ်။ သူ့အရင်က ရှိခဲ့တဲ့ ပန်းချီလက်ရာ ကောင်းတွေကို သူသိမြင် လေ့လာခွင့်ရခဲ့တယ်ဆိုတဲ့အချက်က ကျွန်တော်တို့ချန်ထားလို့ မရဘူး။ အသေးစိတ်ပြောမယ် ဆိုရင် ပန်းချီနည်းနာ၊ ပန်းချီ idea တွေသာမက ပန်းချီပစ္စည်းကအစ သူ့အရင်လူတွေဆီက ရပြီးမှ သူက အသစ် တီထွင်တယ်ဆိုတာ လုပ်နိုင်တာ။ တကယ်လို့ ၁၉ ရာစု ပါရီမှာ မဟုတ်ဘဲ ကျောက်ခေတ်က လိုဏ်ဂူတစ်ခုထဲမှာ သာဆိုရင် ပိုစ့်အင်ပရက်ရှင်းနစ် ပန်းချီဆရာ မဖြစ်ဘဲ ဂူနံရံမှာ တိရစ္ဆာန်အရုပ် ရေးဆွဲသူအဆင့်လောက်သာ ရှိမှာပေါ့။

အဲဒီတော့ လူတစ်ယောက်ရဲ့ ဖွံ့ဖြိုးတိုးတက်နိုင်မှု အတိုင်းအဆဟာ သူကျင်လည်ရတဲ့ ပတ်ဝန်းကျင် အနေအထား ပေါ်မှာလည်း အများကြီးမူတည်ပါတယ်။

မျိုးစေ့ချင်း တူပေမယ့် ပေါက်ရတဲ့နေရာရဲ့ မြေဆီဩဇာအနည်းအများကို လိုက်ပြီး အပင် အကြီးအသေး ကွာခြားနိုင်တယ်။

ပန်းချီအနုပညာလို တစ်ကိုယ်စွမ်းအား အဓိက ထားရတဲ့ ပညာမျိုးမှာတောင် ဝန်းကျင်အနေအထား စကားပြောသေးရင် သိပ္ပံပညာရပ်လိုဟာမျိုးကျတော့ သည်ကိစ္စက အများကြီး အရေးကြီးသားတာပေါ့။ အုံကောင်း၊ အနေအထားကောင်း၊ အထောက်အပံ့ကောင်း မရှိတဲ့နေရာမှာ တကယ်ထူးချွန်တဲ့ ပညာရှင် တစ်ယောက် ထွက်ပေါ်နိုင်ဖို့ အလွန်ခဲယဉ်းတယ်။

ဥပမာ၊ သည်နေ့ သိပ္ပံပညာလောကမှာ ရေပန်းစားတဲ့ nuclear physics ဆိုပါတော့။ ငွေကုန်ငွေပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ထားတဲ့ သုတေသနဌာနကြီးတွေရယ်၊ သူ့ကဏ္ဍနဲ့သူ ထူးချွန်တဲ့ အခြား အခြားသော ပညာရှင်တွေရယ်ဆီက ပံ့ပိုးမှုမရဘဲနဲ့ သည်ဘာသာရပ်မှာ အသစ်တီထွင်တွေ့ရှိသူတစ်ယောက် ဖြစ်မလာနိုင်ဘူး။

အဲဒီတော့ တိုင်းပြည်တစ်ပြည် တိုးတက်ဖွံ့ဖြိုးနေမှသာလျှင် အဲဒီတိုင်းပြည်က talent ရှိသူတွေ ပင်ကိုစွမ်းအားနဲ့ ဖွဲလုံ့လ ရှိသလောက် ကြီးထွားခွင့်ရနိုင်မယ်ဆိုတဲ့သဘော တွေ့ရပါတယ်။ ဒါပေမဲ့လည်း တစ်ဖက်က ကြည့်ပြန်ရင် ရှိတဲ့အနေအထားမှာပဲ ရှုပ်ရှုပ်ချွံချွံဆောင်ရွက်သွားကြတဲ့ ပညာရှင်တွေကြောင့် တိုင်းပြည်ရဲ့ ပညာ အဆင့်မြင့် တက်သွားတာ တိုင်းပြည်အတွက် ဂုဏ်ယူစရာ ဖြစ်တာတွေလည်း ရှိပါတယ်။

ဥပမာ၊ ကျွန်တော်တို့ ကျောင်းသားဘဝလောက်က ကမ္ဘာမှာ အင်မတန်နာမည်ကြီးခဲ့တဲ့ တောင်အာဖရိက က ဆရာဝန် ခရစ္စယန် ဘားနဒ်။ နှလုံး အစားထိုး ကုသတဲ့အလုပ်ကို ပထမဆုံး အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်။ သူ့စွမ်းဆောင်ချက်ကြောင့် တောင်အာဖရိကရဲ့ ဂုဏ်သိက္ခာဟာ အများကြီး တက်သွားတယ်။ တောင်အာဖရိကဟာ နှလုံးအစားထိုးကုသမှုပညာမှာ နံပါတ် (၁) အဆင့် ရောက်သွားတယ်။ အမေရိကန်တို့၊ အင်္ဂလန်တို့လို တခြားကိစ္စတွေမှာ ထိပ်တန်းအဆင့်ရှိတဲ့ တိုင်းပြည်တွေက လူတွေလည်း နှလုံးကိစ္စအတွက်တော့ တောင်အာဖရိကကို သွားရတယ် ဆိုတဲ့ အခြေအနေမျိုး ဖြစ်လာခဲ့တယ်။ ဘားနဒ်ရဲ့ အောင်မြင်မှုကို အကြောင်းပြုပြီး အစိုးရကလည်း သည်ကဏ္ဍရပ်အတွက် ပံ့ပိုးမှုတွေ ပိုလုပ်လာတော့ ပညာရှင်တွေက သူတို့ လုပ်ငန်းကို တိုးတက်သထက် တိုးတက်အောင် ဆောင်ရွက်နိုင်လာတယ်။ တောင်အာဖရိကဟာ နှလုံးအစားထိုးကိစ္စမှာ နံပါတ် (၁) အဆင့်မှာ နှစ်အတော်ကြာနေခဲ့ပြီး နောက်ပိုင်း ဒေါက်တာ ဘားနဒ် အလုပ်မလုပ်နိုင်တော့တဲ့အချိန်၊ အစိုးရကလည်း ထောက်ပံ့မှုတွေ လျော့လာချိန်မှာ တဖြည်းဖြည်းပြန်ကျလာတယ်။ အခုဆိုရင် သူတို့ဟာ သည်ပညာရပ်နယ်ပယ်မှာ ရှေ့ဆုံးတန်း တိုင်းပြည်တွေထက် နှစ်နဲ့ချီပြီး နောက်ကျတဲ့အဆင့်မှာ ရောက်နေပြီလို့ ဆိုတယ်။

အဲဒါ talent ရှိသူ ပညာရှင်တွေနဲ့ တိုင်းပြည်တိုးတက်မှု အပြန်အလှန် အမှီသဟဲပြုနေတယ်ဆိုတဲ့ သဘောလေးပါ။

သိပ္ပံပညာနယ်မှာတင် မဟုတ်ဘူး၊ စီးပွားရေးလောကမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ talent ရှိတဲ့ စီးပွားရေးသမားတွေနဲ့ နိုင်ငံအစိုးရ စနစ်တကျ အပြန်လှန်ပူးပေါင်းထောက်ကူ သွားမယ်ဆိုရင် အောင်မြင်ကြီးပွားတဲ့ လုပ်ငန်းရှင်တွေ အများအပြား ပေါ်ပေါက်လာမယ်၊ တိုင်းပြည်လည်း အများကကြီးတိုးတက် ကြွယ်ဝလာနိုင်မယ်လို့ ကျွန်တော်မြင်တယ်။

## ၁၃ – ဂျီးနီယပ်(စ) တစ်ယောက်လို စဉ်းစားတတ်အောင်

လူတစ်ယောက်ခေါင်းထဲက ထက်မြက်သော အတွေးတွေ ထွက်သလား၊ ခပ်ထုံထုံ ခပ်ညံ့ညံ့အတွေးတွေ ထွက်သလား ဟူသည် လူတစ်ဦးချင်း၏ ပင်ကို ဉာဏ်ရည်အဆင့် နိမ့်ခြင်း မြင့်ခြင်းထက်၊ ၎င်းပင်ကိုဉာဏ်ရည်ကို ဘယ်လောက်ထိထိရောက်ရောက် အသုံးချသလဲပေါ်တွင် ပို၍မူတည်သည်။ မိမိဦးနှောက်ကိုသာ ကျွမ်းကျင်လိမ္မာစွာ အသုံးချတတ်မည်ဆိုက သာမန်ဉာဏ်ရည်အဆင့်ရှိသော ပုဂ္ဂိုလ်မျိုးထံမှပင် ဉာဏ်ကြီးရှင် (genius) သဖွယ် ထက်မြက်သော အတွေးအကြံတွေ ထွက်ပေါ်လာနိုင်ပေသည်။

ထိရောက်စွာ စဉ်းစားတွေးခေါ်ပုံနည်းလမ်းများအကြောင်းနှင့် စပ်လျဉ်း၍ (The Use of Lateral Thinking; The Learn-To-Think Coursebook) စသည့် စာအုပ်စာတမ်းကျမ်းများ ပြုစုခဲ့သူ ဗြိတိသျှ စိတ်ပညာရှင်ဆရာဝန်ကြီး အက်ဒဝင်ဒဗိုနိုးသည် လူအများတို့ တွေးခေါ်မှုစွမ်းရည်တိုးတက်အောင် လေ့ကျင့်နိုင်ရန်အတွက် ရှင်းလင်းလွယ်ကူသော နည်းစဉ်တစ်ခု စုစည်းတီထွင်ပေးခဲ့သည်။ ၎င်းနည်းစဉ်ကို ကုမ္ပဏီကြီးများမှ အကြီးအကဲ ပုဂ္ဂိုလ်များ ကိုယ်တိုင် ကိုင်စွဲအသုံးပြုကြသည်။ ဆင့်ပွားဖြန့်ချိကြသည်။ စာသင်ကျောင်းများ သင်တန်းများတွင် သင်ကြားပို့ချကြသည်။ နိုင်ငံတကာမှ အစိုးရအရာရှိကြီးများလည်း လေ့လာနည်းမီကျင့် သုံးခဲ့ကြသည်။

ဉာဏ်ကြီးရှင် (genius) ဟူသည် နေ့စဉ် အများသူငါ ကြုံတွေ့ရမြဲ ပြဿနာတို့ကို သူများတကာ မစဉ်းစားမိသည့်နည်းလမ်းတို့ဖြင့် ခဏခဏ အဖြေရှာပေးနိုင်ကြသည့် အတွေးထက်မြက်သူတို့အား ခေါ်ဝေါ်သော အမည်နာမတစ်ခုဖြစ်ရာ၊ သာမန်ဉာဏ်ရည်မျိုး ရှိသည့် မည်သည့်ပုဂ္ဂိုလ်မဆို နေ့စဉ်အကြောင်းကိစ္စများအား သမားရိုးကျထက် ထူးခြားသော နည်းလမ်းများဖြင့် စဉ်းစားအဖြေရှာသော အလေ့အကျင့် ပြုလုပ်လျှင်၊ တစ်နေ့တခြား စွမ်းရည်တိုးတက်ကာ ဉာဏ်ကြီးရှင်အဆင့်နှင့် နီးကပ်လာနိုင်မည်ဖြစ်သည်။

ယင်းအတွက် ဒဗိုနိုးညွှန်ပြသည့် အခြေခံနည်းလမ်းခုနစ်ရပ်က၊

(၁) အတွေးဘောင်ကျယ်ဖို့

ထိရောက်မှန်ကန်စွာ စဉ်းစားတတ်ရာတွင် အရေးကြီးသည့် ပထမအချက်တစ်ရပ်က မိမိအတွေးကို ဘောင်ကျဉ်းကျဉ်းလေး ခတ်မထားဖို့ ဖြစ်သည်။

သည်အတွက် စာဖတ်သူနှင့် စမ်းသပ်မှုလေးတစ်ခု ပြုလုပ်ချင်သည်။ ဦးစွာ၊ ယခု သင်ထိုင်နေသည့် အခန်းထဲရှိ အနီရောင် အရာဝတ္ထုများကို လိုက်ကြည့်ပါ။ (ယခုချက်ချင်း ကြည့်ပါ၊ စာကို ဆက်မဖတ်ပါနှင့်။) ကြည့်ပြီးပြီလား။ ပြီးလျှင် မျက်စိကိုမှိတ်ကာ အခန်းထဲမှာ အစိမ်းရောင်အရာဝတ္ထု ဘယ်နှစ်ခုရှိသလဲ စဉ်းစားကြည့်ပါ။

ပြီးလျှင်၊ အခန်းထဲ ပြန်လှည့်ကြည့်ပါ။

အံ့သြသွားပါသလား။

စောစောက အနီရောင်ကို အာရုံစိုက်နေခဲ့သဖြင့် တခြားအရောင်တွေ သင် သတိမထားခဲ့မိခြင်း ဖြစ်သည်။

စိတ်ကူးစိတ်သန်းများနှင့် ပတ်သက်လျှင်လည်း ၎င်းအတိုင်းပင် ဖြစ်သည်။ အယူအဆသစ်တစ်ရပ် သို့မဟုတ် ပြဿနာတစ်ခုအတွက် ဖြေရှင်းရန်နည်းလမ်းသစ်တစ်ရပ် ကျွန်တော်တို့ကြား သိရသည့် ဆိုပါစို့။ အဲသည်အယူအဆ (ဝါ) နည်းလမ်းကို ကျွန်တော်တို့ သဘောကျချင်သွားမည်၊ သို့မဟုတ် ချက်ချင်းပင် မနှစ်မြို့ဖြစ်မည်။ အဲသည်နောက်မှာ ကျွန်တော်တို့ ဉာဏ်ရှိသလောက် အဲသည်အယူအဆ (နည်းလမ်း ) ကို အတည်ပြု ထောက်ခံခြင်း ငြင်းဆန်ကန့်ကွက်ခြင်းတွေ ပြုလုပ်တော့မည်။

တစ်နည်းဆိုသော်၊ ကျွန်တော်တို့အတွေးသည် ဘောင်ကျဉ်းကျဉ်းလေးတစ်ခု (သည်ဘောင် သို့မဟုတ် ဟိုဘောင်) ထဲမှာ ပိတ်မိသွားပြီ။

အဲသည်လို အတွေးဘောင်ကျဉ်းကျဉ်းထဲမှာ မပိတ်မိအောင် ရှောင်ရန်အတွက် ဒဗိုနိုးပေးသည့်နည်းတစ်ခုက PMI (plus, minus, interesting) ဟု အမည်ပေးထားသည့်နည်း ဖြစ်သည်။

ရုတ်တရက်တော့ ရှုပ်သလိုလို။

သို့သော် ဒဗိုနိုးပေးသည့် အောက်ဖော်ပြပါ ဥပမာသာဓကကို နားထောင်ကြည့်လျှင် ရှင်းသွားမည်ဖြစ်သည်။

မြို့တွင်းသွား ဘတ်စကားများအတွက် ဒီဇိုင်းပုံစံသစ်များ စဉ်းစားကြံဆကြသည့် အစည်းအဝေးတစ်ခုတွင် တစ်ယောက်သောသူက ထိုင်ခုံတွေအားလုံး ဖြုတ်ပစ်ဖို့၊ ဟု အကြံပြုသည်။ သည်စကားကြားတော့ သင်ဘယ်သို့ တုံ့ပြန်သနည်း။ အဘယ်ကြောင့်နည်း။

သို့သော် သင့်တုံ့ပြန်ချက်ကို သဘောထားပြီး၊ သည်ကိစ္စကို အထက်က ပြောခဲ့သည့် PMI နည်းဖြင့် ချဉ်းကပ်ကြည့်ရအောင်။

ဟိုပုဂ္ဂိုလ်၏ အကြံပြုချက်နှင့် ပတ်သက်၍ ဘယ်လိုကောင်းကွက်တွေ ရှိသလဲ။ ဘာဆိုးတာတွေ ရှိသလဲ၊ ကောင်းသည်လည်းမဟုတ် ဆိုးသည်လည်းမဟုတ်၊ သို့သော် စိတ်ဝင်စားစရာတော့ ကောင်းနေတာ ဘာအချက်တွေရှိသလဲ၊ စသည်များကို မိနစ်အနည်းငယ်လောက် စဉ်းစားပြီး စာရွက်ပေါ်မှာ ချရေးကြည့်ပါ။

ပုဂ္ဂိုလ် အတော်များများကတော့ ချရေးကြည့်ခါမှ အံ့သြစရာတွေ တွေ့မိရသည်ဟု ဆိုသည်။ အကြောင်းက စိတ်ကူးတွေ ထင်တာထက် အများကြီးပိုထွက်လာခြင်း ဖြစ်သည်။ ကောင်းကွက် (အပေါင်းလက္ခဏာ) (plus) တွေ လေးငါးဆယ်ခုလောက်အထိ သူတို့ခေါင်းထဲက ထွက်လာတတ်သည်။ ဥပမာ၊ ထိုင်ခုံတွေ တပ်ဆင်စရာမလိုသဖြင့် ကားဈေးနှုန်းသက်သာသွားမှာ၊ ပြင်ရဆင်ရ ပို၍ လွယ်ကူမှာ၊ စသဖြင့်။ ဆိုးကွက် (အနုတ်လက္ခဏာ) (minus) တွေလည်း ကောင်းကွက်တွေလောက်ပင် အများအပြား သူတို့ စဉ်းစားမိကြသည်။ ထိုနည်းတူ၊ စိတ်ဝင်စားစရာ (interesting) ဟု ဆိုရမည့်အချက်များ (ဥပမာ၊ ဘက်စကား စီးရာမှာ ဖိမ်ကျဖို့ဆိုတာ သိပ်အရေးမကြီးဘူး၊ ဆိုတာမျိုး တွေလည်း အနည်းနှင့်အများ သူတို့တွေးမိကြသည်။

PMI နည်းဖြင့် ချဉ်းကပ်သည့် ရည်ရွယ်ချက်က စဉ်းစားတွေးတောရာ၌ ဘောင်ကျဉ်းမနေဖို့၊ နဂိုမူလ အစွဲအလမ်းများ အတိုင်း အကောင်းဘက် သို့မဟုတ် အဆိုးဘက်သက်သက်ကချည်း တွေးမိမနေစေဖို့ ဖြစ်သည်။ တစ်နည်းပြောရသော် PMI သည် အတွေးအမြင်ကျယ်စေသောသဘော၊ သဘောထားကြီးစေသော သဘော ရှိပေသည်။

PMI ကို လေ့ကျင့်သုံးစွဲခြင်းဖြင့် ကျွန်တော်တို့သည် တစ်ခုတည်းချည်း မြင်မနေတော့။ ကျွန်တော်တို့၏ အာရုံစူးစိုက်မှုနယ်ပယ်သည် မူလထက်ပို၍ ကျယ်ဝန်းလာပေမည်။

### (၂) အချက်အလက်အားလုံးကို ထည့်သွင်းစဉ်းစားခြင်း

ကိစ္စတစ်ခုအတွက် ဆုံးဖြတ်ချက်မချမီ ယင်းနှင့်သက်ဆိုင်သည့် အချက်အလက်အားလုံးကို ရေးချပြီး တစ်ခုချင်း စဉ်းစားသည့် နည်း ဖြစ်သည်။

ဤသည်က စဉ်းစားစရာရှိသည့် မည်သည့်အချက်အလက် တစ်ခုတလေမျှ ကြွင်းကျန်ခဲ့ခြင်း မရှိရလေအောင် သတိပြုဆောင်ရွက်ခြင်းပင် ဖြစ်သည်။

ဥပမာ၊ အိမ်တစ်ဆောင်ဝယ်ဖို့ စဉ်းစားသည် ဆိုပါစို့။

အိမ်၏ အရွယ်အစား၊ အခန်းများ ဖွဲ့စည်းပုံ၊ အိမ်တန်ဖိုး၊ စသည်တို့က ခေါင်းထဲ သေချာပေါက် ရောက်လာမည့် ထင်ရှားသော အကြောင်းအချက်များ ဖြစ်၏။ သည်နေရာဝန်းကျင်၌ တီဗွီအစီအစဉ်များ ဖမ်းယူ၍ကောင်းသလား၊ မကောင်းဘူးလား၊ အကယ်၍ ခွေးမွေးသူဖြစ်က သည်ပတ်ဝန်းကျင်မှာ ခွေးကို လည်ပတ်ကြိုးတန်းလန်းဖြင့်သာ ထိန်းကျောင်း၍ထွက်ရမည်ဟူသော စည်းကမ်းသတ်မှတ်ချက်မျိုး ရှိသလား မရှိဘူးလား၊ ရေခဲအောင် အေးသည့် ဆောင်းတွင်းကာလမှာ လျှပ်စစ်မီးပြတ်ပါက ရေမိလ္လာပိုက်တွေ အေးခဲပိတ်ဆို့တာမျိုး ဖြစ်နိုင်သလား၊ စသည့် ရုတ်တရက် မထင်ရှားသော်လည်း သေးသေးမွှားမွှားမဟုတ်သည့် အချို့အကြောင်းအချက်များက ကျကျနန စာရင်းချမကြည့်လျှင် လွတ်ကျန်ခဲ့နိုင်သည်။

စာရေးသူ၏ မိတ်ဆွေ ဇနီးမောင်နှံ အိမ်တစ်ဆောင်ဝယ်မည်ကြံတော့ မိတ်ဆွေတစ်ယောက်က တစ်ခု သတိဖော်ပေးသည်။ သစ်ရွက်တွေကြွေသည့်ရာသီမှာ ပတ်ဝန်းကျင်ရှုခင်း ဘယ်လိုရှိမလဲ အကဲခတ်ကြည့်ဖို့။ အဲသည်တော့မှ လိုက်ကြည့်သည့်အခါ လောလောဆယ်တွင် အိမ်ဝန်းကျင်က သစ်ပင်တွေ သစ်ရွက်တွေ အုပ်ဆိုင်းနေသဖြင့် ဟိုအဝေးဆီ လှမ်းမမြင်ရ။ သစ်ရွက်ကြွေချိန်ရောက်၍ အပင်တွေ ရိုးတံကျဲကျဲရှိသည့်အခါ ကားပျက်တွေ စုပုံထားသည့် ကားသင်္ချိုင်းတစ်ခု ကိုယ့်အိမ်ရှုခင်းထဲမှာ ပေါ်လာမည်ဆိုတာ သူတို့သွားတွေ့ကြရသည်။

### (၃) အကျိုးဆက်များ၊ ဆင့်ပွားဖြစ်ရပ်များ

အတွေးဘောင်ချဲ့ထွင်သောနည်း၊ အချက်အလက်စုံ စာရင်းတင်ကြည့်သောနည်းတို့က ဖြစ်နိုင်ခြေအစုံ၊ စဉ်းစားရွေးချယ်ရန် လမ်းကြောင်းအစုံကို ဖွင့်လှစ်ပေးသည်။ သို့သော် ယင်းတို့အထဲတွင်မှ ဘယ်အရာသည် အကောင်းဆုံးဟူသည်ကိုမူ ယင်း လမ်းကြောင်း အသီးသီးတို့မှ ဆက်လက်ထွက်ပေါ်လာမည့်အကျိုးရလဒ်များ နောက်ဆက်တွဲဖြစ်ရပ်များကို မျှော်ခေါ် စဉ်းစားခြင်းဖြင့်သာ ရရှိနိုင်ပါသည်။

ကျွန်တော်တို့လူသားများအား တိရစ္ဆာန်များနှင့် ကွဲပြားစေသည့် လက္ခဏာ သို့မဟုတ် အရည်အသွေးတစ်ရပ်က လူသား၌ မိမိလုပ်ရပ်မှ ဆင့်ပွားဖြစ်ပေါ်လာမည့် အကျိုးရလဒ်များကို မြင်ယောင် မှန်းဆတတ်သော စွမ်းရည်ရှိခြင်း ဖြစ်၏။ သည်စွမ်းရည်သည် စနစ်တကျ အသုံးချတတ်အောင် လေ့ကျင့်သင်ကြားမှုရှိက ပိုမိုတိုးတက် လာနိုင်သော သဘောရှိသည်။ ဤနေရာ၌ ဒဗိုးနိုး ပေးသည့်နည်းက ဆုံးဖြတ်ချက်တစ်ခု၏ အကျိုးရလဒ်ကို အချိန်အပိုင်းအခြား လေးမျိုးအတွက် ခွဲခြားစဉ်းစားကြည့်ဖို့ ဖြစ်သည်။ ဆုံးဖြတ်ချက်အတိုင်း လုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ထွက်ပေါ်မည့် အကျိုးဆက်၊ နှစ်တို (တစ်နှစ်မှ ငါးနှစ်)၊ နှစ်လတ် (ငါးနှစ်မှ ၂၅နှစ်)၊ နှစ်ရှည် (၂၅နှစ်အထက်) ကာလများအတွင်း ထွက်ပေါ်လာနိုင်စရာရှိသည့် အကျိုးဆက်များကို သူက မှန်းဆမြင်ယောင် ကြည့်စေသည်။

စဉ်းစားတွေးခေါ်နည်း သင်တန်းများ၌ ဒဗိုးနိုးက သူ၏သင်တန်းများအား၊ 'ကမ္ဘာကြီးမှာ ရေနံလုံးဝခန်းသွားရင် ဘာတွေ ဖြစ်မလဲ၊' 'စက်ရုံ အလုပ်ရုံတွေက အလုပ်သမားတွေရဲ့ နေရာမှာ ရိုဘော့စက်ရုပ်တွေ အစားဝင်လာရင်

ဘာတွေဖြစ်မလဲ၊' စသည့် မေးခွန်းမျိုးတွေ မေးပြီး စဉ်းစားခန်းဝင်စေသည်။ သင်တန်းသားများသည် အဲသည် အပြောင်းအလဲတွေကြောင့် ဖြစ်မည့် လတ်တလော အကျိုးသက်ရောက်မှုများနှင့် ရေတိုအကျိုးသက်ရောက်မှုများကို စဉ်းစားတွက်ချက်ရင်းကပင်၊ ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုပါ တစ်ပါတည်းဆက်၍ မြင်ယောင်မှန်းဆမိလာသည်ကို မိမိတို့ဘာသာ အံ့သြစွာ တွေ့ရှိကြရသည်။

သည်လိုသင်တန်းတွင် အတွေး လေ့ကျင့်ခန်းတွေ လုပ်ရင်း တဖြည်းဖြည်း ကျင့်သားရကာ နောက်၌ မိမိတို့ကိုယ်တိုင်၏ လက်တွေ့ ဘဝပြဿနာများကို အဖြေရှာသည့်အခါ သင်တန်းမှာလိုပင် စနစ်တကျပိုင်းခြားဝေဖန်၍ စဉ်းစားဖြစ်လာသည်။

စာရေးသူ၏ မိတ်ဆွေတစ်ယောက်မှာ စောစောစီးစီးသာ သည်လိုစဉ်းစားတတ်သည့် အလေ့အထမျိုး ရရှိခဲ့မည်ဆိုက သူ့ဘဝသည် ယခုထက် အများကြီးပို၍ သာယာချမ်းမြေ့မှုရှိလိမ့်မည် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာက ဖြစ်သည်။ ကျွန်တော့်မိတ်ဆွေက သူသည် မိန်းကလေးတစ်ယောက်နှင့် ချိန်ထားကြောင်း ကျွန်တော့်အား ပြောပြသည်။ မိတ်ဆွေမှာ အသက်လေးငါးဆယ်ဝန်းကျင်အရွယ်ဖြစ်ပြီး အိမ်ထောင်လည်း ရှိ၏။ အပျော်အပေါ့ဗျာ၊ ဟု အဲသည်တုန်းက သူ ဆိုခဲ့သည်။

သို့သော်၊ သူက လတ်တလောအနေအထားတစ်ခုတည်းကို ကြည့်ကာ အပျော်ဟု မြင်ခဲ့ခြင်း ဖြစ်သည်။ သည့်ထက် ခပ်ဝေးဝေးအထိ ကြည့်မိခဲ့မည်ဆိုက ... သည်ကောင်မလေးကို စွဲလမ်းငြိတွယ်သွားနိုင်ကာ၊ လက်ရှိအိမ်ထောင်နှင့် ပြဿနာပေါ်ကာ စိတ်မချမ်းမြေ့စွာ ကွားရှင်းပြတ်စဲကြရမှာ၊ စိတ်နာသွားကာ ဇနီးဟောင်းက ကလေးတွေပါ သူ့ကိုမုန်းတီးအောင် လုပ်ဦးမှာ၊ ... သည့်နောက် နှစ်ပေါင်း ၂၀ လောက် ကြာသည့်အခါ သူက လူအိုဖြစ်သွားပြီး သည်အချိန်မှာ သက်လတ်ပိုင်း အရွယ်လောက်ပဲ ရှိသေးသည့် ဒုတိယဇနီးက သူ့ကိုထားရစ်ကာ ရွယ်တူလူတစ်ယောက်နောက် လိုက်သွားမှာ၊ ... စတာတွေ သူတွေးမိမြင်မိကာ ယခုထက် အမြော်အမြင်ရှိစွာ ဆုံးဖြတ်နိုင်ခဲ့ပေမည်။

သို့သော် ထိုစဉ်က သူမတွေးခဲ့၊ ထို့ကြောင့် မမြင်ခဲ့။

အဲသည် မတွေးခဲ့ မမြင်ခဲ့သောအရာအားလုံးကိုပင် နောက်၌ သူတကယ်လက်တွေ့ ကြုံခဲ့ရပေသည်။

## (၄) ဦးတည်ချက်၊ ရည်မှန်းချက်၊ ပန်းတိုင်

ကိစ္စတစ်ခုအတွက် ကျွန်တော်တို့စဉ်းစားကြရာ၌ မကြာခဏ ကြွင်းကျန်နေတတ်သည့် အရာတစ်ခုက သည်ကိစ္စကို ကျွန်တော်တို့ ဘာကြောင့် လုပ်ချင်ရတာလဲဟူသော အကြောင်းအချက်များ (ဝါ) သည်ကစ္စနှင့်စပ်လျဉ်းသည့် ကျွန်တော်တို့၏ ဦးတည်ချက် ရည်ရွယ်ချက်များကို ကျကျနန စာရင်းချဖို့ ဖြစ်သည်။

ကျွန်တော်တို့၏ စိတ်၌ ကိုယ့်ရည်ရွယ်ချက်ကို ကိုယ်ကောင်းကောင်း သိသည်ဟု ထင်မှတ်ထားတတ်ကြ၏။ မှန်သလောက် မှန်ပါသည်။ သို့သော် မကြာခဏဆိုသလိုပင် ကျွန်တော်တို့နှင့် ကျွန်တော်တို့၏ ပဓာနဦးတည်ချက်အကြားတွင် သာမည ရည်မှန်းချက်တွေ တန်ဖိုးမရှိသည့် တဒင်္ဂအလိုဆန္ဒတွေက ဦးတည် ရည်မှန်းချက် ယောင်ဆောင်ကာ အမှတ်မထင် ဝင်၍ နှောင့်ယှက်နေတတ်သည်။

ကျွန်တော်နှင့် တင်းနစ်ကစားဖော်တစ်ယောက်မှာ လက်ရည်မည့်သော်လည်း မကြာခဏရှုံးတတ်သည်။ အဓိကအကြောင်းမှာ တစ်ဖက်လူ မပြန်နိုင်သည့် ဘောလုံးမျိုးတွေ (kill shots) ရိုက်ရန် ကြိုးစားနေတတ်သောကြောင့် ဖြစ်သည်။ အဲသည်ရိုက်ချက်တွေက တကယ်မိမိရရ ဝင်တာထက် ပိုက်မှာတိုးတာက များနေလေသည်။

သူ့ကို သုံးသပ်ကြည့်လျှင်၊ သူ့စိတ်၌ အနိုင်ရဖို့သည် သူ့ရည်မှန်းချက်ဟု ထင်ကောင်းထင်နေလိမ့်မည်။ သို့သော် တကယ်လက်တွေ့၌မူ ဒီလူ့ရိုက်ချက်က အရမ်းမိုက်တယ်ကွာ၊ ဟု အထင်ကြီးခံလိုသော ဆန္ဒတစ်ခုက အပိုဆာဒါးရည်မှန်းချက်တစ်ခုအဖြစ်ကြားမှ ကန့်လန့်ခံကာ မူလအခြေခံရည်မှန်းချက် မအောင်မြင်အောင် နှောင့်ယှက်နေတာ တွေ့ရှိရမည်ဖြစ်သည်။

မိမိရည်မှန်းချက် အစစ်အမှန်ကို တိကျစွာ မြင်သောအခါ ပြဿနာဖြေရှင်းရန် နည်းလမ်းများကို တီထွင်ကြံဆ ရရှိလာတတ်သည်။ ဒဗိုးနိုးပြသည့် သာဓကတစ်ခု၌၊ အဘွားတစ်ယောက် ချည်ထိုးနေစဉ် အိမ်မှာရှိသည့် လမ်းလျှောက်စမ်းစအရွယ် မြေးငယ်က ချည်ခင်ကို လာလာဆွဲသဖြင့် ချည်တွေ ခဏခဏရှုပ်ထွေးကုန်သည်။ စိတ်မရှည်နိုင်တော့သည့်အခါ အဘွားက မြေးငယ်အား ကလေးအိမ်လေးထဲ ထည့်သည်။ သို့သော် ကလေးက တအားအော်ဟစ်ငိုယိုနေသဖြင့် ပြန်ထုတ်ပေးရပြန်သည်။ နောက်တော့ မိမိအတွက် ဦးတည်ချက်အစစ်အမှန်ကို အဘွားမြင်သွားသည်။ သူလိုချင်တာ ကလေးအား ကလေးအိမ်ငယ်လေးထဲ ထည့်လှောင်ထားဖို့ မဟုတ်၊ သူ့ချည်ခင်ကို လာမဆွဲဘဲအောင် တားဆီးနိုင်ဖို့သာ ဖြစ်သည်ဟူသော အချက်။ သည်လို ရှင်းရှင်းမြင်ပြီးသည့်နောက်တွင်တော့ ပြဿနာအတွက် အဖြေကို သူတွေ့ရှိသွားသည်။ ကလေးအား အပြင်မှာထားပြီး၊ သူက ကလေးအိမ်ထဲ ဝင်နေလိုက်သောနည်း။

## (၅) ဦးစားပေးရွေးချယ်ခြင်း

ရှေ့ပိုင်းနည်းများအရ ဖြစ်နိုင်ခြေအစုံ ရွေးချယ်ရန် လမ်းကြောင်းအစုံတို့ကို တွေ့ရှိပြီးသည့်အခါ ယင်းတို့အထဲတွင် ဘယ်ဟာသည် အသင့်တော်ဆုံးဆိုသည်ကို တစ်ခုချင်း၏ အကျိုးအပြစ်များအား ချင့်တွက်စိစစ်လျက် ရွေးချယ်ဖို့ လိုပေသည်။

သည်အဆင့်တွင် စဉ်းစားဆင်ခြေနိုင်ရန်အတွက် ဒဗိုးနိုးနှင့် မိုက်ကယ် ဒ စန်တာနီး (The Learn-To-Think Coursebook စာအုပ်ကို ဒဗိုးနိုးနှင့်တွဲဖက်ပြုစုသူ) တို့က နမူနာ သာဓကတစ်ခု ပေးသည်။

တစ်စုံတစ်ယောက်က သင့်ထံမှ ငွေချေးလိုကြောင်း ပြောလာသည် ဆိုပါစို့။ စဉ်းစားစရာအချက်အလက်များအားလုံး စာရင်း ချကြည့်ပြီးသည့်နောက်တွင် ယင်းတို့အထဲမှ ထိပ်တန်း ဦးစားပေး အချက်သုံးခုကို ရွေးထုတ်ရမည် ဆိုပါစို့။ ဘာတွေထွက်လာမည်လဲ။ သူဘယ်တော့ ပြန်ဆပ်မှာလဲ၊ ဆိုသည့်အချက်က ထိပ်ဆုံး တက်လာလိမ့်မည်၊ သူ့နောက်တွင် လိုက်လာမည့်မေးခွန်းက၊ ဒီလူက ယုံကြည်ရရဲ့လား၊ ဆိုတာ ဖြစ်လိမ့်မည်။ အဲသည်နောက်တွင်မှ...၊

သို့သော်၊ အကယ်၍ မိမိက မိဘတစ်ဦးဖြစ်နေပြီး ငွေချေးလိုသူက မိမိသမီးဖြစ်သည်ဆိုပါစို့။ သည်အနေအထားမျိုးတွင်မူ သူဘာအတွက် ငွေလိုနေတာလဲဟူသောအချက်က ထိပ်ဆုံးတက်လာပေလိမ့်မည်။

ဘာကြောင့်နည်း။ များသောအားဖြင့် ကျွန်တော်တို့သည် အကြောင်းကိစ္စတွေကို ရင်တွင်းခံစားချက်များဖြင့်သာ ဆုံးဖြတ်လေ့ရှိကြခြင်းကြောင့် ဖြစ်သည်။ ကျွန်တော်တို့ရင်ထဲမှာ အရေးအကြီးဆုံး ဖြစ်နေသောအရာကို ကျွန်တော်တို့ လုပ်ဖြစ်ကြသည်။

သို့သော်၊ ခံစားမှုဟူသည် စဉ်းစားဆင်ခြင်မှုနေရာ၌ အစားဝင်နိုင်သောအရာ လုံးဝမဟုတ်ပါပေ။

## (၆) အခြားနည်းလမ်းများ၊ စဉ်းစားရွေးချယ်စရာအသစ်များ

ရှေ့ပိုင်းက နည်းများဖြင့်စဉ်းစားခဲ့ပြီ။ သို့သော် သင့်ပြဿနာအတွက် စိတ်ကျေနပ်လောက်သည့် အဖြေတစ်ခု ထွက်မလာသေးဘူး ဆိုပါစို့။

နောက်ထပ်စဉ်းစားရွေးချယ်စရာအသစ်များ ရရှိနိုင်စေမည့်နည်းလမ်းတစ်ခုက မိမိပင်ကိုသဘာဝ စဉ်းစားမှုပုံစံမှ ဘေးထွက်၍ စဉ်းစားခြင်းဖြစ်၏။ တီထွင်သူကြီး တောမတ်(စ)အက်ဒီဆင်သည် လျှပ်စစ်မီးသီးတွင် မီးစာမျှင်အဖြစ် အသုံးပြုရန်အတွက် အသင့်တော်ဆုံးပစ္စည်းကို ရှာဖွေသည့်အခါ၌ ပစ္စည်းအမျိုးပေါင်း ထောင်ချီ၍ စမ်းသပ်ကြည့်ခဲ့၏။ အဲသည်ပစ္စည်းများထဲတွင် သာမန်အားဖြင့် စဉ်းစားက ဘယ်လိုမှ သက်ဆိုင်စရာမရှိဟု ထင်မြင်ရနိုင်သည့် ငါးမျှားကြိုး၊ ဖော့၊ ကတ္တရာ စသည့်အရာများပင် ပါဝင်၏။ အမြောက်အမြား စမ်းသပ်ပြီးသည့်နောက်တွင်မှ ကာဗွန်ဓာတ် သွင်း (carbonize) ထားသည့် ကတ်ထူမျှင်ဖြင့် သူအောင်မြင်သွားခဲ့သည်။

လိုအပ်လာသည့်အခါများတွင် အဲသည်လို လွတ်လွတ်ကျွတ်ကျွတ် ဖောက်တွေး ဖြန့်တွေးတတ်ဖို့ လို၏။ သာမန်အားဖြင့် စဉ်းစားလျှင် မဖြစ်နိုင်ဘူးထင်စရာ၊ အဓိပ္ပာယ်မရှိတာဟု ပြောချင် ပယ်ချင်စရာ အကြောင်းမျိုးကိုလည်း အလွယ်တကူပယ်မချဘဲ စဉ်းစား တန်သရွေ့ လိုက်ပြီးစဉ်းစားမြင်ယောင်ကြည့်ပါ။ အတွေးများကို လွတ်လပ်စွာ မျှောထား ဖြန့်ကျက်ထားပြီး၊ ပေါ်လာသည့် စိတ်ကူး စိတ်သန်း မှန်သမျှနောက် လျှောက်လိုက်ကြည့်ပါ။ အဲသည်နောက်တွင်မှ အကျိုးသင့်အကြောင်းသင့် ညှိနှိုင်းချိန်ဆကာ လက်တွေ့ မဖြစ်နိုင်သည့် စိတ်ကူး အကျိုးကျေးဇူး မရှိနိုင်သည့် စိတ်ကူးများကို ပြန်၍ပယ်ချပါ။

အကြံသစ်ဉာဏ်သစ်တွေ တီထွင်ကြံဆ ရရှိနိုင်မည့် နည်းလမ်းများအနက် တစ်ခုက မိမိခေါင်းထဲ ပေါ်လာသည့် စိတ်ကူးစိတ်သန်းနှင့် လုံးဝဆန့်ကျင်ဘက်ကို စဉ်းစားခြင်းဖြစ်၏။ အလားတူ နောက်ထပ်နည်းလမ်းတစ်ခုက ကိုယ့်အမြင် ကိုယ့်အယူအဆကို တစ်ဖန်ပြန်၍ ဝေဖန်စစ်ကြောကြည့်သောနည်း ဖြစ်သည်။ အဲသည်လို စစ်ကြောဝေဖန်သည့်အခါ အကယ်၍ သည်အမြင် သည်အယူအဆနှင့် ပတ်သက်ပြီး စောစောက ဘက်စုံထောင့်စုံမစဉ်းစားဘဲ ကိုင်စွဲထားမိခဲ့ခြင်းမျိုး ဖြစ်ပါက ကြွင်းကျန်နေသော အချက်တွေ ပေါ်လာကာ ပြဿနာဖြေရှင်းရန် နည်းလမ်းသစ်များ ရရှိနိုင်ပေသည်။

အများသိကြသည့် မီးခြစ်ဆံ ခြောက်ဆံ ပြဿနာကို ကြည့်လျှင် သည်အချက်ကို ကောင်းစွာသဘောပေါက်နိုင်၏။ စားပွဲပေါ်မှာ မီးခြစ်ဆံ ခြောက်ဆံ တင်ပေးထားသည်။ အဲဒါဖြင့် သုံးနားညီ တြိဂံလေးခု တည်ဆောက်ပါဟုဆိုသည်။ သင်က အဖြေသိပြီးသူ သို့မဟုတ် ချက်ချင်းစဉ်းစားမိလိုက်သူ မဟုတ်က မီးခြစ်ဆံ ခြောက်ချောင်းဖြင့် သုံးနားညီတြိဂံအေခု မရနိုင်၊ နှစ်ခုသာ ရနိုင်မည်ဟု ဆိုလိမ့်မည်။

သို့သော်၊ အကယ်၍ မေးခွန်းထုတ်သူက၊ ခင်ဗျားကို တြိဂံတွေ ဒိုင်မင်းရှင်းနှစ်ခုတည်းနဲ့ ဆောက်ရမယ်လို့ ဘယ်သူက ပြောသလဲ၊ ဒါမှမဟုတ် သည့်ထက်ပို၍ ရှင်းသွားအောင်၊ ခင်ဗျားကို တြိဂံတွေ စားပွဲပေါ်မှာ အပြားလိုက်ချည်း တည်ဆောက်ရမယ်လို့ ဘယ်သူက ပြောသလဲ၊ ဟူ၍ လမ်းစဖော်ပေးလိုက်မည်ဆိုလျှင်မူ၊ မီးခြစ်ဆံ ခြောက်ဆံဖြင့် ပိရမစ်ပုံတစ်ခု တည်ဆောက်ကာ သုံးနားညီ တြိဂံလေးခု သင်ဖန်တီးဖြစ်ပေမည်။

အလွယ်လေးပါဗျ၊ စောစောက ကျွန်တော်မစဉ်းစားမိလို့ဟု ကျွန်တော်တို့ ဆိုမိတတ်ကြသည့် အနေအထားမျိုး တစ်ခုပင်။

## (၇) တစ်ဖက်လူ၏ ရှုထောင့်မှ ရပ်ကြည့်ခြင်း

ကျွန်တော်တို့ ရင်ဆိုင်ရလေ့ရှိသည့် ပြဿနာများထဲမှ အတော်များများသည်ပင် တစ်စုံတစ်ယောက်နှင့် ဆန့်ကျင်ကွဲလွဲရသည့် ကိစ္စမျိုး ဖြစ်နေတတ်သည်။ ဥပမာ၊ ဇနီး သို့မဟုတ် ခင်ပွန်းနှင့်၊ အထက်လူကြီးနှင့်၊ အိမ်နီးချင်းနှင့်၊ စသည်။ သည်လိုအခါမျိုးတွင် တစ်ဖက်လူ၏ ရှုထောင့်မှပါ စဉ်းစားကြည့်ပေးမည်ဆိုက ပြဿနာအတွက် အဖြေကို ပို၍လွယ်ကူစွာ ရှာတွေ့နိုင်မည်ဖြစ်သည်။

သည်လို စဉ်းစားရာ၌ ပို၍ပီပီပြင်ပြင်ဖြစ်ရန်အတွက် လုပ်နိုင်သည့် နည်းလမ်းတစ်ခုက မိမိတို့သဘောကွဲလွဲနေသည့် ယခုကိစ္စနှင့် ပတ်သက်၍ တစ်ဖက်လူ၌ ရှိနေနိုင်သည့် စိတ်ကူး စိတ်သန်း မှန်သမျှကို တွေးဆကာ စာရွက်ပေါ်တွင် ချရေးကြည့်ခြင်း ဖြစ်သည်။ သည်အခါ၌၊ သင့်ဘာသာသင်ပင် အံ့သြသွားနိုင်မည့် ရှုထောင့်တွေ အမြင်တွေသည် သင်ချရေးမိသည့်အထဲတွင် ပါဝင်လာတာ သင်တွေ့ရလိမ့်မည်။ တစ်ချိန်တည်းမှာ ပြဿနာအတွက် အဖြေတွေပါ သင်မြင်လာပေမည်။

များမကြာမီက ကျွန်တော်သည် အရောင်းကိုယ်စားလှယ် တစ်ယောက် အရမ်းညွှန်းသဖြင့် မော်တော်ကားရေဒီယိုသစ်တစ်ခုကို သူ့ထံမှ ဝယ်ယူခဲ့၏။ သို့သော် တကယ်သုံးကြည့်သည့်အခါ၌ နဂိုရှိရင်းစွဲထက် ဘာမှ ထူးပြီးမကောင်းတာ တွေ့ရသည်။ ကျွန်တော် သူ့ဆိုင်ဝင်ချသွားပြီး သူ့ပစ္စည်း အသုံးမကျကြောင်း ပြောဆိုကာ ပိုက်ဆံပြန်တောင်းမည် ပြုသေးသည်။ နောက်တော့မှ သူ့နေရာက ခဏရပ်ပြီး စဉ်းစားကြည့်ရန် ကျွန်တော်သတိရသည်။

သူ့ပစ္စည်းကောင်းကြောင်း သူညွှန်းခဲ့သမျှ စကားတွေသည် အလကားဖြစ်ကြောင်း ကျွန်တော်ပြေချလိုက်ပါက သူ့ကို စော်ကားသလို ဖြစ်သွားလိမ့်မည်။ သူ့အား ရန်စရာ မရောက်၊ သူ၏ မိမိကိုယ်ကို လေးစားသောစိတ်ဓာတ်ကို ဆွပေးရာသာ ရောက်သောနည်းလမ်းမျိုး သုံးမှဖြစ်မည်ဆိုတာ ကျွန်တော်တွေးမိလိုက်သည်။ အဲသည်အတိုင်း တကယ်လက်တွေ့ ကျင့်သုံးသည့်အခါ အောင်မြင်လေသည်။ ကျွန်တော့်အား ပို၍ကောင်းသော ရေဒီယိုတစ်လုံး သူအစားထိုးလဲလှယ်ပေးသည်။ သည့်အတွက် အပိုဆောင်း ကျသင့်ငွေကိုလည်း ကျွန်တော့်ထံမှ တောင်းခံမှုမပြုခဲ့ပေ။

***

ကျွန်တော့်အဘွား ပြောလေ့ရှိသော စကားတစ်ခွန်း ရှိသည်။ 'ယင်ကောင်ဖမ်းချင်ရင် ပုန်းရည်နဲ့မဖမ်းနဲ့၊ ပျားရည်နဲ့ဖမ်းမှ ပိုမိတယ်၊' ဟူသောစကား။

ဒဗိုးနိုး၏ စဉ်းစားတွေးတောပုံနည်းလမ်းများအကြောင်းကို အဘွား ကြားခဲ့ဖူးမည် မဟုတ်ပါ။ သို့သော် အဘွားက ပင်ကိုအားဖြင့်ပင် စဉ်းစားဉာဏ် ထက်မြက်သူတစ်ဦး ဖြစ်ပါချေသည်။

ဖေမြင့်

တကယ်ထူးချွန်အောင်မြင်တဲ့ ပညာရှင်တိုင်း အနုပညာသမားတိုင်းဟာ နဂိုအစ
ဗီဇနဲ့ အစပြုခဲ့ပေမယ့် ထပ်တလဲလဲလေ့ကျင့်မှု သက်ဆိုင်ရာနယ်ပယ်နဲ့ပတ်သက်တဲ့ သိသင့်
တတ်သင့်သမျှကို သိအောင် တတ်အောင် လေ့လာသင်ယူမှုများ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို
စိတ်တိုင်းမကျမချင်း လက်မလျှော့တတ်မှု ဆိုတဲ့ ပညာသည်ကောင်းရဲ့ အလေ့အကျင့်တွေ
ထပ်ဆင့်ပေါင်းစပ်ပြီးတော့မှသာတကယ်တတ်ကျွမ်းတဲ့သူ( expert )တွေ
အသက်မွေးနိုင်လောက်အောင်တတ်မြောက်ကျွမ်းကျင်သူ( professional )တွေ
သူတကာထက် ထူးကဲထက်မြက်တဲ့ ပါရမီရှင်( genius )တွေ ဖြစ်လာကြတာ